# လင်နှင့်မယား ဆက်ဆံရေး

## *(The Marriage Relationship)*

# မာတိကာ


| | | |
|---|---|---|
| အခန်း | ၁ | အကြွင်းမဲ့မေတ္တာနှင့် တခြားမျှော်လင့်ချက်မထားသော အချစ် |
| အခန်း | ၂ | မိန်းမများအကြောင်း |
| အခန်း | ၃ | ယောကျ်ားများအကြောင်း |
| အခန်း | ၄ | ပေါင်းသင်းဆက်ဆံရေး |
| အခန်း | ၅ | ခင်ပွန်း၏အခန်းကဏ္ဍ |
| အခန်း | ၆ | မယား၏အခန်းကဏ္ဍ |
| အခန်း | ၇ | ပြသနာ၊ မျှော်လင့်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းနည်း |
| အခန်း | ၈ | နိဂုံး |

# အခန်း (၁)

## အကြွင်းမဲ့မေတ္တာနှင့် တခြားမျှော်လင့်ချက်မထားသောအချစ်

သမ္မာကျမ်းစာစံချိန်စံညွှန်းနှင့်နိယာမဥပဒေအတိုင်း စုံလင်သည့်မိသားစု အလွန်ရှားပါးသည်။ ထိုသို့သော မစုံလင်သည့်မိသားစုအကြောင်း ထုတ်ဖော်လေ့လာကြမည်။ ပတ်ဝန်းကျင်ကို အတုယူအတတ်သင်များကြသောကြောင့် ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းကြသည်။ မိဘတို့ဆက်ဆံရေးကိုကြည့်ပြီး မိမိကြင်ဖော်ကို ဆက်ဆံကြသည်။ မိဘများ၏အပြုအမူများကို အတုယူပြီး မိမိကြင်ဖော်ကို ထိုနည်းတူပြုမူပေါင်းသင်းကြသည်။ ဥပမာအားဖြင့် ဖခင်က အိမ်ထောင်မဦးဆောင်နိုင်ခြင်း၊ ငွေရေးကြေးရေး၌ စီမံခန့်ခွဲမှုမရှိခြင်း၊ မိမိမယားကို ကျမ်းစာလာအတိုင်း အကြွင်းမဲ့ချစ်ခြင်း မေတ္တာမထားခြင်းများသည် လွယ်လင့်တကူကူးဆက်သည်။ ထိုသို့သော အနှုတ်လက္ခဏာအမူအရာက လင်မယားဆက်ဆံရေးအကြားတွင် အဖျက် အမှောက် အနှုတ်လက္ခဏာဖြစ်လာသည်။

## အကြွင်းမဲ့မေတ္တာ၊ အခြားမျှော်လင့်ချက်မထားသောအချစ်

ပြီးပြည့်စုံသော လင်မယားသည် အခွင့်အခါ မတော်တဆဖြစ်လာသည်မဟုတ်။ လူမှန်အချိန်မှန် ထိမ်းမြှားခြင်းဖြစ်သည်။ လင်မယားကွာရှင်းခါနီးသည့်တိုင်အောင် အဆင်မပြေဖြစ်လျှင်လည်း ဘုရားသခင်ကစုံလင်သော အကြင်လင်မယား ဖြစ်စေချင်သည်။ မိမိကြင်ဖော်အပေါ်သို့ ဝတ္တရားပျက်ကွက်သူသည် အလိုတော်မလိုက်နာသူဖြစ်သည်။ အကြင်လင်မယားအပေါ်သို့ စိတ်ဝင် စားမှုနည်းပါးလာသည်။ ထိုသို့စိတ်ဝင်စားမှုနည်းလာသည်နှင့်အမျှ

အချစ်ပေါ်လာကြသည်။ တစုံတခုမျှော်လင့်ချက်ထားလျှက် ထိမ်းမြှားအိမ်ထောင်ပြုခြင်းသည် မှားယွင်းသော ထိမ်းမြှားမှုဖြစ်သည်။

ကိုယ်ကျိုးအတ္တမျှော်လင့်ခြင်း၊ မိမိလိုချင်ရာရရှိအောင် တပ်မက်ခြင်း၊ အိမ်ထောင်ဘက်အပေါ်မှ မတော်မတရား မျှော်လင့်မှုထားရှိခြင်းများ ကင်းစင်ပြီး အိမ်ထောင်ဘက်၏ လိုအပ်ချက်ဖြည့်ဆည်းရန် ကြိုးစားနေမှသာလျှင် ဘဝကြင်ဖေါ် ပါရမီဖြည့်ဘက်မှန်သည်။ တကယ့်အိမ်ထောင်ကောင်းဖြစ်လာသည်။ တဦးကိုတဦး အပြန်အလှန်နားလည်ခြင်း၊ တစ်ဦး၏လိုအပ်ချက်ကို ကူညီဖြည့်ဆည်းပေးခြင်း ပြုလုပ်သော အိမ်ထောင်သည်ဘဝသည် ဘုရားပေးလက်ဆောင်မွန်ဖြစ်သည်။ မိမိကိုယ်ကျိုး အတ္တအရေးကိုသာ ရှေးရှုသူသည် အိမ်ထောင်ကျခြင်း မဟုတ်ဘဲ အိမ်အကျဉ်းထောင်ကျခြင်း ဖြစ်သည်။

လင်မယားတွင် မတူညီသောပင်ကိုယ်ဗီဇ ကိုယ်စီရှိကြသည်။ မိန်းမများက တမူထူးကြသည်။ အကြင်လင်မယားသည် တစ်ဦး၏အလိုဆန္ဒကို တစ်ဦးကအစဉ် မပြတ်လေ့လာဖြည့်ဆည်းရသော ဘဝဖြစ်သည်။ လူ့ဘဝ တသက်လုံး သင်ခန်းစာသင်ယူရသည်။ အခြားလူများအကြောင်း လေ့လာသင်ယူနေရသည်။ နှုတ်ကပတ်တော်ဖတ်ရှုဆင်ခြင်ရသည်။ မိမိအမှားကို တွေ့မြင်ဝန်ခံရသည်။ အပြုအမူအတွေး အခေါ်မှားများ ပြုပြင်နိုင်စွမ်းရရှိသည်။

**ဧ ၅း၁၈–၃၃** တွင် ဤသို့ဆိုထားပါသည်။ "စပျစ်ရည်နှင့်ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့်ပြည့်စုံကြလော့။ ဆာလံသီချင်းမှစသော ဓမ္မသီချင်း အမျိုးမျိုးကို အချင်းချင်းပြောဆိုရွက်ဘတ်၍ နူးညွတ်သောစိတ်နှလုံး နှင့် သခင်ဘုရားရှေ့တော်၌ ကျေးဇူးတော်ကြီးလှပါ၏ဟု သီချင်းဆို ကြလော့။ ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှု၏ နာမတော်ကိုထောက်၍ ခမည်းတော်ဘုရား သခင်ရှေ့၊ ကာလအစဉ်မပြတ် ဝန်ခံကြလော့။ ခရစ်တော်ကို

ခန့်ညားသောအားဖြင့် အချင်းချင်းတယောက်အောက်တယောက် ကိုယ်ကိုနှိမ့်ချ လျှက်နေကြလော့။ အချင်းမိန်းမတို့ သခင်ဘုရား၏ အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ ကိုယ့်ခင်ပွန်းအုပ်စိုးခြင်းကို ဝန်ခံလော့။ အကြောင်းမူကား ခရစ်တော်သည် အသင်းတော်အပေါ်မှာ ဦးခေါင်း ဖြစ်တော်မူသကဲ့သို့ လင်သည်မယား၏ ဦးခေါင်းဖြစ်၏။ ခရစ်တော် သည် မိမိကိုယ်တည်းဟူသော အသင်းတော်ကို ကယ်တင်သူ ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ မိန်းမတို့သည် ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံရကြမည်။ အချင်းယောက်ျားတို့ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့သည်လည်း ကိုယ့် ခင်ပွန်းကိုချစ်ကြလော့။

ထိုအသင်းတော်သည် သန့်ရှင်းလျှက် အပြစ်ကင်းလျှက် ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းတို့မှ လွတ်လပ်သဖြင့် အသရေတင့်တယ်လျှက်ရှိသော အသင်းတော်ကို ခရစ်တော်သည် သိမ်းပိုက်သောငှါ၊ နှုတ်ကပတ်တော်ရေဖြင့် စင်ကြယ်သန့်ရှင်းစေရန် ထိုအသင်းတော်အဘို့ မိမိကိုယ်ကို စွန့်တော်မူ၏။

ထိုနည်းတူ ယောက်ျားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ကြရမည်။ ခင်ပွန်းကိုချစ်သောသူသည် မိမိကိုယ်ကိုချစ်သောသူဖြစ်၏။ ကိုယ့်အသားကို မုန်းသောသူ တယောက်မှမရှိ၊ ခရစ်တော်သည် အသင်းတော်ကို ကျွေးမွေးပြုစု တော်မူသကဲ့သို့၊ ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကို ကျွေးမွေးပြုစုတတ်၏။ အကယ်စင်စစ် ငါတို့သည် သခင်ဘုရား၏ အသားတော်အရိုးတော်တို့ အဝင်ဖြစ်၍ ကိုယ်တော်မြတ်၏ အင်္ဂါ

ဖြစ်ကြ၏။ ထို အကြောင်းကြောင့် ယောကျ်ားသည် ကိုယ့်မိဘကိုစွန့်၍ ကိုယ့်ခင်ပွန်း၌မှီဝဲသဖြင့် ထိုသူနှစ်ယောက်သည် တသားတကိုယ် တည်းဖြစ်ရလိမ့်မည်။ ဤအရာသည် နက်နဲသောအရာဖြစ်၏။ ထိုသို့ဆိုသော် ခရစ်တော်နှင့်အသင်းတော်ကို ရည်မှတ် ဆိုသတည်း။ သို့ရာတွင် သင်တို့သည် အသီးသီး ကိုယ့်ကိုကိုယ်ချစ်သကဲ့သို့ ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။ မိန်းမသည်လည်း ကိုယ့်ခင်ပွန်းကို ရိုသေခြင်းရှိလော့။

ငယ် ၂၁ တွင် လင်နှင့်မယားတို့အား အပြန်အလှန်အောက်ကျို့ ရို့ကျိုးစွာ ဆက်ဆံခိုင်းသည်။ မိမိစိတ်ဆန္ဒအလိုနောက်သို့ မလိုက်ရဘဲ၊ မိမိ ခင်ပွန်း၏ အလိုဆန္ဒဖြည့်ပေးရသည်။ လင်နှင့်မယားတွင် ဝတ္တရားကိုယ်စီ ရှိကြသည်။ ထိုသို့ ဝတ္တရားဆောင်ရွက်ကြရာတွင် ခရစ်တော်ကို စံနမူနာ ထားရသည်။ မယားကလင်၏ အုပ်စိုးမှုဝန်ခံရသည်။ ယောကျ်ားက ဦးစီး ခေါင်းဆောင်ပြုရသည်။ ခရစ်တော်က ကောင်းကင်ဘုံရှင် ခမည်းတော် ဘုရားထံသို့ ''အကျွန်ုပ်၏အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏ အလိုတော် အတိုင်းဖြစ်ပါစေ''ဟု ဆုတောင်းရသကဲ့သို့ မိန်းမများသည် မိမိလင်သားအပေါ် ထိုသို့ ဝန်ခံနိုင်ရမည်။ ဘုရားသခင်ကို ဝန်ခံ၍ စကားတော်နာခံသည် နည်းတူ မိမိလင်ကိုဝန်ခံရသည်။ လင်ယောကျ်ား၏ ဦးဆောင်မှုအတိုင်း လုပ်ဆောင်ရ သည်။ လင်ယောကျ်ားသည် မိမိမယားကို ချစ်ခင်မြတ်နိုး တန်ဘိုးထားရပြီး ဘဝတခုလုံး ပုံအပ်ရသည်။ မိန်းမ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရသည်။ မိမိအရေးအဖြစ် ဦးစားပေးရသည်။ မိန်းမ၏ စိတ်ဝင်စားမှုကို အစဉ်အမြဲ ဂရုစိုက်ရသည်။ ခရစ်တော်က လောကသားများအတွက် အသက်စွန့်ရသကဲ့သို့ အစွမ်းကုန်ပေးဆပ်ဖြည့်ဆည်းပေးရသည်။

မိန်းမအယူမှားသူသည် စိတ်ပျက်ဘွယ်ရာကြုံတွေ့သည်။ အဘယ်သို့ ဆိုသော် မိသားစုထိန်းကျောင်းသူသည် အိမ်ရှင်မဖြစ်သည်။ တနေကုန်

တနေခန်း ပင်ပန်းစွာအလုပ်လုပ်သူ၏ အားသစ်ယူဖို့ အနားယူရာသည် မိသားစုနေရာဖြစ်သည်။ မိသားစုသည် ရိပ်သာမွန်ဖြစ်သည်။ အားသစ်အင်သစ် ဖြည့်ဆည်းရာဖြစ်သည်။ အကြံကောင်းဉာဏ်ကောင်းများ တိုင်ပင်ရာ၊ ချို့ယွင်း အားနည်းမှုများ ပြင်ဆင်ပြုပြင်ရာဖြစ်သည်။ ထို့ကြောင့် အိမ်ပြန်ရောက်သည့် အခါ ဤသို့သော စကားမျိုးပြောရသည်။ "မိန်းမရေ၊ ငါအလုပ်များသွားတယ်။ မိန်းမကနေ့တိုင်း အိမ်မှုကိစ္စလုပ်ရတယ်။ ကလေးတွေကိုလည်း စောင့်ရှောက် ရတယ်။ ဒီစနေ၊ တနင်္ဂနွေရုံးပိတ်ရက်မှာ အိမ်မှုကိစ္စ ဝိုင်းလုပ်ကူပါမယ်"။ ကြာသပတေးနေ့ညမှာ ထိုသို့သော စကားပြောလိုက်သည်နှင့် သောကြာနေ့ ညနေ အိမ်ပြန်ရောက်ချိန်တွင် တအိမ်လုံး သန့်ရှင်းပြောင်လက်သည်။

စားပွဲပေါ်မှာလည်း ပန်းအိုးလှလှတွေ့ရသည်။ ညနေစာဟင်းလျာ လည်း ဖွယ်ဖွယ်ရာရာရှိလာသည်။ မိန်းမအပေါ် ဂရုစိုက်ဟန် မေတ္တာပြလာ သည်နှင့်အမျှ ယောက်ျားကျေနပ်အောင် အဆင်သင့်ကြိုးစားလုပ်ဆောင် ထားသည်။ လင်ယောက်ျားက စေခိုင်းစရာမလိုပါ။ မယားကိုအပြစ်တင် ဝေဖန်ပြောဆို၍ ပြုပြင်ခိုင်းခြင်းမပြု။ အကယ်၍ထိုသို့ အပြစ်တင်ပြောဆိုပါက မိန်းမကလည်း ကြိုးစားပမ်းစား လိုက်နာလုပ်ဆောင်မည်မဟုတ်။ မတတ်သာ လျှင် ဝတ္တရားကျေမျှသာ လုပ်သည်။ မိန်းမသည် အချော့ကြိုက်သည့် အားနွဲ့ သောမိန်းမသားများဖြစ်သည်။

လူသည် မိမိအမှားကိုမမြင်ဘဲ မှန်ကန်သူဟုထင်မှတ်ကြပြီး အခြား သူကို အပြောင်းအလဲလုပ်ခိုင်းလေ့ရှိသည်။ ဘုရားသခင်က မိမိဘဝကြင်ဖော်ကို ထိုသို့ ပြောင်းလဲအောင် မလုပ်ခိုင်းပါ။ မိမိကိုယ်ကို ပြုပြင်ပြောင်းလဲရန်သာ မိန့်တော်မူပါသည်။

**သု ၁၇း၉** "သူတပါးအပြစ်ကိုမမြင်တတ်သူသည် မေတ္တာတည် ဆောက်သူဖြစ်၏။ သူတပါးအပြစ်ကြားသိ တွေ့မြင်သူသည် မိတ်ဖျက်သူဖြစ်၏"။

အကြင်လင်မယားတွင် အိမ်ထောင်မကျခင်က အားနဲချက်များကို သော်လည်းကောင်း၊ အိမ်ထောင်ကျပြီးမှ အမှားအယွင်းများသော်လည်း ပြန်လည် ထုတ်ဖော်တူးဆွခြင်းမပြုရ။ ထိုသို့ပြုလုပ်လျှင် စိတ်ဝမ်းကွဲစရာဖြစ်လာသည်။ ကိုယ်ပေါင်း စိတ်ခွာဖြစ်လာနိုင်သည်။

**သု ၁၅း၁၇** ''အဆွေခင်ပွန်းသည် အခါခပ်သိမ်းချစ်တတ်၏။ ညီအစ်ကိုသည် ဒုက္ခကာလအဘို့ မွေးဘွား၏''။

အကြင်လင်မယားသည် ဘဝတသက်အပြန်အလှန် ချစ်ခင်ရန် ထိမ်းမြှားကြသည်။ အထူးသဖြင့် လင်ယောက်ျားသည် ခရစ်တော်ကိုနမူနာယူ၍ မိမိမယားကို ချစ်ရသည်။ ဘဝတသက် ချစ်ခင်မြတ်နိုးတန်ဘိုးထားရသည်။

လင်မယားအများစုသည် တခြားမျှော်လင့်ချက်မထားကြ။ အိမ်ထောင်သည်ဘဝတွင် အခက်အခဲရှိသည်ဟုလည်း မထင်မှတ်ကြ။ အခက်အခဲကြုံတွေ့လာသည့်အခါ မည်သို့ကိုင်တွယ် ဖြေရှင်းရမှန်းမသိကြ။ လောကီသားများကမူ ကွာရှင်းပြတ်စဲသွားကြသည်။ သို့သော်ထိုသို့ပြုမူခြင်းသည် အဖြေမှန်မဟုတ်။ နောက်အိမ်ထောင်ပြုလျှင်လည်း အလားတူအခက်အခဲ ရှိရစမြဲဖြစ်သည်။ ကိုယ်ကျင့်စာရိတ္တအပြုအမူ ပြုပြင်ပြောင်းလဲခြင်းမရှိသရွေ့ အိမ်ထောင်သည်ဘဝသည် အဆင်မပြေနိုင်။

အိမ်ထောင်သည်ဘဝတွင် ပြဿနာကင်းသည်ဟူ၍မရှိ။ လင်နှင့်မယား လျှာနှင့်သွားလို ကတောက်ကဆဖြစ်လေ့ရှိသည်။ ထိုသို့ဆိုရာတွင် လင်မယားရန်ဖြစ်ခြင်းကို မြှောက်ပင့်အားပေးခြင်းမဟုတ်။ အချင်းချင်း မကျေနပ်သည့်အခါ အပြစ်မြင်တတ်ကြပုံ ပြောပြပါသည်။ ယနေ့ခေတ်ကာလသားများက ချစ်ခြင်းမေတ္တာရှိလျှင် ပြဿနာမရှိနိုင်ဟု ထင်မှားကြသည်။ ထိုသို့ထင်မြင်ယူဆပြီး လင်မယားအကြား ပဋိပက္ခဖြစ်လာလျှင် ကွာရှင်းပြတ်စဲကြသည်။ ထို့ကြောင့်လည်း ကွာရှင်းမှု ပိုမိုများပြားလာသည်။

လူတိုင်းတွင် ကောင်းသောအချက်ရှိသကဲ့သို့ မနှစ်သက်ဘွယ်ရာ အပြုအမူ လည်းရှိကြသည်။ စေ့စပ်ကြောင်းလမ်းသည့်ကာလမှစ၍ မင်္ဂလာ ဆောင်သည့်ကာလအထိ တဦးကိုတဦး အကောင်းမြင်ကြသည်။ ထိမ်းမြားပြီး တနှစ်ကျော်လျှင် တဦး၏အပြစ်ကို တဦးကမြင်သည်။ ၃–၅ နှစ်ကြာလာသော အခါ အနုတ်လက္ခဏာအမြင်ရှိကြသည်သာမက အချင်းချင်းဆူညံ ပွက်လော ရိုက်ကြသည်။ တဦးအမှားကိုတဦး ထောက်ပြကြသည်။ အော်ကြီးဟစ်ကျယ် ဖြစ်လာကြသည်။ အချစ်ဖြင့်စလာခဲ့သော အိမ်ထောင်သည် ထိုသို့သောအချင်း ချင်း နားလည်မှုမရှိခြင်းကြောင့် ကွာရှင်းခြင်းသို့ ဦးတည်သွားကြသည်။

လူ့အမှားကို အနုတ်လက္ခဏာဖြင့် မမြင်ရဘဲ အပေါင်းလက္ခဏာ ဖြင့်ကြည့် မြင်တတ်ရသည်။ ထိုသို့ရှုမြင်နိုင်ရန် မိမိကိုယ်ကို လေ့ကျင့်သွန်သင်ရ သည်။ မိမိပတ်ဝန်းကျင်မှ အပေါင်းလက္ခဏာနှင့်အနုတ်လက္ခဏာများကို ခွဲခြားသိမြင်တတ်ရသည်။

တစုံတဦး၏အပြစ်ကို တွေ့မြင်လျှင် ထိုသူများ၏ကောင်းကွက်ကို တွေ့မြင်နိုင်အောင် မိမိကိုယ်ကိုပြုပြင်ပါ။ မနားတမ်းစားပြောတတ်သူများကို မိတ်ဆွေရှာသူများအဖြစ်မြင်ပါ။ ဆင်ခြေဆင်လက်ပေးတတ်သူများကို အမှန်တရား ရှာဖွေသူများဟု မှတ်ယူပါ။ ထိုသူ၏အခြေအနေမှန်ကို မသိ သရွေ့ပြောင်းလဲစေနိုင်မည်မဟုတ်။ အခြေအနေမှန် အပြစ်မှန်သိရှိပြီးမှသာလျှင် မည်သို့ပြုမူလုပ်ဆောင်ပေးရကြောင်း သိရှိလာနိုင်သည်။

**၁ကော ၄း၈** က “မေတ္တာသည် စိရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ။ ဝါကြွားခြင်းမရှိ။ မာန်မာနမရှိ။ လျောက်ပတ်စွာမကျင့်တတ်။ ကိုယ်ကျိုးမရှာတတ်။ ဒေါသအမျက် မထွက်တတ်။ အပြစ်ရှိသည်ဟု မထင်တတ်။ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။

ခပ်သိမ်းသောအရာတို့ကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းမရှိ''။

ချစ်ခြင်းမေတ္တာဖြင့် အိမ်ထောင်တည်ဆောက်သောကြောင့် မိသားစု၌ ချို့ယွင်းချက်မရှိ အစဉ်အမြဲပြည့်စုံရသည်။ စေ့စပ်ကြောင်းလမ်းကာလ၊ အိမ်ထောင်ဦးကာလ၊ ညားခါစကဲ့သို့ ချစ်ခြင်းမေတ္တာလန်းဆန်းနေရသည်။ တဦး၏အပြစ်ကို တဦးမမြင်ရ။ အလိုဆန္ဒဖြည့်ဆည်းပေးရေးသာ စဉ်းစားရသည်။ အကြွင်းမဲ့ချစ်ခြင်းမေတ္တာဖွားလေရာ၌ ကျေးဇူးတော် ကောင်းချီးမွမ်းစရာ ပိုမိုထင်ရှားသည်။ **သု ၃၁း၂၈** တွင် သီလရှိသောမယားသည် အဆွေခင်ပွန်း၏ ဂုဏ်အသရေ တင့်တယ်ရာဟုဆိုသည်။ ထိုသို့သော မိန်းမဖြတ်ဖြစ်ရန် မည်သို့ခံယူပါသလဲ။

**သု ၃၁း၂၈** ''သူ၏သားသမီးတို့သည်ထ၍၊ အမိကို ကောင်းချီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း ချီးမွမ်း၏''။

ပစိဖိတ်ပင်လယ်တောင်ပိုင်းကျွန်းတကျွန်းတွင် မိန်းမပျိုတဦးသည် လင်ယောက်ျားယူသည်။ ထိုဒေသထုံးတန်းစဉ်လာအရ သတိုးသမီး၏တန်ဘိုးကို နွားမကောင်ရေဖြင့် ဈေးဖြတ်လေ့ရှိသည်။ သတို့သားက မိမိဈေးဖြတ်သည့်အတိုင်း ယောက္ခမထံသို့ နွားမ ပေးရသည်။ လှပသောပျိုကညာများသည် နွားမ ၃–၄ ကောင်တန်ကြသည်။ သို့သော်ထိုအမျိုးသမီးသည့် အများသူငါနှယ် ရွက်ကြမ်းရေကျိုဖြစ်သော်လည်း သတိုးသားက နွားမ(၈)ကောင်ပေးသောအခါ သူ့ယောက္ခမ အပါအဝင် လူတိုင်းအံ့သြကြသည်။

တနှစ်အကြာတွင် ထိုအမျိုးသမီး၏တန်ဘိုးကြီးမားပုံ တကျွန်းလုံးက တွေ့မြင်လာကြသည်။ ထိုအမျိုးသမီးသည် ထိုရုပ်ရည်အတိုင်းရှိနေသော်လည်း

ပိုမိုတင့်တယ်လှပလာသည်။ သူ့ကိုသူ ထိန်းကျောင်းပြုပြင်သကဲ့သို့ နေအိမ်ကို လည်း သန့်ရှင်းလှပစွာ ထိန်းသိမ်းသည်။ သူ့ယောက်ျား မင်းသားသည် ညာဏ်ပညာရှင်ဖြစ်သည်။ ထိမ်းမြားလက်ထပ်စဉ် ထိုမျှန္တားမ ကောင်းရေ ပေးရကောင်းလားဟု မေးမြန်းကြစဉ် သတိုးသမီး၌ မိန်းမဂုဏ်ရည်များစွာ ရှိသည့်အကြောင်း အိမ်ထောင်သည်ဘဝကို နိုင်နင်းမည့်အချက်များ တွေ့ရ ကြောင်းဖြေခဲ့သည်။

မိန်းမသည် လင်ယောက်ျား၏ချစ်ခြင်းမေတ္တာခံယူလျှင် လင် ယောက်ျား အကြိုက်သိရှိကြသည်။ လင်ယောက်ျားမကြိုက်သည့် ကိစ္စလည်း ရှောင်ကြဉ်လာကြသည်။ မိမိလင်အတွက် အကောင်းဆုံးကြိုးပမ်း လုပ်ဆောင် ကြသည်။ သို့သော် မိမိကိုယ်ကို အလှအပချယ်သ ပြင်ဆင်ရေး၌မဟုတ်။ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် အိမ်ထောင်ရှင်မ ပီသရေးရာတွင်ဖြစ်သည်။

ချစ်ခြင်းမေတ္တာသည် အတုံ့အပြန်မျှော်လင့်ခြင်းမရှိ။ ချစ်ခြင်းမေတ္တာ သည် သူတပါးအကျိုးကို ဖြည့်ဆည်းကူညီရာတွင် လုံလောက်သည်ဟူ၍မရှိ။ ပေးသူက ပေးမြဲပေးရသည်။ ဖခင်သည်မယားနှင့်သားသမီးများကို ချို့ယွင်း ချက်မထားဘဲ၊ အပြည့်အဝချစ်ခင်ရသည်။ မယားသားသမီးများက မတောင်း ဆိုလျှင်လည်း အစွမ်းကုန်ဖြည့်ဆည်းပေးရသည်။ သားသမီးက ''မနက်ဖြန် စာမေးပွဲကျရင် ဘယ်လိုလုပ်မလဲ''ဟု မေးသည်ဆိုအံ့။ ထိုကလေး၏ ဆိုလိုရင်း သည် ''မနက်ဖြန် စာမေးပွဲကျရင် ချစ်နေဦးမှာလား''ဟု အနက်ရသည်။ သူ့ကိုချစ်လျှင် မည်သည့်အခြေအနေတွင်မဆို ချစ်နေရသည်။ ထိုသို့သော မေးခွန်း အမေးခံရလျှင် ''ဘယ်လိုဖြစ်ဖြစ် အဖေကချစ်မြဲချစ်နေမှာပါ။ စာကောင်းကောင်း တတ်မြောက်စေချင်ပေမယ့် စာမေးပွဲကျရင်လည်း အရေး မဟုတ်ပါဘူး။ သားနဲ့အတူ အမြဲရှိပါတယ်။ ငါ့သားဖြစ်လို့ အမြဲချစ်ပါတယ်''ဟု ဖြေတတ်ရသည်။ အမေရိကန်နိုင်ငံတွင် ဆယ်ကျော်သက်အရွယ် မိမိကိုယ်ကို သတ်သေမှုကိန်းဂဏန်း များပြားလာသည်။ ထိုသူများသည် တက္ကသိုလ်

ကျောင်းသားများ၊ ဘောလုံးသမားများ၊ အသင်းအဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသည်။ ထိုသို့ မိမိကိုယ်ကို ကြံ့စည်သေကြောင်းပြုကြခြင်းမှာ မိမိတို့ အောင်မြင်မှုရပ်ဆိုင်း ဆုံးရှုံးသွားသောအခါ မိဘမေတ္တာဆုံးရှုံးမည် ကြောက်သော ကြောင့်ဖြစ်ကြောင်း စိတ်ပညာရှင်များက မှတ်ချက်ပြုကြသည်။ မိဘ(သို့)ဘဝ ကြင်ဖော်သို့သော သူများက ချစ်ခင်နေကြကြောင်း သိရှိလျှင် ထိုသို့ပြုမူကြမည် မဟုတ်။ ထိုသို့ နားလည်ခံယူမှုမရှိဘဲ မိမိတို့၏ စွမ်းဆောင်မှုအောင်မြင်မှုကိုသာ တန်ဘိုးထားကြသောကြောင့် အလွဲလွဲအချော်ချော် လူဖြစ်ကျိုးမနပ် ဖြစ်ကြ သည်။ မိမိစွမ်းဆောင်ရည် အောင်မြင်မှုကို လိုလား၍ တဘက်လူက လာရောက် ထိမ်းမြှားသည်ဟု ယူဆလျှင် မိမိကြင်ဖော်အပေါ် မေတ္တာဖေါက်ပြန်ရာ ရောက် သည်။ စိတ်ပျက်ဘွယ်ရာ လမ်းပေါ်သို့ ရောက်ရှိသည်။

ထိမ်းမြှားလက်ထပ်ချိန်တွင် အကောင်းမြင်ရှိကြသောကြောင့် ထိမ်း မြှားကြကြောင်း မှတ်ထားပါ။ ထိုသို့ထိမ်းမြှားကြသော်လည်း ရက်လရှည်ကြာ လာသောအခါ တဦးကိုတဦး အနှုတ်လက္ခဏာမြင်ကြသည်။ ဘာကြောင့်နည်း။ ပြောင်းလဲကုန်ပြီလား။ မိမိလင်(သို့)မယားအပေါ် မိမိအမြင်ပြောင်းလဲမှု ဖြစ်သည်။ မိမိအားသာချက်ကိုသာ မြင်ကြသည်။ အခြားသူကို ပြုပြင်ခိုင်းနိုင်း ရန် မကြိုးစားပါနှင့်။ ထိုသို့ကြိုးစားမည့်အစား မိမိအမြင်ကို ပြောင်းလဲလိုက်ပါ။

မိမိကြင်ဖော်သို့ ထိုသို့အသောအတွေးအမြင်ရှိလာလျှင် ထိမ်းမြှား လက်ထပ်ခဲ့ကြပုံကို ပြန်လည်စဉ်းစားသတိရပါ။ စိတ်သဘောထား ကွဲလွဲနေလျှင် သူများအပြစ်ကိုပိုမြင်သည်။ ထိုကြောင့် သူတပါးကိုတွေ့မြင်ခြင်းမရှိအောင် မိမိစိတ်၊ မိမိကိုယ်ကို ထိန်းကျောင်းပြုပြင်လိုက်ပါ။

ထိမ်းမြှားလက်ထပ်သည့်အခါ ပတ်ဝန်းကျင်က အမျိုးမျိုးရှုမြင်နိုင်ကြ သည်။ မည်သို့ဖြစ်စေ လင်မယားသည် ဘဝတန်ဘိုးတူညီသူများဖြစ်သည်။ တဦး၏ ထူးခြားစွမ်းရည်ကို အပြန်အလှန် အသိအမှတ်ပြုရသည်။ မိမိဘဝ သရုပ်မှန်ကို ပြောင်းလဲစေခိုင်းခြင်းမဟုတ်။ ချစ်ခြင်းမေတ္တာထားရှိရေး၊ တဘက်လူကိုသိမှတ် လက်ခံရေးသည် အဓိကဖြစ်သည်။

# အခန်း ၂
# မိန်းမအကြောင်း

မိန်းမများသည် ယောက်ျားယူရာတွင် မည်သည့်အချက် ကြည့်ကြသနည်း။ ယောက်ျားလင်သားများက ထိုအချက်ကို အလေးထားမသိရှိကြ။ မိန်းမများက ယောက်ျားများနှင့် မည်သို့တန်းတူရှိရမည်နည်းဟု လူအများစုက ပြောကြသည်။ မိန်းမသည် ယောက်ျားနှင့်တခြားစီဖြစ်သည်။ သိပ္ပံပညာရှင်များက မိန်းမများသည် ဦးနှောက်ညာဘက်ခြမ်းကို ပိုမိုသုံးကြ၍ ယောက်ျားများသည် ဦးနှောက်ဘယ်ဘက်ခြမ်းကို ပိုသုံးကြသည်ဟုဆိုသည်။ မိန်းမများသည် နှလုံးသားဖြင့် ဆုံးဖြတ်ချမှတ်ကြပြီး၊ ယောက်ျားများသည် ဦးနှောက်ဖြင့် ဆုံးဖြတ်လေ့ရှိကြသည်။ မိန်းမသည် စိတ်နှလုံးစေရာအတိုင်း အသက်ရှင်ကြ၍ ယောက်ျားများသည် ဦးနှောက်စေခိုင်းရာအတိုင်း လုပ်ဆောင်ကြသည်။ မိန်းမများက''ခံစားသည်''ဟု ပြောတတ်ကြပြီး ယောက်ျားများက ''ထင်သည်''ဟုပြောတတ်ကြသည်။ သို့သော် တခုကတခုထက် ပိုကောင်းသည်ဟု မဆိုလို။ တမျိုးတဘာသာစီဖြစ်ကြသည်။

မိန်းမများ၏မတူညီခြားနားပုံကို ယောက်ျားများက သိရှိနားလည်ရသည်။ သို့သော် မိန်းမတို့သဘောကို မိန်းမသားတိုင်းသို့ ကျင့်သုံးနိုင်သည်မဟုတ်။ ယဉ်ကျေးမှုနောက်ခံသမိုင်းလည်းရှိသည်။ မိန်းမမာယာသဲကိုးဖြာကို ပုရိသယောက်ျားများ လေ့လာနေရသည်။

## (၁) ခွန်အားသန်မာ၍ ယဉ်ကျေးမှု၊ ထိုနှစ်ခု သဟဇာတရှိရသည်။

ဤနေရာမှခွန်အားသည် ကိုယ်ခန္ဓာဖွံ့ထွားသန်မာခြင်းမဟုတ်။ ယုံကြည် စိတ်ချမှုမြဲမြံခြင်းဖြစ်သည်။ ရည်ရွယ်ချက် တိကျခိုင်မာခြင်း၊ ဘဝရည်မှန်းချက်ရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ခြင်း၊ မှီခိုအားထားစရာရှိခြင်း၊ ဂုဏ်သိက္ခာရှိခြင်း၊ သဘောထားပြည့်ဝခြင်း၊ ဝတ္တရား ကျေပြွန်ခြင်း၊ အမှီအခိုကင်းလွတ်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ ဦးဆောင်ဦးရွက် ပြုနိုင်ခြင်း၊ မယားအပေါ်သို့ ပွင့်လင်းခြင်းများရှိရသည်။

**ယဉ်ကျေးခြင်းဆိုသည်မှာ အဘယ်နည်း။** ။ ရယ်ရယ်မောမောရှိခြင်း၊ စေတနာသဒ္ဒါရှိခြင်း၊ နားလည်မှုရှိခြင်း၊ အပြန်အလှန်ရှိခြင်း၊ ခွန်အားပေးတတ်ခြင်း၊ အကျင့်စာရိတ္တကောင်းခြင်းတို့ ပါဝင်သည်။

ပညာတတ်အမျိုးသမီးများက မိမိကဲ့သို့တန်းတူရှိသူများ လိုချင်ကြသည်။ ထိုနည်းတူ တချို့ယောကျ်ားများသည် မိမိမယားကိုတိုင်ပင်ခြင်းမပြုဘဲ မိမိသဘောအတိုင်း ဆုံးဖြတ်တတ်ကြသည်။ မိမိအတွေးအမြင် ထင်မြင်ယူဆချက်သာလျှင် မိသားစုအတွက် အကောင်းဆုံးဟုထင်မှတ်ကြသည်။ ထိုသို့သောသူသည် ခေါင်းဆောင်မဟုတ်၊ အာဏာရှင်ဖြစ်သည်။ သမ္မာကျမ်းစာလာ အခေါင်းဆောင်သည် အစေခံသို့သော သူဖြစ်သည်။ သူ့စိတ်ဝင်စားမှုအပေါ်တွင် ဆုံးဖြတ်ခြင်းမပြု။ သူ့တာဝန်ဝတ္တရားအပေါ်တွင် အကောင်းဆုံးရွေးချယ်ဆုံးဖြတ်သည်။ တိုင်ပင်ဆွေးနွေးရန် ဝန်မလေး။ သူများလိုလားချက် ဖြည့်ဆည်းပေးရန် ဦးစားပေးသည်။ ထိုဆုံးဖြတ်ချက်တွင် မိသားစု၏ မဲဆန္ဒပါဝင်စေချင်သည်။ ထို့ကြောင့် ဘုရားတရားသိရှိသော လင်ယောကျ်ားသည် မိသားစုအရေး ဆုံးဖြတ်ရာတွင် မယားကိုအသိပေးတိုင်ပင်ရသည်။

မိမိအိမ်ထောင်ရေးသည် သူသာလျှင်ညွှန်ကြားရေးမှူးဟု ဂုဏ်ယူသူ တဦး ရှိခဲ့သည်။ သူ့အသက်(၂၉)နှစ်၊ သူ့မယား(၁၉)နှစ်အရွယ်တွင် အိမ်ထောင်ပြုသည်။ သူ့မယားက ဖတဆိုးဖြစ်သည်။ ထို့ကြောင့် သူ့ယောက်ျား ကိုဖခင်ကဲ့သို့ သဘောထားနာခံသည်။ လင်ယောက်ျားက သားသမီးမွေးမည့် အရေးမှစ၍ ဆုံးဖြတ်သည်။ ကားမောင်းမည့်အရေး၊ လင်မယား လမ်းလျှောက် စဉ် မိန်းမကဘယ်ဘက်တွင် နေရမည့်အရေးအဆုံး သတ်မှတ်သည်။ မိန်းမကို တိုင်ပင်ပြောပြခြင်းမရှိဘဲ အပေါင်းအသင်း မိတ်ဆွေများနှင့်လည်း ညှိနှိုင်းနေ ညှိနှိုင်းနေထိုင်သည်။ အစစအရာရာကို ထိန်းချုပ်သည်။ အချိန်၊ နေရာ၊ မည်သို့မည်ပုံကစ၍ သူ့သဘောအတိုင်းဖြစ်သည်။ သူ့မိန်းမသည် အသက် (၃၅)နှစ်ပြည့်လာသောအခါ သူ့ကိုသူအရွယ်ရောက်လာပြီဟု ထင်မှတ်သည်။ ယောက်ျားကို လေးစားခြင်းမပြုတော့ပါ။ အကြင်လင်မယားဘဝကို လေးစား ခြင်းမရှိ၊ မိသားစုအရေးဆုံးဖြတ်ရာတွင် ပါဝင်လာချင်သည်။ သူ့သဘောထား၊ လိုအပ်ချက်များနှင့် အကြံညဏ်များပါဝင်ရန် တောင်းဆိုသော်လည်း သူ့ယောက်ျားက ဂရုမစိုက်။ ခေါင်းဆောင်ကောင်းမည်သည် အခက်အခဲ အကြပ်အတည်းကာလတွင် မှန်ကန်စွာဆုံးဖြတ်နိုင်ရသည်။ ဘုရားသခင်က သူ့အတွက် လုပ်ဆောင်ပေးချက်ကို ဦးစွာနားလည်ခံယူရသည်။ လူ့လောကသို့ ခရစ်တော်ကြွလာ၍ ကားတိုင်ပေါ်တွင် အသေခံတော်မူခြင်းသည် အသင်း တော်ကို ပထမဦးစားပေးခြင်းဖြစ်သည်။ အသင်းတော်အတွက် အသက်ဆက် ခဲ့သည်။

အချို့သောလင်ယောက်ျားများက သဝန်တိုခြင်းကို ချစ်မေတ္တာ သက်သေဟု ထင်ကြသည်။ သို့သော်၎င်းသို့ပြုမူခြင်းကို မိမိမယားကို မလုံခြုံစေ ပါ။ ထိုသို့သောလူကို မိန်းမများက မစွဲလန်းကြပါ။ လင်ယောက်ျားသားများ၏ ချစ်သဝန်ကြောင်မှုသည် မယားများအတွက် စိတ်အနှောင့်အယှက်ဖြစ်သည်။ သို့သော် ဘေးမဲ့လွှတ်ထားရသည်ဟု မဆိုလိုပါ။ အခြေအနေအချိန်အခါ သိရှိ

နားလည်ပေးရသည်။ သဝန်တိုလွန်းခြင်းသည် မိန်းမကိုစိတ်မချရာ ရောက် သကဲ့သို့ လင်မယားဆက်ဆံရေးကိုလည်း ထိခိုက်နိုင်သည်။

တချို့သောယောကျ်ားများသည် မိန်းမအပေါ် အာဏာပြခြင်းနှင့် ဆန့်ကျင်လျှက် အိမ်ပြင်ပတွင် ဝါသနာပါရာလုပ်ခွင့်ပြုကြပြန်သည်။ ထိုသို့ဆို ရာတွင် သမ္မာကျမ်းစာနှင့်မညီသော ကိစ္စရပ်ဟူသမျှ ပိတ်ပင်တားဆီးရမည် ဟုမဆိုလိုပါ။ လင်ယောကျ်ားက တဖက်သတ်အာဏာရှင်ဆန်လျှင် မယားများ က သပိတ်မှောက် ဆန္ဒပြတတ်ကြသည်။ ဖိနှိပ်မှုများလျှင် စပရိန်ကဲ့သို့ တွန်းကန်မှုများသဖြင့် ကျမ်းစာလာစကား မထိခိုက်သည့်ကိစ္စရပ်များတွင် အလိုက်အထိုက်လိုက်လျောရသည်။

တယောက်က သူ့မိန်းမဝလွန်းသဖြင့် အဆီချခိုင်းချင်ကြောင်း၊ ထိုသို့ အဆီချခိုင်းလျှင် ကလန်ကဆန်ပြုမည်စိုးသောကြောင့် ရေခဲမုန့်နှင့်ကုပ်ကီးမုန့် ခြောက်များသာ စားခိုင်းကြောင်း၊ သူမသည် ရေခဲမုန့်ကြိုက်သဖြင့် အကောင်းဆုံး အစီအစဉ်ဖြင့် အလေးချိန်လျှော့ခိုင်းကြောင်း၊ အမှန်တကယ် အဆီကုန်ဆုံးသွား၍ ပိန်ချပ်သွားလျှင် အချစ်သစ်ရှာမှာစိုးကြောင်း ပြောပြ သည်။ အကယ်၍သူမကို အမှန်တကယ်ချစ်ခင်မြတ်နိုးတန်ဘိုးထားလျှင် သူ့ ရည်မှန်းချက်ရောက်အောင် ကူညီရသည်။ တစက်တပြုတ်ကူညီခြင်းသည် ကူညီခြင်းမဟုတ်။ နှောင့်ရှက်ခြင်း ဖြစ်သည်။ လင်ယောကျ်ားသားကောင်းသည် မိမိမယား၏လိုအပ်ချက်ကို စိတ်ပါလက်ပါ ကူညီရသည်။ မိန်းမ၏ဗီဇပါရမီကို ကြောက်စရာမဟုတ်။ အကျိုးရှိအောင် ကူညီအသုံးချရသည်။

သီလရှိသောမိန်းမ၏တန်ဘိုးကို သု ၃၁ တွင် ရေးထားသည်။ ထို သို့သော မိန်းမသည် ထိန်းချုပ်စရာမလို။ ထိုမိန်းမသည် သားသမီးနှင့်အိမ်မှု ကိစ္စအရေးတွင် လုံးထွေးသူဖြစ်သည်။ အပြင်သို့သွားလျှင်လည်း မိသားစု အရေးအကျိုးဖြစ်သည်။ မိမိထုတ်လုပ်သော ပစ္စည်းများကို ရောင်းဝယ် ဖေါက်ကားသည်။ မိန်းမ၏အောင်မြင်မှု ကြီးထွားမှုများကို ကန့်သတ်ချုပ်ခြယ် ခြင်းမပြုရ။ ခွန်အားပေးချီးမွမ်းရသည်။

## ၂။ မိန်းမများက တာဝန်လေးစားသူကို လိုချင်ကြသည်။ တစုံတဦး အပြစ်တင်သူ၊ မိမိအလုပ်၌ မပျော်ရွှင်ငြီးငြူသူကို မနှစ်သက်ကြ။

တခါတွင် ခြေထောက်တဘက်ထော့နဲ့သူတယောက် စစ်တပ်ထဲသို့ ဝင်ရောက်ရန် ရောက်လာသည်။ လက်ခံမည့်ဆရာများက မင်းခြေထောက် ထော့နဲ့ကြီးနဲ့ ဘယ်လိုလုပ်မလဲဟု မေးရာ ထိုသူက "ကျွန်တော်စစ်ရှုံးပြီး ထွက်ပြေးမည့် လူစားမဟုတ်ဘူး၊ နိုင်အောင်တိုက်မည့်လူ"ဟု ပြန်ဖြေသည်။ လူသည် မိမိချို့ယွင်းချက်ကြောင့် အားငယ်တတ်ကြသော်လည်း ဘုရား သခင်ကမူ ထိုချို့ယွင်းချက်ကို ဘုန်းတော်ထင်ရှားစေရန် အသုံးပြုပါသည်။ ထိုကဲ့သို့ပင် လင်ယောက်ျားများ ကလည်း မယားအပေါ်အချစ်ပုံအပ်ရသည်။ မယားများက လင်ယောက်ျားများ၏ အပြစ်ဝန်ချခြင်းကို ကြားလိုကြသည် မဟုတ်။ အစွမ်းကုန်လုပ်ပေးစေချင်ကြသည်။ ထိန်းမနိုင်သိမ်းမရ အပြစ်ဆိုအမျက်ထွက်ခြင်း မခံနိုင်ကြ။ ထိုသို့ဖြစ်မယ့်အစား အစမှစ၍ စနစ်တကျရှိရသည်။ လူများကဤသို့ပြောတတ်ကြသည်။ "ငါ့မှာ မိဘ ကောင်းများရှိခဲ့ရင်၊ ငါ့ကိုကူညီနိုင်တဲ့ မယားများရှိခဲ့ရင်၊ ငါ့မှာလုပ်ငန်းရှင်ဆရာ သမားကောင်းရှိခဲ့ရင်၊ သားသမီးကောင်းများရှိခဲ့ရင် စသဖြင့်---"

## (၃) မိန်းမများက အဖော်မွန်လိုချင်ကြသည်။ ဆင်းရဲဒုက္ခကာလ၌ လက်တွဲ ဖော်မျှော်လင့်ကြသည်။

မယားအတွက် ဘဝအဖော်မွန်သည် အရေးကြီးသည်။

**သု ၁၇း၁၇** – "အဆွေခင်ပွန်းသည် အခါခပ်သိမ်းချစ်တတ်၏။ ညီအစ်ကိုသည် ဒုက္ခကာလအဘို့ မွေးဖွား၏"

**သု ၁၈း၂၄** – "အပေါင်းအဖော်များသောသူသည် အကျိုးနည်း ရှိတတ်၏။ မိတ်ဆွေများမှုကား ညီအစ်ကိုစွဲကပ်သည်ထက်သာ၍ စွဲကပ်၏"

မယားက သူ့အစ်ကို၊ မောင်များနှင့် ပိုမိုရင်းနှီးသော မိတ်ကောင်းဆွေသဟာ လင်ကို လိုချင်သည်။ အမြဲတန်းလက်တွဲမည့် ဘဝကြင်ဖော်လိုချင်သည်။ လူသည် အမြဲတန်းခွန်အားမရှိနိုင်။ အားနည်းချိန်ကြုံရလေ့ရှိသည်။ ထိုအခါမျိုးတွင် အနားမှအားပေးနှစ်သိမ့်မည့် အနီးဆုံးလူလိုအပ်သည်။ အချို့သော လင်ယောကျ်ားသားများသည် မိမိတို့မယား စိတ်အားငယ်ချိန်တွင် မသိကျိုးနွံပြုတတ်ကြသည်။ အမှန်မှာထိုသို့ သောစိတ်ပျက်အားငယ်ချိန်၌ ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ အကောင်းဆုံး ကူညီအားပေးနိုင်သူသည် လင်ယောကျ်ားများဖြစ်သည်။ မိန်းမများ၏ အားငယ်မှုကို ပယ်ဖျောက်ပေးနိုင်ရသည်။ လင်ယောကျ်ားများ၏မျက်နှာသည် မိန်းမများအတွက် တန်ရှာမက ကြီးမားကျယ်ပြန့်သည်။

## မိန်းမများက ယောကျ်ားများထံမှ လိုအပ်ချက် (၅)ခု

### ၁။ လင်ယောကျ်ားများ၏ ဦးစားပေးမှုခံယူချင်ကြသည်။

ဘုရားသခင်ကိုဦးစားပေးပြီးနောက်တွင် မယားကိုစာရင်းသွင်းရေးသည်။ လုပ်ဖော်ဆောင်ဘက်၊ မိတ်ဆွေအပေါင်းအသင်း၊ အလုပ်အကိုင်၊ ဝါသနာ၊ မိဘများထက် မယားကိုဦးစားပေးရသည်။ အထူးသဖြင့် မိခင်ထက်မယားကို ဦးစားပေးရသည်။ အခြားသူများအပေါ်သို့ ပေးဆပ်မှု၊ စိတ်ဝင်စားမှုနှင့်သူ့အပေါ် ပေးဆပ်စိတ်ဝင်စားမှုကို မယားကခိုင်းနှိုင်းရေတွက်လေ့ရှိသည်။

ဦးကျော်ဆိုသူသည် အလုပ်မှအိမ်ပြန်ရောက်သောအခါ မောပန်းနွမ်းလျစွာ ဆိုဖါပေါ်မှာထိုင်ပြီး ရုပ်မြင်သံကြားအစီအစဉ်သာ ကြည့်ရှုလေ့ရှိသည်။ သူ့မယားက အကူအညီတခုတောင်းတိုင်း ပင်ပန်းသည်ဟုဆိုပြီး

လုပ်ကူခြင်းမပြု။ နီးကပ်ဖော်ရွေခြင်းမရှိ။ အခြားသူများက လာရောက်ကူညီတောင်းလျှင် ချက်ခြင်းထလိုက်သွားသည်။ နောက်ဆုံးတွင် သူလုပ်ဆောင်ပုံမမှန်ကြောင်း နားလည်သဘောပေါက်လာသည်။

မယားများက သူ့ကိုအဘယ်မျှ ဂရုစိုက်ကြောင်း သူများကို ကူညီလုပ်ဆောင်ပေးပုံနှင့် နှိုင်းယှဉ်ကြည့်ရှုလေ့ရှိကြသည်။ ဦးသော်၏မိခင်သည် တအိမ်လုံးကိုထိန်းချုပ်သော ဒေါ်ပတ်ထိန်းဖြစ်သည်။ သူခိုင်းသမျှကို အားလုံးက ဂရုစိုက်စေချင်သည်။ အလုပ်အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ၊ အချိန်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နေ့ညဥ့်မရွေး လုပ်လက်စအလုပ်ကို ရပ်နားပြီး မိခင်ခိုင်းသမျှကို လုပ်ဆောင်ရသည်။ တနေ့သ၌ မယားနှင့်စကားလက်ဆုံကျနေချိန်တွင် သူ့မိခင်ထံမှဖုန်းလာသည်။ မီးဖိုချောင်သို့ ရေဝင်နေလို့ ခေါ်ခိုင်းသည်။ ဖုန်းပြန်ဆက်ပါမယ်(သို့)တခြားအကြောင်းပြခြင်း မပြုဘဲ နာရီဝက်အတွင်း ရောက်လာမည်ဟု ပြန်ပြောသည်။ ထိုအခါမျိုးတွင် သူ့မယားမည်သို့ ခံစားမည်နည်း။ သူ့မိန်းမထက် မိခင်ကိုဦးစားပေးသည်။

လုပ်ငန်းရှင်တဦးသည် အကြံကောင်းဉာဏ်ကောင်းရှိသည်။ အစည်းအဝေးခမ်းမ ဝင်ခါနီးတွင် သူ့ဇနီးထံမှဖုန်းမှလွဲပြီး တခြားကိစ္စဘုမှဝင်မပြောရန် မှာကြားလေ့ရှိသည်။ မည်သို့ပင် အစည်းအဝေးတွင် အရေးကြီးစကားဆွေးနွေးနေကြသည်ဖြစ်စေ၊ မိန်းမထံမှ ဖုန်းဆိုလျှင်အပြင်ထွက်၍ ပြောဆိုလေ့ရှိသည်။ သူ့မယားက အလုပ်ထက်သူ့ကို ဦးစားပေးကြောင်း၊ တလောကလုံးထက်သူသည် သူ့ယောက်ျားအတွက် အရေးကြီးကြောင်းသိရှိလာသည်။ သူ့မယားစိတ်အနှောင့်အယှက်ဖြစ်အောင်၊ စိတ်ဆိုးအောင်၊ ဝမ်းနည်းအောင် ဘယ်သောအခါမှမလုပ်။ မယားအတွက်ဆိုလျှင် အမြဲအသင့်ရှိသည်။ မိန်းမစကားဟူသမျှကို အချိန်မရွေး ဂရုစိုက်နားထောင်သည်။

မယားသည်လင်ယောက်ျား၏ ချစ်ခြင်းမေတ္တာကို အစဉ်ခံယူချင်သည်။ ''အလုပ်နှင့်ကျွန်မ၊ မိခင်နှင့်ကျွန်မ၊ အပေါင်းအသင်းနှင့်ကျွန်မ၊

အိမ်နှင့်ကျွန်မ၊ ဝါသနာနှင့်ကျွန်မ၊ သားသမီးများနှင့်ကျွန်မမှာ ဘယ်သူ့ကို ပိုချစ်သလဲ''ဟု မေးတတ်ကြသည်။ အခြားမိန်းမများနှင့် မိမိမယားကို နှိုင်းယှဉ်ကြည့်ပါသလား။ အထူးသဖြင့် မိခင်နှင့်မယားတွင် မယားကိုအလေးပေးရသည်။ မယားများက အခြား သူများထက် သူတို့ကိုဦးစားပေးစေချင်ကြသည်။

## (၂) သူသည် သင့်မယားဖြစ်ကြောင်း ဂုဏ်ယူစေချင်သည်

''ကျွန်မတို့နှစ်ယောက်တည်းရှိနေခြင်းထက် အပေါင်းအသင်းများနှင့် နေရတာပိုပျော်တယ်''ဟူသော စကားမျိုးကို မယားများကမပြောချင်ကြပါ။ တခါ တွင် ယောကျ်ားက သူ့မယားပုခုံးကိုဖက်လျှက် လမ်းလျှောက်ကြသည်။ လမ်းတွင် မိတ်ဆွေများနှင့်တွေ့သောအခါ လူ့လက်ကိုပြန်ရုတ်လိုက်သည်။ ထိုအပြုအမူကို သူ့မယားကမကျေနပ် စိတ်မချမ်းမြေ့။ ''ကျွန်မကို ပုခုံးဖက်ခြင်းထက် သူ့မိတ်ဆွေများအကြည့်က ပိုအရေးကြီးတယ်''ဟု ဆိုလာသည်။ ''မင်းနဲ့အတူနေရတာပျော်တယ်။ ငါ့ဘဝမှာအရေးကြီးဆုံး ပုဂ္ဂိုလ်ပဲ'' ဆိုသော စကားမျိုးအမြဲကြားချင်ကြသည်။

## (၃) လင်ယောကျ်ား၏ချစ်ခြင်းမေတ္တာကို ခံယူချင်ကြသည်

ချစ်ခြင်းမေတ္တာကို နှုတ်ဖြင့်လည်းပြောရသည်။ မိသားစုကြီးထဲမှာ မွေးဖွားပြီး ကြီးပြင်းလာသူသည် တဦးကိုတဦးချစ်ခင်ကြောင်း ပြောဆိုရခဲသည်။ ကိုယ့် အလုပ်ကိုလုပ်၊ သွားစရာသို့သွားကြသည်။ မည်သို့ဖြစ်စေ မိမိမယားကို တနေ့လျှင် အနည်းဆုံး တကြိမ်ချစ်ခင်မြတ်နိုးကြောင်း ပြောရသည်။ နေ့တိုင်း အသေးအဖွဲ ကိစ္စမှစ၍ မယား၏အရေးအရာပါဝင်မှု အသိအမှတ်ပြုရသည်။ ဘာလုပ်ပေးရမလဲဟု မေးရသည်။ မိန်းမများက ယောကျ်ားများကို အမျိုးမျိုး

ပူဆာတတ်ကြသည်။ သောက်ရေတခွက်တောင်းသည်ပင်လျှင် ယောက်ျားကို အနိုင်ယူလို၍မဟုတ်။ လင်ယောက်ျား၏ဂရုစိုက်မှု ခံချင်ခြင်းဖြစ်သည်။ ထိုအခါ မျိုးတွင် လုပ်လက်စအလုပ်ရှိလျှင်လည်း ရပ်နားပြီး သောက်ရေကမ်းပေး ရသည်။ အဝတ်လှမ်းခြင်းမှစ၍ ကူညီရသည်။

မယားတောင်းဆိုသမျှအသေးအဖွဲ့ပါမကျန် လုပ်ကူလျှင် လင် ယောက်ျား၏ချစ်ခြင်းမေတ္တာရရှိကြောင်း ကျေနပ်သည်။ တောင်းဆိုချက်များ မလုပ်ပေးလျှင် သူ့ကိုဂရုမစိုက်မေတ္တာမထားဟု ခံယူသည်။ သင့်ချစ်ခြင်း မေတ္တာကို ပိုမိုအချိန်ပေး ပြသပါ။ မယားအကြိုက်အလိုလိုက် လုပ်ဆောင်ပေးပါ။ တခါတရံငွေကြေး ပိုမိုသုံးစွဲရသည့် နေ့ရက်လည်းရှိသည်။ မမွေးအပ်စရာနေ့ထူး နေ့ရက်မြတ်(၅)ရက်၌ မလွတ်တမ်းပိုမိုသုံးစွဲရသည်။ ထိုငါးရက်မှာ **ချစ်သူများ နေ့၊ မင်္ဂလာနှစ်ပတ်လည်နေ့၊ မယားမွေးနေ့၊ မိခင်များနေ့၊ သားသမီး မွေးနေ့**တို့ဖြစ်သည်။ မိန်းမတိုင်း မတူညီကြပါ။ ဤနေ့ထူးရက်မြတ်များကိုလည်း ခံယူပုံခြင်းမတူကြ။ တချို့က ထိုသို့သောနေ့ထူးရက်မြတ်မှသာ လက်ဆောင် ရချင်ကြသည် မဟုတ်။ သို့သော်အမှတ်တရဖြစ်အောင် လင်ယောက်ျားများက အလိုက်သိရသည်။ ထိုနေ့ရက်ရောက်ခါနီးတွင် ဘာလက်ဆောင်လိုချင်သလဲဟု မေးကြည့်ပါ။ မလိုပါဘူးဟု ပြန်ဖြေကောင်းပြန်ဖြေမည်။ သို့သော် ထိုသို့ ဖြေသည့်တိုင်အောင် ''တခုခု ဝယ်ပေးမယ်လို့လား''ဟု ရင်ထဲကပြောကြသည်။ မည်သည့်လက်ဆောင်မျိုး ဝယ်ပေးရမလဲ၊ပန်းစည်းလေး၊ကဒ်ပြားလား (ရယ်မောစရာ အပျော်အပျက်မျိုးမဟုတ်ရ) သို့မဟုတ် လက်ဝတ်လက်စား ရတနာလား၊ ရေမွှေးလား၊ တစုံတခုလားဝယ်ပေးပါ။ လက်ဆောင်ပေးသည့်အခါ အမှတ်တရ စာတကြောင်းနှစ်ကြောင်း ထည့်ရေးလိုက်ပါ။ ငွေကုန်ကြေးကျ မည်မျှကြီးမားပါစေ ထိုငွေပမာဏထက် မေတ္တာပိုကြီးမားသည်။

တခါတွင် ချစ်သူများနေ့၌ သူ့မယားသို့ပန်းတစည်း၊ ကဒ်ပြားတခု မပေးခဲ့ဘူးသူ ရှိသည်။ တနှစ်သောချစ်သူများနေ့တွင် ည(၈)နာရီခန့်တွင်

ထိုသူသည် အပြင်ထွက်ပြီး ငါးသေတ္တာဖူးသွားဝယ်သည်။ အစတွင် သူ့မယားက နောက်ပြောင် ကျီစယ်သည်ဟုထင်သည်။ ထိုသို့သော ငါးဗူးဝယ်ကျွေးခြင်းမရှိဘူးသဖြင့် ငါးဗူးမြင်သောအခါဘ အားရဝမ်းသာအော်ဟစ်သည်။ ညအချိန်တွင်လည်း ထိုကဲ့သို့ ဟင်းကောင်းချက်စားခြင်းမရှိခဲ့။ ထိုယောကျ်ားသည် မယားကိုလက်ဆောင်ပေးတတ်သော မျိုးရိုးမှမွေးဖွားလာသူမဟုတ်။ သူ့ဖခင်ကလည်း သူ့မိခင်ကိုလက်ဆောင်ပေးခြင်း မတွေ့ဘူးပါ။ ထို့ကြောင့် မွေးနေ့၊ ချစ်သူများနေ့စသည်တို့ကို ကျင်းပရကောင်းမှန်းမသိ။ စာတစောင်ဖတ်ရာမှ ချစ်သူများနေ့ ကျင်းပရမှန်းသိ၍ ကောက်ကာငင်ကာပလုပ်သည်။ ယခုကဲ့သို့ လက်ဆောင်ပေးခြင်းသည် ကြီးမားသောငွေကုန် ကြေးကျမဟုတ်သော်လည်း ချစ်ခြင်းမေတ္တာကြီးမားကြောင်း သက်သေဖြစ်သည်။ အဓိကအချက်မှာ လင်ယောကျ်ားက မယားအားတန်ဘိုးထား ဂရုစိုက်ပုံသက်သေ ဖြစ်သည်။ လင်ယောကျ်ားက သူ့မယားကိုထွေးပိုက်ပြီး၊ ''ချစ်သူများနေ့ကိုနောက်တဖန်မမေ့တော့ပါဘူး''ဟု ပြောသည့်အခိုက်အတန့်သည် သူ့မိန်းမ၏စိတ်နှလုံး အရေပျော်ဝင်သည့်အချိန်ဖြစ်သည်။

ယောကျ်ားများအတွက် ထိုသို့လက်ဆောင်ပေးခြင်းသည် ဖြုန်းတီးခြင်း၊ ကလေးကလားပြုမူခြင်းဟု ထင်ကြသည်။ သို့သော် မယားများအတွက် အဘိုးတန်ဖြစ်သည်။ ငွေကြေးပမာဏဖြင့် မတိုင်းတာနိုင်သော မေတ္တာတုံ့ပြန်မှု ရရှိရာဖြစ်သည်။ အကယ်၍ မသိကျိုးကျွံပြုမှုများမိလျှင် ကြီးမားသော မေတ္တာဆုံးရှုံးမှုဖြစ်သည်။

## (၄) မိန်းမများသည် လင်ယောကျ်ားများ၏ ဂရုစိုက်မှုနှင့်အသိအမှတ်ပြုမှု ခံယူ ချင်ကြသည်

မိန်းမများက ယောကျ်ားများကိုအဘယ်ကြောင့် ချစ်ကြိုက်ကြောင်း တွေးမိပါသလား။ ထူးခြားဆန်းကျယ်လှသည်မဟုတ်။ သူတို့အကြိုက်အလိုလိုက်

မည့်သူများကို ရှာဖွေနှစ်သက်ကြသည်။ သူ့ကိုဘဝမြှင့်တင်ပေးမည့်သူ၊ ကယ်တင်မည့်သူ ရှာဖွေကြသည်။ သူ့ကိုလက်ခံရုံသာမက သူ့ကိုတန်ဘိုးထားမည့်လူအား နှစ်သက်သည်။ သူ့ကိုဂုဏ်တင်စေမည့်သူကို ကြိုက်သည်။

**၁ပေ ၃း၇** – "ယောကျာ်းတို့ ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှါ၊ အသက်ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ့်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသူကိုပြုသင့်သည့်အတိုင်း သူ့ကိုစောင်မပြုစုကြလော့"။

ဂရိစကားတွင် "စောင်မ"ဟူသော စကားလုံးသည် "အမြင့်ဆုံးနေရာတွင်ထားခြင်း၊ တန်ဘိုးထားခြင်း"ဟု အနက်ရသည်။ ဘုရားသခင်က လင်ယောကျ်ားများအား မိမိမယားကို အကောင်းဆုံးဖြည့်ဆည်း တန်ဘိုးထားချင်သည်။ အကြွင်းမဲ့ချစ်ခင်စေချင်သည်။ ဂုဏ်တင်စေပြီး အသိအမှတ်ပြုစေချင်သည်။

**သု ၁၂း၁၈** – သန်လျက်နှင့်ထိုးသကဲ့သို့ စကားပြောတတ်သူ တချို့ရှိ၏။ ပညာရှိတို့၏လျှာမူကား အနာကိုပင်ပျောက်စေတတ်၏"။ မိုက်မဲသောလင်ယောကျ်ားသည် မိမိမယားကို အပြစ်တင်ပြီး မျက်ရည်ကျစေသည်။ ဉာဏ်ပညာရှိသောလင် ယောကျ်ားများသည် မိမိမယားကိုတည် ဆောက်သည်။ ချီးမွမ်း၍ ဝမ်းမြောက်ရွှင်လန်းစေသည်။

အိမ်ထောင်သက် (၂၀)ရှိခါမှ ကွာရှင်းကြရန်မိန်းမကတောင်းဆိုသောအခါ လင်ယောကျ်ားသည် အံ့သြတုန်လှုပ်သည်။ ဘာကြောင့်လဲဟု ပြန်မေးသည်။ သူ့မယားက လင်ယောကျ်ား၏ မျက်စိကိုဖုံးအုပ်ပြီး "မီးဖိုချောင်နံရံရှိ ပန်းပန်းချီဘာအရောင်လဲ"ဟုမေးသည်။ "အဲဒါနဲ့ဘာဆိုင်သလဲ"ဟု

လင်ယောကျ်ားက ပြန်မေးသည်။ ထိုအခါ သူ့မယားက ''ဒီအိမ်မှာ ၂၅ နှစ်လုံးလုံးနေပေမယ့် မီးဖိုချောင်နံရံက ပန်းပန်းချီအရောင်ကိုမသိဘူးလား''ဟု ထပ်မေးရာ မသိကြောင်းဝန်ခံသည်။ ဒါကြောင့်ကွာရှင်းချင်တယ်ဟု မိန်းမက ပြောလိုက်သည်။ အဖြစ်မှန်မှာ ထိုသူသည် အိမ်မှုရေးရာကို လစ်လျူရှုထားကြသည်။ လုပ်ငန်းခွင်တွင်မူ အသေးစိပ်တိကျသည်။ မိမိနေအိမ်တွင် ထိုသို့ (၁)နှစ်မျှ မြင်ရသောပန်းချီကားကို သတိမပြု။

မယားများသည် ပတ်ဝန်းကျင်ကို ခံစားရသမျှလင်ယောကျ်ားများအပေါ်သို့ ထင်ဟပ်ပုံချကြသည်။ သူ့ခံစားချက်သည် မမြင်ရသော မိုက်မဲမှုဖြစ်သည်။ အကြင်လင်မယားတွင် အချစ်ပျောက်ဆုံးသောနေ့သည် သေနေ့စတင်ရာဖြစ်သည်။ လင်ယောကျ်ားများက မိမိတို့မယားများ စိတ်ပျက်မှုကိုဂရုစိုက်မိကြ။ အဘယ်ကြောင့် မကျေမနပ်စိတ်ဆိုးကြောင်း မသိကြ။ ထိုသို့ဖြစ်အောင် တခွန်းတလေမှမဆိုဟု ပြောတတ်ကြသည်။ သို့သော် လင်ယောကျ်ား၏ဆက်ဆံအလေးထားမှုအတိုင်း ပြောင်းလဲကြသည်။ လင်ယောကျ်ား ကျေနပ်စေရန်ပျက်ကွက်မှုများ မိမိကိုယ်ကို အလှပြင်ဆင်မှုများသည် လင်ယောကျ်ား၏ပြုမူပုံအား ပြန်လည်တုံ့ပြန်ခြင်း ဖြစ်သည်။

မိမိမယားကို ချီးမွမ်းကြပါသလား။ သူ့လုပ်ဆောင်ချက်အောင်မြင်မှုမကြည့်မီကပင် သူ့ကိုယ်ကျင့်စာရိတ္တနှင့် ကြိုးစားမှုအားအသိအမှတ်ပြု ချီးမွမ်းရသည်။ လင်ယောကျ်ားများသည် မိမိမယားအားပြင်ပလက္ခဏာကိုကြည့်ပြီး ချီးမွမ်းရသည်မဟုတ်။ အကယ်၍ ရုပ်ရည်ကြည့်ချီးမွမ်းနေလျှင် အရွယ်အိုရှ်ပါးရေနားရေတွန့်သည့်အခါ ချီးမွမ်းစရာရှိတော့မည်မဟုတ်။ ထို့ကြောင့် မိမိမယားအား ရုပ်ရည်ကြည့်၍ ချီးမွမ်းရသည်မဟုတ်။

တခါတရံ ''ငါ့မယားက ငါ့အကြိုက်သိတယ်။ အချက်အပြုတ်လည်းတော်တယ်''လို့ စဉ်းစားချီးမွမ်းကြပေမည်။ ထိုမျှနှင့်မလုံလောက်ပါ။ နှုတ်ဖြင့်ပြောဆိုချီးမွမ်းရသည်။ သင့်ချီးမွမ်းခြင်းကို မည်သူကမှ အသိအမှတ်

မပြု။ ''ကျွန်မ ဘယ်လိုနေလဲ''ဟု မေးမြန်းခြင်းသည် လင်ယောကျ်ားအမြင်တွင် ကျေနပ်စရာဟုတ်ပါသလားဟု ဆိုလိုသည်။ သူ့ကိုဂရုမစိုက်မှာစိုးလို့ သတိပေးခြင်းဖြစ်သည်။ အချိုပွဲစားမည်လားဟု မေးခြင်းသည် ယောကျ်ား၏သဘောထားအမြဲစဉ်းစားကြောင်း ပြသခြင်းဖြစ်သကဲ့သို့ အနှောင့်အယှက်မပေးလိုသောကြောင့် အလေးထားဂရုစိုက် ခြင်းလည်းဖြစ်နိုင်သည်။

ဘုရားပေးမိန်းမကို အသိအမှတ်မပြုဂရုမစိုက်ဘဲ တရက်မှမကုန်လွန်စေပါနှင့်။ မိန်းမလုပ်ဆောင်ချက်ကို အသေးအဖွဲမှစ၍ ဂရုစိုက်ချီးမွမ်းတတ်ပါ။ သူ့အပြု အမူလုပ်ဆောင်ချက်ကို ချီးမွမ်းပါ။ ဝတ်စားဆင်ယင်ပုံကိုလည်း အသိအမှတ်ပြုပါ။ လင်ယောကျ်ားက မိမိမယားအားမချီးမွမ်းနိုင်စရာ၊ အသိအမှတ်မပြုနိုင်စရာမရှိပါ။ တချို့သော လင်ယောကျ်ားများက စိတ်နှလုံးမှကျေနပ်ကြသော်လည်း ပြောမထွက် ကြ။ မိမိမယားကို သိမှတ်ကြသော်လည်း မလျှပ်တိုင်ထိပ်ပေါ်ရောက်မှာစိုး၍ ဖွင့်မပြောချင်ဟုဆိုကြသည်။ ထိုသို့အနှုတ်လက္ခဏာအမြင်မရှိအပ်။ ထိုအမြင်သည် ဘေးချော်သည်။ တခါပြောဆိုကြည့်လျှင် နောင်တွင်လွယ်လင့်တကူ ပြောဆိုလာနိုင်ပေသည်။

မိမိမနှစ်သက်သည့်အချက်တစုံအခုတွေ့ရသည့်အခါ ချီးမွမ်းစကားမဆိုနိုင်ကြ။ ထိုသို့သောအပြုအမူသည် ကောင်းကွက်မမြင်ဘဲ မကောင်းသည့်အချက်ကို သာတွေ့မြင်သောကြောင့်ဖြစ်သည်။ အကြွင်းမဲ့ချစ်ခြင်း မေတ္တာမရှိသောကြောင့် ဖြစ်သည်။

ထိုအခါမျိုးတွင် သူမကောင်းကွက်များကို အချိန်မှီပြန်လည်စဉ်းစားပါ။ သူမကိုအသိအမှတ်ပြုအောင် တဖန်ပြန်စဉ်းစားပါ။ နားထောင်ချင်စဖွယ်ဖြစ်အောင် စကားထဲ၌ တန်ဆာပလာထည့်ပါ။ ''ဟင်းကောင်းတယ်''ဟု တုံးတိပြောမည့်အစား ''အချစ်ကလေးရယ်၊အချစ်ရဲ့လက်ရာက ဖွယ်ဖွယ်ရာရာပါလား၊ ကြက်သားကလည်း နူးညံ့လို့အနံ့ကိုက စားချင်စရာပဲ''စသဖြင့်ပြောပါ။ သို့မဟုတ် ''ငါ့အချစ်ကလေးက ပင်ပန်းသွားပြီလား၊ ငါကတော့ အံ့ဘွယ်မယား

ရထားလို့ တကယ့်ပါရမီကံထူးရှင်ပဲ''စသဖြင့်ပြောကြည့်ပါ။ နားထောင်ချင်စဖွယ် စကားလှလှ ပြောဖို့မမေ့ ပါနဲ့။

''မင်းကမယားကောင်းပဲ''ဟုပြောမည့်အစား ''အချစ်ကလေးရယ်၊ ငါ့အပေါ်သစ္စာရှိလို့ တနေ့ပြီးတနေ့ ပိုချစ်မိတယ်'' (သို့) ''ဘယ်လိုချစ်မှန်းကို မသိဘူး၊ ရင်ထဲမှာ စွဲငြိနေတယ်''(သို့)''ငါ့ကိုကလေးလေးလို ဂရုစိုက်တာ ဝမ်းသာလို့မဆုံး'' စသဖြင့်ပြောလိုက်ပါ။

သင့်မိဘများထံမှ လင်မယားချစ်ခြင်းမေတ္တာသင်ခန်းစာ မရရှိလျှင်လည်း ဖတ်မှတ်ကြားသိသမျှကို လက်တွေ့လုပ်ဆောင်ကြည့်ပါ။ မင်္ဂလာဆောင်ခါစတွင် မသိသော်လည်း၊ အကြင်လင်မယားဘဝတွင် မသိမဖြစ်အပ်သော သစ္စာတရားဖြစ်သည်။ အချိန်တိုင်းသည် အချင်းချင်းတည်ဆောက်စရာ အခွင့်အခါဖြစ်သည်။ ကိုယ့်မယားကို မျက်ရည်မကျစေပါနှင့်။ ဝမ်းမြောက်ကျေနပ်အောင် လုပ်ခဲ့သမျှသည် မိမိအပေါ်ချစ်အားပိုကြီးလာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်လျှင် သင့်လိုအင်ဆန္ဒပိုမိုဖြည့်ဆည်းလာမည်။ သင့်ကိုပျော်ရွှင်အောင် ကြိုးစားလုပ်ဆောင် လာမည်။ အဆုံးတွင် မိမိကြဲသည့်အတိုင်း ပြန်ရိတ်ရမည်။ ထိုသို့လုပ်ဆောင်ခြင်း မပြုလျှင် စိတ်မချမ်းသာစရာများ တွေ့နေရမည်။

## (၅) မိန်းမများက မိန်းမဓမ္မတာရာသီကာလနှင့် စိတ်ထားပြောင်းလဲပုံ အကြောင်း သိစေချင်ကြသည်။

တချို့သောအမျိုးသမီးများသည် ဓမ္မတာရာသီလချိန်၌ ရုပ်ခန္ဓာကိုယ်ပိုင်းတွင်၎င်း၊ စိတ်ခံစားချက်ပိုင်းတွင်၎င်း အထွေအထူးပြဿနာမရှိကြ။ အထူးသဖြင့် အသက်(၂၀)ဝန်းကျင်တွင် မသိသာကြ။ သို့သော်များသော အားဖြင့် အသက်(၃၀) ဝန်းကျင်ရောက်သည့်အခါ ရာသီမလာမီတပတ် (သို့) ရက်ပိုင်းတွင် ရုပ်ခန္ဓာကိုယ်နှင့်စိတ်ခံစားချက်ပြဿနာရှိကြသည်။

တစ်ဦးက ''ထိုရက်ကာလမှာ စိတ်ဆိုးလွယ်တယ်၊ ပြီးရင်ပုံမှန်ပြန်ဖြစ်သွား တယ်'' ဟု ဆိုသည်။

အခြားသူတဦးက ''ငါ့မယားကတော့ အရာရာမှာလွန်ကဲတယ်။ သူ့ကို မချစ်ဘူးလို့ ငါ့ကိုစွပ်စွဲလေ့ရှိတယ်။ အဆင်အခြင်မဲ့တယ်။ သူနဲ့ပေါင်းသင်းရတာ အဆင်မပြေ ဘူး''ဟု ဆိုသည်။ ဓမ္မတာကာလမှာ ထိုနည်းအတိုင်းဖြစ်ကြသည်။ မိန်းမတိုင်း ထိုသို့သောအဖြစ်ခြင်းမတူညီကြသော်လည်း ဖြစ်ပျက်ကြသည်မှာ မှန်သည်။ အနည်းနှင့်အများကွဲပြားခြားနားကြသည်။ ခေါင်းကိုက်၊ ကျောအောင့်၊ ကြွက်တက်၊ ဗိုက်နာ၊ မအီမသာပျို့အန်ဖြစ်တတ်ကြသည်။ စိတ်လေခြောက်ခြားပြီး အာရုံစုစည်းမရအောင် ဖြစ်သည်။

ထိုအခါမျိုးတွင် ပိုမိုမေတ္တာပြသရသည်။ ပိုမိုနားလည်ပေးရသည်။ ပိုမိုဂရုစိုက်ရသည်။ အမျိုးသမီးအတိုင်ပင်ခံတဦးက ''ထိုရက်ကာလမှာ ချက်ပြုတ်လျှော်ဖွတ်ခြင်း ကူညီသင့်တယ်။ မိန်းမစိတ်ကျေနပ်ဝမ်းမြောက်စရာများ ခါတိုင်းထက်မတူ လုပ်ပေးသင့်တယ်။ အထွေအထူးတောင်းဆိုခြင်း မပြုနှင့်၊ ကလေးများ ထိန်းပေးပါ။ အိမ်မှုကိစ္စခဏမျှ မခိုင်းပါနှင့်''ဟု အကြံပြုသည်။

သင့်မယားကိုမည်သို့ပြုမူဆက်ဆံပါသလဲ၊ သူ့အကြောင်းရင်ဖွင့်သည့်အခါ ဂရုစိုက်နားထောင်၍ တိုင်ပင်ပါသလား။ နားမထောင်ဂရုမစိုက်လစ်လျူရှုပါသလား။ ''ငါ့အလုပ်အရေးကြီးတယ်။ သူ့ဘာသာနေပါစေ''ဟု သဘောထားပါသလား။ သို့မဟုတ် အပြင်ဘက်ငေးကြည့်ပြီး သမ်းဝေနေပါသလား။ သတင်းစာဂျာနယ် အဖတ်မပြတ်ရှိနေသလား။ (၁၀)မိနစ်ခန့်မျှအချိန် မပေးဘဲ နေပါသလား။ အလုပ်ခဏရပ်နားပြီး သူ့ကိုအရေးပေး ဂရုစိုက်နားထောင်လိုက်ပါ။ သူ့အတွက် အရေးကြီးသကဲ့သို့ တန်ပြန်အကျိုးသက်ရောက်မှုရှိသည်။ သူ့ကို အသေးအဖွဲဟု သဘောမထားပါနှင့်။ သူ့ကို မိမိသဖွယ် မမှတ်ယူမခြင်း အကြောင်းစုံသိနိုင်မည်မဟုတ်။

လူတယောက်က သူ့မိန်းမကိုပျင်းဟု ထင်မှတ်၍မောင်းထုတ်လိုက်သည်။ သူ့မယားမရှိတော့၍ အိမ်မှုကိစ္စဝင်လုပ်ခါမှ သူ့မယား၏တန်ဘိုးနားလည်လာသည်။ အပေါ်ယံကြောကြည့်၍ မဆုံးဖြတ်ရ။ မိမိကိုယ်ကိုအရေးပါအရာရောက်သူဟုထင်ပြီး မယားကိုအထင်သေးပါသလား။ သူ့ကိုအရေးမကြီး အသေးအဖွဲ့ဟုထင်ပြီး ဥပက္ခာပြုထားပါသလား။ ဝေဒနာများရင်ဖွင့်ပြသောအခါ ဂရုစိုက်ပေးပါသလား။ (သို့) ရယ်မောဟားတိုက်ပါသလား။ သူ့ခွန်အားကို အထင်သေးပြီး သူ့အားနည်းချက်ကို အမြဲမြင်ပါသလား။ သူများကို ဝိုင်းဟားကြလျှင် သူ့ဘက်မှရပ်တည်သလား(သို့) ရောယောင်ဝိုင်းရယ်ပါသလား။ အခြားမိန်းမများနှင့် နှိုင်းယှဉ်ပါသလား။ မိမိမိခင်အပါအဝင် အခြားမိန်းမများနည်းတူ မစွမ်းဆောင်နိုင်ဟုမြင်ပါသလား။

# နိဂုံး

မယားသည် လင်၏ပထမဦးစားပေးခြင်းဖြစ်ချင်သည်။ အရာခပ်သိမ်းထက် သူ့အလိုဆန္ဒဖြည့်ဆည်းပေးစေချင်သည်။ မိန်းမတကာထက်သူသာလျှင် လင်ယောကျာ်းနှင့်အနီးဆုံးလူဖြစ်ချင်သည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မိသားစုရှေ့တွင် ချီးမွမ်းခြင်းခံယူလိုသည်။ သင်၏မယားဖြစ်ကြောင်း ဂုဏ်ယူနိုင်လိုသည်။ လင်ယောကျာ်းအမြင်တွင် အလှပဆုံး မိန်းမဖြစ်ချင်သည်။ သူ့ကို အလေးထားဂရုစိုက်ဖြည့်ဆည်းစေချင်သည်။ လင်ယောကျာ်း၏ ချီးမွမ်းခြင်းခံယူလိုသည်။ ဟေမုန်းဓါတ်အပြောင်းအလဲရှိသည့်လစဉ်ဓမ္မတာရာသီကာလ၌ ဂရုစိုက်စေချင် သည်။ သူ့ကိုအဘယ်မျှချစ်ကြောင်းနေ့တိုင်းကြားချင်သည်။ တချိန်လုံး သူ့အကြောင်းသာ စဉ်းစားနေစေချင်သည်။ လက်ထပ်ထိမ်းမြှားကြစဉ် အခြားသူများ ဝင်ရောက်လာရောခြင်းမခံသောမေတ္တာနှောင်ချင်ကြပုံကို သတိရပါ။ မိမိလိုချင်သည့်အတိုင်း မတွေးဘဲ မိန်းမကလိုချင်သည့်ပုံစံကို ဦးစားပေးတွေးရသည်။ မိမိစိတ်ကူးထင်သည့်အတိုင်းပြုလုပ်ပေးခြင်းထက် မယားကျေနပ်အောင်ပြုလုပ်ပေးရသည်။ မိမိစိတ်ကြိုက်ချယ်လှယ်လုပ်ဆောင်ခြင်းထက် မယားအကြိုက်ဆောင်ပြီး မေတ္တာပြသပါသလား။ မယားရှိနေသည့်အချိန်တွင် တန်ဘိုးထားရကောင်းမှန်းမသိဘဲ၊ မရှိတော့ခါမှ တန်ဘိုးနားလည်ချင်သလား။

မိန်းမများ၏ချစ်ချင်းမေတ္တာဖြင့် တည်ဆောက်သောအိမ်ထောင်သည် သူတို့ ၏တန်ဘိုးထားခြင်း၊ ဘဝမြှင့်တင်ခြင်း ရည်ရွယ်ထားကြောင်းမှတ်သားပါ။ မယားကို လက်ခံသိမှတ်ခြင်းသည် မိားကိုသာသိမှတ်ခြင်းမဟုတ်။ မိမိအတွက် အဘိုးတန် ရတနာဆောက်လုပ်ခြင်းဖြစ်သည်။ ၁ပေ ၃း၇ ကို မှတ်သားနာယူပါ။ ဘုရားသခင်က လင်ယေကျာ်းအား မိမိမယားကိုအကြွင်းမဲ့ချစ်ခင်ခိုင်းသည်။ လေးစားခိုင်းသည်။ လင်ယောကျာ်းသည် မိမိမယားအပေါ်၌ ဂုဏ်ယူတတ်ရသည်။ သူ့ကိုဂရုစိုက်လျှက် လုပ်ဆောင်သမျှကို အသိအမှတ်ပြုချီးမွမ်းရသည်။

# အခန်း ၃

## ယောကျာ်းတို့အကြောင်း

အမျိုးသမီးများက ယောကျာ်းတို့အကြိုက် မိန်းမမျိုးသိရှိကြသည်ဟု ထင်ကြသော်လည်း ထိုသို့ထင်သည့်အတိုင်းမဟုတ်ပါ။ မိန်းမများ၏ အထင်အမြင်က ပုရိသယောကျာ်းတိုင်းကို မစွဲဆောင်နိုင်ပါ။ ယောကျာ်းများ၏ အတွေးအခေါ်သည် မိန်းမများ၏အတွေးအခေါ်နှင့် တခြားစီဖြစ်သည်။ မိန်းမများနှစ်သက်သည့် ယောကျာ်းတို့ အင်္ဂါရပ်(၈)ခုရှိသည်။ စိတ်ဓါတ်ရေးရာတွင် (၄)ချက်၊ အရည်အသွေးတွင် (၄) ရပ်ရှိသည်။ ယောကျာ်းတိုင်းမတူညီခြားနားကြောင်းသိထားရသည်။ ဤအချက်များသည် လူတိုင်းအတွက် အရေးမကြီး၊ အသုံးမဝင်ပါ။ ယောကျာ်းများ၏ အရည်အသွေးအဆင့်အတန်းကို မိန်းမများကသွားရောကျကြသော်လည်း ချစ်ခြင်းမေတ္တာထားရှိ ထိန်းသိမ်းခြင်းသည် စိတ်သဘောထားနှင့်သက်ဆိုင်သည်။

## စိတ်သဘောထားအရည်အချင်း (၄)ရပ်

### (၁) ပထမအချက်သည် မိန်းမများကနားလည်ခြင်း

ယောကျာ်းသားများ၏အတွေးအခေါ်၊ အပြုအမူသည် မိန်းမများနှင့် မတူ။ လိုအပ်ပုံခြင်းမတူသကဲ့သို့ တန်ဘိုးထားပုံခြင်းလည်း မတူညီပါ။ အကြိုက်ခြင်းတူညီလျှင်လည်း တန်ဘိုးထားပုံခြင်းမတူညီပါ။ ဥပမာအားဖြင့် အမျိုးသားနှင့် အမျိုးသမီးနှစ်ယောက်စလုံးက ချစ်ခြင်းမေတ္တာလိုချင်ကြသည်။ အနှစ်သာရသဘော ခြင်းတူညီကြသည်။ သို့သော် မိန်းမများအတွက် ပိုမိုအရေးကြီး၍ ယောကျာ်းများက ဂုဏ်သိက္ခာတရပ်အဖြစ် လေးစားကြသည်။

## (က) မျက်မြင်အရလက်ခံသည်

လက်ခံခြင်းမှာ သူ့လင်ကိုပုရိသယောကျာ်းသားအဖြစ်ခံယူသည်။ ထို့ထက်ပြောင်းလဲခြင်းမရှိ၊ သူ့စွမ်းဆောင်နိုင်စွမ်းကိုမပြည့်၊ ပကတိအခြေအနေကိုကြည့်သည်။ သူ့အမှုအရာကိုယ်ကျင့်စာရိတ္တ ပိုကောင်းလာနိုင်ကြောင်း သိနိုင်သည်။ သို့သော် ထိုသို့ပြောင်းလဲစေရန် သူမတွင်တာဝန်မရှိဟုခံယူသည်။ သူ့အားနဲချက်ကို သတိထားမိလျှင်လည်း လူတိုင်းတွင်အားနည်းချက်ရှိသည်ဟုခံယူပြီး အားသာချက်ကို ကြည့်ရှုသည်။ ပိုကောင်းသည်ဖြစ်စေ၊ ပိုဆိုးသည်ဖြစ်စေ သူ့ထိုက်နှင့်သူ့ကံဟု သဘောထားသည်။ သူ့လင်ကိုပြောင်းလဲစေရန် တိုက်တွန်းရမည့်အစား သူ့လင်က သူ့ကိုပိုမိုစွဲလန်းစေရန် သူ့ကိုသူရှေးရှုသည်။ ထိုသို့ ဆွဲဆောင်နိုင်ရေးကိုသာ လုံးပန်းသည်။

မယားကလူ့လင်ကို ပြုပြင်ရန်ကြိုးစားရသလား။ ထိုသို့သောအဖြစ်ကို ယောကျာ်းများကလက်မခံကြပါ။ မိန်းမများက ထိုသို့ပြုလိုစိတ်မရှိကြ။ သမ္မာကျမ်းစာတွင်လည်း မယားများက လင်သားများကို ပြောင်းလဲစေပါဟု သွန်သင်ချက်မရှိ၊ အဘယ်သို့ဆိုသော် ဘုရားသခင်၏နိယာမနှင့် ဝတ္တရားသည် ထိုကဲ့သို့မဟုတ်ပါ။ အခြားအကျိုးဆက်တခုမှာ မယားကထိုကဲ့သို့ပြုမူလျှင် လင်သားများ၏ခံချက် အေးစက်သည်။ သူ့မယားအပေါ်အချစ်လျော့ပါးသည်။ အဘယ်ကြောင့်နည်း။ သူမ၏ဝေဖန်ခြင်း၊ အကြံပြုခြင်းသည် လင်သားအပေါ် မကျေနပ်ချက်၊ အားနည်း မှုတွေ့မြင်ချက်များ ထုတ်ဖော်ရာရောက်သည်။ မလေးစားရာဖြစ်သည်။ လင်သားကို လက်မခံတော့ကြောင်း ကျေညာခြင်းဖြစ်သည်။ လင်သားကိုမရိုသေတော့ကြောင်း အထင်အရှားပြသရာဖြစ်သည်။

**ဧ ၅း၃၃ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျာ်းသည် မိမိမယားအပေါ်ဦးခေါင်းဖြစ်၏။ ခရစ်တော်သည် မိမိခန္ဓာကိုယ်ကို ကယ်တင်သောသူဖြစ်တော်မူ၏။**

လင်ယောကျ်ားကိုဝန်ခံခြင်းဆိုသည်မှာ လေးစားကြည်ညိုခြင်း ဖြစ်သည်။ မယားက လင်ကိုပြောင်းလဲစေခြင်းသည် ပုန်ကန်တော်လှန်ခြင်း ဖြစ်သည်။ စိတ်ကြိုက်လွတ်လပ်စွာနေထိုင်ရန် တွန်းပို့ခြင်းဖြစ်သည်။ အချင်းချင်းဝန်ခံခြင်းသည် လွယ်ကူသောကိစ္စရပ်မဟုတ်။ အကြွင်းမဲ့ချစ်ခြင်းမေတ္တာနှင့် ဝန်ခံခြင်းသည် လင်မယား၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ နှစ်ယောက်စလုံး မမေ့အပ်သည့်အချက် ဖြစ်သည်။ အချင်းချင်းမည်သို့ ဝန်ခံကြပါသလဲ။ ဝန်ခံရေးနည်းဥပဒေသ (၆)ရပ် ရှိသည်။

(၁) အတ္တအပြုအမူလျှော့ချပါ။ အများပေါင်းတသောင်း လွန်ကျူးမိကြောင်း ရှိ့ကျိုးစွာဝန်ခံရသည်။
(၂) မိမိအများကို ဝန်ခံသကဲ့သို့ တဘက်သား၏တန်ဘိုးနှင့် ခွန်အားကိုရှုမြင်ရသည်။
(၃) တဘက်လူအား လွတ်လပ်ခွင့်ပေးပါ။
(၄) အပြစ်တင်မစောပါနှင့်။ သင့်စိတ်ကြိုက်ဖြစ်အောင် ပုံစံသွင်းရန် မကြိုးစားပါနှင့်။
(၅) တခြားလင်မယားများကို ဥပမာမပြုပါနှင့်၊ သင့်ခင်ပွန်းအတွက် ကျေနပ်စရာ ဖြစ်လာမည်မဟုတ်။
(၆) အရေးကြီးဆုံး လုပ်ဆောင်စရာမှာ ချီးမွမ်းအသိအမှတ်ပြုလိုက်ပါ။

## (ခ) မိန်းမက နားလည်ကြိုဆိုခြင်း

နားလည်ကြိုဆိုခြင်းဆိုသည်မှာ ယောကျ်ား၏တန်ဘိုးကို သိမှတ်ခြင်း ဖြစ်သည်။ သူမအတွက် လုပ်ဆောင်ပေးသမျှကို ကျေးဇူးတင်သည်။ မိန်းမတို့ ယောကျ်ားသားများ၏ မည်သည့်အချက်ကိုကြည့်ရှုပါသလဲ။ မိမိလင်သားကို

မည်သို့နားလည်ကြိုဆိုကြပါသလဲ။ သင်၏ရုပ်ရည်သွင်ပြင်၊ ဝင်ငွေနှင့် အခြေအနေများကိုကြည့်ပြီး ကြိုဆိုခြင်းမျိုးလား။ ယောကျာ်းတဦး၏ တန်ဘိုးကို ငွေကြေးပမာဏနှင့် အောင်မြင်မှုဖြင့် တိုင်းတာပါသလား။ ယောကျာ်းကမိန်းမသော်လည်းကောင်း၊ မိန်းမကယောကျာ်းသော်လည်းကောင်း စစ်မှန်သောပကတိအခြေအနေဖြင့် တိုင်းတာရသည်။ ရုပ်ရည်သွင်ပြင်လှပခြင်း၊ ငွေကုန်စည်းစိမ် ကြွယ်ဝခြင်းဖြင့် လူ့တန်ဘိုးဖြတ်ခြင်းသည် လောကီသားများအမြင်ဖြစ်သည်။ ထို့ကြောင့်တန်ဘိုးအမှန်ဆုံး ဆုံးဖြတ်ရာတွင် မိမိကိုက်ညီဆီလျော်သော အချက်များဖြင့် တိုင်းတာရသည်။ ထို့ကြောင့် မယားများသည် မိမိလင်ကိုမည်သို့နားလည်ကြိုဆိုရမည်နည်း။

(၁) အကျင့်စရိတ္တရိုးသားဖြောင့်မတ်ခြင်း ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ သနားကြင်နာခြင်း၊ သဘောကောင်းခြင်း၊ ကိုယ်ကျင့်တရားတည်ကြည်ခြင်းများဖြင့် တိုင်းတာရသည်။ ကိုယ်ကျင့်တရားကောင်းမွန်သူကို လူအများကရိုသေ လေးစားလေ့ရှိသည်၊ သူ၏ကိုယ်ကျင့်တရားကို လူအများက ချီးမွမ်းဂုဏ်ပြုကြသည်။ ထိုအချက်များကို မယားကသိမှတ်ကြိုဆိုရသည်။

(၂) မိန်းမအားကူညီလုပ်ဆောင်ခြင်း၊ အသေးဖွဲမှစ၍ ကူညီလုပ်ဆောင်ပေးရသည်။ အိမ်မှုကိစ္စ၊ အိမ်ပတ်ဝန်းကျင် တောက်တိုမယ်ရများအပြင် ကလေးထိန်းကျောင်းခြင်းများကိုလည်း ကူညီရသည်။

မိသားစုစားဝတ်နေရေးအတွက် ငွေရှာခြင်းသည် အဓိကဖြစ်သော်လည်း မိသားစုနှင့်အတူ နေထိုင်အချိန်ပေးရေးလည်း လိုအပ်သည်။ မယားအများအပြားသည် မိမိလင်အား ရိုသေလေးစားရကောင်းမှန်းမသိကြ။ လင်မယား၏ နေ့စဉ်လုပ် ဆောင်ချက်များကိုလည်း သိရှိနားလည်ခြင်းမရှိကြ။ စိတ်ဝင်စားပေးခြင်းမရှိကြ။ မိမိအလုပ်ကို လုပ်သည်ဟုထင်ကြသည်။ ထိုသို့

သောအပြုအမူသည် အမှားကြီးဖြစ်သည်။ ကျေးဇူးတရား မသိသောမယား သည် အိမ်ထောင်ရေးပြဿနာများ ဖန်တီးသူဖြစ်သည်။

## (ဂ) ယောကျာ်းပီသသော ဖိုသဘာဝတပ်မက်ခြင်း

လင်ယောကျာ်း၏ ယောကျာ်းအင်္ဂါရပ်များဖြစ်သော ကျွမ်းကျင်မှု၊ အရည်အချင်း၊ စွမ်းဆောင်ရည်၊ အယူအဆ၊ စိတ်ကူးနှင့်ဖိုသဘာဝတို့ကို သဘောကျကြသည်။ ထမင်းစားသကဲ့သို့ စားကြသည်။ မိန်းမများ၏ ချစ်ချင်း မေတ္တာသည် သဘောကျလိုလားခြင်းဖြစ်သည်။ မိန်းမများ၏ အိမ်ထောင်ရေး ပျော်ရွှင်မှုသည် သူ့ကိုချစ်ခင်မြတ်နိုးခြင်းဖြစ်သည်။ ယောကျာ်းများ၏ အိမ်ထောင်ရေး သာယာမှုသည် သူ့ကိုလိုလားနှစ်သက်ခြင်းဖြစ်သည်။ ပျောက်ဆုံးသော လောကလူသားထက် ကယ်တင်ခြင်းရရှိသော ယောကျာ်းသားသည် ထို့ထက်များစွာရော့နည်းသည်။ ခရစ်တော်နှင့်ဆက်နွယ်သောမယားသည် လိုအပ်ချက်ဟူသမျှ ပြည့်စုံသည်နည်းတူ ယောကျာ်းသားသည်လည်း ကိုယ်တော်နှင့်ဆက်နွယ်လျှင် လိုအင်ဆန္ဒပြည့်စုံသည်။

ဘုရားသခင်က လင်မယားကိုခရစ်တော်နှင့် အသင်းတော်၏ ဆက်ဆံပုံမျိုးဖြစ်စေချင်သည်။ လင်ယောကျာ်းသည် ခရစ်တော်၏ပုံရိပ်ဖြစ်၍ ကြင်ယာတော် အသင်းတော်အတွက် လိုအပ်သမျှဖြည့်ဆည်းသည်။ အကြွင်းမဲ့ချစ်ခြင်း မေတ္တာထားရှိသောကြောင့် အသက်ပေးဆပ်ခဲ့သည်။ မယားသည် အသင်းတော်၏ပုံရိပ်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်ကိုကိုးကွယ်သည်။ ကိုယ်တော်ကိုချစ်ခင်သောကြောင့် နာခံသည်။ မယားသည် ထိုဥပဒေသကိုလိုက်နာရသည်။ လင်ယောကျာ်းကို ခန့်ညားလေးစားပြီး အစွမ်းကုန်ကူညီပံ့ပိုးရသည်။ ဘုရားသခင်က လင်မယားကို အဘယ်ကြောင့် ဖန်ဆင်းသနည်း။ အပြန်အလှန်တည်မှီ၍ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီရန်ဖြစ်သည်။

ယောကျ်ားသား၏ ပုံမှန်အရည်အချင်းများထက် ထိုသို့ဖြစ်စေချင်သည်။ အကယ်၍ လင်တွင်သော်လည်းကောင်း၊ မယားတွင်သော်လည်းကောင်း၊ ထိုအချက်များမရှိလျှင် စိတ်ပျက်ဖွယ်ရာဖြစ်သည်။ ဥပမာအားဖြင့် ယောကျ်ားသားက သနားတတ်သည်။ အတွေးခေါ်ကောင်းသည်။ ရုပ်ရည်လှပသည်။ ခွန်အားဗလကောင်းသည်။ မယားကို ချီးမွမ်းတတ်သော်လည်း ချစ်ခြင်းမေတ္တာမပြသလျှင် အိမ်ထောင်ရေးမသာယာနိုင်။ ယောကျ်ားပီသ၍ ခွန်အားဗလရှိနေလျှင်လည်း စိုပြေသာယာမှု မပေးနိုင်။ ထို့ကြောင့် မယားများသဘောကျအောင် လင်သားများ၌ မည်သည့်အချက်များ လိုအပ်သနည်း။

(၁) ကျွမ်းကျင်မှုပညာ၊ လက်သမားလျှပ်စစ်ပညာရှင်၊ စက်မှုပညာရှင်၊ ဘဏ်လုပ်ငန်းလုပ်ကိုင်သူ၊ ဆရာဝန်စသဖြင့် အရည်အချင်းရှိရသည်။

(၂) အောင်မြင်ဖြစ်ထွန်းမှု။ တစုံတဦး၏ အောင်မြင်ဖြစ်ထွန်းမှုကို အသိအမှတ်ပြု၍ ချီးမွမ်းခြင်းသည် ချီးမွမ်းသူအား ပြန်လည်လက်ခံနှစ်သက်စရာဖြစ်ကြောင်း လေ့လာခဲ့ကြသည်။ သူတပါး၏အောင်မြင်မှုကို အသိအမှတ်မပြုခြင်းသည် သူ့ကို မနှစ်သက်ရာရောက်သည်။

(၃) ရည်မှန်းချက်နှင့်စိတ်ကူးယဉ်များ။ သူတပါး၏ ဖြစ်ထွန်းအောင်မြင်မှုကို မတွေ့ မြင်ရသေးသော်လည်း သဘောတူထောက်ခံရသည်။ တနည်းအားဖြင့် သူတပါးအား လိုလားခြင်း (သို့) အားပေးခြင်း (သို့) ရည်မှန်းချက်ရောက်အောင် ကူညီလျှင် ထိုသူက မိမိအားပြန်လည်အသိအမှတ်ပြုလာမည်။

(၄) ယောကျ်ားပီသမှု ကိုယ်ကျင့်တရား။ ဆုံးဖြတ်ချက်ခိုင်မာမှု၊ ဖွဲလုံ့လရှိမှု၊ အမျိုးသမီးများနှင့် ကလေးငယ်များအား ဦးစားပေးမှု၊ တာဝန်လေးစားမှု၊ ရဲစွမ်းသတ္တိရှိမှုတို့ ပါဝင်သည်။

(၅) ယောကျာ်းသားဖြစ်သည့်အတိုင်း မိသားစု၏ဘေးရန်ကွယ်ကာ၍ အလုပ်အကျွေးပြုရသည်။ မိသားစုအား ယဉ်ကျေးသိမ်မွေ့စွာ ဦးဆောင်သည်။ မိမိအလုပ်အပေါ်တွင် သစ္စာရှိ၍ မိသားစု၏စားဝတ်နေရေး၊ ဘုရားတရားကိုင်းရှိုင်းရေးကို နေ့စဉ်ဦးဆောင်သည်။ အမှုတော်မြတ်၌ပါဝင်၍ မိသားစုအားကြိုဆိုထောက်ခံခြင်း လိုအားခြင်းပြုလုပ်သည်။

(၆) ယောကျာ်းပီသသော ခန္ဓာကိုယ်၊ ခွန်အားနှင့်ဗလအင်အားရှိသည်။ ထို့ကြောင့် ဤနှစ်သက်ဖွယ်ရာ အချက်(၆)ချက်နှင့်ပြည့်စုံလျှင် ပျော်ရွှင်ဖွယ်ရာတည်ဆောက်နိုင်သည်။ ထိုသို့သော ယောကျာ်းပီသခြင်းသည် ချစ်ခြင်းမေတ္တာ ရယူရာနှင့် မှီကိုးစရာဖြစ်ကြောင်း မှတ်ထားပါ။

## (ဃ) ခရစ်တော်ကိုဆက်ဆံသည့်နောက်တွင် လင်ယောကျာ်းအား ပထမ ဦးစားပေးခြင်း

မိန်းမများက ခရစ်တော်ပြီးလျှင် သူတို့လင်ကို ပထမဦးစားပေးဖြစ်ချင်ကြသည်။ လင်ယောကျာ်းများကလည်း ထိုနည်းတူဖြစ်ရသည်။ လင်ယောကျာ်းသည် မယားများအား မိမိတို့နေရာတွင် အစားထိုးတာဝန်မပေးအပ်လိုကြ။ မယား၏တောင်းဆိုချက်လိုအပ်ချက်များကိုသာ ဖြည့်ဆည်းပေးချင်ကြသည်။ မိမိသားသမီးများကိုလည်း ဆင်းရဲဒုက္ခမရောက်စေလိုကြ။ မယား၏ အခြားစိတ်ဝင်စားမှုနှင့် တခြားအတွေးများကို သိထားသည့်အခါတွင်လည်း အရေးမပါအရာမရောက်ဟု မထင်။ သူ့ကိုထိမ်းမြှားလက်ထပ်သည့်အကြင်လင်မယားဘဝကို အပြည့်အဝခံစားစေလိုသည်။ သူမ၏ရည်ရွယ်ချက်ပြည့်စုံစေရေးသာ စိတ်ကူးသည်။ ဖျက်လိုဖျက်ဆီး ပြုလိုစိတ်မရှိ။ မိန်းမသားများက လင်သားများဖြစ်စေလိုသည့် အချက်(၆)ချက် လေ့လာကြမည်။

**၁။ သားသမီး။** မိန်းမသည် သဘာဝအားဖြင့် သားသမီးအပေါ် ဝတ္တရားရှိကြသည့်အတိုင်း အစွမ်းကုန်ဝတ္တရားကျေပွန်ကြသည်။ သို့သော်အလွန်အကျွံမဖြစ်ရ။ လူ့လောကတွင် လင်ယောကျ်ားကို ဦးစားပေးသည့်နှယ် သားသမီးများအပေါ်အချစ်မပေါ့ရ။ အိမ်ထောင်ရေးခိုင်မြဲရေးသည် သားသမီးများ ထွန်းကားရေးတွင်လည်း မူတည်သည်။ ထို့ကြောင့်ခင်ပွန်းသည် ပထမဦးစားပေးဖြစ်၍ သားသမီး သည် ဒုတိယဦးစားပေးဖြစ်ရသည်။

**၂။ နေအိမ်။** လင်ယောကျ်ားများက မိမိနေအိမ်ကို သန့်ရှင်းသပ်ရပ်စွာတွေ့ မြင်လိုကြသည်။ သို့သော် လင်ယောကျ်ားများထက် နေအိမ်အရေးကို ဦးစားပေးမဖြစ်စေလို။ မယားက နေအိမ်ပြင်ဆင်သန့်ရှင်းစေခြင်းသည် လင်ယောကျ်ားနှင့် သားသမီးများ ပျော်ရွှင်စိတ်ချမ်းသာရန်ဖြစ်သည်။ မယား၏မာန်မာနတက်စရာ၊ အခြားသူများ ပြသစရာအတွက်မဟုတ်။ နေအိမ်ကိုလှပသပ်ရပ်စေခြင်းသည် နေချင်စဖွယ်ဖြစ်အောင် လုပ်ဆောင်ခြင်းသာ ဖြစ်ရသည်။ အိမ်သည်အလှပြရာ ပြတိုက်မဟုတ်။ မိသားစုပျော်ရွှင်ရာ သိရိဂေဟာဖြစ်သည်။

**၃။ ဝတ်စားဆင်ယင်ပုံ။** ခင်ပွန်းသည် စိတ်ချမ်းသာစေမည့်အပြင်သာယာစေရန် အခြေအနေအချိန်အခါအလိုက် အကောင်းဆုံးဝတ်ဆင်ရသည်။ ပုရိသယောကျ်ားသား အများစုက မယား၏လှလှပပ ဝတ်ဆင်မှုကို ကျေနပ်ကြသည်။ သို့သော် တလောကလုံး ဈေးဝယ်ထွက်ခြင်း၊ အဝတ်အစားချုပ်ခြင်း၊ အလှပြင်ဆင်ခြင်း ပြုလုပ်နေပြီး လင်ယောကျ်ားကို ဥပေက္ခာပြုခြင်းမျိုးမဖြစ်ရ။ အယူအဆလွဲမှား စရာဖြစ်လာနိုင်သည်။ လင်ယောကျ်ားက သူ့ကိုဒုတိယဦးစားပေးနေရာ ရောက်ရသလားဟု စိတ်မကောင်းဖြစ်သွားနိုင်သည်။

**၄။ မယား၏မိဘများ။** သမ္မာကျမ်းစာတော်မြတ်တွင် မိဘကိုရိုသေစွာပြုမူဆက်ဆံခိုင်းသည်။ အိမ်ထောင်ကျ၍ အိမ်ခွဲပြီးလျှင်လည်း ဂရုစိုက်ရသည်။ အိမ် ထောင်ပြုခြင်းသည် မိဘကိုစွန့်ခွာ၍ ကြင်ယာသို့ဘဝအပ်နှံခြင်း မှန်သော်လည်း သံယောဇဉ်မဖြတ်ရ။ သားမက်က ယောက္ခမများကို မိဘသဖွယ် အမြန်ဆုံး သံယောဇဉ်ဖွဲ့နှောင်ရိုသေရသည်။

**၅။ ငွေကြေးနှင့်အောင်မြင်မှု။** လင်ယောကျာ်းကိုယ်တိုင်ထက် ဝင်ငွေနှင့် အောင်မြင်မှုသည် တခါတရံ မယားအတွက် ပိုမိုအရေးကြီးတတ်သည်။

**၆။ သူမ၏အသက်တာ။** ဗီဇပါရမီ၊ လှုပ်ရှားမှုနှင့်အမှုတော်၌ ပါဝင်ပုံ။ မယားသည် ဤအချက်များကိုလည်း ထုတ်ဖော်ပြသချင်ကြသည်။

## (င) မယားက မိမိလင်အား မိမိနှင့်မိသားစုဦးဆောင်သူ၊ ကွယ်ကာသူ၊ ကျွေးမွေးသူဖြစ်စေချင်သည်

မယားက မိမိလင်သားအား ဝန်ခံစေခြင်းမှာ ဘုရားသခင်က အပြစ်ဒဏ်ပေးခြင်းမဟုတ်ပါ။ လင်ယောကျာ်းက ကွယ်ကာ၍ကောင်းချီးပေးရာဖြစ်သည်။ မည်သည့်နေရာများတွင် ဦးစီးခေါင်းဆောင်ရသနည်း။

(၁) မိသားစု၏အရေးအရာတခုလုံးအပ်စိုးရသည်။ သားသမီးများ၏ အပြုအမူ၊ မိသားစုအသုံးစရိတ်များ တာဝန်ယူရသည်။ အိမ်ထောင် မိသားစုအရေး တာဝန်ယူလုပ်ဆောင်နေသော မယားထံသို့ စိတ်ကြိုက် ပုံစံပြဌါန်းရသည်။ ထိုသို့ မယားသို့စီံနှမူပေးထားသော်လည်း နောက်ဆုံး ဆုံးဖြတ်ချက်သည် လင်သား၏တာဝန်ဖြစ်သည်။

(၂) မိသားစုအရေးဆုံးဖြတ်ရာတွင် မယားက လင်သား၏ဆုံးဖြတ်ချက်ကို နာခံလေးစားရသည်။ ပါးနပ်သော လင်ယောကျာ်းသည် မယား၏ သဘောထားကို ရယူတိုင်ပင်လေ့ရှိသည်။ ထိုသို့တိုင်ပင်ရာတွင် မယားကလည်း ခေါင်းကိုက်စရာ အတားအဆီးများမဖြစ်ရဘဲ ပိုကောင်းသော အကြံညာဏ်များပေးနိုင်ရသည်။

လင်ယောကျာ်းသည် မိသားစု၏ဦးခေါင်းဖြစ်သည့်အတိုင်း ဦးစီးဦးဆောင်ပြုရသည်။ မယားသည် လင်အားဝန်ခံခြင်း၊ ကူညီခြင်းပြုရသည်။ တခါတရံ တက်ကြွစွာပါဝင်ရသည်။ အလိုလိုက်အလျှော့ပေးသည့် အချိန်ရှိသကဲ့သို့ မားမားရပ်တည်ရသည့်အချိန်လည်း ရှိရသည်။ လင်ယောကျာ်းအား အကူအပံ့အပြုရေး၏ မယား၏ပင်မအရေးဖြစ်သည်။ မယား၏အကြံပေးချက်သည် အရေးမပါအရာ မရောက်လျှင်လည်း အမှားအမှန် ဝေခွဲပိုင်းခြားစရာ အချက်အလက်ဖြစ်နိုင်သည်။

အရာခပ်သိမ်းသည် လင်ယောကျာ်း၏ ပုခုံးပေါ်သို့ကျရောက်သည်။ အရေးကြီးဆုံးဖြတ်ရမည့်အရေးတွင် မိသားစုဦးဆောင်ရေးသည် လင်ယောကျာ်း၏ အရေးကိစ္စဖြစ်သည်။ အရေးအရာဆုံးဖြတ်စရာတွင် လင်ယောကျာ်း၏ အတည်ပြုချက်သည် အဓိကဖြစ်သည်။ မယား၏အကြံပေးချက်သည် တခါတရံလင်သားအတွက် အရေးကြီးအချက်ဖြစ်နိုင်သည်။ အောက်ပါအချက်များကိုမှတ်သားထားပါ။

(၁) မယားသည် ဦးစီးဦးဆောင်ခြင်းမကြိုးစားရ။ ထိုသို့ဦးစီးဦးဆောင်ခြင်းမပြုရသော်လည်း လင်ယောကျာ်း၏လိုအပ်ချက်များကို ဖြည့်ဆည်းအကြံပေးရသည်။ နားလည်သဘောပေါက်အောင် ပြောပြပေးရသည်။ အိမ်ထောင်ပြုခါစတွင် မည်သို့ရှေ့ထွက်သွားရမည့်

အကြောင်း မျှော်လင့်ခဲ့ကြပြီးဖြစ်သည်။ ထိုမျှော်လင့်ချက်မှ သွေဖီ မသွားရ။ မျှော်လင့်ချက်ထားရှိသည့်အတိုင်း အစမှစ၍ သေချာ အောင် ပါဝင်လုပ်ဆောင်ရသည်။

(၂) မိမိစိတ်ကြိုက်ဖြစ်အောင် လင်ယောကျာ်းကို ဖိအားမပေးရ။

(၃) လင်ယောကျာ်း၏ စီမံချက်နှင့်ဆုံးဖြတ်ချက်ကို ဖျက်လိုဖျက်ဆီးမပြုရ။ အမှားပြုမိမှာကိုလည်း မစိုးရိမ်ရ။ ဘုရားသခင်လက်တော်ထဲသို့ အပ်နှံလိုက်ပါ။ သင့်ဆုတောင်းပေးချက်အတိုင်း ဘုရားသခင်က ပြုတော်မူမည်။ လင်ယောကျာ်းအပေါ် ဝန်ခံသူအား ဘုရားသခင်က ကောင်းချီးမင်္ဂလာ သွန်းလောင်းပါသည်။

(၄) လွန်ကဲစွာအကြံမပြုရ။ မယားများ၏ အများဆုံးအမှားမှာ လင်သား အား အကြံညဏ်ပေါင်းများစွာ ပေးခြင်းဖြစ်သည်။ မည်သို့မည်ပုံ လုပ်ရမည့်အကြောင်း အကြံဉာဏ်ပေါင်းများစွာ မှားပေးကြသည်။

(၅) မနာခံအာခံခြင်းမရှိရ။ သဘောကျသည့် လင်သား၏စကားကို နာခံ တတ်ကြသော်လည်း သဘောမတူ မကျေနပ်သည့်အခါ လင်ယော ကျာ်း၏ ဆုံးဖြတ်ချက်ကို မနာခံကြ။ မသိချင်ယောင်ဆောင်ကြသည်။ မိမိစိတ်တိုင်းကျလျှင် သဘောတူတတ်ကြသော်လည်း ဆန့်ကျင်ဘက် အဖြေမှန်ပေါ်ထွန်းလာသည့်အခါ မိမိသဘောမတူညီချက်နှင့် မသိနား မလည်မှုမည်သို့ ဖြစ်ကုန်သနည်း။
မယားက အိမ်ထောင်မိသားစုတွင် မိခင်တာဝန်ကျေပြွန်ရသကဲ့သို့ လင်ယောကျာ်းသည် မိသားစုဘေးရန် ကာကွယ်ရေးနှင့် ကျွေးမွေး

စောင့်ရှောက်ရန် တာဝန်ရှိသည်။ လင်ယောကျ်ားသည် ထိုတာဝန်ကို ကျေပြွန်ရသည်။ ထိုသို့ မိသားစု၏အဓိက တာဝန်ကျေပြွန်သော လင်ယောကျ်ားကို မယားများက ကြိုဆိုဂုဏ်ပြုရသည်။ သူ့ကိုယ်ကျင့်တရားကို ချီးမွမ်းရသည်။ သစ္စာရှိရှိ ကြိုးစားလုပ်ဆောင်ပုံကို ထောပနာပြုရသည်။ ခွန်အားပေးရသည်။ သူရဲကောင်းမှန်ကြောင်း လေးစားရသည်။ လင်ယောကျ်ားကို ထိုသို့ရိုသေခြင်းသည် လင်ယောကျ်ားအား ဘဝင်မြင့်မာနတက်အောင် ပြုမူခြင်းမဟုတ်။ လင်ယောကျ်ားအား အောက်ကျို့သောစိတ်ထားရှိအောင်၊ ချစ်ခြင်းမေတ္တာပိုမိုထင်ရှားလာအောင် ပြုမူခြင်းဖြစ်သည်။ အကယ်၍ ထိုသို့မပြုမူဘဲ ခွင့်မလွှတ်အပြစ်မြင်နေလျှင် ဘုရားသခင်နှင့် လျှောက်လှမ်းရာ၌ ငြိမ် သက်ချမ်းမြေ့မှု ရနိုင်မည်မဟုတ်။ စိတ်နှလုံးမရွှင်လန်းနိုင်။ သူ့မယားဖြစ်ရခြင်းကို တနုံ့နုံ့ခံစားနေပေမည်။

## (စ) လင်ယောကျ်ားက ငွေကြေးစီမံခန့်ခွဲရသည်။

အကြင်လင်မယားဘဝတွင် ဘုရားသခင်က ယောကျ်ားဝန်တာနှင့် မိန်းမဝန်တာကို တခြားစီပြဌါန်းထားသည်။ ထိုသဘောတော်ကို ဝန်ခံရသည်။ က ၃း၁၇-၁၉ တွင် လင်ယောကျ်ားအား ကျွေးမွေးစောင့်ရှောက်မှု တာဝန်ပေးထားသည်။ ထိုကျွေးမွေးစောင့်ရှောက်ခြင်းနှင့် ဘေးရန်ကွယ်ကာခြင်းတွင် ငွေ ကြေးစီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စရပ်အကြုံးဝင်သည်။ သို့သော် မိန်းမများက ငွေကြေးမကိုင် ဈေးမဝယ်ရဟု ဆိုလိုခြင်းမဟုတ်။ လင်မယားနှစ်ယောက်စလုံးက မောင်တလမ်းမယ်တရွက် လုပ်ဆောင်ကြပြီး မိသားစုငွေကြေးဘဏ္ဍာရှာဖွေရသည်။

မယားသည် မိသားစုငွေကြေးသုံးစွဲမှု စီမံခန့်ခွဲရသည်။ မီးဖိုချောင်

ကိစ္စ၊ အဝတ်အစား၊ အိမ်သုံးပစ္စည်း၊ အသုံးအဆောင်နှင့် နေအိမ်သုံးပစ္စည်းများ ဝယ်ခြမ်းရသည်။ တလအသုံးစရိတ်ကို တလအလျဉ်မှီအောင် ချင့်ချိန်သုံးစွဲရသည်။ သင့်တင့်လျှောက်ပတ်အောင် စီမံခန့်ခွဲရသည်။ တနည်းအားဖြင့် အသေးဆုံး စရိတ်ကိုင်တွယ် စီမံရသည်။ သူ့လွတ်လပ်မှုနှင့် စိတ်ကြိုက်လုပ်ဆောင်ခွင့် ပေးထားရသည်။ လင်ယောကျ်ားက တလအသုံးစရိတ်ကို ရှာဖွေသတ်မှတ်ပေးရသည်။ သွားလာရေး၊ နေအိမ်၊ ပရိဘောဂ အစရှိသည်များတွင် မည်မျှသုံးစွဲရမည့်အကြောင်း ပြဋ္ဌာန်းရသည်။ မိန်းမဖို့ အသုံးစရိတ်လုံလောက်အောင်ပေးလျှင် ကျေနပ်သည်။ ထိုသို့ဖြင့် မိသားစုငွေရေးကြေးရေး ဘဏ္ဍာရေး စီမံခန့်ခွဲရသည်။

ပြဿနာမှာ လင်ယောကျ်ားက မည်မျှပင် ကြိုးစားငွေရှာစေကာမူ မယားက အိမ်ထောင်ထိန်းသိမ်းမှု မနိုင်နင်းခြင်း၊ ငွေကြေးမသုံးစွဲတတ်ခြင်း ဖြစ်သည်။ ငွေကြေးသုံးစွဲမှု လက်ဖွာလျှင် ငွေကြေးပမာဏ တန်ဘိုးပြောင်းလဲသည့်အခါ အခက်တွေ့သည်။ ဝင်ငွေက မလိုက်နိုင်သည့်အခါ သားသမီးများ မျက်နှာငယ်ရသကဲ့သို့ အိမ်တွင်းရေးတွင်လည်း အခက်အခဲရှိလာသည်။ အိမ်ရှင်မအတွက် စိုးရိမ်သောက ပိုများလာသည်။ လင်ယောကျ်ား၏ ဦးစီးဦးဆောင်မှုလည်း မှေးမှိန်လာသည်။ မိသားစုကို လုပ်ကျွေးနေရသည်ဟု ထင်ရသော်လည်း မိသားစုအသုံးစရိတ်၏ တဝက်မျှသာ ရှာဖွေနိုင်သည်။ မယားကို ပစ်ထားသကဲ့သို့ ဖြစ်သည်။ မိသားစုအပေါ်သို့ လုံလောက်သောကျွေးမွေးမှု မပြုနိုင်။

## (ဆ) လင်ယောကျ်ား၏ မာန်မာနကို မထိခိုက်ရ

မာန်မာသည် ပြင်းထန်သောအပြစ် ဖြစ်သည်။ ထိုအရေးတွင် ယောကျ်ားသား၏ အတ္တသည် အကျည်းတန်အရုပ်ဆိုးသည်။ စာတန်နှင့်တူ

သည်။ ကယ်တင်ခြင်းရရှိ၍ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသူသည် ဝိညာဉ်တော်ပြည့်ဝသဖြင့် ယောကျ်ားအတ္တ မာန်မာနမရှိ။

ထိုသို့သော အတ္တမာန်မာနရှိလျှင် လင်မယားအကြား၌ နားလည်မှုလွဲမှားနိုင်ကြသည်။ မကျေနပ်စိတ် ဖိစီးမှုများခံနေရသည်။ လင်ယောကျ်ားအား အမြင်မကြည်လင်ခြင်း၊ ပြန်မပြော နားမထောင်ခြင်း၊ ခပ်တန်းတန်းနေခြင်း များရှိပါသလား။ မိမိအမှားကို မမြင်ဘဲ ငါ့ဘာမှားလို့လဲဟု ပြောတတ်ကြပါသလား။ ယောကျ်ားသားများ၏ မာန်မာနကြောင့် ထိခိုက်မှုဖြစ်တတ်သည်။ ပညာတတ် ပါးနပ်သောမိန်းမများက ထိုအချက်ကို နားလည်၍ ထိုအမှားမျိုး မဖြစ်အောင် ရှောင်ကြဉ်ကြသည်။

လင်ယောကျ်ား၏ မာန်မာမထိအောင် မည်သို့ရှောင်ကြဉ်ရမည်နည်း။ ယောကျ်ားသားဘဝကို သိမ်ငယ်စေခြင်း၊ သရောလှောင်ပြောင်ခြင်း၊ အထင်အမြင်သေးခြင်း မပြုရ။ ယောကျ်ားသား၏ ကိုယ်ကျင့်တရားကို မစော်ကားရ။ ယောကျ်ားခွန်အားဗလ၊ အရည်အချင်း ကျွမ်းကျင်မှုပညာရပ် မစုံလင်လျှင်လည်း ကောင်းကွက်ကြည့်တတ်ရသည်။ မိသားစုဂရုစိုက် စောင့်ရှောက်မှုတွင် တနေရာ၌ အားနဲချက်ရှိလျှင်လည်း အခြားတနေရာ၌ အားသာချက်ရှိသည်။ လင်ယောကျ်ား၏ကွယ်ကာ ကျွေးမွေးမှုမလိုအပ်အောင် ရှာစားနိုင်လျှင်လည်း မိသားစုတွင် လင်ယောကျ်ားရှိမှ တင့်တယ်ပြည့်စုံသည်။

လက်သမား၊ စက်မှုပညာအစရှိသဖြင့် ယောကျ်ားတို့ တပ်အပ်သော အတတ်ပညာနည်းပါးလျှင်လည်း အထင်အမြင်မသေးရ။ ထိုကဲ့သို့သော ပထမတန်းစား ပညာမတတ်လျှင်လည်း ပြုပြင်ထိန်းသိမ်းရေးကဲ့သို့သော အခြားအသက်မွေးဝမ်းကြောင်း ပညာတတ်မြောက်နိုင်ပါသည်။ သူ့ရည်မှန်းချက် စိတ်ကူးယဉ်များကိုလည်း ဖျက်လိုဖျက်ဆီး မပြုရ။ လင်ယောကျ်ားမရှိလျှင်လည်း လုပ်ကိုင်စွမ်းဆောင်နိုင်သည် ဟူသောအတွေးမျိုး မရှိရ။ လင်ယောကျ်ား၏ အဓိကဝန်တာသည် မိသားစုကို ကျွေးမွေးရေးဖြစ်သည်။ ထိုအချက်သည် လင်ယောကျ်ားများ၏ ဂုဏ်ယူရာဖြစ်သည်။

မာန်မာနကို ဖျက်ဆီးခြင်းမှာ အရှက်တကွဲ အကျိုးနည်းစေခြင်းဖြစ်သည်။ ထိုအချက်သည် ယောကျ်ားသားများ အလေးအနက်ခံယူချက်ဖြစ်သည်။ မိန်းမက ထိုသို့စော်ကားခြင်းကို ယောကျ်ားများက ဆတ်ဆတ်ထိမခံအောင် နာကျဉ်ကြသည်။ ဒေါသပေါက်ကွဲအောင် ဆွပေးခြင်းဖြစ်သည်။ အရှက်ခွဲခြင်းဖြင့် လင်မယားအကြားတွင် အုတ်နံရံပေါ်ထွန်းလာနိုင်သည်။ ယောကျ်ားသားကို အရှက်ခွဲခြင်းသည် နှစ်ယောက်အကြားတွင် အုတ်တံတိုင်းဆောက်လုပ်ခြင်းဖြစ်သည်။

## (ဃ) မိန်းမကို စာနာ၍နားလည်ပေးရသည်။

ဤနေရာတွင် ယောကျ်ားသားများ၏ အားနည်းချက်များကို ခွင့်လွှတ်ရသည်ဟု မဆိုလိုပါ။ ယောကျ်ားသားများအား မျှော်လင့်သည့်အတိုင်း မလုပ်ဆောင်ရကောင်းလားဟု အပြစ်မြင်မည့်အစား လင်ယောကျ်ားခံစားချက်နှင့် ရှုမြင်ပုံကို နားလည်ပေးရသည်။ ယောကျ်ားသား၏ အားနည်းချက်ကို မပြသနိုင်မခြင်း ယောကျ်ားများက မယားကို အပြည့်အဝ အသိအမှတ်ပြုကြမည်မဟုတ်။ လင်ယောကျ်ား၏ အောင်ပွဲသည် မယား၏အရည်အချင်းမှန် တွေ့မြင်ချိန်ဖြစ်သည်။ အပ်ြအတည်း အခက်အခဲကာလ၌ လင်ယောကျ်ားအား နားလည်မှုရှိခြင်း၊ ယောကျ်ား၏ကိုယ်ကျင့်တရား ယုံကြည်ခြင်းသည် ရှေးယခင်ကထက် ချစ်ခြင်းမေတ္တာတည်ဆောက်ခြင်းဖြစ်သည်။ သို့သော် ထိုမျှနှင့် ရပ်တန့်ခြင်းမပြုရ။ ချစ်ခြင်းမေတ္တာ ပိုမိုလေးနက်ကြောင်း ပြသရသည်။

မိန်းမများ အာနဲ၊ သတ္တိချို့ယွင်းပုံသည် တမျိုးဖြစ်သည်။ စာနာထောက်ထားမှုလိုချင်သည်။ လင်ယောကျ်ား၏ အားပေးစာနာမှု ပိုမိုလိုအပ်သည်။ လင်ယောကျ်ားများ၏ အကူအညီလမ်းညွှန်မှု ပိုမိုလိုချင်ကြသည်။ လင်ယောကျ်ားသည် မယား၏လမ်းညွှန်ရှုဝံ၊ အကွယ်အကာ၊ အကြံပေးသူ၊

နှစ်သိမ့်သူဖြစ်သည်။ ယောကျ်ားသားသည် ထိုကဲ့သို့မဟုတ်။ မယားများ၏ အကြံညာဏ်ပေးခြင်းကို မျှော်လင့်တောင့်တခြင်းမရှိ။ သူ့ကိုယ်သူယုံကြည် စိတ်ချသည်။

## ၂။ ဒုတိယစိတ်သဘောထား ပြည့်ဝမှု၊ အရည်အချင်းသည် စိတ်နှလုံး ရွှင်လန်းချမ်းမြေ့မှု၊

သူမထံတွင် ပြဿနာကင်းစင်၍ စိတ်ညစ်စရာကင်းစင်လျှင်လည်း စိတ်ချမ်းမြေ့မှုမရနိုင်။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းမှသာလျှင် နှလုံးစိတ် ဝှန်းငြိမ်သက်ချမ်းမြေ့သည်။ ဘုရားသခင်၏ လက်တော်ကို ယုံကြည်ကိုးစားလျှင် ပြဿနာများနှင့် စိတ်မချမ်းမြေ့ဘွယ်ရာများမှ ထွက်မြောက်ရာလမ်းကို ဘုရား သခင်က ပြသပါသည်။

ထိုအချက်များကို မယားဘဝ၌ အဘယ်မျှအရေးကြီးသနည်း။ ပထမ အချက်တွင် လင်ယောကျ်ားက သူမ၏ခံစားချက်ကို နားလည်ဖြည့်ဆည်းပေး နိုင်သည်ဟု ထင်ရသော်လည်း များမကြာမီ လုံလောက်သောခွန်အား မရှိကြောင်း သဘောပေါက်လာသည်။ ယောကျ်ားသားသည် အပြည့်အဝခိုလှုံ စရာမဟုတ်ကြောင်း သိရှိလာသည်။ ယောကျ်ားသားများသည် သူမ၏လိုအပ် ချက် ဖြည့်စွမ်းနိုင်သူမဟုတ်ကြောင်း သိရှိသောအခါ တွေ့လိုတွေ့ငြား ပတ်ဝန်းကျင်တွင် လိုက်ရှာသည်။ သို့သော် အမှန်တကယ်ဖြည့်စွမ်းပေး နိုင်သူသည် လူမဟုတ်။

လူကိုဖန်ဆင်းသော သခင်ယေရှုခရစ်တော်သာဖြစ်ကြောင်း သိရှိနား လည်လာသည်။ ဝမ်းမြောက်ခြင်းမရှိနိုင်သည့်အကြောင်း အချက်ပေါင်းစုံရှိ သည်။ ပထမဆုံးအချက်သည် ဘုရားသခင်နှင့် နီးကပ်စွာမရှိခြင်းဖြစ်သည်။ လူသည် ဘုရားသခင်နှင့် ဆက်နွယ်ရာတွင် တခါတရံကြားခံ ထားရှိတတ်ကြ

သည်။ စိတ်နှလုံးထဲ၌ ကိုယ်တော်ကို နေရာမပေးလျှင် ဝမ်းနည်းမှုနှင့် မကျေနပ်မှုများက ဝင်ရောက်နေရာယူလာကြသည်။

ဝမ်းမြောက်စရာရခြင်း အခြားအကြောင်းရင်းတရပ်မှာ ကိုယ်ကျိုးအတ္တစိတ်ထားလွန်ကဲခြင်းဖြစ်သည်။ ပတ်ဝန်းကျင်နှင့် မိမိကို နှိုင်းယှဉ်ကြသည်။ တင်းတိမ်ရောင့်ရဲမှုမရှိလျှင် ဝမ်းမြောက်မှုမရှိနိုင်။ ဘုရားသခင်နှင့် ဝေးနေလျှင် စိတ်မချမ်းသာနိုင်။ ဘုရားရှင်နှင့်လျှောက်လှမ်းမှသာလျှင် ငြိမ်သက်ချမ်းမြေ့နိုင်သည်။ မိမိတို့အသက် အပါအဝင် အရာခပ်သိမ်းကို ဘုရားရှင်ကထိန်းချုပ်ထားကြောင်း နားလည်ဝန်ခံလျှင် ဘုရားသခင်ကို အားကိုးယုံကြည်ပြီး စိတ်နှလုံးငြိမ်သက်ချမ်းမြေ့သည်။

အခြားအချက်အလက်တခုမှာ အသက်တာထဲတွင် အဖြစ်ရှိနေခြင်းဖြစ်သည်။ ထိုသို့ဖြစ်နေလျှင် ဘုရားသခင်နှင့် မိသဟာယဖွဲ့ခြင်း မရှင်ပြနိုင်။ တခုပြီးတခု ဝေးကွာသထက်ဝေးကွာပြီး ပိုမိုအားနည်းပျက်စီးကြသည်။ ထို့ကြောင့် အပြစ်နွံထဲတွင်ရှိနေလျှင် ဝမ်းမြောက်ခြင်းမရှိနိုင်။ လိပ်ပြာသန့်သန့်ဖြင့် အမှန်အတိုင်းမလုပ်ဆောင်နိုင်။ အတိတ်တစ္ဆေက လိုက်လံခြောက်လှန့်နေသဖြင့် အယောင်ယောင်အမှားမှား ပြုကြသည်။

ထိုသို့ဆိုလျှင် ဝမ်းမြောက်ငြိမ်သက်မှု မည်သို့ရရှိနိုင်မည်နည်း။ အဖြေက ရိုးစင်းသလောက် လိုက်နာလုပ်ဆောင်ရခက်သည်။ ဆာ ၁၆း၁၁ တွင် "ကိုယ်တော်သည် အသက်ရှင်ခြင်းလမ်းကို ညွှန်တော်မူသည်"ဟု ဆိုသည်။ ထိုကြောင့် ဘုရားသခင်ထံတော်၌ တည်ရသည်။ ကိုယ်တော်နှင့်နီးကပ်စွာရှိရသည်။ ထို့ကြောင့် မယောကောင်းတယောက်၏ စိတ်နှလုံးငြိမ်သက် ချမ်းမြေ့ရေးသည် ဘုရားသခင်နှင့် နီးကပ်စွာလျှောက်လှမ်းဖြင်းဖြစ်သည်။ ဆိုလိုသည်မှာ အကြင်လင်မယားဘဝကို ဘုရားရှင်ထံသို့ ဆက်ကပ်အပ်နှံရသည်။ မိမိစိတ်ခံစားချက်ကို ဘုရားရှင်ထံသို့ အပ်နှံခြင်းမရှိလျှင် အိမ်ထောင်သည်ဘဝသည် စိုးရိမ်စရာဖြစ်သည်။

အထံတော်သို့ စိတ်နှလုံးဆက်ကပ်သောမိန်းမသည် ဘုရားသခင်၏ တရားတော် နားလည်သောမယား၊ မိခင်ကောင်းဖြစ်၍၊ အိမ်ရှင်မပီသသည်။ အခြားသူကို လုပ်ကျွေးလိုစိတ်ရှိသည်။ ကိုယ်ကျိုးအတ္တဘေးဖယ်သဖြင့် ဝမ်းမြောက်ရွှင်လန်းမှု ပိုမိုရရှိသည်။

**၃။ တတိယစိတ်သဘောထား ပြည့်ဝမှုမှာ မယား၏ထူးခြားသော ကိုယ်ကျင့်စာရိတ္တနှင့် တန်ဘိုးဖြစ်သည်။**

**သု** ၃၁ ကို လေ့လာကြမည်။

**ငယ် ၁၀– သီလနှင့်ပြည့်စုံသော မိန်းမကို အဘယ်သူတွေ့ရသနည်း။ ထိုသို့သောမိန်းမသည် ပတ္တမြားထက် သာ၍အဘိုးထိုက်ပေ၏။**

မိန်းမ၏ ကိုယ်ကျင့်သီလပြည့်စုံခြင်းသည် ဘုရားတရားသိကျွမ်းခြင်းဖြစ်၍ အဘိုးအနဂ္ဃ ထိုက်တန်သည်။

**ငယ် ၁၁– သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍ ဆင်းရဲခြင်းနှင့်ကင်းလွတ်လိမ့်မည်။**

ထိုမယားသည် မိမိခင်ပွန်းအကျိုးကို မဖျက်၊ တသက်လုံးပြုစု၏။ ထိုမိန်းမသည် လင်ယောကျာ်းအပေါ် သစ္စာရှိသည်။ လင်ယောကျာ်း၏ စိတ်နှလုံးကို ဖမ်းမိသောကြောင့် သူ့လင်ယောကျာ်းသည်လည်း အခြားနေရာသို့ စိတ်နှလုံးမရောက်။

**ငယ် ၂၆– ပညာစကားကို ပြောတတ်၍ မေတ္တာတရားဖြင့် နှုတ်မြွက်တတ်၏။**

ထိုမိန်းမ၏စိတ်နှလုံးတွင် ကျမ်းစာအရည်ပျော် စိမ့်ဝင်သဖြင့် ပြောဆိုလုပ်ကိုင်သမျှသည်လည်း ကျမ်းစာစကားရောင်ပြန်ဟပ်သည်။

**ငယ် ၂၇–၃၁** – အိမ်သူအိမ်သားပြုသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်း အစာကို မစားတတ်။ သူ၏သားသမီးတို့သည် ထ၍အမိကို ကောင်းချီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးများ တို့သည် ကောင်းမွန်စွာပြုကြပြီ။ သို့ရာတွင် သင်သည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ချစ်ကြောက်သော မိန်းမ မူကား ချီးမွမ်းခြင်းခံရလိမ့်မည်။ ထိုသို့သောမိန်းမကျင့်ရာ အကျိုး ကိုပေးလော့။ သူပြုသောအမှုသည် မြို့တံခါးတို့၌သာ သူ၏ အသရေကိုထင်ရှားစေသတည်း။

မိန်းမ၏ဘုရားတရားယုံကြည်ခြင်းသည် နားလည်ရခက်သည်။ သူ့ အပြုအမူကို သဘောမပေါက်နိုင်။ သူ့လင်ယောကျ်ားကို အမှန်တကယ်စွဲလန်း ခြင်းရှိမရှိ မသိနိုင်။ **သု ၃၁း၃၀** တွင် "ယဉ်ကျေးသောအရာသည် လှည့်စား ခြင်းနှင့် ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ချစ်ကြောက်သော မိန်းမမူကား ချီးမွမ်းခြင်းခံရသည်" ဟု ဆိုထားပါသည်။ ဤကျမ်းချက်ကို ထပ်ခါတလဲလဲ လေ့လာလျှင် ပတ်ဝန်း ကျင်၌ အမှန်တကယ်ပြည့်စုံကြောင်း တွေ့မြင်ပေမည်။ ရုပ်ရေချောမောသူ မိန်းကလေးများက ပုရိသယောကျ်ားသားများကို စွဲဆောင်နိုင်ကြပါသည်။ အထူးသဖြင့် မရင့်ကျက်သော ယောကျ်ားများဆွဲဆောင်နိုင်ကြသည်။ သို့သော် ရုပ်ရေ သာလှပ၍ ကိုယ်ကျင့်သီလမပြည့်စုံသူသည် လင်သားများအတွက် သကာလူး သောအဆိပ်ဖြစ်သည်။

**သု ၁၁း၂၂– သမ္မာသတိမရှိ။ အဆင်းလှသောမိန်းမသည် ဝက်မနှာခေါင်း၌ တပ်သော ရွှေတန်ဆာနှင့်တူ၏။**

ထိုမိန်းမသည် ကိုယ်ကျင့်စာရိတ္တပျက်စီးသည်။ အတ္တလွန်ကဲ အပျင်းထူသည်။ အခြားယောကျာ်းသားများနှင့် ပျော်ပါးသည်။ ဂုဏ်သိက္ခာမရှိ၊ မိမိကိုယ် ကို ထိန်းချုပ်မှုမရှိ၊ စိတ်အလိုနောက်သို့လိုက်သည်။ ဖေါက်ပြန်သည်။ အသက်ရှင်နေသော်လည်း ဘဝသေနေသူဖြစ်သည်။ ထို့ကြောင့်လည်း စားသောအစာကို အိမ်သာမှပြန်လာချိန်တွင် ချီးမွမ်းရသကဲ့သို့ မယားကိုလည်း သင်္ချိုင်းကုန်း အပြန်မှ ချီးမွမ်းရသည်ဟု ဆိုရိုးစကားရှိသည်။ ငယ်ရွယ်သော မယားများက ထိုအချက်ကို သတိထားရသည်။ လင်ယောကျာ်းက မည်သို့သော မယားစွဲလန်းကြသနည်း။ ယောကျာ်းသားများလည်း ထိုသို့ရှိရသည်။

## (၁) ကိုယ်ကျိုးအတ္တစွန့်လွှတ်ခြင်း

**သု ၃၁း၁၅။** မိုးမလင်းမှီအိပ်ယာထလျှက် အိမ်သူအိမ်သားစားစရာကို လည်းကောင်း၊ ကျွန်မတို့အား အငန်းအတာကိုလည်းကောင်း ပေးဝေတတ်၏။

ထိုသို့သောမိန်းမသည် ဖွဲ့လုံ့လရှိသည်။ အလုပ်ကိုသပ်ယပ်စွာ လုပ်ဆောင်သည်။ ထိုမိန်းမသည် အတ္တမဖက်။ အအိမ်မမက်။ မိသားစုစားဝတ်နေရေး လုံးပန်းသည်။ ထို့ကြောင့် ထိမ်းမြားခြင်းမပြုမှီ မိမိနှင့်ညားမည့်သူသည် အတ္တလွန်ကဲခြင်းရှိမရှိ ကြည့်ရှုသိထားရသည်။

**(၂) မိမိကိုယ်ကို ထိန်းချုပ်ခြင်း။** မိမိပါးစပ်အပါအဝင် ထိန်းချုပ်စရာ အများအပြားရှိသည်။ ငွေကြေးသုံးစွဲမှု၊ အချိန်ဇယားခန့်ခွဲမှုများ ပါဝင်သကဲ့သို့ ခံစားချက်၊ အမျက်ဒေါသများလည်း ထိန်းချုပ်ရသည်။ တနည်းအားဖြင့် မိမိကိုယ်ကို ထိန်းချုပ်သူသည် ယဉ်ကျေးသိမ်မွေ့သည်။ အားအင်အာရုံများ စုစည်းနိုင်သည်။

(၃) **အောက်ကျို့ရို့ကျိုးခြင်း။** မိမိကိုယ်ကို သနားစရာသတ္တဝါအဖြစ် သိမ်ငယ်လွန်းခြင်း မဟုတ်ပါ။ အောက်ကျို့ရို့ကျိုးခြင်းသည် စိတ်သဘောထား နူးညံ့သည့် အမှတ်သက်သေဖြစ်သည်။ မိမိကြင်ယာခင်ပွန်းထက် စိတ်သဘော ပျော့ပျောင်းနူးညံ့ရသည်။ မိမိကိုယ်အခြားသူနှင့် နှိုင်းယှဉ်ခြင်းသည် မလိမ်မိုး မလိမ္မာဖြစ်သည်သာမက အန္တရာယ်များကြောင်း ကျမ်းစာကသတိပေးပါသည်။ ထိုသို့ပြုသူများသည် ဘုရားသခင်နှင့် ဆန့်ကျင်သူဖြစ်သည်။

(၄) **တာဝန်ဝတ္တရားကျေပြွန်ခြင်း။** မိမိရည်မှန်းချက်အတိုင်း ပြီးမြောက် အောင် လုပ်ဆောင်ခြင်းဖြစ်သည်။ အချိန်မှီ လုပ်သင့်လုပ်ထိုက်သည်များ ပြီးစီးအောင်လုပ်ရသည်။ သု ၃၁း၂၁ တွင် "**မိုးပွင့်ကျသော်လည်း မိမိ အိမ်သူအိမ်သားတို့အတွက် မစိုးရိမ်။ အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီဝတ်ကြ၏**" ဟုဆိုသည်။ ထိုအမျိုးသမီးသည် ရှေ့ရေးကို မြင်၍ အဆင်သင့်ပြင်ဆင်ထားသည်။ မိသားစု၏ အဝတ်အစားများ ကြိုတင်ပြင် ဆင်သည်။ ချို့ယွင်းချက်မရှိ။

(၅) **ဖွဲလုံ့လရှိခြင်း။** စိတ်ရှည်လက်ရှည်ဖြင့် ကြိုးစားလုပ်ကိုင်သည်။ အသေးစိပ် မှစ၍ ဂရုစိုက်သည်။ ထိုစကား၏ ဆန့်ကျင်ဘက်မှာ နမော်နမဲ့ပြုမှု နေထိုင်ခြင်း ဖြစ်သည်။

(၆) **စိတ်ရှည်သီးခံခြင်း။** ငြီးတွားခြင်း၊ ဆင်ခြေဆင်လက် ပေးခြင်းမရှိဘဲ စုံစမ်းခြင်းကို အောင်မြင်ခြင်းဖြစ်သည်။ မယားသည် ကြုံဆုံရသမျှ အခက် အခဲများကို ငြီးငြူခြင်းမပြုဘဲ တည်ငြိမ်စွာခံနိုင်ရသည်။ ဘုရားသခင်ကို အစဉ် မပြတ်အားထားလျှက် ကိုယ်တော်၏ စောင့်မျှော်ခြင်းသည် အဓိကအချက်ဖြစ် သည်။ စုံစမ်းခြင်းကာလ၌ ဘုရားသခင်ကို ကိုးစား ခြင်းမပြုလျှင် အောင်မြင်နိုင်

မည်မဟုတ်။ ဘုရားသခင်ကိုကျောပေးပြီး ကိုယ့်အစွမ်းအစမှီကိုးလျှင် စိတ်ဆင်းရဲ နာကျင်မှုနှင့် ဆုံးရှုံးမှုကြုံတွေ့မည်။

**(၇) စိတ်ဓါတ်ခိုင်မာခြင်း။** မြဲမြံစွာရပ်တည်နိုင်ရန် စိတ်ထား ခိုင်မာရသည်။ နာကျင်ခြင်းဝေဒနာ၊ စိတ်ထိခိုက်စရာများ၊ ဝေဖန်ခံရခြင်း၊ စော်ကားခံရခြင်း၊ မိတ်ဆွေများ ဆုံးရှုံးခြင်း၊ ငွေကြေးနှင့်ရာထူးရှုံးခြင်းများတွင် စိတ်ဓါတ်ခိုင် မာတည်ကြည်နိုင်ရသည်။

**(၈) ရိုးသားဖြောင့်မတ်ခြင်း။** မိမိအမှားကို ဝန်ခံနိုင်သည့်သတ္တိရှိရသည်။ အထူးသဖြင့် မိမိကြင်ဘက် လက်မခံနိုင်သည့်ကိစ္စ အမှားအယွင်းများပြုမိလျှင် အမြန်ဆုံး ဝန်ခံရသည်။

**(၉) ဖြူစင်ခြင်း။** ကိုယ်သစ္စာနှင့်စိတ်မနော နှုတ်စလုံးဖြူစင်ကြည်လင် ရသည်။

## ၄။ စတုတ္ထစိတ်သဘောထားပြည့်ဝမှာ မယားသည်အိမ်ရှင်မ တာဝန် ကျေပြွန်ရသည်။

အိမ်မှုရေးရာ ချက်ပြုတ်ထိန်းသိမ်းရေး တာဝန်ကျေပြွန်ရသည်။ သို့သော် အိမ်ထောင်ထိန်းသိမ်းခြင်း၊ ချက်ပြုတ်တတ်ခြင်းသည် ကိုယ်ကျင့်စာရိတ္တမျှ အရေးမကြီးပါ။ အိမ်ထောင်ကျပြီးသောအခါ သင်ယူတတ်မြောက်နိုင်ပါသည်။ သို့သော် ကိုယ်ကျင့်စာရိတ္တသည် အိမ်ထောင်မကျမှီကပင် ရင့်ကျက်ရသည်။ သု ၃၁ လာ သီလနှင့်ပြည့်စုံသော မိန်းမအကြောင်းရေးထားသည့် ကျမ်းပိုဒ်များ လေ့လာကြမည်။

**ငယ် ၁၃ – သိုးမွေးနှင့်ဝါကိုရှာ၍ မိမိလက်နှင့်ရက်လုပ်၏။**

အိမ်ရှင်မတာဝန်ကျေပြွန်သူ၊ ဖွဲ့လုံ့လရှိသူ ကြိုးစားအားထုတ်သူ ဖြစ်သည်။

**ငယ် ၁၄ – ကုန်သည်သင်္ဘောကဲ့သို့ဖြစ်၍ စားစရာကိုဝေးသောအရပ်မှ ဆောင်ယူတတ်၏။** အိမ်ရှင်မကောင်းသည် မိသားစု၏မျက်လုံးခြင်းဆုံရာ ဖြစ်သည်။ နည်းလမ်းသစ်များရှာကြံ၍ မိသားစုကိုကျွေးမွေးသည်။

**ငယ် ၁၅ – မိုးမလင်းမှီထလျှက် အိမ်သူအိမ်သားတို့အား စားစာရာ သော်၄င်း၊ ကျွန်မတို့အား အငန်းအတာသော်၄င်း ပေးဝေတတ်၏။**

ဤကျမ်းပိုဒ်တွင် အိမ်ရှင်မကောင်း၏ အတ္တကင်းပုံနှင့် သစ္စာရှိပုံ တာဝန် ကေပြွန်ပုံ၊ စိတ်ရှည်ပုံ တဖန်တွေ့ရသည်။ အစေခံစိတ်ထားရှိသည်။

**ငယ် ၁၆ – လယ်ကွက်ကို ဝယ်ယူတတ်၏။ ကိုယ်တိုင်လုပ်သောငွေဖြင့် စပျစ်ဥယျာဉ်ကို ပြုစုတတ်၏။** အိမ်ရှင်မသည် စိုက်ပျိုးရေးသမား၊ ကုန်ထုတ်လုပ်သူ၊ ကုန်ချောထုတ်လုပ်သူဖြစ်သည်။

**ငယ် ၁၇၊ မိမိခါးကို ခွန်အားနှင့်စည်း၍ မိမိလက်တို့ကို သန်မြန်စေ၏။**

အမြင်ကောင်းအောင် ဝတ်စားဆင်ယင်သည်သာမက မိမိ ကျန်းမာရေးကိုလည်း ဂရုစိုက်သည်။ လုပ်ဆောင်သမျှ ချောမောအောင် ပြုလုပ်သည်။ မိသားစုလုပ်ငန်း၌ ပင်ပန်းစွာနယ်သည်ဟူ၍ မရှိ။

**ငယ် ၁၈၊ မိမိလုပ်သော ဥစ္စာကောင်းသည်ကိုရိပ်မိ၍ သူ၏မီးခွက်သည် တညလုံးမသေတတ်။ သူသည် ထိုးထွင်းဉာဏ်၊ အမျှော်အမြင်ရှိသည်။**

**ငယ် ၁၉။ ချည်ဖြစ်စေတတ်သော တန်ဆာတို့ကို ကိုယ့်လက်နှင့်လုပ်ဆောင်တတ်၏။**

အရည်အချင်းရှိသောကြောင့် ကျွမ်းကျင်စွာလုပ်ကိုင်တတ်သည်။ လက် တွေ့လုပ်ဆောင်ခြင်းမရှိလျှင် မည်သည့်ပညာမှ အကျိုးမဖြစ်။

**ငယ် ၂၀၊ ဆင်းရဲသူတို့အား ပေးကမ်း၍ ငတ်မွတ်သူများအား ကျွေးမွေး၏။ စာနာသနားစိတ်ရှိသည်။**

**ငယ် ၂၁၊ မိုးပွင့်ကျသော်လည်း မိမိအိမ်သူအိမ်သားများအတွက် မစိုးရိမ်။ အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီဝတ်ကြ၏။**

မေတ္တာကရုဏာကြီးမားသည်။

**ငယ် ၂၂၊ စောင်ကိုရက်၍ ပိတ်ချောနှင့် မောင်းသောအထည်ကိုဝတ်၏။**

ဝတ်ကောင်းစားလှ ဝတ်ဆင်၍ ပျိုမြစ်နုနယ်သည်။ မိမိကိုယ်ကို ကျက်သရေရှိအောင် ပြင်ဆင်ဝတ်စားသည်။ ဖြစ်ကတတ်ဆန်း ဗွေသီဖတ်သီ မနေ။

**ငယ် ၂၃၊ သူ၏ခင်ပွန်းသည်လည်း မြို့တံခါး၌ ပြည်သားအသက်ကြီးသူတို့နှင့်ထိုင်၍ ထင်ရှားသူဖြစ်သည်။**

မယား၏လုပ်ဆောင်ချက်ကြောင့် သူ့လင်သည်လည်း လူရိုသေ ရှင်ရိုသေဖြစ်လာသည်။ သို့သော် သူ့လုပ်ဆောင်ချက်ကြောင့်ဟု ထုတ်ဖော်ကြွားခြင်းမပြု။ ယဉ်ကျေးသိမ်မွေ့သည်။ မိမိဂုဏ်ကို မဖော်ဘဲ လင်ယောကျာ်းကိုဂုဏ်တင်စေသည်။

**ငယ် ၂၄၊ ချောသောအထည်အလိပ်ကို ရက်၍ရောင်း၏။ ခါးစည်းတို့ကိုလည်း ကုန်သည်၌ ချတတ်၏။**

နှုတ်ကပတ်တော်ကို လေ့လာသင်ယူပြီး စိတ်နှလုံးထဲ၌ သိုဝှက်ထားသည်။ နှစ်လကြာရှည် လေ့လာသမျှ သမ္မာကျမ်းစာ ဉာဏ်ပညာကိုတန်ဖိုးထား သိမ်းထားသည်။

**ငယ် ၂၅၊ သူလုပ်သောအထည်အလိပ်သည် ခိုင်ခံ့၍အဆင်းလှသဖြင့် သူသည် နောက်ကာလ၌ဝမ်းမြောက်သည်။**

သူမ၏ကြိုးစားမှု တဖန်တွေ့ရသည်။

## စံပြအမျိုးသမီး၏ အင်္ဂါရပ် (၄)ချက်

### (၁) စံပြအမျိုးသမီး၏ ပထမအချက်သည် မိန်းမပီသခြင်း

မန်းမပီသခြင်းဆိုသည်မှာ အဘယ်နည်း။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ မိန်းမပီသစွာ နူးညံ့ခြင်း၊ ရုပ်ဆင်းသဏ္ဍာန်အပါအဝင် စိတ်နှလုံးသိမ်မွေ့ခြင်းဖြစ်သည်။ ထိုအချက်များသည် ယောကျ်ားနှင့်မိန်းမတို့ ခြားနားချက်ဖြစ်သည်။ ဘုရားသခင် ကုန်ကြမ်းတမျိုးစီဖြင့် ဖန်ဆင်းခြင်းသည် အမြင်တမျိုးစီရှိအောင် ဖန်တီးခြင်းဖြစ်သည်။ အဘယ်ကြောင့် မိန်းမပီသရသနည်း။ ဘုရားသခင်က ထိုသို့ဖြစ်စေချင်သည်။ ထို့ကြောင့်လည်း မိန်းမများသည် ယောကျ်ားများထက် နူးညံ့သိမ်မွေ့သည်။

မိန်းမပီသခြင်းက ယောကျ်ားသားများအပေါ်သို့ မည်သို့အကျိုးသက်ရောက်သနည်း။ သူ့ကို ခင်တွယ်စိတ်ဝင်စားရန် ဖြစ်သည်။ အကယ်၍ မိန်းမ

သဘာဝမရှိလျှင် နူးညံ့သိမ်မွေ့မှု စွဲဆောင်မှုအရည်အချင်းလည်း ပျောက်ကွယ်မည်။ မိန်းမပီသမှု၏ အနှစ်သာရသည် ဣတိလိင်သဘောဖြစ်သည်။ တနည်းအားဖြင့် မိန်းမသားဖြစ်သည့်အလျောက် ဘုရားသခင်၏စကားတော်ကို ပုန်ကန်ခြင်းမပြုရ။ အခါထိမ်းမြှားထားသော လင်ယောကျာ်းကို ဝန်ခံရသည်။ ပုန်ကန်ဖီဆန်ခြင်း မပြုရ။ ယောကျာ်းအပေါ် သီးစီးဦးဆောင်ခြင်း မပြုရ။ ယောကျာ်းဦးဆောင်မှုကို လိုလားစွာဝန်ခံရသည်။ မိန်းမပီသခြင်းသည် အတွင်းအပြင် နှစ်ခုစလုံးသိမ်မွေ့ရသည်ဟု ဆိုခြင်းမှာ အမူအယာ စိတ်သဘောထားလည်း ပါဝင်သည်။ မိန်းမသဘာဝပေါ်လွင်ခြင်ဆိုသည်မှာ အဘယ်နည်း။ စံပြမိန်းမသည် မိမိအရေးကြီးတာဝန်ကို မေ့ပျောက်ပြီး အချိန်ဖြုန်း လမ်းမသလားရပါ။ သို့သော် လူရှေ့သူရှေ့မသွားရဟု တားမြစ်ခြင်းမဟုတ်။ သူမ၏ဂုဏ်အင် ကျက်သရေ ပြသနိုင်သည်။ ဆံပင်၊ မျက်နှာ၊ ဝတ်စားဆင်ယင်မှု အလှပြင်ဆင်မှုလည်း ဘေးဖယ်မထားရ။

**သု ၃၁** တွင် စံပြအမျိုးသမီးသည် မိုးမလင်းမှီထ၍ မိသားစုလိုအပ်ချက်များ ပြင်ဆင်သည့်အပြင် မိမိကိုယ်ကိုလည်း ပြင်ဆင်ချယ်သထားကြောင်းတွေ့ရသည်။ သို့သော် အပေါ်ယံမြင်ကောင်းရုံမျှ လုပခြင်းသည် အချည်းနှီးဖြစ်သည်။ မိန်းမ၏အလှ ကျက်သရေတန်ဘိုးသည် သူ့ကြိုးစားအားထုတ်မှု ဖွဲ့လုံ့လဖြစ်သည်။ အခြားအင်္ဂါရပ်တခုမှာ သပ်ယပ်စွာ ဝတ်စားဆင်ယင်မှုဖြစ်သည်။ မဖွယ်မရာဝတ်စားခြင်း၊ ခန္ဓာကိုယ်အလှဖြင့် ပုရိသယောကျာ်းသားများ စွဲဆောင်ခြင်းမပြု။

**၁တိ ၂း၉ တွင် မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ အဘိုးထိုက်သောအဝတ်နှင့် ကိုယ်ကိုမဆင်မြန်းဘဲ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကို တန်ဆာဆင်လော့**ဟု ဆိုသည်။

ခန္ဓာကိုယ်ဖော်လှစ်ခြင်း၊ အနီးအပြာဆေးဆိုးပန်းရိုက်ခြင်းများသည် မိန်း မပီသခြင်းမဟုတ်။ လျှပ်ပေါ်ခြင်းဖြစ်သည်။ ကိုယ်ကျင့်တရားပျက်စီးသော ပြည့်တန်ဆာမ အပြုအမူဖြစ်သည်။

**သု ၈း၁၀၊ တွင် ပြည့်တန်ဆာအဝတ်ကို ဝတ်၍ဆန်းပြားသော မိန်းမ သည် ထိုသူကိုကြိုဆို၏**ဟု ဆိုသည်။

ထိုသို့သောသူသည် မိမိခန္ဓာကိုယ်ကို ရောင်းစားရန် အလှတန်ဆာ ဆင်မြန်းသူဖြစ်သည်။ ယနေ့ခေတ်ကာလ၌ မန်းမပျက်များကို မည်သို့ဝတ်ဆင် ပြုမူကြသနည်း။ မဖွယ်မရာဝတ်ဆင်ကြသည်။ မိန်းမပီသမှုနှင့် ကိုယ်ကျင့်တရား ပျောက်ဆုံးပျက်စီးသည်။ မိန်းမပီသမှုနှင့် အပြုအမူဆိုသည်မှာ အဘယ်နည်း။ သွားလာလမ်းလျှောက်ပုံ၊ စကားပြောဆိုပုံ၊ ခြေလက်လှုပ်ရှားပုံ၊ စကားသံ၊ မျက်နှာပေး၊ ရယ်မောသံ အားလုံးပါဝင်သည်။ ထိုအချက်က သူ့ဂုဏ်ကိုပြသ သည်။ သူ့ဇီဇသဘာဝဟု ပြောချင်ပါသလား။ မိန်းမပီသစွာ နေထိုင်တတ်ရန် အရေးကြီးသည်။ အကယ်၍ မိန်းမအပြုအမူမရှိလျှင် စိတ်ပျက်ဝမ်းနည်းဘွယ် ရာဖြစ်သည်။ ဥပမာအားဖြင့် နူညံ့စွာဝတ်စားဆင်ယင်သော်လည်း မိန်းမသားနှင့်မတူဘဲ ယောကျ်ားသားများကဲ့သို့ အကြမ်းပတမ်းလှုပ်ရှားသွား လာလျှင် သူ့အဝတ်အစားလိုက်လျောညီထွေအောင် ဝတ်ဆင်ရသည်။ မိမိ အကြောင်းကိုသာ အဓိကထားပြောဆိုခြင်းလည်း မပြုရ။ မိမိသားသမီး၊ မိမိခင်ပွန်း၊ မိမိအိမ်၊ မိမိပြဿနာ၊ မိမိအောင်မြင်မှုချည်း မပြောရ။ ထို အကြောင်းဖြင့် စကားတိုင်းကို မကြီးစိုးရ။ အကြောင်းအရာသစ်ဆွေးနွေးတိုင်း မိမိစိတ်ဝင်စားရာကိုသာ ရှေ့တန်းမတင်ရ။ ခက်ထန်ကြမ်းတမ်းသော စကား၊ မေတ္တာဖက်သောစကား ပြောဆိုလျှင် ကံတူအကျိုးပေးခံစားရသည်။ ကံ မကောင်းသူအကြောင်း ဆွေးနွေးနေချိန်တွင် စာနာသနားမှု ပြသရသည်။

တဘက်သားကို ကာကွယ်ခြင်း၊ သီးခံခြင်း၊ နားလည်ပေးခြင်း ရှိရသည်။ အနှုတ်လက္ခဏာ စကားမျိုးရှောင်ကြဉ်ရသည်။ နားမခံနိုင်သည့် မှတ်ချက်မျိုး မပေးရ။ စကားဝိုင်းတခုလုံးတွင် ယဉ်ကျေးခြင်း၊သီးခံခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ပေးခြင်း၊ ညှာတာခြင်း၊ ချစ်ခြင်းမေတ္တာထားရှိခြင်းများဖြင့် နှစ်လို ဘွယ်ရာဖြစ်စေရသည်။

## ၁ပေ ၃း၄ တွင် ''ဘုရားသခင်ရှေ့မှာ အဘိုးများစွာထိုက်သော နူးညံ့ ငြိမ်သက်ခြင်း သဘောတည်းဟူသော မဖေါက်ပြန်မပျက်စီး တတ်သည့် တန်ဆာဟူသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေ ကြလော့''ဟု ဆိုသည်။

ယနေ့ခေတ်ကာလမှ မိန်းမငယ်အများစုသည် ထိုသဘောကို နားမလည်ကြ။ ယောကျာ်းများကဲ့သို့ အားကစားနှင့်ဈေးပွဲများတွင် ပါဝင်ကြ သည်။ မိန်းမသားပီသမှုဟူသော နူးညံ့သိမ်မွေ့မှုနှင့် ဆက်ကပ်မှုပျောက်ကင်း ကြသည်။ မိန်းမပီသသူများသည် လင်ယောကျာ်းများ၏ ကွယ်ကာစောင့်ရှောက် မှုကို ဝန်ခံတည်မှီကြသည်။ ယောကျာ်းသားများနှင့် ပြိုင်ဆိုင်ခြင်း၊ အရို အသေမဲ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမိန့်ပေးခြင်း မပြုကြ။ မိန်းမအမူအယာသည် မိန်းမနှင့် ယောကျာ်းတို့၏ ခြားနားမှုသည် အပြန်အလှန် စွဲဆောင်မှုဖြစ်သည်။ ထိုသို့ မတူညီခြင်း ခြားနားမှုသည် အပြန်အလှန်စွဲဆောင်မှုဖြစ်သည်။ ဘုရားသခင်ပေးထားသည့် ဗီဇအတိုင်း မတူညီခြားနားကြသည်ဖြစ်၍ ထိုမတူညီ မှုသည် အပြန်အလှန်ဖေးမကူညီရန်ဖြစ်သည်။ မိန်းမသားများ၏ အားနွဲ့ခြင်း ဗီဇသည် ယောကျာ်းသားများကို တည်မှီရန်ဖြစ်သည်။ လင်ယောကျာ်းသားများ ၏ အထင်ရှားဆုံး အင်္ဂါရပ်မှာ မိသားစုဘေးရန် လုံခြုံမှုတာဝန်ယူခြင်းဖြစ်သည်။ အကယ်၍ ထိုသို့သော အရည်အချင်း အလုခံရလျှင် ရှက်ဘွယ်ရာဖြစ်သည်။

လင်ယောကျာ်းသည် မိမိမယားကာကွယ်ခြင်းကို ဂုဏ်ယူသည်။ လင်ယောကျာ်းမရှိသူ၊ လင်ယောကျာ်း၏ ကွယ်ကာမှုမရသောမိန်းမ၏ ဘဝသည် လုံခြုံခြင်းမရှိ။ လင်ယောကျာ်းသည် မိမိမယားအပါအဝင် မိသားစုအား ကွယ်ကာရသည်။ မယားတွင် ထိုသို့ဘေးရန်ကွယ်ကာ ကျွေးမွေးရန် လိုအပ်ချင်မှလိုအပ်မည်။ သို့သော် ထိုသို့ လိုအပ်နေသူဖြစ်ကြောင်း နားလည်ခံယူရသည်။

ယခုပုရိသယောကျာ်းသားများက မိန်းမသားများ စွဲမက်ပုံလေ့လာကြမည်။ အမျိုးသမီးသည် စီးပွါးရေးလုပ်ငန်းတွင် ကမ္ဘာချီ၍အောင်မြင်ကောင်း အောင်မြင်မည်။ စီးပွါးရေးလုပ်ငန်းရှင် ဖြစ်ကောင်းဖြစ်မည်။ သို့သော် ထိုအချက်သည် ယောကျာ်းသားများ စွဲမက်စရာမဟုတ်။ ထိုသို့သော အောင်မြင်မှုက ယောကျာ်းသားများကို မစွဲဆောင်နိုင်ပါ။ အခြားလူများနည်းတူ အထင်ကြီးကောင်း ကြီးကြမည်ဖြစ်သော်လည်း မယားအဖြစ် သိမ်းပိုက်ရန်စဉ်းစားကြမည် မဟုတ်။

## မိန်းမပီသမှု သဘောသဘာဝ ယခုလေ့လာကြမည်။

(၁) ယဉ်ကျေးသိမ်မွေ့ခြင်း၊ ၁ပေ ၃း၄ တွင် **အဘိုးထိုက်တန်သော နူးညံ့ငြိမ်သက်ခြင်း** ဟုဆိုသည်။

မိန်းမများ၏ နူးညံ့သိမ်မွေ့မှုနှင့် ယဉ်ကျေးခြင်းသည် ယောကျာ်းသားများ၏ ခွန်အားဗလနှင့် တည်ကြည်မှုကဲ့သို့သော အင်္ဂါရပ်ဖြစ်သည်။ မိန်းမတို့၏ အားနည်းခြင်းသည် အကျင့်ပျက်ခြင်း၊ ခံနိုင်ရည်မရှိခြင်း၊ စိတ်ဓါတ်မခိုင်မာခြင်း ဆိုလိုသည်မဟုတ်။

ယောကျာ်းသားများက မိန်းမသားတို့၏ အားနည်းချက်ကို ချိန်ခွင်ညှာညီအောင် ပြုမူဆက်ဆံရသည်။ ယောကျာ်းသားများက အားနည်းသော မိန်းမသားများကို ကရုစိုက်စောင့်ရှောက်ရသည်။ ကွယ်ကာရသည်။ မိန်းမသားများ၏

အတွင်းခွန်အားသည် အရေးပေါ်ထုတ်သုံးရန်ဖြစ်သည်။ ထိုသို့ ထုတ်သုံးနိုင်ကြောင်းကို ပြောပြရသည်။ သတ္တိ၊ ခွန်အား၊ စိတ်ရှည်သီးခံမှု၊ ပြဿနာဖြေရှင်းနိုင်သည့် အရည်အချင်းများရှိကြောင်း ခွန်အားပေးရသည်။ ထို့ကြောင့် မိန်းမသားများသည် အစဉ်အမြဲ သန်မာကြသည်။ အတွင်းခွန်အားကို ထုတ်ဖော်နိုင်ကြသည်မဟုတ်။ ယဉ်ကျေးသိမ်မွေ့မှုဟူသော မိမိကိုယ်ကို ထိန်းချုပ်ခြင်းအောက်၌ရှိရသည်။ အရေးပေါ်မှ ခွန်အားထုတ်သုံးရသည်။

(၂) **ဝန်ခံခြင်း။** ။ မိန်းမသား၏ သဘောသဘာဝသည် အမိန့်အာဏာဝန်ခံခြင်း၊ ကိုးစားခြင်း၊ နောက်လိုက်ကောင်းဖြစ်ခြင်း၊ လင်ယောကျ်ား၏ဦးဆောင်မှုနာခံခြင်းတို့ဖြစ်သည်။ ခရစ်တော်ကို ဝန်ခံသကဲ့သို့ မိမိလင်ယောကျ်ားကိုလည်း ဝန်ခံရသည်။ ဘုရားသခင်ကို ဝန်ခံသည့်နည်းတူ မိမိလင်ယောကျ်ားကို ဝန်ခံရသည်။ လင်ယောကျ်ားက သူ့ကိုပိုချစ်လာသည်နှင့် အမျှ သူ့လင်သည်လည်း ခရစ်တော်နှင့်ပိုတူလာသည်။

ထို့ကြောင့် ဘုရားသခင်က မယားသည် မိမိလင်ယောကျ်ားကို ဝန်ခံခိုင်းကြောင်း မှတ်သားရသည်။ နောက်တခါ မေးပါရစေ။ သင့်အသက်တာဖြင့် ဘုရားသခင်နှစ်သက်ပါသလား။ **၁ယော ၅း၃ တွင် ပညတ်တော်တို့ကို စောင့်ခြင်းသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်သည် စောင့်ခဲသည်မဟုတ်**ဟု ကျမ်းစာလာသည်။ ဘုရားသခင်ကို အမှန်တကယ်ချစ်ကြောက်သူသည် ပညတ်တော်များ စောင့်ထိန်းသည်။ စိတ်နှလုံးထဲတွင် ကိုယ်တော်စိုးစံစေသည်။ သင့်အသက်တာထဲတွင် ထိုသို့ ခရစ်တော်စိုးစံလျှင် မိမိလင်ယောကျ်ားကို ကလန်ကဆန် ပြုမည်မဟုတ်။ လု ၆း၄၆ တွင် ခရစ်တော်က“ငါ့စကားကိုနားမထောင်ဘဲ အဘယ်ကြောင့် သခင်၊သခင်ဟု ခေါ်သနည်း” ဟု မေးပါသည်။ အကယ်၍ သခင်ယေရှုကို မိမိအရှင်သခင်အဖြစ် ခံယူလဆင် စကားတော်များ နာခံစောင့်ထိန်းရပေမည်။ နောင်တစိတ်ဖြင့် ကိုယ်တော်ကို အရှင်သခင်အဖြစ် ခံယူလျှင် ဘဝတခုလုံး ပုံအပ်ရသည်။

## (၃) တည်မှီခြင်း

မိန်းမသားများ၏ တည်မှီခြင်းဆိုသည်မှာ ယောကျာ်းသားများ၏ ကရု စိုက်ခြင်း စောင့်ရှောက်ခြင်းကို ခံယူခြင်းဖြစ်သည်။ မိန်းမသည် သူ့ကိုယ်သူ ကျွေးမွေးနိုင်ပြီး ဘေးရန်ကွယ်ကာနိုင်သော်လည်း ခိုနားစရာရင်ခွင်ရှိမှသာလျှင် လုံခြုံသည်ဟုထင်သည်။ အဘယ်ကြောင့်နည်း။ အဘယ်သို့ဆိုသော် ဘုရားသခင်၏ အကြံအစည်တော်လာ လင်မယားဘဝသည် ထိုကဲ့သို့ဖြစ်ရသည်။ ထို့ကြောင့် သူ့အစွမ်းအစပြသရာသည် အိမ်အတွင်းတွင်ဖြစ်သည်။ လင်ယောကျာ်းနှင့် သားသမီးစောင့်ထိန်းရေး၌ အောင်မြင်မှသာ သူ့စွမ်းပကားပီပြင်သည်။ ထို့ကြောင့် အသက်ရှင်ရေး၊ လုပ်ငန်းခွင် လုံခြုံရေး၊ ဘေးရန်လုံခြုံရေး တို့တွင် လင်ယောကျာ်းလိုအပ်သည်။

တနည်းအားဖြင့် လင်ယောကျာ်းသည် မယားအား ကျွေးမွေးစောင့်ရှောက်ရန် ဘုရားသခင်၏ ပြဋ္ဌာန်းချက်ကို ဝန်ခံရသည်။ ဘုရားသခင်၏ စကား တော်ကို နာခံလျှက် သားသမီးအရေးနှင့် အိမ်မှုရေးရာတွင် ကျင်လည်နှံ့စပ် ရသည်။

## (၄) သိမ်မွေ့ခြင်း

မိန်းမပီသသောသူများသည် အဖော်မဲ့သူ၊ ဆင်းရဲဒုက္ခရောက်သူပမာ သိမ်မွေ့ကြသည်။ သနားကြနာစဘွယ် စကားဆိုတတ်ကြသည်။ မိခင်ပီသစွာ ပြုမူပြောဆိုတတ်ကြသည်။ လင်သားအပေါ်သို့ အပြောဖြင့်သာမဟုတ်ဘဲ ကာယ ကံမြောက် ကူညီတတ်ကြသည်။ အချို့သောမိန်းမများသည် နှုတ်ဖြင့်ပြောဆို ခြင်းမပြုကြသော်လည်း ကိုယ်ထိလက်ရောက်လုပ်ကြသည်။ ယောကျာ်းသား အများစုသည် မိန်းမသားများကဲ့သို့ ညင်သာစွာ မပြုမူတတ်ကြ။ မိန်းမသား

ပီသခြင်းက ပုရိသယောကျာ်းများအပေါ်သို့ မည်သို့အကျိုးသက်ရောက်သနည်း။ မည်သို့သော မိန်းမသား အရည်အချင်းတွေ့ရသနည်း။ မိန်းမသည် မိန်းမပီသလာလျှင် တန်ညးအားဖြင့် ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဝန်ခံခြင်း၊ တည်မှီခြင်း၊ သိမ်မွေ့ခြင်းရှိလာလျှင် ယောကျာ်းသားများက ပိုမိုဂရုစိုက် ကွယ်ကာချင်ကြသည်။ ပိုမိုနှစ်သက်၍ အလေးထားလာသည်။ ထိုသည်ပင်လျှင် အချင်းချင်း အပြန် အလှန်မှီခိုခြင်းဖြစ်သည်။ အသက်ကိုနှင်း၍ ချစ်ခင်သူသည် ချစ်ခြင်း မေတ္တာ၌ ပိုမိုကြီးထွားသည်။ ချစ်ခင်လျှင် ပေးဆပ်ရသည်။ အခြားတဘက်၌ ဂရုမစိုက် အလေးမထားလျှင် ချစ်ခြင်းမေတ္တာပျက်ပြယ်သည်။

မိန်းမများက ကမ်းလှမ်းကြိုဆိုခြင်းမပြုလျှင် ယောကျာ်းသားများက ဂရုစိုက်ကွယ်ကာခြင်း မပြုကြ။ ထို့ကြောင့် လင်ယောကျာ်းသားများ၏ ဂရုစိုက် ကွယ်ကာမှု လိုအပ်လျှင် မိန်းမသားပီသရသည်။ မိန်းမသားပီသရန် အခြေခံ လိုအပ်ချက်မှာ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဝန်ခံခြင်း၊ မှီခိုခြင်း၊ နူးညံ့ခြင်းဖြစ်သည်။ ထိုအချက်များဖြင့် မိမိလင်ယောကျာ်းများ၏ ဂရုစိုက်မှုနှင့် ကွယ်ကာမှုဖိတ်ခေါ် ရသည်။ ယောကျာ်းသားများ၏ ဂရုစိုက်မှုရလာလျှင် ချစ်ခြင်းမေတ္တာပိုမို ကြီး ထွားလာသည်။ ထို့ကြောင့် မိန်းမသားပီသမှုသည် လင်ယောကျာ်း၏ ယုယမှု ခံယူ၍ လင်မယားအကြား ချစ်ခြင်းမေတ္တာရှင်သန်ကြီးထွားနေစေရန် ဘုရား ပေးနည်းလမ်းကောင်းဖြစ်သည်။ ယခုအခါ အမေရိကန်နိုင်ငံမှ အသက် ၄၀– ၅၀အရွယ် မိန်းမများသည် မိန်းမပီသရန် သင်ယူလေ့လာနေကြသည်။ အထူးသဖြင့် ဝန်ခံခြင်းနှင့်မှီခိုခြင်း၌ အားနည်းကြသည်။ အမေရိကန် ယဉ်ကျေးမှုကို စာသင်ကျောင်း၊ ရုပ်ရှင်ဇာတ်လမ်း၊ လူထုဆက်သွယ်ရေး ယန္တရားက မျိုးဆက်(၂)ဆက် တိုင်အောင် ဦးနှောက်ဆေးကြောထားသည်။ မိန်းမပီသမှုကို လေးမထား၊ အိမ်ထောင်သည်ဘဝကိုလည်း ဂရုမစိုက်ကြ။ ထို့ကြောင့် လင်ယောကျာ်းများက မိမိတို့မယားကို မချစ်ကြသည်မှာလည်း အဆန်းမဟုတ်။

## ၂။ စံပြမိန်းမများ၏ ဒုတိယအချက်သည် တောက်ပသောပျော်ရွှင်မှု

တောက်ပသောပျော်ရွှင်မှုသည် စိတ်နှလုံး အူလှိုက်သဲလှိုက်ဝမ်းမြောက်ပျော်ရွှင်မှုဟုဆိုခဲ့သည်။ ဘုရားသခင်နှင့် အစဉ်မပြတ် အနီးကပ်ပေါင်းသင်းမှသာလျှင် ဘဝင်နှလုံးရွှင်မြူးကြည်နူးနိုင်သည်။ ထိုသို့သော ဝမ်းမြောက်ပျော်ရွှင်မှုရှိလျှင် အမြဲရွှင်မြူးကြည်နူးနိုင်သည်။ ထိုသို့သော ဝမ်းမြောက်ပျော်ရွှင်မှုရှိလျှင် အမြဲရွှင်ပြုံးနိုင်သည်။ ဝမ်းနည်းခြင်းမရှိ ကြုံဆုံသမျှကို အကောင်းဟုမြင်နိုင်သည်။ အကောင်းမြင်ဝါဒရှိ၍ လွယ်လင့်တကူ ရယ်ရွှင်နိုင်သည်။ တွေဝေငေးမှိုင်ခြင်းထက် ရယ်မောခြင်းပိုများသည်။ ခြောက်သွေ့ငြီးတွားခြင်းမရှိ။ ထိုသို့သော အပြုအမူသည် အူမြူးသည်သာမက အခြားသူများကိုလည်း စိတ်ရွှင်လန်းစေနိုင်သည်။ သုတ္တံကျမ်းတွင် ထိုသို့သော ပျော်ရွှင်မှုကို ရွှင်လန်းသောစိတ်နှလုံးဟုဆိုသည်။

**သု ၁၅း၁၃၊ ရွှင်လန်းသောစိတ်နှလုံးသည် ချိုသောမျက်နှာကို ဖြစ်စေတတ်၏။ ညှိုးငယ်ခြင်းဖြင့် စိတ်ပျက်တတ်၏။**

ထိုအကြောင်းတချက်ကြည့်ကြမည်။ ရွှင်လန်းသောစိတ်နှလုံးသည် ပတ်ဝန်းကျင်အခြေအနေပေါ်တွင် မတည်ပါ။ တွေ့မြင်ကြုံဆုံသမျှ၌ အဆင်ပြေသည်ဖြစ်၍ စိတ်နှလုံးရွှင်လန်းသည်။ ထိုသို့သော စိတ်နှလုံးမရှိသူသည် ကြေကွဲဝမ်းနည်းသည်။ ရွှင်လန်းသော စိတ်နှလုံးရရှိရေးထက် ရွှင်လန်းသော စိတ်နှလုံးဝေငှနိုင်ရန် ဘုရားသခင်က မိန့်တော်မူသည်။

**သု ၁၇း၂၂ စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေ၏။ စိတ်ပျက်ခြင်းမူ ကားအရိုးတို့ကို ခြောက်သွေ့စေ၏။**

**သု ၁၅း၁၅ ဆင်းရဲငြိုငြင်သူ၏ နေ့ရက်ရှိသမျှတို့သည် ဆိုးယုတ်ကြ၏။ ရွှင်လန်းသော စိတ်နှလုံးမူကား အစဉ်အမြဲခံရသော ပွဲဖြစ်၏။**

ရွှင်လန်းသောစိတ်နှလုံးရှိရေးသည် မိမိရွေးချယ်မှုဖြစ်သည်။ ထို ရွေးချယ်မှုအကျိုးကို ကျမ်းစာကပြောပြထားပါသည်။ မိမိရွေးချယ်မှု၏ ကောင်း ကျိုးဆိုးကျိုးများကို သုတ္တံကျမ်းတွင် ပြောပြထားပါသည်။ ထို့ကြောင့် ရွှင်လန်း သောစိတ်နှလုံး ရွေးချယ်အပ်သည်။

## ၃။ စံပြအမျိုးသမီး၏ တတိယအချက်မှာ ဒေါင်ဒေါင်မြည်သော ကျန်းမာရေး

စွဲဆောင်မှုအကောင်းဆုံး အမူအရာသည် ကျန်းမာကြံ့ခိုင်ခြင်းဖြစ် သည်။ အရိုးပေါ်အရေတင်ခြောက်ကပ်နေခြင်းထက် ဖြိုးဝတုတ်ခြင်းက သာ၍ ကြည့်ကောင်းသည်။ နုံးချိသျောင်နာခြင်း၊ ရှုနာရှုံ့ကုန်း အမူအရာ၊ ချူခြာမှု များသည် ကြည့်ချင်စဘွယ်မရှိ၊ လှပကြော့ရှင်းရေးသည် အဓိကမဟုတ်သော် လည်း ကျန်းမာကြံ့ခိုင်ခြင်းသည် ရှုချင်စဘွယ်အကောင်းဆုံးဖြစ်သည်။

## ၄။ စံပြအမျိုးသမီး၏ စတုတ္ထအချက်သည် ကလေးနှင့်တူခြင်း မ ၁၈း၃ “ငါအမှန်ဆိုသည်ကား သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ် လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရကြ။

မည်သို့ဆိုလိုသနည်း။ ကလေးသူငယ်များသည် သွန်သင်ရလွယ်ကူ သည်။ ယုံကြည်တတ်ကြသည်။ ယုံကြည်သည့် စိတ်သဘောရှိကြသည်။ ပွင့် လင်း၍ သွန်သင်ရလွယ်ကူသည်။ အပြစ်ခွင့်လွှတ် တတ်ကြသည်။ နာကျင်သည့်

အခါ ကလေးသူငယ်များ တုံ့ပြန်ပုံကိုကြည့်ပါ။ လင်ယောကျာ်းက စိတ်နာကျင် စေလျှင် ကလေးသူငယ်ကဲ့သို့ တုံ့ပြန်ရသည်။ ဒေါသအမြတ် ဒေါသဖြင့်တုံ့ပြန် ခြင်း ခါးသီးစွာတုံ့ပြန်ခြင်း မပြုရ။ နာကျင်မှုကို ပွင့်လင်းစွာပြသရသည်။ လင်ယောကျာ်း၏ ပြုမူမှုကြောင့် နာကျင်ဝမ်းနည်းသည့်အခါ မတော်မတရားသလား၊ တနည်းတလမ်းဖြင့် တုံ့ပြန်သလား။ လက်လွှတ် ခွင့်လွှတ်သလား။ နာကျင်ဝမ်း နည်းမှုကို မည်သို့ကိုင်တွယ် ဖြေရှင်းသလဲ။ အမြတ်ဒေါသ ပေါက်ကွဲသလား၊ တနုံ့နုံ့ခံစားနေသလား။ ကလေးသူငယ်များ သည် ဒုက္ခပေးသူကို သိရှိကြသော်လည်း ကြမ်းတမ်းစွာ ပြန်လည်ပြောဆိုခြင်း၊ လက်တုံ့ပြန်ခြင်း မပြုကြ။

# အခန်း ၄
# ပေါင်းသင်း ဆက်ဆံရေး

ခရစ်ယာန်အသက်တာသည် ပေါင်းသင်းဆက်ဆံရေးဖြစ်သည်။ ဘုရားသခင်နှင့်သော်၎င်း အခြားယုံကြည်သူများနှင့်သော်၎င်း ပေါင်းသင်းဆက်ဆံရသည်။ ကိုယ်နှင့်သက်ဆိုင်သူများအား ပေါင်းသင်းဆက်ဆံရသည်။ ထို့ကြောင့် ဘုရားသခင်နှင့်ဖြစ်စေ၊ မိမိနှင့်သက်ဆိုင်သူများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ပေါင်းသင်းဆက်နွယ်ရေး ပြေလည်ကောင်းမွန်ရသည်။ ဆက်ဆံရေးကောင်းမွန်ပြေလည်စေရန် ဆက်သွယ်နှီးနွယ်ခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ အကြင်လင်မယား ဆက်ဆံရေးတွင် ပေါင်းသင်းခြင်းသည် ကောင်းမွန်နေရသည်။

## ၁။ ပေါင်းသင်းရေးကောင်းမွန်ရန် ပထမအချက်သည် ဖြူစင်ခြင်း

ဧ ၄း၂၅ ထို့ကြောင့် မုသာစကားကို ပယ်ရှား၍ မှန်သောစကားကိုသာ အချင်းချင်း တယောက်ကိုတယောက် ပြောကြလော့။ အကြောင်းမူကား ငါတို့သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏။

ခရစ်ယာန်ဖြစ်သော်ငြားလည်း ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ မှန်ကန်စွာ ပြုမူခြင်းမရှိလျှင် ပေါင်းသင်းဆက်ဆံရေး မကောင်းနိုင်။ ထို့ကြောင့် ခရစ်ယာန်များ၏ ပေါင်းသင်းဆက်ဆံရေးသည် ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ နှုတ်ကပတ်တော် ထုတ်ဖော်ပြသခြင်းစသော အချက်(၃)ချက်ပေါ်တွင် တည်သည်။ ရိုးသားခြင်းဆိုသည်မှာ မှားယွင်းသောစကား၊ မုသာစကား၊ ရန်လိုသောစကားကင်းခြင်းဖြစ်သည်။ ပွင့်လင်းခြင်းသည် ဖုံးကွယ်လျှို့ဝှက်မှုမရှိခြင်းဖြစ်သည်။ နှုတ်ကပတ်တော် ထုတ်ဖော်ပြသခြင်းဆိုသည်မှာ သမ္မာကျမ်းစကားနှင့်ယှဉ်၍ ပြောဆိုခြင်းဖြစ်သည်။

အကြင်လင်မယားဆက်ဆံရေးသည် ထိုသို့သောအချက်ပေါ်၌ ကြီးပြင်းရ သည်။ ရိုးသားပွင့်လင်းခြင်း သစ္စာရှိရှိပြောဆိုခြင်းမရှိခြင်းသည် အိမ်ထောင်ရေး အက်ကြောင်းဖြစ်သည်။ ကျမ်းစာပညာရှင် ဂျိမ်းအာဒံက ဇာတ်လမ်းတခု ဤသို့ပြောပြဘူးသည်။ ''တခါတွင် သာသနာပြုဆရာ လင်မယားသည် တိုင်း တပါးမှပြန်ရောက်လာကြသည်။ သူ့မယားသည် စိတ်ဓါတ်ကျနေသည်။ ဆရာ တပါးနှင့် တွေ့ဆုံ၍ ခွန်အားယူကြသည်။ ထိုဆရာက ရိုးသားခြင်း၊ ပွင့်လင်း ခြင်း၊ သစ္စာရှိရှိ ဆက်ဆံရေးအကြောင်းများ အကြံပြုဆွေးနွေးသည်။ ထို့နောက် လင်မယားဆက်ဆံရေး အကြောင်းများ အကြံပြုဆွေးနွေးသည်။ ထို့နောက် လင်မယားနှစ်ယောက် အိမ်ပြန်သွား သောအခါ မယားဖြစ်သူက ရှင့်ကို လက်ထပ်စဉ်က ရှင့်ကိုချစ်လို့မဟုတ်ဘူး။ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ အဲဒီလိုဘဲ တခါမှ အမှန်စကားမပြောခဲ့ဘူးဟု ဆိုသည်။ ထိုပြဿနာကို မည်သို့ဖြေရှင်းရမှန်း လင်မယားနှစ်ယောက်စလုံးက မသိကြ။ အဘယ်သို့ဆိုသော် ပြဿနာအမှန်ကို မသိကြ။ ပေါင်းသင်းဆက်ဆံ ရေး ရင်းနှီးမှုကန်လာသောအခါ ပြဿနာပေါ်လည်သည်။ ထိုကာလထိ စိတ်မချမ်းသာခဲ့။ ပေါင်းသင်းဆက်ဆံရေး မရင်းနှီးသောကြောင့် ခန္ဓာကိုယ် တခုလုံး နာကျင်သည်။ ထိုသို့မယားတွင် စိတ်ဆင်းရဲသောအခါ သူ့ လင်ယောကျ်ားသို့လည်း ကူးစက်သည်။ နှစ်အတန်ကြာ ဆင်းရဲဒုက္ခခံပြီးနောက် မိမိကိုယ်ကို သနားကြောင်း တခြားတစုံတဦးကို လက်ထပ်ခဲ့လျှင် ဤသို့ စိတ်ဆင်းရဲမည်မဟုတ်ဟု ဆိုလာသည်။ ထိုကဲ့သို့ သူ့စိတ်ဆင်းရဲမှုသည် လင်ယောကျ်ားအပေါ်သို့ ကူးစက်သဖြင့် လုပ်ငန်းမဖြောင့် အဆင်မပြေတော့ဘဲ တိုင်းတပါး သာသနာပြုရာ နယ်မြေသို့ မိခင်တိုင်းပြည်အမေရိကသို့ ပြန်လာ ကြသည်။ နောက်ဆုံးတွင် ရိုးသားခြင်း၊ ပွင့်လင်းခြင်းနှင့် သမ္မာကျမ်းစာလာ နှုတ်ကပတ်တော်က သူ့ပြဿနာ ဖြေရှင်းသည်။

အကြင်လင်မယားတွင် သမ္မာကျမ်းစာလာ လုပ်ဆောင်ခြင်းနှင့်

ပေးဆပ်ခြင်းရှိမှ အဆင်ပြေကြောင်း သက်သေခံလာသည်။ လောကသားများက ချစ်ခြင်းမေတ္တာကို ခံစားချက်ဖြင့် ပြသတိုင်းတာကြသည်။ သို့သော် ဘုရား မေတ္တာ အာကပေမေတ္တာသည် လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပေးဆပ်ခြင်းတွင် အခြေပြုသည်။ ထို့နောက်မှ ခံစားချက်က လိုက်လာသည်။ ထိုသာသနာပြု လင်မယားသည် တူနှစ်ကိုယ်ယှဉ်လျှက် ပျော်ပါးစွာ သာသနာပြုရာတိုင်းပြည်သို့ ပြန်သွားကြသည်။

ဦးမန်းနှင့်ဒေါ်ခွဲတို့လင်မယားသည်လည်း ဆရာတော်ထံမှ အကြံ ညာဏ်ရယူကြသည်။ မယားက သူ့လင်ကိုမြည်တွန်တောက်တီးပြောဆိုသည်။ ''ကျွန်မယောကျ်ားက ပိုက်ဆံခိုးသုံးတယ်။ ဘယ်မှာသုံးသလဲသိချင်တယ်''ဟု ဆိုသည်။

ထိုသို့လိုက်လံခိုးသုံးသည်မှာ ၄/၅လရှိသည်ဟုထင်သည်။ ထို့ကြောင့် တနေ့ပြီးတနေ့ ခံရခက်ပြီးမအောင့်အီးနိုင်အောင် ဖြစ်လာသည်။ ဆရာက ဦးမန်း အား မည်သည့်နေရာတွင် ငွေကြေးသုံးစွဲကြောင်းမေးသည်။ ဦးမန်းက အိတ်ထဲရှိ ပိုက်ဆံအိတ်ကို ထုတ်သည်။ သူယူထားသမျှ ပိုက်ဆံသည် ပိုက်ဆံ အိတ်ထဲတွင်ရှိကြောင်း၊ မင်္ဂလာနှစ်ပတ်လည်နေ့တွင် မယားအားလက်ဆောင် ဝယ်ပေးရန် စုထားကြောင်းပြောပြပြီး ပိုက်ဆံများပြသသည်။ ထိုလင်မယား သည် နှစ်လလုံးလုံး ပွင့်လင်းစွာဆက်ဆံခြင်းမရှိကြ။ ဒေါ်ခွဲက အထင်မှား အမြင်မှားဖြင့် လင်မယားကွာရှင်းတော့အရေးပြုခဲ့သည်။ ထိုအချိန်ထိ လင်မယားနှစ်ယောက်အကြားတွင် ငွေရေးကြေးရေး ပွင့်လင်းခြင်းမရှိကြ။ မယားက ပွင့်လင်းခြင်းမရှိသကဲ့သို့ လင်သားကလည်း လျှို့ဝှက်သည်။ အကယ်၍သာ ပွင့်လင်းခဲ့ကြလျှင် ထိုအဖြစ် ဆိုးမျိုးရောက်ကြမည်မဟုတ်။ (ထိုပြသနာမျိုး တိုးတိုးတိတ်တိတ် ဖြစ်ကြပါသလား။ သင်နှင့်အတူ ဘုရား သခင်သာ သိရှိသည့် လျှို့ဝှက်ချက်ရှိပါသလား။)

ထိုသို့သောမပွင့်လင်းသည့် ကိစ္စရပ်ကြောင့် လင်မယားကွာရှင်းနိုင်

သည်။ မရိုးသားခြင်း၊ မပွင့်လင်းခြင်းသည် လင်မယားအကြားတွင် ကြီးမား သော သံမဏိသပ်လျှိုခြင်းဖြစ်သည်။ အချင်းချင်း အမှုမဲ့အမှတ်မဲ့ ဆက်ဆံပြီး လေ စိမ်းတိုက်နေကြသလား။ ပုဆိန်နှင့် မထွင်းရအောင် အပ်ဖြင့်ထွင်းသည့် အဆင့်၌ ပြဿနာဖြေရှင်းလိုက်ပါ။ မှုသာစကားအလိမ်အညာကြောင့် ခက်ခဲသောတည် ဆောက်လာသော အိမ်ထောင်ရေးမပြိုကွဲပါစေနှင့်။ ထိုသို့မဖြစ်သင့်ပါ။ မိမိဘုရားသခင်နှင့် အခြားသူများအပေါ်တွင် မှန်ကန်စွာ ပြုမူဆက်ဆံခြင်းဖြင့် ပြဿနာများ ကင်းရှင်းကြပါစို့။

## ၂။ ပေါင်းသင်းဆက်ဆံရေး၏ ဒုတိယနိယာမသည် အတွေးမှန်ခြင်း

**ဧ ၄း၂၆–၂၇** အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်၊ အမျက်မပြေဘဲ နေမဝင်စေနှင့်။ မာန်နတ်ကို အခွင့်မပေးနှင့်။

ဘဝအသက်တာတွင် တစုံတဦးက စကားဖြင့်ဖြစ်စေ၊ အပြုအမူဖြင့်ဖြစ်စေ ဟန့်တားဆန့်ကျင်တတ်သည်။ တစုံတဦးက ဟန့်တားရန်မူလာလျှင် တုံ့ပြန်စရာသုံးမျိုးအနက် တနည်းမဟုတ်တနည်းဖြင့် တုံ့ပြန်တတ်ကြသည်။ ထိုသုံးမျိုးအနက်(၂)မျိုးသည် မကောင်းသောတုံ့ပြန်မှုဖြစ်၍ ဘုရားသခင်နှင့် လူကို ဆန့်ကျင်သည်။ ပထမတုံ့ပြန်နည်းသည် တုံ့ပြန်ခံရသူသို့ ဒေါသအမျက် သင့်ခြင်းဖြစ်၍ မကောင်းသော အပြုအမူဖြစ်သည်။

**ယာ ၁း၂၀–** လူ၏အမျက်ဒေါသသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား ကို မပြုစုတတ်။

**သု ၂၉း၂၂ –** စိတ်ဆိုးသူသည် ခိုက်ရန်ဖြစ်ပွားမှု နှိုးဆော်၏။ ပြင်းထန်သူသည် လည်း အလွန်အကျူးများတတ်၏။

ဒေါသအမျက်ထွက်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရစေသည်။ နာကျင်စေသည်။ ထိုသို့ပြုမူခြင်းကြောင့် နောင်တွင် နောင်တရစရာဖြစ်လာသည်။ ဒုတိယတုံ့ပြန်ပုံသည်လည်း မကောင်းပါ။ စိတ်နှလုံး နာကျင်စေသည်။ မိမိအပေါ် ထိခိုက်နာကျင်စေမှုအား အဖန်တလဲလဲ ပြန်တွေးခြင်းဖြင့် စိတ်နှလုံး နာကျင်သည်။ စိတ်နှလုံးနာကျင်ခြင်းကြောင့် ကျန်းမာရေး ထိခိုက်ပျက်စီးစေသည်။ တတိယတုံ့ပြန်နည်းသာလျှင် မှန်ကန်သော တုံ့ပြန်မှုဖြစ်သည်။ ကျိုးကြောင်းလျော်ညီသည့် **မှန်ကန်စွာတွေးခေါ်ခြင်း** ဖြစ်သည်။ ဘုရားသခင်၏ စကားတော်တိုင်း တွေးခေါ်မြော်မြင် လုပ်ဆောင်ရသည်။ ဥပဒေသပေါ်တည်မှီ၍ တွေးခေါ်ရသည်။ ခိုင်မာသည့် နိယာမဥပဒေသ ဖြစ်သော်လည်း လိုက်နာလုပ်ဆောင်သူ နည်းပါးသည်။ ထိုအချက်ကို သိရှိနားလည်၍ နေ့စဉ်အသက်တာတွင် ကျင့်သုံးသူသည် ကယ်တင်ခြင်းကဲ့သို့ အသက်တာပြောင်းလဲသည်။

များသောအားဖြင့် ယောကျာ်းက မယားကိုအပြစ်မြင်တတ်ကြပြီး မယားများကလည်း လင်ယောကျာ်းကို အပြစ်ပြုတတ်ကြသည်။ ထိုသို့ပြုလျှင် နှစ်ဦးနှစ်ဘက် အပြန်အလှန်အပြစ်ချည်းသာ မြင်ကြသည်။ ထိုသို့တွေ့ မြင်နေသရွေ့ ပြဿနာဖြေရာ ဆေးနည်းမရှိ။ ထိုသို့သော ပြဿနာဖြေဆေးအမှန်မှာ မိမိကိုယ်ကိုစတင်စစ်ဆေးရသည်။ ထိုနိယာမဥပဒေသကို မ ၇း၃–၅ တွင် ပုံဥပမာပေးရှင်းပြထားသည်။ မိမိမျက်စိထဲမှ တံကျင်ကိုဦးစွာဖယ်မှသာလျှင် အခြားလူ၏ မျက်စိထဲမှ ငြောင့်ငယ်တံကျင်ကို ဖယ်ပေးနိုင်သည်။

**မ ၇း ၃–၅** – ''ကိုယ့်မျက်စိ၌ရှိသော တံကျင်ကို မအောက်မေ့ဘဲ၊ ညီအစ်ကို မျက်စိ၌ရှိသော ငြောင့်ငယ်ကို အဘယ်ကြောင့် ကြည့်ရှုသနည်း။ ကိုယ့်မျက်စိ၌ တံကျင်ရှိလျက်ပင် ညီအစ်ကိုအား သင်၏မျက်စိ၌ ရှိသော ငြောင့်ငယ်ကိုထုတ် ပါရစေဟု အဘယ်သို့ဆိုသနည်း။ လျှို့ဝှက်သူ၊ ကိုယ့်မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာ ထုတ်ပစ်

လော့။ နောက်မှညီအစ်ကို မျက်စိ၌ရှိသော ဖြောင့်ငယ်ကို ထုတ်ပစ်ခြင်းငှါ ရှင်းလင်းစွာမြင်ရလိမ့်မည်။

လင်မယားသည် တကယ်ပြဿနာမဟုတ်သော အမှုကိစ္စများတွင် အချင်းချင်းအပြစ်တင်လျှက် မကြာခဏ ရန်ဖြစ်တတ်ကြသည်။ ထိုသို့သော ပြဿနာမျိုးတွင် ဘုရားသခင်၏နည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းပါသလား။ ပြဿနာဖြစ်လဆင် မိမိအပြစ်ဟု ဦးစွာဝန်ခံတတ်ပါသလား။ မိမိမျက်စိထဲမှ အမှိုက်ကို ဦးစွာထုတ်ပါ။ ''မင်းမှန်တယ်၊ ငါမှားသွားတယ်၊ မင်းကိုဒုက္ခပေးမိတယ်''ဟု ပြောပါ။ ထိုသို့ မိမိမှားကြောင်း ဝန်ခံပြီးလျှင် ခွင့်လွှတ်ရန် တောင်းပန်လိုက်ပါ။ ထိုသို့ပြုမူခြင်းသည် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။ မှန်သောအတွေး၊ ကျမ်းစာလာအတွေး၊ ကျမ်းစာလာ ပေါင်းသင်းဆက်ဆံရေးဖြစ်သည်။

**မ ၅း၂၃-၂၄ –** တွင် ယဇ်ပလ္လင်ပေါ်၌ ယဇ်ပူဇော်မည်ဆိုလျှင် သန့်ရှင်းသော ယဇ်ပူဇော်နိုင်ရန် တစုံတဦးနှင့်မပြေလည်မှုအား ပြေလည်အောင် ဦးစွာရန်ငြိမ်းပါဟု သခင်ယေရှုက မိန့်မှာပါသည်။ တနည်းအားဖြင့် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ပြီးမှသာ ဝတ်ပြုကိုးကွယ်ရသည်။ ယဇ်ပလတွင် ယဇ်မပူဇော်မီ မပြေလည်သူနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရသည်။ အခြားသူနှင့် မပြေလည်မှုသည် လစ်လျူရှု ဘေးဖယ်စရာမဟုတ်။ ဖြေရှင်းပြီးငြိမ်းချမ်းရေး ရယူစရာဖြစ်သည်။

**မ ၅း၂၃-၂၄ –** သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ယူဆောင်သည့်အခါ သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့် တစုံတခုရှိသည်ဟု အောက်မေ့သတိရလျှက် ယဇ်ပလ္လင်ရှေ့မှာ

ပူဇော်သက္ကာကို ထား၍သွားလော့။ ညီအစ်ကိုနှင့် သင့်တင့်ပြီးမှ ပြန်၍ ပူဇော်သက္ကာကို တင်လော့၊ တစုံတဦးနှင့်မသင့်မတင့် ဖြစ်လျှင် ပြေလည်အောင် လုပ်ဆောင်ပြီး ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရသည်။ နှစ်ဦးနှစ်ဘက်ပေါင်းစည်းညီညာရသည်။ မ ၅ နှင့် ၁၈ တို့တွင် တစုံတဦးက ပြစ်မှားခြင်း၊ မှားယွင်းခြင်းရှိလျှင် ပြန်လည်ငြိမ်းချမ်းပြီး ခရစ်တော်ထဲ၌ တလုံးတသတည်းရှိကြရန် သွန်သင်ပါသည်။

ထို့ကြောင့် မပြေလည်မှုရှိလျှင် ထိုသူလာရောက်တောင်းပန်မည့်အချိန်ကို ထိုင်စောင့်မနေရ။ မိမိကပြုမှားသည်ဖြစ်စေ၊ သူတပါးက ပြစ်မှားသည်ဖြစ်စေ၊ မိမိမှ ဦးစွာသွားရောက်၍ ငြိမ်းချမ်းရေးပြုလုပ်ရသည်။ ထိုင်စောင့်နေလျှင် မိသားစုအတွင်းတွင်၎င်း၊ အခြားသူများနှင့်၎င်း ပြဿနာပေါင်းစုံ ဖြေရှင်းနိုင်တော့မည်မဟုတ်။ ရန်ငြိမ်းခြင်းမရှိလျှင် စိတ်မကြည်လင်သကဲ့သို့ လုပ်ငန်းဆောင်တာအဆင်မပြေနိုင်။ ဝန်ထုပ်ဝန်ပိုး ထမ်းနေရသဖြင့် အမှုတော်ကိုလည်း အကျိုးရှိရှိ စွမ်းဆောင်နိုင်မည်မဟုတ်။ တစုံတဦးက မကျေနပ်ချက်ရှိလျှင်ဖြစ်စေ၊ မိမိက မကျေနပ်လျှင်ဖြစ်စေ ဘုရားသခင်ရှေ့တော်၌ ဖြောင့်ဖြူးစွာမရှိနိုင်။ ကိုယ်တိုင်သွားနိုင်လျှင် သွားရောက်တွေ့ဆုံပါ။ မသွားနိုင်လျှင်လည်း ဖုန်းဆက်ပါ။ မိသားစုထဲ၌ဖြစ်နေလျှင် မိုးမချုပ်အိပ်ယာမဝင်မီ ပြေလည်အောင် ပြုလုပ်ပါ။

**၃။ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရေး တတိယနိယာမ ဉပဒေသမှာ တဘက်သားကို နှစ်ပြားမတန်အောင် မပြောဆိုရ။ ထိုသို့ ပြောဆိုခြင်းထက် ကျမ်းစာလာပြဿနာဖြေရှင်းနည်းအတိုင်း တည်ဆောက်စရာ စကားပြောဆိုပါ။**

**၄ ၄း၂၉ –** ညစ်ညူးသောစကားတခွန်းကိုမျှ သင်တို့နှုတ်ထဲမှ မထွက်စေနှင့်။ ကြားနာသူတို့၏ အကျိုးပြုစုစေခြင်းငှါ၊ တည်ဆောက်စရာဘို့ ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့။

ပေါလုက မကောင်းသောပေါင်းသင်းဆက်ဆံရေးအကြောင်း သတိပေးထားသည်။ မှားယွင်းသောစကားသာမက မကောင်းသောပေါင်းသင်းဆက်ဆံရေးသည် တဘက်သားကို ထိခိုက်ပျက်စီးစေသည်။ ထိုသို့သော စကားသည် တည်ဆောက်စရာမဖြစ်သောကြောင့် အကျိုးမဖြစ်ထွန်းစေပါ။ ပြောအပ်သောစကားလည်းမဟုတ်။ ဂရိမူရင်းကျမ်းတွင် sap ros ဟုဆို၍ စကားတခွန်းမှ မပြောအပ်။ ထိုသို့ သော နားခါးစရာစကားအစား နာဘွယ်စကားဆိုကြရန် ငယ် ၂၉ တွင် သွန်သင်ပါသည်။ သူတပါးထိခိုက်ပျက်စီးစေရာ စကားထက် တည်ဆောက် စရာဖြစ်သော မင်္ဂလာစကားဆိုရသည်။ တနေ့သောအခါ ကိုလင်းနှင့်ဒေါ်ခင်းတို့ သင်းအုပ်ဆရာထံသို့ ရောက်ရှိကြသည်။ ဆရာ့ထံသို့ ရောက်လျှင် ရောက်ခြင်း ဒေါ်ခင်းက ဖရုဿဝါစာစကားများဖြင့် ကရားရေသွန်လျှောက်ပြောသဖြင့် ဆရာက ကဗျာကယာရပ်ခိုင်းသည်။ “ဒီလို လေသံကြောင့် ပြဿနာဖြစ်ခဲ့ရတာ။ ဒါပေမဲ့ ဖရုဿဝါစာ မချေမငံစကားက အဓိကပြဿနာမဟုတ်ဘူး။ တဘက်သားကို အမနာပ မညှာမတာပြောဆိုတတ်သည့် သင့်အကျင့်ကို ဦးစွာပြုပြင်ပါ။ မင်းတို့ လင်မယားနှစ်ယောက်စလုံးက အပေါ်ယံခရစ်ယာန်၊ ခရစ်ဟန်တွေပဲ၊ ယခု လေသံကိုက ခရစ်ယာန်အစစ်အမှန် မဟုတ်ကြောင်း ပြသတယ်”ဟု ပြောလိုက်သည်။ ထိုလင်မယားပေါင်းသင်းသည်မှာ မကြာသေးပါ။ ထို့နောက် ဆရာက “တစ်မှုပြန်စကြပါ။ အသွင်မတူသူ နှစ်ယောက် ပေါင်းစည်း၍ မရနိုင်။ ယခုအချိန်မှစ၍ တပတ်အတွင်းတွင် ပြန်လည်ပြေလည်ကြပါ”ဟု ထပ်မှာလိုက်သည်။ နှစ်ယောက်စလုံးက သဘောတူကြသည်။ ဘုရားသခင်ထံ ခွင့်လွှတ်ခြင်း

တောင်းခံကြပြီး အပြန်အလှန်လည်း နားလည်ခွင့်လွှတ်ကြသည်။ ထိုပြဿနာသည် ပြေလည်သွားသည်။ ထိုသို့ အချင်းချင်းနားလည် ခွင့်လွှတ်ကြသောအခါ အကြင်လင်မယား ဆက်ဆံရေးသည်လည်း ပြေလည်လာသည်။ ကိုလင်းနှင့် ဒေါ်ခင်းတို့သည် အပြန်အလှန် ရန်ပြုခြင်းမရှိတော့ပါ။ ရက်သတ္တပါတ်အနည်းငယ်အတွင်းတွင် ပြဿနာပြေလည်သွားသည်။ ထိုသို့ဖြစ်ခဲ့ရသည်မှာ ခရစ်ယာန်အသက်တာတွင် မည်သို့ပေါင်းသင်း ဆက်ဆံရမည့်အကြောင်း မသိနားမလည်ခဲ့ကြသောကြောင့်ဖြစ်သည်။ တယောက်ကို တယောက်စကားဖြင့် ပက်ခဲ့ကြသည်။ လင်မယားဘ၀ကို မညှာမတာ မဖွယ်မရာ ပြောဆိုကြသည်။ အချင်းချင်းတိုက်ခိုက်မည့်အစား ထိုပြဿနာ ဖရုဿ၀ါစာစကားကို နှစ်ယောက်သား ဝိုင်း၀န်းတိုက်ခိုက်သောအခါ ပျော်ရွှင်စရာ အဖြေတွေ့လာကြသည်။ လင်မယားအပေါင်း သင်းဆက်ဆံရေးပုံစံလည်း ပြောင်းလဲသွားသည်။ ပေါင်းသင်းဆက်ဆံရေး ပြေလည်သောအခါ ပတ်ဝန်းကျင်လည်း စိုပြေလှပသည်။

## ၄။ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၏ စတုတ္ထအချက်မှာ ခရစ်တော်ကဲ့သို့သော စိတ်သဘောထားဖြင့် ပြောဆိုခြင်း

**ဟ ၄း၃၀–၃၂ – ဘုရားသခင်၏ ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကိုငင်း၊ ခပ်သိမ်းသော မနာလိုခြင်းကိုငင်း၊ သင်တို့ထံမှ ပယ်ရှားလော့။ ဘုရားသခင်က ခရစ်တော်ဖြင့် သင်တို့အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်း၊ ကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်းရှိကြလော့"**

ဤကျမ်းစကားအတိုင်း ပြုမူကြပါသလား။ ခရစ်တော်ထဲ၌ရှိနေသူသည် ဘုရားသခင်မိန့်မှာသမျှကို လုပ်ဆောင်နိုင်သည်။ ၁သက် ၅း ၂၅တွင် သင်တို့ကို ခေါ်ဆောင်သောသူသည် သစ္စာနှင့်ပြည့်စုံသည်ဖြစ်၍ ထိုသို့ပြုတော်မူလိမ့်မည်''ဟုဋ္ဌင်း ဖိ ၄း၁၃ တွင် ''ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏''ဟုဋ္ဌင်း ကျမ်းစကားဆိုထားပါသည်။

ထို့ကြောင့် ယုံကြည်သူခရစ်ယာန်များသည် တဘက်သားကိုနာကျင်စေခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ အတင်းပြောခြင်း၊ အကျင့်ယုတ်ခြင်း၊ ဖရုသဝါစာပြောဆိုခြင်း၊ လိမ်လည်ခြင်းမပြုဘဲ ပွင့်လင်းရင်းနှီးစွာ ပေါင်းသင်းဆက်ဆံကြရသည်။ အထူးသဖြင့် အကြင်လင်မယားဆက်ဆံရေးတွင် တပြားသားမှ မပါဝင်စေရ။ ထိုအချက်များကို တချက်လေ့လာကြမည်။

နာကျင်ခြင်း၊ စိတ်နှလုံးထဲမှ အမျက်ဒေါသ၏နောက်ဆက်တွဲဖြစ်သည်။ မုန်းတီးခြင်း၊ ရက်စက်ခြင်း အပြုအမူဖြစ်သည်။ အမျက်ဒေါသ၊ ကလဲ့စားချေလိုသည့် စိတ်ဆိုးမှုဖြစ်သည်။ လက်တုံ့ပြန်ခြင်း၊ ရန်တုံ့ပြန်ခြင်းသည် ကြီးမားသောလှည့်စားမှုဖြစ်သည်။ စိတ်ဆိုးခြင်း၊ စိတ်နှလုံးထဲမှ မကျေနပ်မှုများ အပြင်သို့ ပေါ်ထွက်ခြင်းဖြစ်သည်။ နာကျင်စေမှုလောက် ပြင်းထန်ခြင်းမရှိသေး။

အတင်းပြောခြင်း၊ ငြီးတွားခြင်း၊ အမြင်မကြည်လင်ခြင်းဖြစ်သည်။ ခရစ်ယာန်အသိုင်းအဝိုင်း ပေါင်းသင်းဆက်ဆံရေးတွင် အတင်းပြောခြင်း အလျှဉ်းမရှိ၊ ဖရုသဝါစာစကား၊ တဖက်သားနားမခံသာအောင် ဆန့်ကျင်ပြောဆိုခြင်းဖြစ်သည်။ စော်ကားခြင်း၊ ရှုတ်ချခြင်း၊ တိုက်ခိုက်ခြင်း၊တဘက်လူကို မကောင်းမြင်ခြင်း၊ အထင်အမြင်သေးခြင်းဖြစ်သည်။

လိမ်လည်ခြင်း၊ မုန်းတီးမှု၊ လှည့်ဆယ်မှု၊ မလိုလားမှု၊ ရက်စက်မှုဖြစ်သည်။ တဘက်သားအပေါ် ဒုစရိုက်ပြုခြင်း၊ နာကျင်စေခြင်းဖြစ်သည်။ မကောင်းသောစိတ်ထားဖြင့် နာကျင်စေခြင်းဖြစ်သည်။ မိမိကိုပြုမှားခြင်းအပေါ်

မကောင်းသောစိတ်ထားဖြင့် လိမ်လည်ခြင်းဖြစ်သည်။ ထိုသို့သော အပြစ်ဗရပွရှိသော အပြုအမူကို အစားထိုးရမည့်အချက်များ ငယ် ၃၂ တွင် သွန်သင်ထားသည်။ ''ဘုရားသခင်က သင်တို့အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်း၊ ကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်းရှိလော့''။ **စိတ်ခံစားချက်ဖြင့် မဟုတ်ဘဲ ချစ်ခြင်းမေတ္တာဖြင့်** ပထမပြုမူရသည်။ ချစ်ခြင်းမေတ္တာက ပေးဆပ်ချင်သည်။ ပေးဆပ်ခြင်းသည် မေတ္တာ၏အနှစ်သာရဖြစ်သည်။ ပေးဆပ်ခြင်းတွင် ချစ်ခြင်းမေတ္တာလိုက်ပါသည်။ ချစ်ခြင်းမေတ္တာရှိရန်အချိန်၊ လုပ်အား၊ မိမိကိုယ်ကိုပေးဆပ်ရသည်။ မေတ္တာကို ထိုသို့ပြသရသည်။ သမ္မာကျမ်းစာလာ ချစ်ခြင်းမေတ္တာ၏အနက်သည် ပေးဆပ်ခြင်းဖြစ်သည်။

ယော ၃း၁၆ ဘုရားသခင်၏သားတော်ကို ယုံကြည်သူသည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

## ဂလာ ၂း၂၀ – ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်း၌တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ အသက်ကိုစွန့်တော်မူ၏။

ချစ်ခြင်းမေတ္တာသည် ပေးဆပ်ခြင်းဖြင့် စတင်လေ့ရှိသည်။ ပေးဆပ်ခြင်းစိတ်ထားက မိသားစုကို သစ်လွင်စေသည်။ မိသားစုအတွင်း ပေါင်းသင်းဆက်ဆံရေး ရာသီဥတုလည်း သာယာစေသည်။ ထို့ကြောင့် မသေမီလူ့လောကတွင် ရှိနေသည့်အခိုက်၌ မိမိကြင်ယာအပေါ် မည်သို့ပေးဆပ်နိုင်ကြောင်း စဉ်းစားပါ။ သေခါမှငိုမနေရ။ အခြားနည်းလမ်းများဖြင့် ပေးဆပ်နိုင်သော်လည်း အကောင်းဆုံးမှာ သင်ကိုယ်တိုင်ဖြင့် ပေးဆပ်ခြင်းဖြစ်သည်။ တဘက်သားသို့

ပေးဆပ်ခြင်းမရှိလျှင် ချစ်ခြင်းမေတ္တာသည်လည်း ရှင်သန်ကြီးထွားလာနိုင်မည် မဟုတ် (ခံစားချက်နှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်နှစ်ခုစလုံး) ပေးဆပ်မှ သာလျှင် ချစ်ခြင်းမေတ္တာက လိုက်ပါသည်။

## လင်ယောကျ်ားနှင့် မယားပေါင်းသင်းဆက်ဆံရေး

ပြောဆိုသည့်စကားကြောင့်မဟုတ် ပြောပုံဆိုဟန်လေသံကြောင့် မကြာခဏ တဘက်သားကို ခံစားနာကျင်စေကြသည်။ ဥပမာအားဖြင့် မယားက တခါတလေ ထမင်းဆိုင်သို့ သွားစားကြရအောင်ဟု ဆိုသည့်အခါ လှည့်မကြည့်ဘဲ စာဖတ်မပြတ်ဘဲ ''အေး၊ ကောင်းသားပဲ''ဟု ပြန်ပြောပုံမျိုး ဖြစ်သည်။

မယားက မည်သို့ခံစားမလဲ။ သူနှင့်အတူတူ အပြင်မထွက်ချင်ဟု ခံစားမည် သူ့ကိုမနှစ်သက်ဘူးဟု ထင်သည်။ ''သွားမယ်လေ''ဟု သွက်သွက် လက်လက်ဖြေလျှင် စိတ်မပါသည့်တိုင်အောင် လက်ခံကျေနပ်ပေမည်။ သူနှင့် အတူတွဲသွားချင်သည်ဟု ခံယူပေမည်။ စိတ်ဝင်စားပုံပြလိုက်သည်နှင့် တညလုံး ကြည်နူးသွားမည်။

မိမိကြင်ဖော်ကို မည်သည့်လေသံဖြင့် ပြောဆိုဆက်ဆံကြပါသလဲ။ ''သင့်ကိုယ်သဘောကျတယ်၊ သင့်အတွေးအခေါ်ကောင်းတယ်၊ သင့်သဘောထား နဲ့ ခံစားချက်ပြည့်ဝတယ်၊ သင့်ထံလာသင်ရမှာလဲ၊ သင့်စကားသံ နားဝင်ချို တယ်၊ စိတ်ဝင်စားလိုက်တာ၊ သင်နဲ့ပိုမို နီးစပ်လေလေ ချစ်စရာပိုကောင်း လေလေ''စသဖြင့် ပြောဆိုလေ့ရှိပါသလား။

ယောကျ်ားသားအများစုသည် နားထောင်လိုစိတ်မရှိကြ။ ထိုသို့သော နားထောင်လိုစိတ်မရှိသောသူများသည် အတွေးအခေါ်နှင့် ခံစားချက်အားနည်း သူများဖြစ်သည်။ သူများကို မထီလေးစားပြု၍ ဂရုမစိုက်သူများဖြစ်သည်။

သူများစကားကို နားထောင်ခြင်း အလေ့ရှိသူများ၏စကားကို ပတ်ဝန်းကျင်က လည်း ဂရုစိုက်ပြန်လည် နားထောက်ကြသည်။ မယားများသည် လင် ယောကျ်ားကို ရိုသေခြင်း၊ လေးစားခြင်း၊ သိမှတ်ခြင်းပြုရသည်။ မည်သို့ သက်သေပြုရမည်နည်း။ စကားနားထောင်ရသည်။

မိမိခင်ပွန်းသည်က သူ့ခံစားချက်ရင်ဖွင့်၍ အကြံဉာဏ်တောင်းခံမှ သာလျှင် အကြံပြုရသည်။ ထိုသို့မဟုတ်လျှင် လင်သားစကားပြောနေစဉ် ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မပြုကောင်းပါ။ သူ့ခံစားချက်ရင်ဖွင့်လာသည့် အခါ ဘဝင်မကျမှုဝေခံစားခြင်း မပြုနိုင်လျှင်လည်း နားလည်လက်ခံရသည်။ သို့ရာတွင် သူ့ခံစားချက်ကို ထောက်ခံသည်ဟု မဆိုလိုပါ။ ထိုအချိန်အခါသည် စိုးရိမ်ကြောက်လန့်ခြင်း၊ နာကျင်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ မောပန်းခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ ခွန်အားနည်းခြင်းကာလဖြစ်၍ အနီးဆုံးလူကို ရင်ဖွင့် မျှဝေခြင်းဖြစ်သောကြောင့် နားလည်နာခံရသည်။ ဝေဖန်ပြောခြင်း၊ အကြံပြု ခြင်း၊ သဘောထားတင်ပြခြင်း ပြုရမည့်အချိန်အခါမဟုတ်။ စိတ်အေးနားအေး သည့် အချိန်မှသာ ဆွေးနွေးအကြံပြုရသည်။

လုံးဝလွဲမှားခြင်း၊ သမ္မာကျမ်းစာနှင့် မကိုက်ညီသောခံစားချက်၊ မုန်းတီးခြင်း၊ ခါးသီးခြင်း၊ ခွန်အားနည်းခြင်းဖြစ်နေလျှင် စိတ်အေးသည့်အခါ ကူညီရသည်။ မည်သို့သော အခြေအနေဖြစ်စေကာမူ ပထမဆုံး ရင်ဖွင့်သည့် အချိန်၌ မေတ္တာထားလျှက် နားလည်ပေးရသည်။ သဘောမတူမကျေနပ်လျှင် လည်း ခဏဘေးချိတ်ပြီး သူ့စကားကို ဝန်ခံရသည်။ နောက်မှ လမ်းမှန် ကမ်းမှန်သို့ အကြံပြုကူညီရသည်။

ထိုသို့ လာရောက်ရင်ဖွင့်သည့်အခါ အကြံဉာဏ်လာရောက်တောင်းခံ ခြင်းမဟုတ်ကြောင်း သိထားရသည်။ ထိုသို့ နားထောင်ပေးခြင်းသည် မုန့်တဖွဲ့ ရေတခွက်ပေးကမ်းခြင်းဖြစ်သည်။ လင်မယားနှစ်ယောက်အကြားတွင် ယုံကြည် စိတ်ချမှု၊ နီးစပ်မှု၊ ကတိကဝတ်ပြုမှု တည်ဆောက်ခြင်းလည်းဖြစ်သည်။ နောက်

မှ သွန်သင်ကူညီရသည်။ ထိုသို့လက်ခံနားထောင်ခြင်း မပြုဘဲ အကြံပြုခြင်း၊ သဘောထားပြသခြင်း၊ အဆိုးမြင်၍ ဝေဖန်ခြင်းပြုလျှင် ယုံကြည်ခြင်းသစ္စာ ပျက်စီးမည်။ နီးစပ်မှုထက် ဝေးကွာမှုဖြစ်ပေါ်လာမည်။

၁။ ဥပမာ။ မယားက သူ့လင်ယောကျ်ားသို့ "တကယ့်အကုသိုလ်နေ့ပဲ၊ သားက တနေကုန်နေမကောင်းလို့ မတတ်သာတဲ့အဆုံး ဆရာဝန်ထံပြသရတယ်။ နီနီကလည်း ဘာမှကူညီဖော်မရဘူး၊ အေးလေ၊ ငါကသူ့အတွက် ဆုမတောင်းပေးခဲ့ဘူးလေ"ဟု ပြောသည့်အချိန်တွင် လင်ယောကျ်ားက "ငါ တနေကုန် မိသားစုအတွက် တပင်တပန်းအလုပ်လုပ်နေတာ၊ အလေလိုက်နေတယ်လို့ ထင်နေသလား။ ငါ့ဘာလုပ်နေတယ်သိသလား"ဟု ပြန်ပြောခြင်းသည် မှားယွင်းသောစကားဖြစ်သည်။ ထိုသို့ ပြန်ပြောမည့်အစား "အချစ်ကလေးရေ၊ သိပ်ပင်ပန်းသွားမှာပဲနော်၊ တယောက်ကဖျားနာ၊ တယောက်က ခိုင်းလို့မရသေးတော့ ဆိုးတာပေါ့၊ ဘယ်လိုလို့ ဒီလောက်တောင် လုပ်နိုင်သလဲ၊ ငါ့မိန်းမက တော့ တကယ့်ဘုရားပေးမိန်းမပါပဲ၊ ကလေးတွေအတွက်တော့ ချီးမွမ်းစရာ မကုန်နိုင်တဲ့ မိခင်ပါပဲ"ဟု ပြောရသည်။

ဥပမာ ၂။ ကိုယ်ဝန်ရှိသော အမျိုးသမီးက သူ့ယောကျ်ားအား "ဗိုက်တော်တော်နာတယ်၊ ဆရာဝန်ထံသွားပြချင်တယ်။ တီဗွီခါတ်မှန် ရိုက်ရင်ကောင်းမလား"ဟု ပြောသည့်အချိန်တွင် "မပူပါနဲ့၊ ဘုရားလက်ထဲအပ်လိုက်ပါ"ဟု မပြောသင့်ပါ။ "ရင်သွေးလေးရဲ့ ကျန်းမာရေးစိတ်ပူလို့မဟုတ်လား၊ နားလည်ပေးပါတယ်။ ဆရာဝန်ထံမသွားခင် အတူတကွ ဆုတောင်းကြရအောင်"ဟု ပြောရသည်။

ဤဥပမာ (၂)ခုတွင် မှားယွင်းသော တုံ့ပြန်မှုများတွေ့ရသည်။ သူလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ထိုသို့သောစကားကို ကျေနပ်ဘဝင်ကျမည်မဟုတ်။ သူ့စိတ်ခံစားချက်ကို ပေးနိုင်သဖြင့် တလွဲအဖြေပေးကြရသည်။

ထိုအခါမျိုးတွင် စိတ်သက်သာရာသာ လိုချင်သည်။ ရှင်းပြချက်ကို

နားထောင်လိုသည်မဟုတ်။ လင်ယောကျာ်းထံသို့ ထိုသို့ပြောပြခြင်းသည် ပြဿနာဖြေရှင်းရန်ဖြစ်သည်။ ''ဘာလုပ်ရမလဲ'' (သို့) ''သင့်အကူအညီလိုချင်တယ်''ဟု တောင်းဆိုခြင်းဖြစ်သည်။ သင့်ကို (၅)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်းထိ သူနှင့်အတူနေရန် တောင်းဆိုခြင်းမဟုတ်။ ၉၀ မှ ၉၅ ရာခိုင်နှုန်းအထိ တောင်းဆိုခြင်းဖြစ်သည်။

လင်ယောကျ်ားက မယားအပေါ် တုံ့ပြန်ပုံဥပမာ(၂)ခု လေ့လာကြမည်။

ဥပမာ ၁။ ထွန်းထွန်း၏မိခင်သည် နှစ်တိုင်းတပတ်မျှသာ အိမ်သို့လာရောက်လည်ပတ်သည်။ သူမရှိသည့်အချိန်များတွင် သူ့မယားသည် ယောက္ခမနှင့်အတူနေထိုင်ရခြင်းကို ကျဉ်းကြပ်မည်ဟု သိရှိသည်။ နှစ်တိုင်းထိုသို့လာရောက်နေထိုင်ခြင်းကို မယားကသဘောမကျ။ မိခင်ရောက်မလာခင် တပတ်နှင့်ပြန်သွားပြီး တပတ်တွင် နှစ်စဉ်လင်မယားစကားများကြသည်။ သို့သော် ယခုနှစ်တွင် တမျိုးထူးခြားသည်။ အလုပ်မှအိမ်ပြန်ရောက်သောအခါ မယားက ပွစိပွစိမပြောမီ မိခင်မရောက်ခင် တပတ်အလိုတွင် မည်သို့လုပ်ရန်ကြံစည်သည်။ သူ့မယားက ''တပတ်တောင် လာနေမယ်ဟုတ်လား၊ တည်းခိုခန်းများမှတ်နေသလား၊ ရှင်အမေက အသန့်ကြိုက်ပါဘိနဲ့''ဟု ပြောလိုက်သည်နှင့် တပြိုင်နက် သူ့မယားကို သိုင်းဖက်ပြီး ''မိန်းမ မပျော်နိုင်တာသိပါတယ်။ နှစ်တိုင်းစိတ်ပင်ပန်းရတယ်၊ အမေက ဝေဖန်တတ်သလို လျှာလည်းရှည်တယ်။ သူလာလည်တဲ့အချိန်မှာ ငါ့အချစ်ကလေး ပင်ပန်းနေမှာပဲနော်၊ မိန်းမပင်ပန်းနေတာ မကြည့်ရက်လိုက်တာ''ဟု ပြောလိုက်သောအခါ မိန်းမအမူအရာပြောင်းလဲသွားသည်။ ယောကျာ်း၏ လက်များကိုကိုင်ပြီး ''ဒီလောက်လည်း မပင်ပန်းပါဘူး၊ ကိုကိုရဲ့မေမေပဲ၊ ကိုကို့ကို မွေးတဲ့လူပဲ၊ ကျမရဲ့အမေပဲ မဟုတ်လား''ဟု ပြန်ပြောလာသည်။

ဥပမာ ၂။ မောင်ကျော်သည် နှစ်စဉ်အမဲပစ် တပတ်သွားလေ့ရှိသည်။ သူ့အဖော်

များနှင့် ဝါသနာတူရာ လုပ်ဆောင်ကြခိုက် အိမ်တွင်ကျန်ရစ်ခဲ့သော မယားသည် လွမ်းဆွေးလေ့ရှိသည်။ ထိုအဖြစ်တွင် လင်ယောကျ်ားက “ငါ့ကိုလာပြောစရာ မလိုဘူး။ နင်ကြိုက်ကြိုက် မကြိုက်ကြိုက် ငါလုပ်ချင်တာလုပ်မှာဘဲ”ဟုဆိုသည်။ ထိုအခါ မိန်းမသည် တံခါးများကိုပိတ်၍ ရန်တွေ့ရန် ဟန်ရေးငယ်တပြင်ပြင်ရှိသည်။ လင်ယောကျ်ားသည် မယား၏တိုက်ခိုက်လာမည့်စကားကို နားမထောင်တော့ပဲ၊ မိန်းမအားပြေးဖက်ပွေ့နမ်းကာ “ငါလွန်သွားပါတယ်၊ ငါဝါသနာပါရာ အမဲလိုက်ပစ်ပြီး မိန်းမကိုအထီးကျန်အောင် ထားပစ်ခဲ့တယ်။ ငါပျော်နေတဲ့ အချိန်မှာ မိန်းမက အထီးကျန်တယ်၊ ငါမတရားဘူး၊ လင့်မျက်နှာတရှာထင်ပြီး လိုက်လာတာ စိတ်ပျက်အောင် လုပ်ခဲ့မိတယ်။ ဒီနှစ်တော့ မသွားတော့ပါဘူး၊ အချစ်ကလေးက ကမ္ဘာပေါ်မှာ ငါ့အတွက်အရေးကြီးဆုံးလူပဲ၊ တောလိုက်အမဲပစ်တာထက် စိတ်ဝင်စားဖို့ကောင်းပါတယ်”ဟု ပြောလိုက်သည်။ ထို့နောက် မယားပြောသမျှ စကားရှည်ကိုလည်း စိတ်ဝင်တစားနားထောင်လိုက်သည်။ သူ့မယားက မည်သို့တုံ့ပြန်မည်ထင်သလဲ၊ “သွားချင်သွားပါ၊ ဒါကိုကိုရဲ့ ထွက်ပေါက်ပဲ၊ ရှင်ကို လိုအပ်နေပေမဲ့ ဝန်ထုပ်ဝန်ပိုးပေးသလိုဖြစ်မိတယ်။ ရှင့်ကို လွမ်းတော့ အချစ်ပိုရတာပေါ့”ဟု ဆိုလာသည်။

လင်ယောကျ်ားသားတို့၊ မယားအများစုသည် လင်ယောကျ်ားနှင့် ရင်း ရင်းနှီးနှီးစကားပြောချင်ကြသည်။ အလုပ်ကိုစီရှိ၍ အပြင်တွင် ထွက်လုပ်နေလျှင်လည်း ညနေထမင်းစားချိန်၊ နံနက်အိပ်ယာထချိန်များတွင် မိန်းမများသည် လင်ယောကျ်ား၏မျက်နှာ မြင်ရလျှင် စားကောင်းအိပ်ပျော်ကြသည်။ မိန်းမသားတိုင်း ထိုသဘောရှိကြသည်။ ရှင်းပြ၍မကုန်နိုင်သည့် လင်မယားသံယောဇဉ် ဖြစ်သည်။ မိမိတို့ခံစားချက်ကို လင်ယောကျ်ားထံသို့ ရင်ဖွင့်မှုဝေချင်ကြသည်။ လင်ယောကျ်ားများထက် မယားများက အကဲပို သဲသဲလှုပ်ကြသည်။

အကြင်လင်မယားအကြား ပြဿနာများတွင် အများဆုံးသည် လင်

ယောကျ်ားများ၏ တကိုယ်ကောင်း အတ္တဆန်မှုဖြစ်သည်။ လင်ယောကျ်ားများက မိမိတို့လုပ်ဆောင်ချက်ကို မယားများက သိမှတ်စေချင်ကြသည့်နည်းတူ မယား များ၏ လိုအင်ဆန္ဒများကိုလည်း ဖြည့်ဆည်းရသည်။ မိန်းမများ၏ စကားများကို လည်း တလေးတစားနားထောင်ရသည်။ ထိုသို့နားထောင်ရာတွင် မိန်းမစကား ကို ဝေဖန်ခြင်း၊ ဆရာလုပ်ခြင်းမရှိရ၊ အကြံဉာဏ် အကူအညီတောင်းခံမှ သာလျှင် ကူညီရသည်။ တဦးစကားကိုတဦးက နားထောင်ခြင်းသည် အကြွင်း မဲ့မေတ္တာပြသခြင်း၊ လက်ခံခြင်း၊ အမှတ်လက္ခဏာဖြစ်သည်။ မယားထံသို့ မိမိကိုယ်ကို ပုံအပ်ရသည်။

ထို့ကြောင့် ကာမပိုင်ရှိလင်သည် မယား၏စကားကို နားထောင်ရ သည်။ ညားခါစတွင် အကြင်နာပိုကြသော်လည်း အချိန်ကြာလာသည်နှင့် အသွင်ပြောင်း အရောင်မှိန်တတ်ကြသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ကုန် သနည်း။ စေ့စပ်ကြောင်းလမ်းခြင်းကာလနှင့် ညားခါစကာလများတွင် ၁– ၂နာရီမက စကား နားထောင်၍ မဝနိုင်ကြ။ နှစ်အနည်းငယ်ကြာလာသည့်အခါ အလှမ်းဝေးကွာလာကြသည်။ အဘယ်ကြောင့်နည်း။ မယား၏ပြောင်းလဲမှု ကြောင့် မဟုတ်ပါ။ မိန်းမ၏စကားကြောရှည် လေရှည်မှု မလိုက်လျောသော ကြောင့် ဖြစ်သည်။

ည ၁၁ နာရီတွင် လင်ယောကျ်ားက ပူးလူးပက်လက်အိပ်သည်။ သူ့မယားက အိပ်ပျော်မပျော်သိချင်၍ ပုခုံးလှုပ်ကြည့်သည်။ ယောကျ်ားက အိပ်ပျော်ဟန်ဆောင်သည်။ ပုခုံးထပ်လှုပ်လိုက်သည်။ မသိချင်ယောင်ဆောင် သည်။ တဖန်ပုခုံးပုပ်ပြီး "မေးစရာတခုရှိလို့ပါ ထပါဦး"ဟုဆိုသည်။ ထိုယော ကျ်ားသည် မျက်ထောင့်နီကြီးဖြင့် သူ့မိန်းမကိုကြည့်လိုက်သည်။ သူ့မယားက လာမည့်စနေနေ့ အသင်းတော်ဈေးရောင်းပွဲမှာ ကိုယ်တိုင်ထယူစနစ်ကောင်း မလား၊ ချကျွေးစနစ်ကောင်းမလား"ဟု မေးသည်။ "လုပ်ချင်တာလုပ်၊ ဒီကိစ္စ ငါနဲ့ဘာဆိုင်လဲ"ဟု သူ့မိန်းမကို ပြန်ပြောပြီး တဘက်သို့လှည့်လိုက်သည်။

ထိုနေရာတွင် ဘာများကြသလဲ။ မယားဏ်မေးခွန်းသည် ခက်ရာခက်ဆစ်မဟုတ်။ ရိုးရိုးလေးဖြစ်သော်လည်း မချေမငံ ဆက်ဆံမှုကြောင့် နံနက်(၄)နာရီတိုင်အောင် လင်မယားနှစ်စလုံး အိပ်မပျော်နိုင်အောင် စနိုးစနောင့်ဖြစ်ကြသည်။ မယားက သူ့ကိုအလေးမထားကြောင်း၊ သူ့ကိုယ်သူသာ ဂရုစိုက်ကြောင်း သူ့ကိုအိမ်ဖော်အစေခံလို သဘောထားဆက်ဆံကြောင်း စွပ်စွဲသည်။ ငိုယိုငြီးတွားသည်။ ယောကျ်ားထံမှ အကြံညာဏ်ကောင်းရမလားဟု ယူဆသော်လည်း ယောကျ်ား၏ဆူပူဟောက်ခြင်းသာ ရရှိသည်။ ယောကျ်ား၏ ပြုမူပုံကြောင့် သူ့မိန်းမသည် စိုးရိမ်ပူပန်လာသည်။

တညဥ့်လုံးအခဲမကျေ စွပ်စွဲပြောဆိုသည်။ လင်ယောကျ်ားက သူ့မယား၏အားနည်းချက်ကို ထောက်ပြသည်။ မယားလုပ်သူက လင်ယောကျ်ား၏ အလိုက်မသိမှု၊ မစာနာမှုကိုပြန်ပြောသည်။ အကယ်၍ မိန်းမ၏စကားကို (၅)မိနစ်မျှ နားထောင်လိုက်ပြီး တခွန်းနှစ်ခွန်းမျှ ပြန်လည်ဖြေကြားလျှင် ယခုကဲ့သို့ (၅)နာရီကြာမျှ ဆူညံပွက်လော ရိုက်နေမည်မဟုတ်။

မယား၏မျက်နှာ မချိုမချဉ်ဖြစ်နေလျှင် မည်သည့်အမှားလုပ်မိကြောင်းကို ကိုယ့်ကိုယ်ကိုဦးစွာ ဆင်ခြင်ပါ။ မိန်းမက "ဘာမှမဟုတ်ပါဘူး"ဟု ဖြေကောင်းဖြေမည်။ ထိုသို့ဖြေလျှင်လည်း တဖန်ပြန်မေးလိုက်ပါ။ "သတိမထားမိလို့ပါ၊ နောက်အဲဒီလို အမှားမျိုးမလုပ်မိအောင် ပြောပြပါ"ဟု တောင်းပန်လိုက်ပါ။ သို့သော် အပြစ်ကင်းစင်သည့် အထက်စီးလေသံမျိုးမဖြစ်စေနှင့်။ စုံစမ်းခြင်း တမျိုးဖြစ်နိုင်သည်။ ဂရုစိုက်ပေးလိုက်ပါ။ ဂရုစိုက်စေလို၍ ဖြစ်နိုင်သည်။ စိတ်ရှည် သီးခံခြင်းသည် သူ့ကိုဂရုစိုက်ခြင်းဖြစ်သည်။ နှုတ်ဖြင့် မဝန်ခံလျှင်လည်း ရင်ထဲမှာ ကျေနပ်နေသည်။ ထိုအခါမျိုးတွင် "မိန်းမကို စိတ်ညစ်စေမိပြီထင်တယ်၊ ဘာများလုပ်မိသလဲ ပြောပြပါ"ဟု ထပ်ပြောကြည့်ပါ။ ထိုသို့သော စကားကြား သိသောအခါ ပျော်ရွှင်လာလိမ့်မည်။ နောက်ဆုံးစာမေးပွဲအဖြစ် "ဘာအမှားလုပ် မိသလဲ၊ ပြောပြပါ။ ငါ့ဘဝမှာ ငါ့မိန်းမက အရေးကြီး

ဆုံးသူပဲ။ အူလိုက်သဲလိုက် ချစ်ပါတယ်။ တခါတရံချစ်သဝန်တိုမိတာပါ''ဟု ပြောလိုက်ပါ။ တကယ်မသိရိုး မှန်လျှင်လည်း ရင်ဖွင့်ဆွေးနွေးလာလိမ့်မည်။

စိတ်သက်သာရာရလာပြီး အားလုံးချောမောသွားမည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အရေးမကြီးပါ။ မိန်းမတို့၏ စိတ်သဘောသိရှိသွားပေမည်။ မိန်းမများ၏ ''အဲဒီလောက်လုပ်ပေးစရာ မလိုပါဘူး''ဟူသော စကားသည် လုပ်ပေးပါဟု အနက်ရကြောင်း မိန်းမစိတ်ကျွမ်းဆရာကြီးတပါးက ပြောပြဘူးသည်။ မယား၏ ''ဒီအကျီက သိပ်ဈေးကြီးမှာပေါ့နော်''ဟူသော စကားသည် ဈေးမကြီးပါဘူး၊ ''အတော်ဘဲ၊ ယောကျာ်းအတွက် အဆင်မပြေဖြစ်နေမလား''ဟူသောစကားသည် အဆင်ပြေပါတယ်၊ ''အရေးမကြီးပါဘူး'' ဟူသောစကားသည် အရေးကြီးသည်ဟု ဆိုလိုကြောင်း ပြောင်းပြန် အနက်ကောက်ရသည်။

တခါတရံ မိန်းမက ''ကျွန်မဘယ်လိုနေလဲ၊ အိုစာပုံပေါက်သလား၊ ဝလွန်းသလား၊ ဒီအဝတ်အစားနဲ့ လိုက်ရဲ့လား''ဟု မေးလာမည်။ စင်စစ်တွင် ထိုစကားသည် လင်ယောကျာ်းကို စွဲဆောင်ခြင်းဖြစ်သည်။ သူ့ကိုအချစ်ပိုအောင် တောင်းဆိုခြင်းဖြစ်သည်။ သင်၏မေတ္တာ နွေးထွေးမှုကို ခံစားလိုခြင်းဖြစ်သည်။ စကားတခွန်းနှစ်ခွန်းဖြစ်လျှင်လည်း တန်ဘိုးကြီးမားသည်ဖြစ်၍ အားပေးလိုက်ပါ။

## ယောကျာ်းများပေါင်းသင်းရေး

လင်ယောကျာ်းများတွင်လည်း စိတ်မပျော်ရွှင်ဘွယ်ရာအကြောင်းပေါင်းစုံရှိတတ်သည်။ ထိုအချိန်အခါမျိုးတွင် အောက်ပါအချက်များရှောင်ကြဉ်ပါ။

၁။ သူ့ပြဿနာများကို မတူးဆွပေးပါနှင့် အဖြေရနိုင်သည့်နည်းလမ်းကမ်းလှမ်းအားပေးပါ။

၂။ သူ့အခက်အခဲများကို စိတ်မဝင်စား၊ ဂရုမစိုက်ပေးဘဲ လစ်လျူရှု မထားပါနဲ့။

၃။ တသက်လုံး အရှက်တကွဲမဖြစ်စေပါနှင့်ဆိုသည့် မီးစတစ်စ၊ ရေတခွက် စကားမျိုးဖြင့်မပြောပါနှင့်။ အကြံကောင်းဉာဏ်ကောင်း သက်သက်ပေးပါ။

ဤအမှား(၃)ခုကို သွားကိုင်ခြင်းသည် သူ့အတ္တမာန်မာကို ထိပါးသည်။ ယောကျ်ားမာန်မာနကို ထိပါးခြင်းသည် မယားများ၏ မသိနားမလည်မှု ဖြစ်သည်။ ယောကျ်ားများ၏ မာန်မာကိုထိပါး စော်ကားခြင်းသည် ပျားအုံကို တုတ်ဖြင့်ထိုးဆွခြင်းဖြစ်သည်။ ပျားအုံကို ထိုးဆွက ပျားများကလာကိုက်သကဲ့သို့ လင်ယောကျ်ား၏ ဒေါသကိုတိုးဆွခြင်းသည် ရန်သူရှာဖွေခြင်းဖြစ်သည်။ ဤနေရာတွင် မယားများသည် မိန်းမမာယာသဲကိုးဖြာ ထုတ်သုံးရန်မမေ့အပ်။ ဤအချက်(၃)ချက်သည် ကြုံဆုံရစမြဲဖြစ်သည်။ မိမိခင်ပွန်း၊ မိဘ၊ သားသမီးများအရေး ဂရုစိုက်လျှင် အဖြေကောင်းဉာဏ်ကောင်းများ ရရှိနိုင်ပါသည်။ မယားများသည် ထိုသို့သော ဉာဏ်ကောင်းများရရှိနိုင်ပါသည်။ မယားများသည် ထိုသို့သော အခြေအနေ၌ ယောကျ်ားသားများအား အကြံဉာဏ်ပြုရာတွင် ယောကျ်ားမာနထိခိုက်စေမည့်စကား မပြောမိရန် အထူးသတိပြုရသည်။

ထို့ကြောင့် သူ၏စိုးရိမ်ပူပန်မှု၊ သောကဗျာပါဒများ၊ စိတ်ဖိစီးမှုများ၊ စိတ်ညစ်မှုများ လာရောက်ပြောပြလျှင် ဂရုစိုက်နားထောက်၍ နားလည်ပေးပါ။ ဝေဖန်ခြင်းမပြုပါနှင့်။ သင့်အမြင်ဖြင့် တဘက်စောင်းနင်း အကြံမပေးပါနှင့်။ သူ့ဘက်တွင် အမြဲရပ်တည်ကြောင်း ယုံကြည်စိတ်ချက်မှုရှိအောင် ရပ်တည်ပေးပါ။ ရင်ထဲရှိသမျှ ဖွင့်ပြလာအောင် တံခါးဖွင့်ကြိုဆိုပါ။ ဝေဖန်ဆေးကြောခြင်း မလုပ်ပါနှင့်။ ပြောသမျှကို နားထောင်ပါ။

ယောကျ်ားသား မာန်မာန မထိပါးရကြောင်း မှတ်သားပါ။ ယောကျ်ားသားများသည် စုံစမ်းခြင်းကို လည်စင်းခံခေါင်းငုံ့ပေးလေ့မရှိကြ။ သို့သော် ပါးနပ်လိမ္မာသော မယားဏ်အကြံပြုချက်သည်။ စုံစမ်းခြင်းကို တွန်းလှန်ရန် အကြံကောင်းညာဏ်ကောင်း ဖြစ်စေသည်။

တခါတွင် နှစ်ပေါင်း (၁၅)နှစ်ကြာ လုပ်သက်ရှိသော ခွဲစိတ်ဆရာဝန်တဦးသည် လူနာကိုခွဲစိပ်နေစဉ် လူနာသေသွားသဖြင့် စိတ်မကောင်း။ စိတ်ချမ်းသာရာရှာမရ။ အထူးသဖြင့် လူနာ၏မယားကို ပြောပြရခက်သည်။ အိမ်ပြန်ရောက်သောအခါ ငိုချသည်။ မယားဖြစ်သူက အကျိုးအကြောင်း မေးမြန်းရာ အကြောင်းစုံ ရှင်းပြလိုက်သည်။ သူ့မယားက “ပြဿနာမဟုတ်ပါဘူး။ ဖြစ်တတ်တဲ့ သဘာဝပဲ။ ရင်ထဲမှာ မထားပါနဲ့”ဟု ပြီးစလွယ်မပြောပါ။ သူ့ကို သဘောကျကြောင်း၊ အမြဲတမ်း ယောကျ်ားဘက်မှာ ရပ်တည်ကြောင်း၊ မည်သည့်အခြေအနေတွင်မဆို ယောကျ်ားနှင့်ထပ်တူခံစားကြောင်း ပြောပြသည်။ လင်သားအပေါ် စိတ်ချယုံကြည်မှုရှိကြောင်း အားပေးသောအခါ လင်ယောကျ်ားသည်လည်း ဖြေဆည်ရာရရှိသည်။

ယောကျ်ားသားများသည်လည်း မိန်းမများ၏နှစ်သိမ့်အားပေးစကားကြားချင်ကြောင်း လေ့လာသိရှိခဲ့ကြသည်။ ထပ်ပြောပါမည်။ ယောကျ်ားသားအများစုသည် ထိုသဘောရှိကြသည်။ အသက်မွေးဝမ်းကြောင်း ရှာဖွေလုပ်ကိုင်ရာတွင်လည်း အားဆေးတခွက်ဖြစ်သည်။ မိန်းမများသည် မိမိအလုပ်ကို လွယ် လင့်တကူ ဖြတ်တောက်နိုင်ကြသော်လည်း ယောကျ်ားသားအများစုသည် ထိုသို့ မလုပ်နိုင်ကြ။ ဆိုခဲ့သည့်အတိုင်း ယောကျ်ားသားအများစုသည် လုပ်ငန်းခွင် စိတ်ဝင်စားကြသည်။ မိသားစု စားဝတ်နေရေးအတွက် လုပ်ကိုင်ကြသည်။ မည်သို့ကြီးပွါးအောင် လုပ်ရမည်နည်းဟု ရှာကြံကြသည်။

၁၉၂၉ ခုနှစ်တွင် စကော့ဈေးကွက် ပြိုလဲသွားသောအခါ ယောကျ်ားသားအများအပြားသည် မိမိကိုယ်ကို သတ်သေကြသည်။ အဘယ်သို့ဆိုသော်

မိသားစုစားဝတ်နေရေး မလုပ်ကျွေးနိုင်ကြသောကြောင့် စိတ်ဓါတ်ပျက်ပြား ကြသည်။

ယောကျာ်းသားများသည် မယားနှင့်မိသားစုကို ချစ်ခင်မြတ်နိုး တန်ဘိုးထားကြပြီး အတည်တကျရှိချင်ကြသည်။ ပုံမှန်ဝင်ငွေရှာကြသည်။ ထိုသို့သော ရည်မှန်းချက်မပြည့်စုံခြင်း၊ ရှေ့ဆက်အသက်ရှင်ရန် မျှော်လင့်မှု အားနည်းချက်များကြောင့် စိတ်ရှုပ်ထွေးနောက်ကျိပြီး မပျော်ရွှင်ကြ။

အသက် (၃၀)ဝန်းကျင်ရှိသော လင်မယားတွင် လင်ယောကျာ်းသည် အလုပ်ပြုတ်သည်။ ဒေဝါလီခံရသည်။ ချေးတပြားမှ ငွေမကျန်။ လင်ယောကျာ်း သည် အလုပ်ရှာဖွေ လုပ်ကိုင်လိုစိတ်လည်း မရှိတော့ပါ။ မယားက လိမ္မာပါး နပ်စွာဖြင့် လင်ယောကျာ်းက အဘယ်မျှယုံကြည်စိတ်ချကြောင်း၊ သားသမီး များနှင့်အတူ ယောကျာ်းမျက်နှာကြည့်၍ အသက်ရှင်နေကြကြောင်း အားပေး သည်။ လင်ယောကျာ်း၏ ဝန်ထုပ်ဝန်ပိုးများ ပေါ့ပါးသွားစေရန် မျှဝေခံစားပေး သည်။ ရက်လကြာရှည် အလုပ်မရှိ တွေးမှိုင်နေရာမှ နောက်ဆုံးတွင် အလုပ် သစ်ရှာဖွေရန် အားသစ်အင်သစ်ရရှိသည်။ ထိုနေ့ညတွင် သူ့မိန်းမကို လက်မောင်းပေါ် မှေးတင်စေပြီး ရွှန်းရွှန်းဝေအောင် ကြည့်ရှုသည်။ သူမကဲ့သို့ သော မယားရရှိသောကြောင့် ကံထူးသူမောင်ရှင်ဖြစ်ရကြောင်း၊ မိန်းမ၏ အားပေးစကားကြောင့် ဘဝသစ်စရမည့်အကြောင်းများ ပြောပြသည်။ ထိုသို့ ဖြင့် မိုးလင်းပေါက် လင်မယားနှစ်ယောက် မဝနိုင်အောင်စကားပြောကြသည်။

ယခုအကြင်လင်မယားအကြား၌ တင်းမာမှုပေါ်ထွန်းပုံနှင့် သဘော ထားကွဲလွဲကြပုံအကြောင်း လေ့လာကြမည်။ မိမိလင်မယားအကြားတွင် မရှိ လျှင်လည်း ဖြစ်တတ်သည့် သဘောသဘာဝအကြောင်းဖြစ်သည်။ ထိုသို့သော စိတ်သဘောထား ကွဲလွဲမှုပေါ်ပေါက်သောအခါ မိန်းမများက ယောကျာ်းများကို မည်သို့သဘောထား ကိုင်တွယ်ကြသနည်း။ တယောက်တမျိုးခံယူသည့်အခါ မည်သို့ဖြေရှင်းရသနည်း။ သမ္မာကျမ်းစာအတိုင်း ဖြေရှင်းရသည်။

**ဧ ၅း၂၂–၂၅ – အချင်းမိန်းမတို့၊ သခင်ဘုရား၏အိုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ ကိုယ့်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံလော့။ အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျာ်းသည် မိမိခင်ပွန်းအပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ခန္ဓာကို ကယ်တင်သူဖြစ်တော်မူ၏။ အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ မိန်းမတို့သည် ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။ အချင်းယောကျာ်းတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။**

အချို့ကိစ္စများတွင် လင်ယောကျာ်းနှင့် သဘောထားကွဲလွဲလျှင် သင်ခံစားချက်အမှန်အတိုင်း မိမိလင်ထံသို့ ပြောပြပါ။ ထို့နောက် လင်ယောကျာ်း၏ဆုံးဖြတ်ချက်ကို နာခံပါ။

ဥပမာအားဖြင့် မိန်းမကခြံဝင်းကျယ်တွင် နေထိုင်ချင်၍ ယောကျာ်းကတိုက်ခန်းတွင် နေချင်မည်။ ထိုအခါမျိုးတွင် လင်ယောကျာ်းထံသို့ ဤသို့ပြောပြရသည်။ "ချစ်ကိုကိုရေ၊ ကျွန်မတော့် ခြံဝင်းနဲ့နေရတာ ပိုပြီးသဘောကျတယ်၊ မြက်ခင်းစိုစို၊ ဥယျာဉ်ခြံထဲမှာ သားသမီးများနှင့် ကစားရင်ပျော်မလားလို့၊ ကိုကိုရော ဘယ်လိုသဘောရသလဲ။ ဒါပေမဲ့ ကိုကိုက ငွေရှာတဲ့လူဆိုတော့ ကိုကိုဆုံးဖြတ်တဲ့အတိုင်းပါပဲ။ ထိုသို့ပတ်ချွဲ နှပ်ချွဲပြောခြင်းဖြင့် ၉၅ ရာခိုင်နှုန်းလမ်းစ အောင်မြင်သည်။ ယောကျာ်းသားများသည် အမေပြောလျှင် တလ၊ မယားပြောလျှင် တညသာခံနိုင်ကြသည်။

**သု ၁၀း၃၂ ဖြောင့်မတ်သောသူ၏ နှုတ်ခမ်းသည် နှစ်သက်ဘွယ်သောအရာကို သိကျွမ်းတတ်၏။ မတရားသောသူမူကား ဆန့်ကျင်သောစကားကို ပြောဆိုတတ်၏။**

ဤနည်းလမ်းကို အသုံးပြုလျှင် လင်ယောကျ်ားအား ပျော်ရွှင်ကျေနပ်စေသည်။ သင့်ယောကျ်ားကလည်း အကောင်းဆုံး တုံ့ပြန်လာပေမည်။ တခါတွင် အိမ်ရှင်မတဦးက သင်းအုပ်ဆရာထံသို့ ဤသို့တိုင်ပင်သည်။ "ယောကျ်ားများက တော်တော်ခေါင်းမာကြတယ်၊ အိပ်ခန်းကို အညိုရောင်ဆေးသုတ်ဖို့ ယောကျ်ားကို ပြောလိုက်တော့၊ သူကအပြာရောင်သုတ်မယ်တဲ့၊ ကျွန်မ ယောကျ်ားအကြောင်း ကောင်းကောင်းသိပါတယ်၊ ကျွန်မပြောတဲ့အရောင်ရဲ့ ဆန့်ကျင်ဘက်အရောင် ရွဲ့ပြောတယ်။ ယောကျ်ားသားများတိုင်းလိုပါပဲ၊ မယားက သီးအောင်ပြောရင်၊ ငါ့အမေကျနေတာပဲလို့ ပြန်ပြောကြတယ်"။ သူ့စကားသည် မှန်ကောင်းမှန်ပေမည်။ အကယ်၍ မိမိစိတ်တိုင်းထင်ရာ လုပ်ပြလျှင် ရေရှည် စစ်ပွဲဖြစ်ပွားနိုင်သည်။

လင်မယားနှစ်ယောက်အကြားတွင် သူတလူငါတမင်း လုပ်နေလျှင် ထိပ်တိုက်ရင်ဆိုင်ကြမည် သေချာသည်။ မင်းလုပ်တာကောင်းသလား၊ ငါလုပ်တာ ကောင်းသလား၊ ငါပြမယ်စသဖြင့် လင်မယားအကြား စစ်ခင်းရတော့မည်။ အခြေအနေတင်းမာလာမည်။ စကားပြန်မဖီသရွေ့ ဆန့်ကျင်ဘက်လားကြမည်။

**သု ၂၁း၉ ရန်တွေ့တတ်သော မိန်းမနှင့်အတူ လူများသောအိမ်၌ နေသည်ထက် အိမ်မိုးပေါ်ထောင့်ထဲမှာနေသော် သာ၍ကောင်း၏။**

**သု ၂၁း၁၉ စိတ်တို၍ ရန်တွေ့တတ်သော မိန်းမနှင့်အတူနေသည်ထက် တောလွင်ပြင်၌ တယောက်တည်းနေခြင်းက ပိုကောင်း၏။**

ထိုသို့သောမယားအား "အချစ်ကလေးရယ်၊ ဒါသင့်အိမ်သင့်ဘဝနော်၊ ငါငွေရှာပေးမယ်"ဟု ပြောလိုက်ပါ။ ကိုယ်ကျိုးအတွက်အပေါ်တွင် ရပ်တည်ခြင်း ထက် မိသားစုအတွက် အကောင်းဆုံးလုပ်ဆောင်ချက်ဖြစ်သည်။

ထို့ကြောင့် အကြင်လင်မယားအကြား ပေါင်းသင်းဆက်ဆံရေးပြေလည်သည့် နည်းလမ်းများအကြောင်း ပြန်လည်ခြုံငုံဆွေးနွေးကြမည်။

၁။ ဦးနှောက်ဖြင့်မဟုတ်ဘဲ နှလုံးသားဖြင့်နာခံပါ။ မယားများသည် လင်ယောကျ်ားများ၏ ခံစားချက်များကို နားလည်မှုဝေခံယူရသည်။ လင်ယောကျ်ားနှင့်အတူ တသားတည်းရှိကြောင်းနှင့် လင်ယောကျ်ားနောက်၌ အမြဲရှိကြောင်း အမြဲအားပေးစကားပြောရသည်။ လင်ယောကျ်ားက မေးမြန်းခြင်းမပြုလျှင် ကြံညာဏ်ပေးခြင်း၊ သဘောထားပြောပြခြင်း မလုပ်ရ။

၂။ လက်ဆောင်ပေးသည့်အခါ စိတ်လှုပ်ရှားဘွယ်ရာများပြုလုပ်ပါ။

ဝတ်စားဆင်ယင်သုံးဆောင်သည့်အခါ ယောကျ်ားဂုဏ်တင့်စရာဖြစ်ပါစေ။ လင်ယောကျ်ား၏ သဘောကျ ဝတ်စားဆင်ယင်ပါ။

၃။ လင်ယောကျ်ား၏ သဘောထားအကြံညာဏ် တောင်းဆိုသည့်အခါ စိတ်လက်ကြည်သာသည့်အချိန်မှာ ပြောပါ။ ဥပမာ မင်္ဂလာနံနက်ခင်းမျိုးတွင် ဖြစ်သည်။ နံနက်စောစောတွင် မကျေနပ်စရာများ ရင်ဖွင့်ခြင်းမပြုရ။ ညားခါစတုန်းက အချင်းချင်းနားမလည်မှုများ ပြန်မပြောရ။ မညားခင်က ရည်းစားဟောင်းများကိစ္စ ပြန်မပြောရ။ နှစ်လကြာရှည် အနာဖေးကျန်နိုင်သည်။ လင်ယောကျ်ားအတွက်ဂုဏ်သိက္ခာရှိမည့်အကြောင်းအရာများသာပြောပြပါ။ စုတ်ဖြဲခြင်းထက် တည်ဆောက်စရာစကားများဆိုပါ။

(၄) နေ့တိုင်းထိတွေ့ကိုင်တွယ်ပါ။ ပုရိသယောကျ်ားသားများလည်း မိန်းမသားများနည်းတူ ဖြစ်သည်။ ပွေ့ဖက်ပါ။ ထို့သို့တစ်ခါပြုမှုခြင်းသည် စကားလုံးပေါင်း တသောင်းထက်စျေးကြီးသည်။ အတူအိပ်ခြင်းမဟုတ်သော ပွေ့ဖက်ခြင်းသည် နွေဦးနံနက်ခင်းတွင် ပွင့်သောနှင်းဆီဖူးကဲ့သို့ ဖြစ်သည်။

(၅) တစ်ပတ်လျှင်တစ်ကြိမ် (သို့) တစ်လလျှင်တစ်ကြိမ် ကိုယ့်ခင်ပွန်းကို ချစ်ခင်နှစ်သက်သည့်အကြောင်းအထူးပြသချက်တစ်ခုခုပြုလုပ်ပါ။ ထိုသို့ ပြုမူပြသရာတွင် အဘယ်မှု ချစ်ခင်လေးစား၍ သဘောကျကြောင်း၊ ကြိုးစားလုပ်ဆောင်ပုံ၊ သစ္စာရှိပုံများကို ချီးမွမ်း၍ အသိအမှတ်ပြုပါ။ ပြဿနာအမျိုးမျိုးရှိသည့်အနက် အူလှိုက်သဲလှိုက်ချစ်ပြပါ။

(၆) သင့်ဘဝအသက်တာတွင် အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်းအမြဲတန်းပြောပြပါ။ သားသမီးအိမ်ခွဲကြသောအခါ နှစ်ယောက်တည်းနေကြဦးမည်။ သားသမီးများကအသက်ငယ်စဉ် မိဘရင်ခွင်မှာရှိနေကြပေမယ့် အရွယ်ရောက်လူလားမြောက်၍ အတောင်စုံသည့်အခါ ပျံသန်းကြလိမ့်မည်။ မိဘများက ချစ်သလောက် သားသမီးများက မိဘများကို ပြန်လည်ချစ်ခင်ခြင်းမရှိရိုးထုံးစံပါ။ ဘယ်သောအခါမှ ဆန်ရေက စုန်ရေကိုမမီနိုင်ပါ။ တစ်နေ့သောအခါ ထားပစ်ခဲ့ကြမည်။ သားသမီးများသည် မိဘများ၏ ဧည့်သည်တော်များသာဖြစ်သည်။ သားသမီးများမရှိတော့သည့်အချိန်တွင် လင်မယားနှစ်ယောက်ကာလကြာရှည် လက်တွဲကြဦးမည်။ အကယ်၍သားသမီးများကို ပထမဦးစားပေးထားပါက ခင်ပွန်းသည်သည် ဒုတိယဦးစားပေးဖြစ်သွားမည်။ ထိုသို့သဘောထားလျှင် တစ်နေ့သောအခါ အထီးကျန်အလွမ်းခံမည်။ မိမိခင်ပွန်းကို လစ်လျူရှုပြီး သားသမီးများကိုသာ ဦးစားပေးခြင်းမပြုရ။

# အခန်း (၅)

## ခင်ပွန်း၏အခန်းကဏ္ဍ

အောင်မြင်သောအကြင်လင်မယားဘဝတွင် အင်္ဂါရပ်(၃)ခုရှိသည်။

၁။ ဘုရားသခင်မိန့်တော်မူသည့်အတိုင်း လိုက်နာလုပ်ဆောင်ရသည်။ တနည်းအားဖြင့် နှုတ်ကပတ်တော်အတိုင်းအသက်ရှင်ရသည်။ အလိုတော်အတိုင်း ပြုမူနေထိုင်ရသည်။ လင်ယောကျ်ား၊မယားတို့ဝတ္တရားပြဋ္ဌာန်းထားသည့်အတိုင်း တာဝန်ဝတ္တရားကျေပြွန်ရသည်။

၂။ နှုတ်ကပတ်တော်သိနားလည်သည့်အတိုင်းလင်ဝတ္တရားကျေပြွန်ရသည်။

၃။ ဘုရားပေးအိမ်ထောင်သည်တာဝန်ဝတ္တရားနှင့်ဆက်စပ်သည့် ကိုယ်ကျင့်တရား(အတ္တလင်းမဲ့ခြင်း)နှင့် စောင့်ထိန်းရသည်။ နှုတ်ကပတ်တော်ကို မျှော်လင့်ချက်ထားလျက် အိမ်ထောင်သည်ဘဝ တာဝန်ဝတ္တရား ကျေပြွန်ရသည်။

**ဧဖ၊၅:၂၅ တွင် 'အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့သည်လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့'**

ခရစ်တော်က အသင်းတော်ကို (၄)ချက်ဖြင့် ချစ်တော်မူသကဲ့သို့ ယောကျ်ားများကလည်း မိမိမယားကိုချစ်ရသည် –

(၁) ထောက်ပံ့သူ

(၂) ကွယ်ကာသူ

(၃)　　ဦးစီးခေါင်းဆောင်

(၄)　　ချစ်ခင်သူ

**(၁)　လင်ယောကျ်ား၏ ပထမအခန်းကဏ္ဍသည် ကျွေးမွေးထောက်ပံ့သူဖြစ်ရသည်။**

မယားနှင့်သားသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ ခံစားချက်နှင့် စိတ်ဓါတ်ရေးရာလိုအပ်ချက်များ ဖြည့်ဆည်းပေးရသည်။

**(က)　ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များဖြည့်ဆည်းခြင်း**

**၁ တိ ၅း၈၊ မိမိလူတို့ကိုမပြုစု၊ ထိုမျှမက၊ မိမိအိမ်သူအိမ်သားတို့ကို မပြုစုသူ မည်သည်ကား ယုံကြည်ခြင်းတရားကို ငြင်းပယ်၍ မယုံကြည်သူထက်သာ၍ ယုတ်မာ၏။**

မိမိသားမယားကို မလုပ်ကျွေးသူသည် ခရစ်ယာန်ဝတ္တရားမကျေပြွန်၊ ယုံကြည်ခြင်းသက်သေမရှိသဖြင့် ပျောက်ဆုံးသော လောကသားထက် ယုတ်ညံ့သည်။ အပြောဖြင့်သာ မိသားစုလုပ်ကျွေးရသည်မဟုတ်၊ ကိုယ်ထိလက်ရောက် လုပ်ကိုင်ကျွေးမွေးရသည်။ ထိုသို့ မိသားစုတာဝန်ပျက်ကွက်သူသည် မိမိကိုယ်ကို မလုပ်ကျွေးနိုင်သော သူဖုန်းစားပမာဖြစ်သည်။ ကြိုးစားအားထုတ်ခြင်း၊ ဖွဲလုံ့လမရှိသူဖြစ်၍ လင်ဝတ္တရား မကျေပြွန်သူဖြစ်သည်။

**၁ကော ၇း၃၂,၃၃ ခင်ပွန်းမရှိသောသူသည် သခင်ဘုရား၏ စိတ်တော်နှင့်တွေ့စေခြင်းငှာ သခင်ဘုရား၏ အမှုကိုသာ သတိထားတတ်၏။ ခင်ပွန်းရှိသော သူမူကားမိမိမယား၏ စိတ်နှင့်တွေ့စေခြင်းငှာ လောကီအမှုကို သတိထားတတ်၏။**

ဤကျမ်းပိုဒ်များအရလင်ယောကျ်ားသည် မယား၏လောကီရေးရာ စိတ်ကျေနပ်မှု များဖြည့်ဆည်းပေးရသည်။ ထိုတာဝန်ကို ဘုရားသခင်က ဒေင်ဥယျာဉ်တွင် ပြဌာန်းခဲ့သည်။ ဘုရားသခင်ကျိန်ဆိုသည့် လင်ယောကျ်ားသည် နဖူးမှခြေမထိ ချွေးကျအောင် အလုပ်လုပ်ကိုင်ရပြီးသားမယားများကို လုပ်ကျွေးရသည်။

**က ၃း၁၇–၁၉** ယောကျ်ားကိုလည်း ထိုအပင်၏ အသီးကိုမစားရဟု ငါပညတ်သော်လည်း သင်သည် မယား၏စကားကိုနားထောင်၍ စားမိသောကြောင့် မြေသည်သင်၏အတွက် ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကို တသက်လုံး ပင်ပန်းစွာစားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင့်အဘို့ မြေ၌ပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာ မြေသို့ မပြတ်မီတိုင်အောင် သင်၏ မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။

အာဒံသည် မယား၏စကားနားထောင်သောကြောင့် အပြစ်ပြုမှားသည်။ ဘုရားသခင်က ကျိန်ဆိုသည့်အတိုင်းလင်ယောကျ်ားသည် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ပြီးသားမယားလုပ်ကျွေးရသည်။ သားမယားကို ထိုသို့ လုပ်ကျွေးခြင်းသည် ရင်ကျက်ခြင်းသက်သေဖြစ်သည်။ လူဘဝ၏ အမှတ်လက္ခဏာတစ်ခုလည်းဖြစ်သည်။ အခြားသူများအား လုပ်ကျွေးလိုသည့် စိတ်စေတနာလည်း ဖြစ်သည်။ သို့သော် လူပျင်းများကသာလျှင် ရုပ်ခန္ဓာ ပင်ပန်းခြင်းကို ခက်ခဲပင်ပန်းသည်ဟု ခံယူကြသည်။ ယောကျ်ားသားအများစုသည် မိသားစုအတွက်တစ်နေ့ကုန် တစ်နေ့ခမ်းလုပ်ကိုင်ကြရသော်လည်း ပင်ပန်းသည်ဟု မထင်ပေ။ ဘုရားသခင်၏ ကျိန်ခြင်းကို ကောင်းချီမင်္ဂလာ အဖြစ်သို့ ပြောင်းလဲစေသည်။ မိမိလက်ဖြင့် ကိုယ်တိုင်လုပ်ဆောင်သည့်

ရိုက်သိမ်းခြင်း၊ စီမံလုပ်ဆောင်ခြင်း၊ စာရေးသားခြင်းစသည့် ရွေးဖြင့်ရင်းသော သမ္မာအာဇီဝသည် အခမဲ့ရရှိသော ငွေကြေးများထက် တန်ဖိုးကြီးမားသည်။

## (ခ) ခံစားချက်များဖြည့်ဆည်းပေးခြင်း

လင်ယောကျ်ားသည် သားမယားများ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်သာမက စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရသည်။ အချို့သော သူများသည် ထိုအချက်တွင် အားနည်းကျသည်။ သားမယားများ စိတ်ဓါတ်ခိုင်မာ နွေးထွေးရန်တည်ဆောက်ပေးရမည့်အစား မိမိအရေးသာ အာရုံစိုက်လုပ်ဆောင်ကြသည်။ ဧ ၅း၂၉ တွင် မိမိမယား၏ လိုအပ်ချက်များ ဖြည့်ဆည်းခိုင်းပါသည်။

## ဧ ၅း၂၉ ကိုယ့်အသားကို မုန်းသူတစ်ယောက်မှမရှိ၊ ခရစ်တော်သည် အသင်းတော်ကို ကျွေးမွေးပြုစုသကဲ့သို့ ခပ်သိမ်းသောသူတို့သည် မိမိတို့ အသားကို ကျွေးမွေးပြုစုရသည်။

ချစ်ခင်ရမည့်အကြောင်းကို ရှေ့ဆက်ဆွေးနွေးပါမည်။ ကျွေးမွေးပြုစုခြင်းအကြောင်းကို ယခုလေ့လာကြမည်။ ဂရိမူရင်းကျမ်းတွင် *ekthrepso* ဟု တစ်စုံတစ်ဦးအား ကြီးထွားရန်ပြုစုကျွေးမွေးခြင်းဟုအနက်ရသည်။ လင်ယောကျ်ားက မယား၏စိတ်ခံစားချက်ကို မည်သို့ပြုစုကျွေးမွေးရမည်နည်း။ စိတ်နှလုံးခံစားချက်ရင့်ကျက်ပြီး ကြီးထွားရန် မည်သို့ပျိုးထောင်ရမည်နည်း။

(၁) မိန်းမသည် လင်ယောကျ်ား၏ ဝေဖန်သံကြားချင်သည်မဟုတ်၊ အကြွင်းမဲ့ချစ်ခြင်းမေတ္တာနှင့် ထွေးပိုက်မှုသာလိုချင်သည်။ သူ့ယောကျ်ားက

ဘယ်သောအခါမျှ မစွန့်ပစ်ကြောင်း၊ အိမ်ထောင်ကျခါစတွင် ယုယကြင်နာသကဲ့သို့ တစ်သက်လုံး ယုယမည့်စကားသာကြားချင်ကြသည်။

(၂) သူ့အတွက်အရေးကြီးဆုံးလူဖြစ်ချင်သည်။ ခရစ်တော်ပြီးနောက် ဒုတိယလူဖြစ်ချင်သည်။ ထိုနောက်မှ အလုပ်နှင့်ဝါသနာက တတိယနေရာဖြစ်ရသည်။ တောပစ်အမဲလိုက်ငါးမျှားခြင်းထက် မယားနှင့်အတူနေရသည့် အချိန်ကာလ ပိုများစေချင်သည်။ အချိန်နာရီဟူသမျှ မယားအတွက် အာရုံစိုက်ပေးစေချင်သည်။မည်သို့ အလုပ်များပြားစေကာမူ မယားအတွက် အာရုံစိုက်ပေးစေချင်သည်။ မည်သို့ပင်အလုပ်များပြားစေကာမူတစ်ရက်တွင် အနည်းဆုံးနာရီဝက်မျှ တစ်နာရီထိ မိန်းမ၏စကားပြောသံ၊ ခံစားချက်နှင့် ရင်ဖွင့်သံများနားထောင်ရသည်။ ထိုသို့နားထောင်ပေးခြင်းသည် အရေးကြီးပုဂ္ဂိုလ်အဖြစ်အသိအမှတ်ပြုခြင်းဖြစ်သည်။ အဘယ်မျှပင် ဂရုစိုက်အချိန်ပေးလျှင်လည်း ဘုရားသခင်က ချစ်ခိုင်းသလောက် မချစ်နိုင်ကြ။

(၃) မိမိမယားကို ချီးမွမ်းရသည်။ လင်ယောကျ်ားများ မိမိတို့မယားအားချီးမွမ်းခိုင်းသည်။ သီလရှိသောမိန်းမကို မည်သို့သဘောထားခံယူပါသလဲ။

**သု ၃၁း ၂၈–၃၁ သူ၏ သားသမီးတို့သည် အမိကိုကောင်းချီးပေးကြ၏။ သူ၏ခင်ပွန်းကလည်း သူအမျိုးသမီးအများတို့သည်ကောင်းမွန်စွာ ပြုကြပြီ။ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကို ကျော်လွန်ပြီးဟု ချီးမွမ်း၏။ ယဉ်ကျေးသော အရာသည် လှည့်စားခြင်းနှင့်ယဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကိုကြောက်ရွံ့သော မိန်းမမူကား ချီးမွမ်းခြင်းကိုခံရမည်။ ထိုသို့သော မိန်းမကျင့်ရာ အကျိုးကိုပေးသော သူပြုသောအမှုသည် မြို့တံခါးတို့၌ သူ၏အသရေကို ထင်ရှားစေသတည်း။**

လင်ယောကျ်ားများက မယားကိုဘာကြောင့်ချီးမွမ်းရမလဲ။ အလှရုပကာကိုလား။ မဟုတ်ပါ။ ချီးမွမ်းခြင်းသည် ချစ်ခြင်းမေတ္တာထုတ်ဖော်ပြသခြင်းဖြစ်သည်။ အိမ်ထောင်သက်တမ်းကြာလာသည့်အခါများသောအားဖြင့် ချီးမွမ်းစကား မေ့မိုန်တတ်ကြသည်။ အလှရုပကာသာချီးမွမ်းရမည်ဆိုလျှင် ကိုယ်ဝန်ဆောင်သည့်အခါ ချီးမွမ်းတော့မည်မဟုတ်။ အမှန်မှာ ကိုယ်ဝန်ဆောင်ချိန်ကာလ၌ ပိုမို ချီးမွမ်းမေတ္တာပြရသည်။

လူတစ်ဦး၏ ဖြစ်ထွန်းအောင်မြင်မှုမှသာလျှင် ချီးမွမ်းရသည်မဟုတ်၊ ကြိုးစားအားထုတ်မှုကို ချီးမွမ်းရသည်။ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုရသည်။ အောင်မြင်မှုရှိမှသာ ချီးမွမ်းရမည်ဆိုလျှင် ထိုသူသည် မိမိကိုယ်ကိုယုံကြည်စိတ်ချတော့မည်မဟုတ်။ ထိုသို့ အစွမ်းအစကိုချီးမွမ်းပေးလျှင် မိမိတို့အစွမ်းအစကို အမှုတော်မြတ်သို့ ဆက်ကပ်ချင်ကြသည်။ ကြိုးစားမှုနှင့်ကိုယ်ကျင့်စရိတ္တကို ချီးမွမ်းခြင်းသည် တည်ဆောက်ပေးခြင်း၊ ခွန်အားပေးခြင်း၊ သတ္တိသွေးထိုးပေးခြင်းဖြစ်သည်။

## (ဂ) စိတ်ဓါတ်ရေးရာအားပေးခြင်း

သမ္မာကျမ်းစာတော်မြတ်တွင် ဖခင်များသည် မိသားစု၏ စိတ်ဝိညာဉ်ရေးရာ ခေါင်းဆောင်ရာထူးပေးထားသည်။

**က ၁၈း၁၉ သူသည် မိမိနောက်၌ဖြစ်သော သားများ၊ အိမ်သူများတို့အားပညတ်မည့်အရာကို ငါသိ၏။ သူတို့သည် ထာဝရဘုရား၏ တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည့်အတိုင်း ထာဝရဘုရားသည် အာဗြဟံပြုရသော အခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။**

စာရာသည် ဘုရားသခင်၏ ရွေးချယ်ရေတွက်သည်မဟုတ်။ သူ့ ယောကျာ်းအာပြဟံကိုသာ ရွေးချယ်သည်။ ထိုအိမ်ဦးနတ် အာပြဟံကြောင့် မိသားစုဝင်များ စိတ်ဝိညာဉ်ချမ်းသာကြသည်။

ဘုရားသခင်က လင်ယောကျာ်း၊ ဖခင်အား အိမ်ထောင်မိသားစုဝင် သားသမီးများ၏ စိတ်ဝိညာဉ်ချမ်းသာစေသူအဖြစ် စီရင်ခဲ့ခန့်သည်။ ဘုရားသခင်သည် လောကဖခင်များထက်ပို၍ သူ့သားသမီးများ ကိုချစ်ခင်သည်။ ဘုရားသခင်၏ ခမည်းတော်ရာထူးကို သိချင်သူများသည် လောကဖခင်ကို ကြည့်ရသည်။ လောကဖခင်များသည် ခမည်းတော်ဘုရားသခင်၏ ပုံရိပ်ကိုယ်ပွားများဖြစ်ကြသည်။ အကယ်၍ လောကဖခင်များကို အေးစက်သည်။ ရက်စက်သည်။ ဂရုမစိုက်ဘူးဟုခံယူကြလျှင် ဘုရားသခင်၏ ကယ်တင်ခြင်း ဆုကျေးဇူးကိုလည်း တလွဲထင်ကြမည်။ ထိုကြောင့် ဖခင်များသည် သားမယား အပေါ်တွင် တာဝန်ဝတ္တရားကြီးမားပါပေသည်။

အမေရိကန်နိုင်ငံတွင်သားသမီးများလေ့လွင့်ပျက်စီးကြခြင်း အကြောင်းရင်း တစ်ရပ်မှာ ဖခင်များက စိတ်ဝိညာဉ်လွှမ်းမိုးကြီးစိုးခြင်းမပြုဘဲ၊ မိခင်များ က ကလျော်ကမယ်ဦးဆောင်ကြသောကြောင့်ဖြစ်သည်။ ယောက်ျားသားများ သည် ဘာသာတရား၌ မိန်းမများ၏ သွန်သင်မှုကိုမခံယူလိုကြ။ အရွယ်ရောက် လာသောအခါ မိခင်များကသွားခိုင်း၍သာ ဘုရားရှိခိုးကျောင်းသွားကြသည်။ စိတ်ဝင်စားခြင်းမရှိကြ။ ထိုကြောင့်ဖခင်သည် ဇနီးသားသမီးများအပေါ်တွင် စိတ်ဝိညာဉ်ခေါင်းဆောင်ဖြစ်ရသည်။

ဖခင်မိခင်များလက်တွဲလျက်သားသမီးများကို ဝတ်ပြုကိုးကွယ်ရာသို့ ပို့ဆောင်ရသည်။ သမ္မာကျမ်းစာသွန်သင်ရသည်။ လက်ရှိအခြေအနေ ပတ်ဝန်းကျင် ကိုသမ္မာကျမ်းစာနှင့်နှိုင်းယှဉ်ပြီးပြောဆိုသွန်သင်ရသည်။ ကိုယ်ကျင့်စာရိတ္တ ထိန်းကျောင်းပေးရသည်။ သမီးများသည်လည်း ဘုရားသခင်အတွက် အရေးကြီးလူများဖြစ်ကြောင်း ဖခင်ကသွန်သင်ရသည်။ ဘုရားသခင်ကို သိကျွမ်းရေး တွင် လောကဖခင်များသည် သားသမီးများ၏ စံနမူနာဖြစ်ရသည်။

ထို့ကြောင့်အိမ်ထောင်သည်ဘဝတွင် ဖခင်များသည် သားမယားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ ခံစားချက်များအပြင် စိတ်ဝိညာဉ် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရန် တာဝန်ရှိကြသည်။

## (၂) လင်ယောကျ်ား၏ ဒုတိယတာဝန် ကာကွယ်သူ

### ၄ ၅း၂၅ အချင်းယောကျ်ားတို့ ခရစ်တော်သည်အသင်းတော်ကို ချစ်သကဲ့သို့ ကိုယ့်ခင်ပွန်းကိုချစ်လော့

လင်ယောကျ်ားများသည်မယားကိုယ်စား အသေခံဝံ့သူဖြစ်သည်။ သူ့မယားအား ဆင်းရဲဒုက္ခမရောက်စေရန် ဒုက္ခဝေဒနာသာမက အသက်ပေးဝံ့သူဖြစ်သည်။ ဘီစီ ၅၈၄ ခုနှစ်တွင် ပါရှားဘုရင်ကုပရုမင်းက အာမေးနီးယားဘုရင် တိဂရုနိကို တိုက်ခိုက်အောင်မြင်သည်။ ထိုခေတ်ကာလထုံးစံအတိုင်း စစ်ရှုံးသူနှင့်သူ့မယားကို ကုပရမင်းကသေဒဏ်ချမှတ်သည်။ ထိုအခါ တိဂရုက သူ့မယားကိုယ်စား သူ့ကိုအစိပ်စိပ်အမွှာမွှာ တစပြီးတစ ခုတ်ဖြတ်ရန်နှင့် သူ့မယားကို လွှတ်ပေးရန်တောင်းဆိုသည်။ ထိုသို့သောပေးဆပ်မှုကို ကုဂရုမင်း သဘောကျ၍ နှစ်ယောက်စလုံးသေဒဏ်မှ ပြန်လည်လွှတ်ကင်းစေသည်။

၁၉၈၇ ခုနှစ်တွင် ဖိလိပိုင်နိုင်ငံ၌ ကူးတိုသင်္ဘောရေနစ်စဉ်လူပေါင်း ၄၀၀၀ကျော်သေကြကြသည်။ အများစုသည် မိန်းမသားများနှင့်ကလေးသူငယ်များဖြစ်သည်။ ယောကျ်ားသားအများစုသည် ကယ်ဆယ်ခြင်းခံရကြသည်။ ထိုနည်းတူ ဘောလ်တိတ်ပင်လယ်တွင်အက်စတိုးနီးယားနိုင်ငံမှ ကူးတိုသင်္ဘောဖျက်စီး ရေနစ်သည်။ အသက်ဘေးရန်လွတ်လာသော ယောကျ်ားများအားသတင်းထောက်များက အဘယ်ကြောင့်မိန်းမများနှင့် ကလေးများ မကူညီကြသလဲဟုမေးသောအခါ တချို့က 'ရှန်းကန်နိုင်မှ

လွတ်ကာ’ ယောကျ်ားသားတွေပဲ ရှန်းကန်နိုင်တယ်ဟုဖြေ ကြပြီးတချို့က ‘မိန်းမတွေလည်း ယောကျ်ားတွေလို ရှန်းကန်ရင်လွတ်ကြမှာပဲ’ဟု ပြန်ဖြေကြသည်။

ထို ၁၉၇၀ ခုနှစ်ဝန်းကျင်တွင်လည်း ထိုဖြစ်စဉ်မျိုး၌ ယောကျ်ားသားများအား မိန်းမများမကယ်ဆယ်ရသည့်အကြောင်း အံ့သြခဲ့ကြသည်။ နယူးဒေလီမြို့မှ အမျိုးသမီးတစ်ဦးသည် ခါးပြတိုက်ခြင်းခံရသည်။ ထိုလူဆိုးကို တိုက်ခိုက်ရာ ထိုလူဆိုးသည် အခြေခံအပေါင်းပါများခေါ်လာပြီး လာရောက်တိုက်ခိုက်သည်။ ထိုကာလ၌ အိမ်နီးနားချင်းများလည်းမရှိကြ။ အကယ်၍ သူ့မိသားစု စုံနေလျှင် ထိုခါးပြများကို ပြန်လည်တိုက်ခိုက်ပါမည်။ တနည်းအားဖြင့် လင်ယောကျ်ားသားများ သည် မိသားစုကို အသက်ပေးကာကွယ်ရသည်။

**ဧ ၅း၂၅ တွင်** ခရစ်တော်ကအသင်းတော်ကို ချစ်ရသကဲ့သို့ လင်ယောကျ်ားများသည်လည်း မိမိမယားကို ချစ်ခိုင်းသည်။ ခရစ်တော်သည် အသင်းတော်အတွက် အသက်ပါမကျန်ရှိသမျှ စွန့်လွှတ်သည်။ လင်ယောကျ်ားသည် မယားအတွက် အသက်ရှင်သူဖြစ်သည်။ ခရစ်တော်အသင်းတော်ကို မည်သည့်ပုံစံဖြင့် ကွယ်ကာသနည်း။

**ဆာ ၉၁း၄–၆ အတောင်တော်အမွေးနှင့်ဖုံးအုပ်တော်မူ၍ အတောင်အောက်၌ သင်သည် လုံခြုံစွာနေရလိမ့်မည်။ သစ္စာတော်သည်သင်၏ ဒိုင်းလွှားဖြစ်လိမ့်မည်။ ညဉ့်အခါဖြစ်တတ်သော ဘေးကို၄င်း၊ နေ့အချိန်ပစ်သောမြှားကို၄င်း၊ မှောင်မိုက်ထဲမှာလည်တတ်သော ကာလနာကို၄င်း မွန်းတည့်ချိန်၌ ပျက်စီးအပ်သောဥပဒေကို၄င်း မကြောက်ရ။**

**တရား ၃၃း၈။ သင်ရှေ့မှာ ထာဝရဘုရားသည် ကိုယ်တိုင်ကြွ၍ သင်နှင့်**

**ရှိတော်မူလိမ့်မည်။ သင့်ကိုစွန့်တော်မမူ၊ ပစ်ထားတော်မမူ၊ မစိုးရိမ်နှင့်စိတ်မပျက်နှင့်ဟု မိန့်တော်မူ၏။**

**ဟေဗြဲ ၁၃း၅–၆။ သင်တို့သည်ငွေကို တပ်မက်ခြင်းနှင့်ကင်းလွတ်၍ ကိုယ်၌ရှိ သောဥစ္စာရောင့်ရဲခြင်းရှိကြလော့။ အကြောင်းမူကား ငါသည်သင့်ကို မစွန့်၊ သင့်ကို အလျှင်းပစ်၍မထားဟုကတိတော်ရှိ၏။ ထိုကြောင့် ထာဝရဘုရားသည် ငါ့ကိုမစတော်မူသည်ဖြစ်၍ သူသည်ငါ၌ ပြုနိုင်သမျှကို ငါမကြောက်ဟု ငါတို့သည် ရဲရင့်သော စိတ်နှင့်ပြောဆိုရသော အခွင့်ရှိကြ၏။**

ခရစ်တော်သည် ရှေ့ကသွား၍ ယုံကြည်မှုများက နောက်တော်သို့ လိုက်ကြသည်။ ကိုယ်တော်က ဘယ်သောအခါ စွန့်ပစ်ခြင်းမပြု၊ ထိုကဲ့သို့ပင် မယားများသည် စိုးရိမ်တွေဝေခြင်းမရှိဘဲ ယောကျာ်းနောက်သို့ လိုက်ကြရသည်။ မည်သို့ပင် ဘဝခရီးလမ်းကြမ်းတမ်းစေကာမူ ကွဲကွာခြင်းမပြုရ၊ ရပ်နိုင်ဆိုင်ရာလိုအပ်ချက် ထက်ပိုမို၍ ဘေးရန်ကွယ်ကာ လုံခြုံစေရသည်။ ခံစားချက်နှင့် စိတ်ချမ်းမြေ့ရေး တည်ဆောက်ပေးရသည်။

သူတပါးဝေဖန်ခြင်း၊ စိတ်ဆင်းရဲအောင်ပြုမူခြင်းမရှိရအောင် လင်ယောကျာ်းက ကာကွယ်ပေးရသည်။ မယားကလည်း ငွေရေးကြေးရေးမှစ၍ အစစအရာရာတွင် ယုံကြည်စိတ်ချရသည်။

**၁ပေ–၃း၇ ထိုနည်းတူယောကျာ်းတို့ ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှာ အသက်ရှင်ခြင်းကျေးဇူးတော်ကို ကယ်ဆယ်အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ့်ခင်ပွန်းနှင့်အတူ နေ၍အားနည်းသူကို ပြုသင့်သည့်အတိုင်းသူ့ကို စောင့်မပြုစုလော့။**

မယားနှင့်သာအတူနေရသည်။ သိက္ခာချွမ်းခြင်းဆိုသည်မှာ တနည်းအားဖြင့် မယား၏လိုအပ်ချက်၊ ခွန်အား၊ အားနည်းချက်၊ အသံတိတ်အချက်ပြချက်များကို နားလည်ရသည်။ သိမှတ်ခြင်းဆိုသည်အရေးကြီးကြောင်း ခံယူခြင်းဖြစ်သည်။ အားနည်းဆိုသည်မှာ အဘယ်နည်း။ မူရင်းကိုကျမ်းတွင် လူဖော်တော်ဖက်မရှိ။ အားနွဲ့သူဟုဆိုသည်။ ခွန်အားမရှိခြင်း၊ စိတ်ဓါတ်ပျက်စီးခြင်း၊ စိတ်ဝိညာဉ်ကစဉ့် ကလျားဖြစ်ခြင်းများပါဝင်သည်။

မိန်းမသည် ယောကျ်ားထက်အခွံပလာဖြစ်ပါသလား။ မယားထက်လင်က ခွန်အားသန်မာပါသလား၊ ၉၁ မှ ၉၉ ထိသာလွန်ပါသည်။ ဤနေရာမှ အားနည်းခြင်းသည် ရုပ်ပိုင်းဆိုင်ရာဖြစ်သည်။ ထို့ကြောင့် လင်ယောကျ်ားသည် ရုပ်ပိုင်ဆိုင်းရာအရ မယားများကို ကွယ်ကာပါသည်။ ထိုသို့ ခွန်အားသာသောကြောင့် အလေးအပင်မခြင်းနှင့် အလုပ်ကြမ်းများတွင် ယောကျ်ားများက တာဝန်ယူရသည်။

သို့သော်လည်း စိတ်ဝိညာဉ်အားနည်းခြင်းနှင့်မသက်ဆိုင်ပါ တထစ်ချမယူဆရ။ **၁တိ ၂း၁၃,၁၄ တွင် အာဒံကို ရှေးဦးစွာ ဖန်ဆင်းတော်မူ၍ နောက်မှ ဧဝကို ဖန်ဆင်းတော်မူ၏။ ထိုမှတပါး အာဒံသည် လှည့်ဖြားခြင်းကိုမခံ။ မိန်းမသည် လှည့်ဖြားခြင်းကိုခံ၍ အပြစ်လွန်းများ၏** ဟု ကျမ်းစကားရှိပါသည်။

ဤအကြောင်းကို နားလည်သဘောပေါက်နိုင်ရန် ကမ္ဘာဦးကျမ်းပြန်လည်လေ့လာကြမည်။ အာဒံကို ပထမဖန်ဆင်နည်း ထိုအာဒံမှတဆင့် ဧဝကို ဖန်ဆင်းပါသည်။ ထိုအပြင် အာဒံကို ဦးဆောင်ရာထူးအပ်နှင်းသည်။ ယောကျ်ားသည် ဦးခေါင်းသာလုပ်ဆောင်၍ မိန်းမသည် နှလုံးသားစေစားရာအတိုင်းလုပ် ဆောင်သည်။ ထို့ကြောင့် အကြင်လင်မယားဖြစ်ကြသည့်တိုင်အောင် ဤအခြေခံကွာခြားချက် (၂) ရပ်ရှိနေကြသည်။

မယားသည် ပင်ကိုယ်အားဖြင့် အားနည်းသောကြောင့် လှည်းဖျားခြင်း ခံရသည်။ ထိုကြောင့် လင်ယောကျာ်းက ကွယ်ကာရသည်။ မိန်းမများသည် လှည့်ဖျားခြင်းခံရသောကြောင့် ကမ္ဘာဦးအစကပင် သူတို့စိတ်နှလုံး၌ မုသာ မာယာကိန်းအောင်းနေပြီး ယောကျာ်းများကိုလှည့်စား အနိုင်ယူလိုစိတ်ရှိကြ သည်။ ဘုရားသခင်ကလူများအတွက် အကောင်းဆုံးပြင်ဆင်စီရင်ထားပါသည်။ နှုတ်ကပတ်တော်မှာ မိန်းမများလှည့်စားရလွယ်ကူပုံတွေ့မြင်ကြသည်။ ထိုကြောင့် ယောကျာ်းများက မယားအား ကွယ်ကာခြင်းသည် ဝန်ထုပ်ဝန်ပိုး ထမ်းခြင်းမဟုတ်။ ဘုရားပေးဝန်တာဖြစ်သည်။

သမ္မာကျမ်းစာ ပုံဥပမာများတွင် လင်ယောကျာ်းကမယားကို အုပ်စိုး ရပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင်လည်း ယောကျာ်းကချမှတ်ရသည်။ အာဗြဟံ နှင့် စာရာတို့တွင် မည်သို့တွေ့ရသနည်း။ သူ့ခြေသူ့လက်ယုံကြည်သည်။ ဘုရားသခင်က ပေးမည့်သားကိုမယုံကြည်။ အဘယ်ကြောင့်ဆိုသော် မီးယပ် သွေးဆုံးနေပြီ။ ထိုကြောင့်သူ့စိတ်ကူးဖြင့် ပုံဖော်သည်။ သူ့လင်ယောကျာ်းကို သူ့ကျွန်မ ဟာဂရနှင့် ညားစေသဖြင့် ဣရှမေလမွေးဖွားကြသည်။ ထို ဆုံးဖြတ်ချက်၏ အကျိုးဆက်ကို ကြည့်ပါ။ ဣရှင်မေလတ်သားမြေးများ ဖြစ်သော အာရပ်လူများသည် လူ့သမိုင်းကြောင်းတစ်လျှောက်တွင် ဣသရေလ လူမျိုးကို ရန်ပြုကြသည်။

မာန်မာနကလူကို ဒုက္ခပြန်ပေးသည်။ ယောကျာ်းသည် ဦးစီး ခေါင်းဆောင်ဖြစ်သည့်အတိုင်း မိမိမယားလှည့်စားမှုမခံရစေရန် ကွယ်ကာရ သည်။ မယားများကလည်း လင်ယောကျာ်းများ၏ ဦးဆောင်မှုနာခံရသည်။ ထိုအကြောင်းကို ယခုခေတ်လူများက လက်မခံကြသော်လည်း သမ္မာကျမ်းစာ လာသသစ္စာတရားဖြစ်သည်။

## (၃) လင်ယောကျ်ား၏ တတိယကဏ္ဍခေါင်းဆောင်

ခေါင်းဆောင်ဆိုသည့်တစ်ဖွဲ့၏ အကြီးအကဲဖြစ်သည်။ ရည်မှန်းချက်ဖော်ဆောင်ရာတွင် ဦးစီးရသည်။ မိသားစု၏ ဦးစီးခေါင်းဆောင်အဖြစ် ဘုရားသခင်က ဖခင်ကို တာဝန်အပ်နှင်းသည်။ လောကအမြင်အရလား၊ ဝိညာဉ်ရေးရာမှာ ပါဝင်သလား။ သားသမီးများကို မည်သို့ကိုင်တွယ်မည်နည်း။ ဘုရားသခင်က လင်ယောကျ်ား(သို့)ဖခင်ကို မိသားစုထောင်အဖြစ် ပြဌာန်းပါသည်။

ဝမ်းနည်းဘွယ်ရာ ကောင်းသည်မှာ အကြင်လင်မယားဘဝတွင် ယောကျ်ားသားများသည်။ ထိုကဲ့သို့ ဘုရားပေးတာဝန်ယူရမှန်းမသိကြ။ တလွဲအနက်ကောက်ကြသည်။ ထိုသဘောကိုယူပြီး မိမိမယားကိုကျေးကျွန်ပမာ သဘောထားဆက်ဆံကြသည်။ မီးဖိုချောင်တာဝန်၊ အိမ်ထောင်ထိန်းသိမ်းရေးတာဝန်၊ လျှော်ဖွတ်ရေး ကိစ္စ၌သာသုံးကြသည်။ တိုင်ပင်ဖေါ်တိုင်ပင်ဖက်အဖြစ် မသုံးပြုကြ။

ခေါင်းဆောင်မည်သည် စင်စစ်တွင် ဦးစီးဦးဆောင်မှုအခြေခံဖြစ်သည်။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် မိမိတကိုယ်တော်အတွေးဖြင့် ဆုံးဖြတ်ရမည်မဟုတ်။ အဖွဲ့သားများအတွက် အကောင်းဆုံးအဖြေဖြစ်ရသည်။ ဧ ၅း၂၃ တွင် ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် ခင်ပွန်းအပေါ်မှာ ဦးခေါင်းဖြစ်၏။ ခရစ်တော်သည် မိမိကိုယ်ကို ကယ်တင်သောသူဖြစ်၏ ဟုဆိုထားပါသည်။ ခရစ်တော်ကအသင်းတော်ကို ခေါင်းဆောင်ရသကဲ့သို့ လင်ယောကျ်ားသည်လည်း မယားကို ခေါင်းဆောင်ရသည်၊ ခရစ်တော်ကအသင်းတော်ကို ကယ်တင်သကဲ့သို့ လင်ယောကျ်ားသည်လည်း သူ့မယားအား ကယ်တင်ရသည်။ သို့သော် ထိုသို့ကယ်တင်ကူညီရာတွင် ကိုယ်ကျိုးအတ္တအတွက်မဟုတ်။ ကောင်းစားစေလိုသည့် စိတ်ရင်း

စေတနာရှေ့ထားရသည်။ မိသားစုခေါင်းဆောင် သည့် မိသားစုဝင်အားလုံး၏ အခြေအနေအရပ်ရပ်ကို ဖြည့်ဆည်းပေးရသည်။ စားဝတ်နေရေးတည်းဟူသော ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ထောက်ပံ့ရ သည်။ ယနေ့ခေတ်ကာလ၌ လင်ယောကျ်ားများသည် ထိုအရေးကိုအလေး မထားကြ။ မကြာခဏပျက်ကွက်ကြသည်။ မိသားစုဝတ်ပြုကိုးကွယ်ခြင်း၊ ကျမ်းစာလေ့လာခြင်း၊ ဆုတောင်းခြင်း၊ ဘုရားရှိခိုးကျောင်းသွားခြင်း၊ သက်သေခံခြင်းများတွင်လည်း ဦးစီးဦးဆောင်ရသည်။ ထိုအချက်များတွင် လင်ယောကျ်ား များသည် မကြာခဏပျက်ကွက်လေ့ရှိသည်။

ယခုခေတ်ကာလအသင်းတော်များတွင် ဖခင်များထက် မိခင်များက နေရာယူလာကြသည်။ ထိုအကြောင်းက နောက်ဆက်တွဲ အဆက်များဖြစ်ပေါ် လာစေသည်။ သားသမီးများက မည်သို့ခံယူကြမလဲ။ ကလေးသူငယ်များကို မည်သို့ သွန်သင်ပါသလဲ။ အသင်းတော်သည် မိန်းမများအတွက်ဟု ထင်ကြ သည်။ ယောကျ်ားသားများ မပါလည်းဖြစ်နိုင်သည်ဟုခံယူကြသည်။ ခရစ်ယာန်ယုံကြည် ခြင်းကို ယောကျ်ားများနယ်မြေမဟုတ်ဟုယူဆကြသည်။ မနူးမနပ်ကလေးသူငယ်များနှင့်မိန်းမများက ခရစ်ယာန်ယုံကြည်ခြင်း၌ ယောကျ်ားများနေရာဝင်လု အာဏာသိမ်းပိုက်ချင်ကြသည်။

စင်စစ်တွင် ခရစ်ယာန်ယုံကြည်ခြင်းသည် ယောကျ်ားများနယ်မြေဖြစ် သည်။ ကယ်တင်ရှင်ယေရှုခရစ်တော်သည် ကြည်ဖြူလိုလားစွာအသေခံတော်မူ ခဲ့သည်။ သေခြင်းကို အလျဉ်းမကြောက်မကားတိုင်၏ ရက်စက်မှုခန္ဓာ ကိုယ်နာကျင်မှု၊ ဘုရားသခင်၏ စွန့်ပစ်မှုခံရသော်လည်း ယေရှုရှုလင်ဘက်သို့ မျက်နှာမူခဲ့သည်။ ဘုရားသခင်၏ လူအများခံရမည့်အမျက်တော်ကို ကြားဝင် ခံယူပေးသည်။ ကိုယ်တော်၏အသေခံတော်မူခြင်းကို နားလည်ယုံကြည်သူတိုင်း အသက်ရရှိကြသည်။ ခရစ်တော်က အသင်းတော်ကို ချစ်၍ ထိုသို့အသက်ပေး သည့်ချစ်ခြင်းမေတ္တာကို လင်ယောကျ်ားများက မယားအပေါ်သို့ ထင်ဟပ်

စေရသည်။ ခရစ်တော်၏ ဦးစီးခေါင်းဆောင်မှုကို သိရှိသော လင်ယောကျ်ား သည် ခရစ်တော်၏ခြေရာလိုက်ကြသည်။ ဧ ၁း၂၂–၂၃ တွင် ခြေဖဝါးတော် အောက်သို့ အလုံးစုံကို ချထားသဖြင့် အသင်းတော်အဘို့အလို့ငှာ၊ သူ့ကို အလုံးစုံတို့၏ အချုပ်ခြာအားဖြင့် ဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော် ကား အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံစေတော်မူသော သူ၏ပြည့်စုံခြင်း တည်းဟူသော ခရစ်တော်၏ကိုယ်ဖြစ်ပေတည်း ဟုကျမ်းစကားဆိုထားပါသည်။

တနည်းအားဖြင့်ယေရှုခရစ်တော်ရှိ အရာခပ်သိမ်းသည် အသင်းတော် အတွက်ဖြစ်သည်။ အသင်းတော်အပေါ်သခင်ယေရှု၏ ဦးဆောင်မှုသည် အသင်းတော်၏ ကောင်းချီးမင်္ဂလာ၊ အကျိုးကျေးဇူးနှင့်ကောင်းစားဖို့ဖြစ်သည်။ ထိုနည်းတူ လင်ယောကျ်ား၏ လုပ်ဆောင်မှုဟုသမျှသည် မယားအတွက် ဖြစ်ရသည်။ အသင်းတော်အပေါ်မှ ခရစ်တော်ရှိသကဲ့သို့ မယားအပေါ်မှာ လင်ယောကျ်ားရှိသည်။ မယားအပေါ်မှာ ဦးစီးခေါင်းဆောင်မှုပြုရသည်။ ထိုဦးစီး ဦးဆောင်မှုသည် ချစ်ခြင်းမေတ္တာပြသခြင်းဖြစ်သည်။ ခရစ်တော်က အသင်းတော်အတွက် အသက်ပေးခဲ့သည်။ ခေါင်းဆောင်မှုအင်္ဂါရပ် (၅)ရပ်လေ့လာကြမည်။

**(၁) အစေခံစိတ်ထား။** ခေါင်းဆောင်သည် ခေါင်းဆောင်မှု၏ အစေခံဖြစ် သည်။ ခေါင်းဆောင်၏ ရှုမြင်ချက်သည် ရည်မှန်းချက်ရောက်အောင် အကောင်းဆုံး ကြံရွယ်ခြင်းဖြစ်ရသည်။ အဖွဲ့သားအားလုံးကို ထိုပန်းတိုင် ရောက်အောင် ပို့ဆောင်ရသည်။ အကယ်၍ အဖွဲ့ခေါင်းဆောင်၏ မူရင်း ရည်ရွယ်ချက်သည် မိမိကိုယ်ကျိုးအတွက်သော်၄င်း၊ စိတ်ကူးတည့်ရာသို့ ၄င်းဦးတည်လျှင် (တနည်းအားဖြင့် မိမိကိုယ်ကိုတည်ဆောက်လျှင်) ခရစ်ယာန် ဦးစီးခေါင်းဆောင်မှုမဟုတ်။ ကမ္ဘာမိုးမြေဖန်ဆင်းရှင်ယေရှုသခင် ကိုယ်တိုင်သည် လောကသားများ၏ အစေခံယူခဲ့သည်။ လု၂၂း၂၄–၂၇ တွင် ခရစ်တော်သည် အသင်းတော်အတွက် အကောင်းဆုံးလုပ်ဆောင်ပေးဆပ်ခဲ့ကြောင်းတွေ့ရသည်။

(၂) **အမိန့်အာဏာလေးစားခြင်း။** အမိန့်အာဏာရှင်များက ပုန်ကန်မှုကို မုန်းတီးကြသည်။ အဖွဲ့အစည်းအသိုင်းအဝိုင်းတွင် အရွယ်ရောက်လူလား မြောက်သူများသည် မိမိထင်ရာမြင်ရာသွားချင်ကြသည်။ အရည်အချင်းပြည့်မီသော ခရစ်ယာန်ခေါင်းဆောင်များက အမိန့်အာဏာဟူသမျှ လေးစားကြသည်။ အထူးသဖြင့် ဆိုင်ရာပိုင်ရာ အမိန့်အာဏာရှင်များကို လေးစားကြသည်။ ရဲအရာရှိ ဒေသဆိုင်ရာအာဏာပိုင် အသက်ငယ်ရွက်သည့် တိုင်အောင် အသင်းတော်ကို တာဝန်ယူရသော သင်းအုပ်ဆရာများကို လေးစားကြသည်။ ခရစ်တော်ကိုယ်တိုင်လည်း လူ့လောကတွင် သီတင်းသုံးတော်မူစဉ်ဒေသခံ အာဏာပိုင်များကို လေးစားခဲ့သည်။ ခမည်းတော်ဘုရားကိုလည်း အပြည့်အဝ ဝန်ခံသည်။

**ယော ၄း၃၄ ယေရှုက ငါ့ကိုစေလွှတ်တော်မူသော သူ၏အလိုတော်ကို ဆောင်ခြင်း၊ အမှုတော်ကို ပြီးစီးခြင်းသည် ငါ့စားစရာဖြစ်၏။**
ကိုယ်တော်သည် လူ့လောကမိဘများကိုလည်း လေးစားသည်။

**လု ၂း၅၁ ထို့နောက် ယေရှုသည် မိဘတို့နှင့်အတူသွားသဖြင့် နာဇရက်သို့ရောက်၍ သူတို့စကားကို နားထောင်လျက်နေ၏။ ထိုအကြောင်းအရာ အလုံးစုံကို မယ်တော်သည် နှလုံးထဲ၌ မှတ်ကူးလေ၏။**

**(၃) ရှုပါရုံထားခြင်း၊ သု ၂၉း၂၈ ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်း ဖြစ်ကြ၏။ တရားတော်ကို စောင့်သောသူများက မင်္ဂလာရှိ၏။**
ဤနေရာမှ ရှုပါရုံသည် သမ္မာကျမ်းအလာရည်မှန်းချက်ပန်းတိုင်ဖြစ်၍ မရောက်ရောက် အောင်သွားရသည်။ လိုအပ်သည့်အတိုင်း လိုအပ်သည့် နေရာသို့သွားရသည်။ ထိုသို့သွားရောက်နိုင်ရန် နည်းပေးလမ်းပြသူ ခေါင်းဆောင်လိုအပ်သည်။

**(၄) အရည်အချင်း–** ခေါင်းဆောင်တွင် အရည်အချင်းရှိရသည်။ မလုပ်ဆောင်ဘွယ်ရာများ နားလည်သကဲ့သို့ ပြီးစီးအောင်လုပ်ဆောင်နိုင်ရသည်။ လူအများအပြားသည် စံပြမိဘမရှိကြသကဲ့သို့ ကျင်လည်သည့်ပတ်ဝန်းကျင် အသိုင်းအဝန်းသည်လည်း သမ္မာကျမ်းစာသိရှိနားလည်လိုက်နာခြင်းမရှိကြ။ ဘေးရန်များသည့် အတွေးအခေါ်ရှိကြသည်။ ထိုကြောင့်အိမ်ထောင်ပြုသည့် အချိန်မှစ၍ အကြင်လင်မယားဖြစ် လာသည့်အချိန်တွင် ဘုရားသခင်၏ တရားတော်၌ အခြေတည်ရသည်။

**(၅) ကိုယ့်ကျင့်စာရိတ္တ။** အိမ်နီးချင်းအပေါင်းအသင်းများက လူကောင်းဟု ထင်မြင်ခြင်းကို ကျေနပ်နေကြပေမည်။ သို့သော် မယားကိုတွေ့မြင်ခါမှ အဖြစ်မှန်သိလာကြမည်။ လုပ်ငန်းခွင်တွင် ကြီးကြပ်ကွပ်ကဲသူ ဆရာသမားအောက်၌ လုပ်ကိုင်နေရသဖြင့် ကိုယ်ကျင့်စာရိတ္တလွယ်ကူစွာ မသိနိုင်ပေ။ ခေါင်းဆောင်ကောင်းဖြစ်ရန် မည်သည့်ကိုယ်ကျင့်စာရိတ္တ ရှိရမည်နည်း။

**(က) ရိုးသားဖြောင့်မတ်ခြင်း။** ထိပ်ဆုံးအချက်ဖြစ်သည်။ လူများအထူးသဖြင့် မယားသားသမီးများက ခက်ခဲသည့်ကာလ၌ မိမိစကားကို ယုံကြည်စိတ်ချရန် လိုအပ်သည်။ လူတစ်ဦး၏ ကိုယ်ကျင့်စာရိတ္တကို ရိုးသားဖြောင့်မတ်ခြင်းဖြင့် တိုင်းတာရသည်။ ထိုကြောင့် ရိုးသားဖြောင့်မတ်မှုကို တန်ဘိုးထားရသည်။ သားမယားများအပေါ်တွင်စကားတည်ရသည်။ မဟုတ်မမှန်သည့်စကား၊ မုသားမပါလင်္ကာမချော်ဆိုသော စကားမျိုးထက်ဟုတ်တိုင်းမှန်ရာ ပွင့်လင်းစွာ ပြောဆိုရသည်။ လုပ်ဖော်ဆောင်ဘက်များနှင့် ပတ်ဝန်းကျင်ကအချိန်းပိုင်းမှသာ တွေ့မြင်ရကြသော်လည်း မယားသားသမီးများက အမြဲမပြတ်တွေ့မြင်သည်။

သားမယားများအပေါ်တွင် အမှားလုပ်မိသည့်တိုင်အောင် နားလည်ခွင့်လွှတ်နိုင်သည်။ နောင်ကာလမှ နောင်တမရမှီ စောလျင်စွာ ထိုသို့သော

ကိုယ်ကျင့်စာရိတ္တရှိရသည်။ အကယ်၍ အပြစ်တစ်ခုလုပ်မိသည်ကို ဖုံးကွယ်ထားလျှင်သိရှိ လာကြသောအခါ ဘဝတသက်လုပ်ဆောင်ချက်များ အချည်းနှီးဖြစ်သွားသည်။ တသက်လုံး ဖုံးသမျှ ကုန်း၌ခါမှ ပေါ်နိုင်သည်။ မိမိအမှားကို သားမယားများထံ ပွင့်လင်းစွာ ဝန်ခံလျှင်မယားကလေးစားသည်။ ကလေးများကလည်း အပြစ်ဝန်ခံရကြောင်း နားလည်လာသည်။ ကလေးများသို့ ကတိပေးပြီးနောက် မလုပ်ပေးလျှင် နောင်တွင် သားသမီးများက ယုံကြည်ကြတော့မည်မဟုတ်ပေ။ စကားမတည် လူလိမ်ဟုသတ်မှတ်သွားကြမည်။ ဘုရားသခင်ပုံဆောင်သောလောကဖခင်ဟုလည်း အမြင်ကြည်လင်ကြတော့မည်မဟုတ်။ မယားထံသို့ပေးထားသည့်ကတိချိုးဖျက်လျှင် ယခင်ကအပြစ်အပျက်များကိုလည်း အလိမ်းအညာဟုထင်သွားမည်။ ထို့ကြောင့် ပြောသည့်အတိုင်းကတိတည်ရသည်။ သို့မဟုတ်လျှင် အကျိုးဆက်ခံရမည်။

**(ခ) အစွမ်းသတ္တိ။** လင်ယောကျ်ားသည် ပတ်ဝန်းကျင်၏စကားကြောင့်အနုတ်လက္ခဏာပြုမူလျှင် သူ၏ဦးဆောင်မှုသည် ရေရာသေချာခြင်းမရှိ။ ယနေ့ခေတ်ကာလတွင်အမေရိကန်ယောကျ်ားများတွင် နေအိမ်တွင် ခေါင်းဆောင်မဟုတ်ကြတော့ပါ။ သို့သော် မယားကို ကြောက်သောကြောင့်မဟုတ်။ မိန်းမနှင့်စကားများ ရန်မဖြစ်ချင်ကြသောကြောင့်ပြန်မပြောကြ။ အေးဆေးငြိမ်သက်စွာနေလိုကြသည်။ မိန်းမများက သွားချင်ရာသွားကြ၍ သားသမီးများက လုပ်ချင်ရာလုပ်ကြသည်။ မိသားစုများ ထိုသို့သမ္မာတရားမသိဘဲ ထင်ရာမြင်ရာလုပ်ကြသည်ကို လက်ပိုက်ကြည့်နိုင်ပါသလား။ ပတ်ဝန်းကျင်ဘေး အန္တရာယ်နှင့်အပေါင်းအသင်းဆိုးများ၊ ဘေးရန်မှ မိမိမိသားစုကို မကွယ်ကာသကဲ့သို့လွှတ်ကြည့်နေပါသလား။ မယားသားသမီးများ၏ မိမိ၏အလိုလိုက်ခြင်းထက်ဘုရားသခင်၏ ကျေနပ်မှုကို ရယူပါသလား။ လင်ယောကျ်ားကောင်းဖခင်ကောင်းဟူသည် ဇနီးသားသမီးများအား လမ်းဘေးမရောက်အောင်

လမ်းပြဦးဆောင်ရသည်။ မိသားစုခေါင်းဆောင် လင်ယောကျ်ားသည် ဘုရားသခင်ကို ချစ်ကြောက်သည့်အတိုင်း မိသားစုတို့လည်း ထိုသို့ဖြစ်စေသည်။

**(ဂ) စည်းကမ်းကောင်းမွန်ခြင်း။** ခေါင်းဆောင်ကောင်းသည် သူကိုယ်တိုင် စည်းကမ်း ကောင်းမွန်သေဝပ်သည်။ ထိုသို့စည်းကမ်းသေဝပ်ရာတွင် ပထမဆုံးအချက်သည် နေ့တိုင်းမိသားစုဝတ်ပြုကိုးကွယ်ခြင်း ဦးဆောင်ရေးဖြစ်သည်။ အထူးသဖြင့် မိသားစု ဝင်အားလုံးပါဝင်စေရသည်။ အချိန်ရှိသေခြင်းနှင့်ငွေကြေးသုံးစွဲခြင်းတွင် စည်းကမ်းရှိရသည်။ အိမ်ထောင်ပြုသည့်အချိန်မှစ၍ သွားချင်ရာသွား၊ လာချင်ရာလာ မရတော့ပါ။ ထို့အပြင် ကိုယ့်အရေးသာမက မယားသားသမီးအရေးပါလာသည်။ ဒုတိယအချက်မှာ မိသားစုတွင်လည်း စည်းကမ်းရှိရမည်။ စကားအပြောအဆို၊ အချိန်ဦးစားပေးစရာများခွဲခြားနားလည်တတ်ရသည်။ ခေါင်းဆောင်သည်စံပြ ဦးဆောင်ဖြစ်ရသည်။ စည်းကမ်းသေဝပ်ရေးတွင် ရှင်ပေါလုသည်တကယ်စံနမူနာကောင်းဖြစ်သည်။ ၁ကော၉း ၂၇ နှင့် ၁၁း၁ ကိုကြည့်ပါ။ သူ၏စည်းကမ်း သေဝပ်ပုံသည် စံနမူနာဖြစ်သည်။

**(ဃ) သစ္စာရှိမှု။** သစ္စာတရားက သစ္စာစောင့်သည်၊ သစ္စာရှိမှ သစ္စာတည်သည်။ သစ္စာစောင့်ထိန်းခြင်းသည်မိသားစုအား သစ္စာရှိကြရန်သင်ပြခြင်းဖြစ်သည်။ အကြွေးပုံသော ဖခင်သည် သားသမီးများ၏ ရန်သူဖြစ်၍ လင်ယောကျ်ားအပေါ် သစ္စာမတည်ဖောက်ပြန်သောမိခင်သည် မိသားစု၏ ရန်သူဖြစ်သည်။ အဘယ်သို့ ဆိုသောအမှားသရုပ်ပြသကြသည်။ ထိုသို့ ကိုယ်တိုင်မဖောက်ပြန် မပျက်စီးရသကဲ့သို့ သားသမီးများ၏ မျက်နှာကိုလည်း အိုးမဲမသုတ်အပ်ပါ။ ယောကျ်ားသားမည်သည် မိသားစုအား ကျမ်းစာအတိုင်းအသက်ရှင်ရန်

လမ်းပြဦးဆောင်သူဖြစ်သည်။ မျက်ကန်းသစ္စာစောင့်ခြင်းမဖြစ်ရ။ သစ္စာတရားကို နားလည်ရသည်။ သစ္စာရှိသော ခေါင်းဆောင်နောက်တွင် သစ္စာရှိသော နောက်လိုက်များကလိုက်ကြသည်။

**(င) ပွင့်လင်းသော ပေါင်းသင်းဆက်ဆံရေး။** ခေါင်းဆောင်မှု၏ သော့ချက်ဖြစ်သည်။ ပြေလည်သောပေါင်းသင်းဆက်ဆံရေးနှင့် ရည်မှန်းချက်ပန်းတိုင်မရှိလျှင် ရှုပ်ထွေးမှု၊ နားမလည်မှု၊ လွဲမှားမှုဖြစ်ပေါ်လာသည်။ မယား၊ အလုပ်သမားနှင့် အစေခံများက ပွင့်လင်းမှုလိုချင်ကြသည်။ ပွင့်လင်းသူ၏ စကားကိုနားထောင် ကြားသိချင်ကြသည်။ ထိုသို့ ပွင့်လင်းမှသာလျှင် တစ်ဦး၏ စိတ်ဆန္ဒကိုနားလည် သဘောပေါက်နိုင်သည်။ ထိုမှသာလျှင် စေတနာပါဝင်နိုင်သည်။ မယားကလည်း မိမိလင်သို့ အကြံဉာဏ်ပေးနိုင်သည်။ ခွန်အားပေးနိုင်သည်။ မောပန်းချိန်တွင် နှစ်သိမ့်နိုင်သည်။ လင်ယောကျာ်းသားများကလည်း မယား၏ အားပေးချက် အကြံပြုချက်နားထောင်ရသည်။ ပွင့်လင်းစွာတိုင်ပင်ပြောဆိုရသည်။ သို့သော် လင်ယောကျာ်းကသာ ဆုံးဖြတ်ချက် ချမှတ်ရသည်။

**(စ) ချစ်ခြင်းမေတ္တာ။** ဤနေရာတွင် အာဏာလေမေတ္တာရည်ညွှန်းသည်။ ချစ်သောသူအတွက်သာပေးဆပ်ခြင်းဖြစ်သည်။ ကိုယ်ကျိုးမငဲ့တုံ့ပြန်မေတ္တာမျှော်လင့်ချက်မထား။ ခေါင်းဆောင်ကောင်းသည် ကိုယ်ကျိုးအတ္တစွန့်လွှတ်သည်။ လင်ယောကျာ်းက မယား၏ လိုအပ်ချက်သင်းအုပ်ဆရာက အသင်းသားများ၏ လိုအပ်ချက်၊ အလုပ်ရှင်ကအလုပ်သမားများ၏ လိုအပ်ချက်မဖြည့်ဆည်းပေးလျှင် သစ္စာစောင့်သိခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ယုံကြည်စိတ်ချခြင်းရှိကြမည်မဟုတ်။

**(၄) လင်ယောကျ်ား၏ စတုတ္ထအခန်းကဏ္ဍသည် အားပေးသူနှင့် ချစ်ခင်သူ ဧ ၅–၂၈–၂၉၊ ထိုနည်းတူယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိ ခင်ပွန်းကိုချစ်ပြုရမည်။ ခင်ပွန်းကို ချစ်သူသည် ကိုယ့်ကိုယ်ကို ချစ်သောသူဖြစ်သည်။ ကိုယ့်အသားကို မုန်းသူတစ်ယောက်မှမရှိ၊ ခရစ်တော်သည် အသင်းတော်ကို ကျွေးမွေးပြုစုတော်မူသကဲ့သို့ ခပ်သိမ်းသော သူတို့သည် မိမိတို့အသားကို ကျွေးမွေးပြုစုတတ်၏။**

ချစ်ခင်သည်ဆိုသည်မှ အဘယ်သို့နည်း ဂရိဝေါဟာရတွင် thalpo ဖြစ်၍ ရင်းနှီးစွာ ကိုင်တွယ်ခြင်း၊ စံခင်းစိုက်ထုတ်ဖော်ပြသခြင်း၊ ဂရုစိုက်ခြင်း၊ စောင့်ရှောက်ခြင်း၊ အကျိုးပြုခြင်း၊ ငြိမ်သက်ချမ်းမြေ့စေခြင်းဟု အနက်ရသည်။ တစ်စုံတစ်ဦးအပေါ်သို့ အကျိုးပြုသည့်လုပ်ဆောင်ချက်ဖြစ်သည်။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏ ပြုတော်မူပုံ၌သုံးထားသည်။ ထိုနည်းတူလင်သားများက မယားအပေါ်ပြုမူ လုပ်ဆောင်ကြရသည်။

ပေတရုကလည်း ထိုစကားလုံးတစ်မျိုးဖြင့် သုံးထားသည်။ သူ့စကားသည် မယားအပေါ်ပြုကျင့်ရမည့်အတွင်းစကားပိုမိုသက်ရောက်သည်။ **၁ပေ ၃း၇ တွင် ထိုနည်းတူယောကျ်ားတို့ ဆုတောင်းခြင်းအမှု၌ အဆီးမရှိစေခြင်းငှာ အသက်ရှင်ခြင်း၊ ကျေးဇူးတော်ကိုဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ့်ခင်ပွန်းနှင့်အတူနေ၍နည်းသူကို ပြုသင့်သည့်အတိုင်း သူကိုစောင့်မပြုစုလော့ဟု ဆိုသည်။**

'အတူနေ'ဟူသော စကားသည် မူရင်းဂရိဝေါဟာရတွင် 'ရှိသေလေးစား'ဟု သုံးထားသည်။ မယားသည်အားနည်းသော မိန်းမသားဖြစ်သဖြင့် ဘဝမြှင့်တင်ပေးရသည်။ ယခုခေတ်ကာလယောကျ်ားသားများသည် ထိုသို့ပြုမူခြင်းမရှိကြ။ မယား၏အထောက်အပံ့မရဟု ညီးတွားသူများသည် မယားအား မည်သို့သော ဘဝမြှင့်တင်ပေးသလဲဟု မိမိကိုယ်ကိုဦးစွာမေးမြန်းရသည်။

တကယ်အကျိုးမပြု။ ပါရမီမဖြည့်နိုင်ကြောင်း ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ထိုသို့ အားနည်းပျော့ညံ့သနည်း။ ထိုလျှင်လင်ယောကျ်ားက လက်တွေ့ခေါင်ဆောင်မှုမပြုသောကြောင့် ဖြစ်သည်။ ယောကျ်ားကဆက်ဆံသဘောထားသည့်အတိုင်း မယားကတုံ့ပြန်လေ့ရှိသည်။

ထိုကြောင့်လင်ယောကျ်ားများသည် မယား၏ အခန်းကဏ္ဍကို နားလည်ပေးပြီးဖေးမကူညီရသည်။ အမှုတော်မြတ်၌ ပါဝင်လာနိုင်ရေးတွင် ၄င်းသားသမီးများ ပြုစုရာတွင် ၄င်းနည်းပေးလမ်းပြကူညီရသည်။ မိန်းမဥာဏ်၊ မိန်းမရှုထောင့်ဖြင့် တွေးမြင်တွေးခေါ်တတ်ကို စာနာနားလည်ပေးရသည်။ ထိုသို့ လက်တွေ့လုပ်ဆောင်ပြုမူရန်ခက်ခဲသော်လည်း အခြားသူကိုနားလည်ပေးနိုင်သည့်နည်းလမ်း လမ်းကောင်းဖြစ်သည်။

မိန်းမတို့သည် ဖြစ်နေကြ ဓမ္မတာရာသီလာခြင်းသဘောကို ယောကျ်ားသားများက နားမလည်ပေးနိုင်ကြ။ ယောကျ်ားများတွင် ထိုအဖြစ်မျိုး အတွေ့အကြုံမရှိကြသောကြောင့် မျှဝေမခံစားတတ်ကြ။ မည်သို့ဖြစ်စေနားလည်ခံစားပေး၍ ဂရုစိုက်စောင့်ရှောက်ကူညီရသည်။ မယားများကလည်း ပွင့်လင်းစွာရှင်းပြရသည်။ ယောကျ်ားသားများသည်ကလေးသူငယ်များနှင့် နိစ္စဓူဝပေါင်းသင်း နေထိုင်ကြသည်မဟုတ်၊ နံနက်၊ နေ့လည်၊ ညနေတိုင်းတွင် အလီလီအနှိုးလဲလှယ်ပေးရသည်။ ထိုသို့လဲလှယ်ပေးရကြောင်းကို သိရှိနားလည်ရသည်။ အခြားအကြောင်း ပြစရာမရှိ၊ ထိုသို့ကိုယ်တိုင်လုပ်ဆောင်မှသာလျှင် မယားများ၏ အိမ်မှုဝန်တာ တပိုင်းတစ နားလည်နိုင်သည်။

**ကော ၃း၁၉ ကို ဆက်လက်လေ့လာကြမည်။ ထိုကျမ်းပိုဒ်တွင် 'အချင်း ယောကျ်ားတို့၊ ကိုယ်မယားကိုချစ်ကြသော ကြမ်းတမ်းစွာ မဆက်ဆံကြနှင့်'** ဟုဆိုသည်။ မိမိကဲ့သို့သော သဘောထားပြီး မယားကို 'ဘာလို့ ငါလုပ်တဲ့အတိုင်း မလုပ်သလဲ၊ ဆံပင်ပုံစံက ဘယ်လိုဖြစ်ကုန်ပြီလဲ၊ ဘာလို့ ငါးရံ့ပြားလူးလူးနေတာလဲ။ ဘယ်လိုဖြစ်တာလဲ၊ အလုပ်ထက်စကားများ

လိုက်တာ၊ ဘာလို့ကိုယ့်ကိုယ်ကို နားမလည်တာလဲ'စသဖြင့် ခပ်မာမာပြောတတ်ကြသည်။

လင်ယောကျ်ားများသည် အခြားကိစ္စများတွင်လည်း ထိုသို့ပြုမူတတ်ကြသည်။ မယားဏ်အခြေအနေမှန်ကို သိရှိနားလည်မှ ခွင့်လွှတ်ပေးနိုင်မည်။ မယားကို အပြစ်တင်နေမည့်အစား 'ငါဘာအမှားလုပ်မိသလဲ၊ အမှားမရှိအောင် ဘယ်လိုပြုပြင်ရမလဲ'ဟု ကိုယ့်ကိုယ်ကိုပြန်မေးကြည့်ပါ။

အကြင်လင်မယားဘဝတွင် ပြဿနာဖြစ်တိုင်း မိမိကိုယ်ကိုဦးစွာ အစဉ်အမြဲစစ်ရသည်။ ပြဿနာပေါ်ပေါက်သည့်အခါ လူဇာတိလူသည်အခြားသူဏ်အားနည်းချက်ကို ရှာဖွေအပြစ်တင်လေ့ရှိသည်။ စင်စစ်တွင် နှစ်ဦးနှစ်ဘက်စလုံး၌ အပြစ်မကင်းကြ။ အားနည်းချက်ကိုယ်စီရှိကြသောကြောင့် ပြဿနာဖြစ်ကြသည်။ ထို့ကြောင့်ပြဿနာပေါ်ပေါက်သည့်အခါ အခြားသူကို အပြစ်မတင်ထိုက်ပါ။

အထူးသဖြင့် လင်ယောကျ်ားသည် မိမိမယားနှင့်သားသမီးများအတွက် တာဝန်ကြီးမားသူဖြစ်သည်။ ထိုကြောင့် ပြဿနာပေါ်ပေါက်လျှင် အဓိကလူသည် လင်ယောကျ်ားဖြစ်သည်။ အကြင်လင်မယားဘဝတွင် မည်သည့်အချိန်တွင်မှ မယားဏ်အပြစ်မမြင်ရန်ကျမ်းစာက သွန်သင်ပါသည်။ မယားအပေါ်အပြစ်ပုံချရန် မိန့်မှာချက်တစ်ခုမှမရှိ။ အကြင်လင်မယားသည် စက်ဘီးဏ်ရှေ့ဘီးနှင့်နောက်ဘီး ကဲ့သို့ဖြစ်ကြရသည်။ ထိုကဲ့သို့အတိုင်း လင်မယားအကြားပြဿနာသည်ကိုယ်စီ တာဝန်မကျေပွန်မှုဖြစ်သည်။ အိမ်ထောင်သည်ဘဝတွင် မယားဏ်မပျော်ရွှင် မကျေနပ်မှုသည် လင်ယောကျ်ားဏ် ချစ်ခြင်းမေတ္တာအပြည့်အဝမရရှိသောကြောင့် ဖြစ်သည်။ ဘဝအိုးအိမ်လုံခြုံမှု၊ နွေးထွေးသောမေတ္တာအပြည့်အဝ မပေးဆပ်သော ကြောင့်ဖြစ်သည်။

မယားကိုမလေးစား မခန့်ညားခြင်းဖြစ်သည်။ ထိုသို့လင်ဝတ္တရားမကျေပွန်လျှင် မယားသည် မယားဝတ္တရားကျေပွန်မည်မဟုတ်။ ကံတူအကျိုး

ပေးပေမည်။ လိုအပ်သည်များမဖြည့်ဆည်းမခံဖူးလျှင် နားပူနားဆာ တကျည်ကျည် လုပ်လာမည်။ နားငြီးလာမည်။ လင်ယောကျာ်းသည် မိမိမယား ကို လေးစားခန့်ညား မှုမရှိသရွေ့မယား၏ တုံ့ပြန်မှုလည်း အပြည့်အဝခံစား ရမည်မဟုတ်။ ထိုအခါမျိုးတွင် အရိုအသေတန်လာမည်။ အပြစ်မမြင်ဘဲ မေတ္တာပြသလျှင် မယား၏ တုံ့ပြန် မေတ္တာထင်ရှားလာမည်။

အချစ်နိဗ္ဗာန်ဘုံတည်ဆောက်နိုင်ရန်မှာ မယား၏လိုအပ်ချက်များ ဖြည့်ဆည်း ပေးခြင်းဖြင့် မေတ္တာပြသရေးဖြစ်သည်။ အပြောဖြင့်သာမဟုတ်ဘဲ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းဖြင့် ဘဝအိုးအိမလုံခြုံစေရသည်။ မေတ္တာ နွေးထွေးစေရသည်။ မယားကိုနားလည်ပေးခြင်းဆိုသည်မှာ လင်ယောကျာ်းက မယား၏ မျှော်လင့်ချက် မေးမြန်းတိုင်ပင်ပြည့်စုံစေခြင်းဖြစ်သည်။

ထို့ကြောင့်လင်ယောကျာ်းကလည်း မိမိကိုယ်ကိုဦးစွာ ပြန်မေးရသည်။ မယားက မလိုတမာအမူအယာပြလာလျှင်မည်သည့်အမှားလုပ်မိကြောင်း မည် သည့် အားနည်းချက်ရှိကြောင်း စစ်ဆေးဆင်ခြင်ပါ။ မယား၏မေတ္တာကို စော်ကားမိပါသလား။ မယားကိုလေးစားခန့်ညားပါသလား။ သူ့စိတ်ကူးကြံစည် ချက်ကို အကောင်အထည်ဖော်ပေးပါသလား။ မိမိအပြုအမူကို မယားက မည်သို့သိမြင် ခံယူပါသလဲ။ သူခံစားချက်ကို ခန့်မှန်းနားလည်ပေးနိုင်ပါသလား။

လင်ယောကျာ်းတို့ မိမိခန္ဓာကိုယ်ချစ်ခင်ယုယသကဲ့သို့ မိမိတို့မယားကို ချစ်ခင်ယုယကြပါသလား။ ပြဿနာကြုံတွေ့သည့်အခါ ကိုယ်တိုင်ခံစားရ သကဲ့သို့ ဂရုစိုက်ပေးပါသလား။ သူ့ရင်ဖွင့်သံကို အလေးအနက်ထား နားထောင်ပါသလား။ သူ့အရေးအရာကိုမိမိအရေးကိစ္စအဖြစ် သဘောထား ခံယူပါသလား။ သူမပျော်ရွှင် သည့်အခါထပ်တူမခံစားပဲ ဝမ်းသားပျော်ရွှင်စွာ နေပါသလား။ လင်မယားအကြား ဆက်ဆံရေးသည် လေးနက်သိမ်မွေ့ဆုံး ဖြစ်သည်။ ချစ်ခြင်းမေတ္တာဆိုသည်မှာ တစ်ဦးကိုတစ်ဦးနီးစပ်ရင်းနှီးခြင်း ဖြစ်သည်။

မည်သို့ ချစ်ခြင်းမေတ္တာထားကြပါသလဲ။ ပေါလုကချစ်ခြင်းမေတ္တာ အကြောင်းရှင်းပြထားသည်။ ချစ်ခြင်းမေတ္တာဟူသည် ပေးဆပ်ခြင်းဖြစ်သည်။ ချစ်သူခင်သူအပေါ်သို့ မိမိဘဝတစ်ခုလုံးပုံအပ်သည်။ ယနေ့လောကသားများ ကဲ့သို့အချစ်နှင့်စစ်တွင်တရားမျှတမှုမလို၊ ရယူပိုင်ဆိုင်ခြင်းကအဓိကဟုမဆို၊ လောကသားများ၏ ချစ်ခြင်းမေတ္တာသည် စင်စစ်တွင် မေတ္တာမဟုတ်၊ ရယူ ပိုင်ဆိုင်လိုသည့်အတ္တစိတ်က တဏှာဖြစ်သည်။ သမ္မာကျမ်းက ချစ်ခြင်းမေတ္တာ သည် ငြိမ်သက်ချမ်းမြေ့သည်။ ရယူခြင်းမဟုတ် ပေးဆပ်ခြင်းဖြစ်သည်။ အပြောမဟုတ်အလုပ်ဖြင့်သက်သေပြသည်။ ဧဖ ၅း၂၅တွင် ခရစ်တော်သည် အသင်းတော်ကို ချစ်ခင်သောကြောင့် မိမိကိုယ်ကိုပေးဆပ်ကြောင်းတွေ့ရသည်။ တဖန်**ယော ၃း၁၆တွင် ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကသားတို့ကို ချစ်တော် မူ၏ဟု ဆိုသည်။ ဂလာ ၂း၂၀ တွင်လည်း 'ငါ့ကိုချစ်၍ ငါ့အဘို့ကိုယ့်ကိုယ် ကို စွန့်တော်မူ၏'ဟု ဆိုထားသကဲ့သို့ ၁ ယော ၃း၁၆–၁၈ တွင်လည်း 'ခရစ်တော်သည် ငါတို့အဘို့ အလိုငှာအသက်တော်ကိုစွန့်တော်မူသည့် အရာကို ငါတို့သည်ထောက်၍ မေတ္တာတော်ကိုသိရကြပြီ။ ငါတို့သည် လည်း ညီအစ်ကိုခြင်းအဘို့အလိုငှာ အသက်ကိုစွန့်ရကြ၏။ အကြင်သူ သည် လောကီစည်းစိမ်ဥစ္စာ ရှိလျက်ပင် မိမိညီအစ်ကိုဆင်းရဲခြင်းကိုမြင်၍ သနားခြင်း၊ ကရုဏာစိတ်ချုပ်တည်း၏။ ထိုသူ၌ ဘုရားသခင်၏ မေတ္တာ တော်သည် အဘယ်သို့တည်မည်နည်း'ဟု ကျမ်းစကား ရှိပါသည်။**

ချစ်ခြင်းမေတ္တာသည် အာရုံခံစားချက်မျှသာမဟုတ်ပါ။ မိမိဘဝ တစ်ခုလုံး ပုံအပ်ခြင်းဖြစ်သည်။ ထိုနောက်မှခံစားချက်ကလိုက်ပါသည်။ ယခု ခေတ်ကာလ ရုပ်ရှင်ဇာတ်ကားများ၌ ချစ်ခြင်းမေတ္တာကို အမျိုးမျိုးသရုပ် ဖော်ကြသည်။ တေးသီချင်းများဖြင့်လည်းဖေါ်ကျူးကြသည်။ ချစ်ခြင်း

မေတ္တာသည် ခရစ်တော်၏ ပညတ်ချက်ဖြစ်သည်။ ခရစ်တော်က သင်၏ရန်သူ ကိုချစ်လော့’ဟုမိန့်မှာသည်။ မည်သူမှ ရန်သူဘေးနားမှာ ပွတ်သပ်ထိုင်ချင် ကြမည်မဟုတ်။ ထိုသို့လုပ်ဆောင်နိုင်ရန်မလွယ် သို့သော်သင့်ရန်သူသို့ စားသောက်စရာတစ်ခုခုပေးကြည့်ပါ။ ထိုသို့ ပေးလျှင်စိတ်ဝင်စားလာမည်။ တစ်စုံတစ်ဦးထံသို့မိမိကိုယ်ကိုအပ်နှံသည်နှင့် ခံစားချက်တသိမ့်သိမ့်ဝင်လာမည်။ သင်၏ ဘဏ္ဍာရှိရာသို့ သင်၏စိတ်နှလုံး ရောက်ရှိသည်။

ဓမ္မသစ်ကျမ်းပါချစ်ခြင်းမေတ္တာကို ဂရိမူရင်းကျမ်းတွင် agape နှင့် philos ပါ စကားပုံး (၂)လုံးသုံးထားသည်။ philos သည် အသိတရား၊ အတွေ့အကြုံ ရေရှည်ဆက်ဆံရေး–ညီအစ်ကိုမောင်နှမ ဆက်ဆံရေး’မျိုး၌ သုံးသည်။ ဥပမာအားဖြင့် သွေးသောက်ရဲဘော်များစစ်တိုက်ရာ၌ အခြားရဲဘော် များအစား မိမိအသက်စွန့်လွှတ်သည့်စိတ်ထားမျိုးဖြစ်သည်။ ဘုရားသခင် အလိုရှိတော်မူသော ချစ်ခြင်းမေတ္တာသည် ထိုကဲ့သို့သော မေတ္တာမျိုးမကပါ။ ထို့ထက် လေးနက်နီးနွယ်သည်။အကြင်လင်မယားအခြားဆက်ဆံရေးသည် သမ္မာကျမ်းစာလာအတိုင်းဖြစ်ရသည်။

အာကာပေချစ်ခြင်းမေတ္တာကို ယခုခေတ်ပညာရှင်များလောက၌ ခေတ်မစားတော့ပါ။ တန်ဘိုးထားရကောင်းမှန်းလ ည်းမသိနားမလည်ကြ။ ချစ်ခြင်းမေတ္တာသည် သူရဲကောင်းတို့လုပ်ဆောင်ချက်မျိုးလည်းဖြစ်သည်။ အသက်၊ကျန်းမာရေး၊ ငွေကြေးပိုင်ဆိုင်မှု၊ ရာထူးဌာနန္တရစသည်တို့ကို ကြည်ဖြူလိုလားစွာ ပေးဆပ်သည်။ ထိုသို့သော မေတ္တာကို အာကပေမေတ္တာဟု ခေါ်သည်။ ဘုရားသခင်က ယုံကြည်သူယောကျ်ားများအား မိမိတို့မယား အပေါ်သို့ ထိုသို့သောမေတ္တာမျိုး ထားနိုင်သည်။

အကြင်လင်မယားဘဝတွင် ထိုသို့သော အာဏာပေမေတ္တာကို မည်သို့ ပြသရမည်နည်း။ ဘုရားသခင်ကလောကလူသားများ ချစ်ပြသကဲ့သို့ မိမိတို့ မယား ကြင်ယာများချစ်ခင်ရသည်။ မယားအတွက် မည်သည့်ကောင်းကျိုး

စဉ်းစား လုပ်ဆောင်ပေးနိုင်ကြသနည်း။ ဘဝအိုးအိမ်လုံခြုံရေးချစ်ခြင်းမေတ္တာနှင့် တည်ငြိမ်ရေးဘာလုပ်ပေးနိုင်သနည်း။ ထို (၃)ချက်သည် မယားများ၏ အရေးတကြီး လိုအပ်ချက်(၃)ရပ်ဖြစ်သည်။ သူ့တွင် မည်သည့်အခက်အခဲပြဿာရှိကြောင်းအမြဲ တန်းလေ့လာရသည်။ သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း ချစ်ခင်မြတ်နိုးတန်ဘိုး ထားရသည်။

မယား၏လိုအင်ဆန္ဒဖြည့်ဆည်းပေးရသည်။ စွန်လွှတ်တန်စွန့်လွှတ်၍ပေးဆပ်တန်ပေးဆပ်ရသည်။ တနင်္ဂနွေညနေခင်းတွင်အားကစားပွဲသွားရောက်ကြည့်ရှုကြခြင်း၊ ကလေးများနှင့်အတူ ယောက္ခမထံသို့သွားလည်ကြခြင်းစသဖြင့် စိတ်ထွက်ပေါက်ရှာပေးရသည်။ အခြားကိစ္စရပ်များရှိသည့်တိုင်အောင်ဘေးဖယ်ထားပြီး တစ်နေ့လျှင်နာရီဝက်မျှမယားနှင့်စကားပြောဆိုရသည်။ အကြင်လင်မယားအကြားတွင် တမန်ကလာအချိန်ပေးပေါင်းသင်း ဆက်ဆံရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း မှတ်ထားပါ။ ပေါင်းသင်းဆက်ဆံရေးကြံပါးလျှင် စိတ်သဘောထားလည်း ကြားလေသွေး၍ တဖြည်းဖြည်းဝေးသွားနိုင်သည်။ **ဧဖ ၅:၂၅ တွင် အချင်းယောကျာ်းတို့ ခရစ်တော်ကအသက်ကိုနှင်း၍ အသင်းတော်ကို ချစ်သကဲ့သို့ မိမိမယားတို့ကို ချစ်ကြလော့’**ဟု မိန့်မှာထားပါသည်။ ဤကျမ်းစကားသည် အကြံပေးချက်မဟုတ်ပါ။ မိန့်မှာပြဋ္ဌာန်းချက်ဖြစ်သည်။

# အခန်း(၆)

# မယားစာအခန်းကဏ္ဍ

မယား၏ အခန်းကဏ္ဍလေ့လာရာတွင် က–၂ပါ ဘုရားသခင် မိန်းမ ဖန်ဆင်းခြင်းအကြောင်း ပြန်လည်ကောက်ယူကြမည်။ ငယ်–၁၈ ပါ ဘုရားသခင်၏စကားတော်ကို အာရုံပြုကြရမည်။ **'ယောကျာ်းသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက်အပံ့သူတို့ကို ငါလုပ်ဦးမည်'** ကျမ်းပိုဒ်အရ မည်သည့်အရေးကိစ္စအတွက် ဘုရားသခင်က မိန်းမ ဖန်ဆင်းသနည်း၊ အကြင်လင်မယားဘဝတွင် မိန်းမသည် မည်သည့်တာဝန် ရှိသနည်း။ မိန်းမသည် လင်ယောကျာ်းကို ထောက်မရန်ဖြစ်သည်။ မည်သို့ ထောက်မရမည်နည်း။ ကူညီပံ့ပိုးရသည်။ ယောကျာ်းတွင် အထောက်အမ လိုအပ်သဖြင့် ဘုရားသခင်က မိန်းမဖန်ဆင်းပေးသည်။ တတ်နိုင်သည့် နည်းလမ်းဖြင့် လင်ယောကျာ်းကို ဖေးမကူရသည်။ မိန်းမသည် လင်ယောကျာ်း ၏ ကူဖော်လောင်ဖက်အဖြစ် ဘုရားသခင်က ထိုသို့ဖန်ဆင်းသော်လည်းမျက် မှောက်ကာလ၌ ထိုအယူအဆပပျောက်နေသည်။ အတွေးအခေါ်လည်း မရှိတော့ပါ။ မိန်းမများကလည်း သူတို့ကို သူတို့အထောက်အမသမားများဟု မခံယူကြတော့ပါ။ ခေတ်သစ်မိန်းမများက ယောကျာ်းများနှင့် ရင်ဘောင်တန်း ရေး ကြွေးကြော်ဆန္ဒပြလာကြသည်။ လင်ယောကျာ်းကို ပြိုင်ဆိုင်လာကြသည်။ အကြံဉာဏ်အမျိုးမျိုးရှိလာကြသော်လည်း မိမိသည် လင်ယောကျာ်းကို ဂုဏ်တင့်စေသူဟု ခံယူချက်မရှိတော့ပါ။ ဘုရားသခင်၏ အကြံအစည်မှလမ်းလွဲ ကြသည်။

လင်ယောကျာ်းကို ထောက်ကူရန်ဘုရားသခင်က မိန်းမအား ဖန်ဆင်း

ပါသည်။ သို့သော်အထောက်အမဆိုသည်မှာအစေခံကျေးကျွန်မဟုတ်၊ ကယ်တင်ခြင်းကို တန်းတူရည်တူရရှိနိုင်ကြသည်။ သို့သော်မိန်းမများသည် မိမိလင်သားများကို ဝန်ခံကြရသည်။ ထိုသို့ဝန်ခံခြင်းသည် ခင်ပွန်းသည်ထံမှ ကောင်းချီးမင်္ဂလာခံစားရာဖြစ်သည်။ လင်ယောကျာ်းနှင့်မယားတို့၏ အခန်းကဏ္ဍသည်မတူညီ တခြားစီဖြစ်သည်။ သို့သော်အထက်နှင့် အောက်ကွာခြားခြင်းမျိုးမဟုတ်၊ တန်ဘိုးလျှော့နည်းခြားနားခြင်းမဟုတ်၊ ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းဝိဉာဉ်တော်ဘုရားတို့သည် အခန်းကဏ္ဍ မတူညီ ခြားနားကြသော်လည်း ဘုရားသခင်၌ တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ လင်မယားသည်လည်း ထိုနည်းတူ ဖြစ်သည်။ **ယော ၅း၂၃၊ သားတော်ကို ရိုသေစေမည်အကြောင်း၊ ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ၊ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်ကို အပ်ပေးတော်မူ၏။** သားတော်ကို မရိုသေသူသည် ခမည်းတော်ကိုမရိုသေသူဖြစ်၏။ သခင်ယေရှုသည်ခမည်းတော်ဘုရားနှင့် တန်းတူရည်တူဖြစ်သော်လည်း လူ့လောကတွင် သတင်းသုံးတော်မူခဲ့စဉ် ခမည်းတော်ကိုဝန်ခံသည်။ မယားသည်လည်း မိမိလင်မယားကို ထိုနည်းတူဝန်ခံရသည်။ လင်မယားသည် လူ့လောကတွင် လူချင်းတူညီကြသော်လည်း ဘုရားပေးတာဝန်အရကဏ္ဍမှုမတူညီကြပါ။ အထူးသဖြင့် အကြင်လင်မယားဘဝ၌ခြားနားကြပါသည်။

ယောကျာ်းသားသည် ဦးစီးခေါင်းဆောင်ဖြစ်၍ မိသားစု၏ ဘေးရန်ကွယ်ကာခြင်း၊ ကျွေးမွေးထောက်ပံ့ခြင်းတာဝန်ရှိသည်။ သို့သော်မွေးရာပါရလင်ယောကျာ်းကောင်းပီသကြသည်မဟုတ်။ မိန်းမသည် မိဘဝတ္တရားပြည့်စုံစေရန်အင်္ဂါရပ်ပိုင်ဆိုင်ထားသည်။ လင်ယောကျာ်းသည် မိဘကိုစွန့်ခွာ၍ မယားနှင့် ပေါင်းသင်းသောအခါ တသွေးတသားတဘဝတည်း ဖြစ်သွားကြသည်။ စိတ်ပိုင်းရုပ်ပိုင်းနှစ်ခုစလုံးပေါင်းစပ်ကြသဖြင့် ယခင်ကဲ့သို့ တစ်ယောက်စီမဟုတ်ကြတော့ပါ။ နှစ်ယောက်ပေါင်းမှတဘဝ၊ နှစ်လွှာပေါင်းမှတရွက်ပြည့်သော

စွယ်တော်ရွက်ဖြစ်သည်။ ယောကျ်ားတစ်ဦးတည်း၊ မိန်းမတစ်ယောက်တည်း နေအပ်သည်မဟုတ်၊ ယောကျ်ားသားများအတွက် မိန်းမလိုအပ်သည်။ တစ်ဦး တစ်ယောက်တည်းမနေကောင်း။

ဘုရားသခင်၏ စကားတော်လာ ဧဖ ၅း၂၂–၂၄ မှ အကြင်လင်မယား ဘဝ၌ မယား၏ အခန်းကဏ္ဍပြန်ကြည့်ကြမည်။ အကြင်လင်မယားအကြား၌ ပြဿနာပေါ်ပေါက်လျှင် လင်နှင့်မယားနှစ်ဘက်စလုံး၏ အားနည်းမှုရှိသည်။ တနည်းအားဖြင့် ရှင်ပေါလု၏ မိန့်မှာချက်ကျမ်းစကား မလိုက်နာကြသော ကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုကျမ်းစကားလိုက်နာရန် အရေးကြီးကြောင်း ထပ်ပြောပါရစေ။ ထိုကျမ်းချက်ကို လိုက်နာခြင်းမရှိလျှင် မဖြေရှင်းနိုင်သော ပြဿနာများတသီတတန်းပေါ်ပေါက်လာမည်။ ဘုရားပေးအခန်းကဏ္ဍကိုယ်စီ မလိုက်နာကြသဖြင့် ပြဿနာပေါင်းစုံကြုံကြရသည်။

## (၁) မိမိလင်ကိုဝန်ခံရန်မယားအတွက်ပထမဥပဒေသ

**ဧ ၅း၂၂–၂၃၊ အချင်းမိန်းမတို့၊ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့၊ အကြောင်းမူကား ခရစ်တော်သည်အသင်းတော်အပေါ်မှာ ဦးခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်းအပေါ်မှာ ဦးခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိ၏ကိုယ်ကိုကယ်တင်သူဖြစ်သည့်အတွက် အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ မိန်းမတို့လည်း ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံရကြမည်။ အချင်း ယောကျ်ားတို့ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။**

ရှင်ပေါလု၏ အထက်ပါကျမ်းစကားကိုတည်၍ မေးခွန်း (၂)ပုဒ် ထုတင်းပါမည်။ လင်ယောကျ်ားများသည် မိမိမယားကိုအသက်နှင်း၍ချစ်ကြပါသလား။ မယားများကလည်း မိမိလင်ယောကျ်ားအတွက်အသက်ရှင်ကြပါသလား။ ခရစ်တော်က အသက်တော်ကိုနှင်း၍အသင်းတော်ကို ချစ်သကဲ့သို့ လင်ယောကျ်ားများသည်လည်း မိမိမယားကိုအသက်နှင့်အမျှ ခင်တွယ်မြတ်နိုးရသည်။ အခြားတဘက်ရှိမယား များသည်လည်း သေတပန်သက်တဆုံး မိမိလင်သားအပေါ်သစ္စာရှိရှိအသက်ရှင်ရသည်။ လင်ယောကျ်ားအား တတ်စွမ်းသမျှ အထောက်အမပြုရသည်။ ခရစ်တော်အတွက် အသင်းတော်ရှင်သကဲ့သို့ဖြစ်ရသည်။ နှစ်ယောက်စလုံး အပြန်အလှန်ဝန်တာရှိကြသည်။ လူ့သဘောသဘာဝရလွယ်ကူသော်လည်း ယုံကြည်သူခရစ်ယာန်များသည် စွမ်းဆောင်နိုင်ကြသည်။ ဘုရားသခင်က မယားများအား မိမိတို့လင်သားအပေါ် ဘဝအပ်နှံစေခိုင်းသည်။ ခရစ်တော်ထံသို့ အသင်းတော်၏ဆက်ကပ်မှုမျိုးဖြစ်သည်။ ဘုရားသခင်၏ တန်ခိုးမှုတ်သွင်းချက်ဖြင့် ပေါလုက ကော်ရေးသားသည်။ ထို့ကြောင့်မယားများသည် ဤအချက်ကို ပေါ့ပေါ့တန်တန် သဘောမထားရ။ ပေါလု၏ စကားသည် မိန်းမများ ပေါသွပ်ကြရန်မဟုတ်။ ဘုရားသခင်၏ အလိုတော်နားလည်လိုက်နာကြရန် သွန်သင်ချက်ဖြစ်သည်။ ထို့ကြောင့် ထိုကျမ်းချက်ကိုလက်မခံလျှင် ဘုရားသခင်ကို ရန်တွေ့ခြင်းနှင့်တူသည်။ ခရစ်တော်၌တည်နေလျှင်ပြဿနာမရှိနိုင်။ နှုတ်ကပတ်တော်၌ ပြဿနာပါဝင်ခြင်းမရှိ။

**ယော ၁၀း၂၇ ငါတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။** ခရစ်တော်ကပိုင်ဆိုင်သောသူများသည် စကားတော်ကြားသိဖြစ်နောက်သို့လိုက်ကြသည်။ ထိုခရစ်တော်နောက်သို့ လိုက်သော မိန်းမများအား မိမိလင်ယောကျ်ား၏ အုပ်စိုးမှုနှင့်အမိန့်အာဏာနာခံကြရမည့်အကြောင်းအချက် (၃)ချက်ပြောထားသည်။

ငယ် ၂၂။ **အချင်းမိန်းမတို့၊ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။** တနည်းအားဖြင့် ကယ်တင်ခြင်း ရရှိသောမိန်းမသည် မိမိကိုယ်ကိုခရစ်တော်ထံသို့အပ်နှံသကဲ့သို့ မိမိလင်ယောကျ်ားထံသို့ အပ်နှံရသည်။ ငယ် ၂၃ ခရစ်တော်သည်အသင်းတော် အပေါ်မှာ ဦးခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည်မိမိခင်ပွန်းအပေါ်မှာ ဦးခေါင်းဖြစ်၏။

ဓမ္မသစ်အသင်းတော်၏ ဦးခေါင်းသည် ခရစ်တော်ဖြစ်သည့်နည်းတူ မယား၏ ဦးခေါင်းသည်လည်း လင်ယောကျ်ားဖြစ်သည်။

ငယ် ၂၄ **အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ မိန်းမတို့လည်း ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံကြရမည်။** ဤနေရာတွင် ရှုပ်ထွေးစရာမရှိအောင် နားလည်သဘော ပေါက်ကြမည် ထင်ပါသည်။ အကြင်လင်မယားဘဝ၌ မယားများသည် လင် ယောကျ်ား၏ အုပ်စိုးဝန်ခံကြရမည့်အကြောင်း ရှင်ပေါလုက ဝိဉာဉ်တော်တန်ခိုး ဖြင့် ကျမ်းစကားရေးထားပါသည်။

ထိုကြောင့်ကယ်တင်ခြင်းရရှိသော အမျိုးသမီးသည် ခရစ်တော်ကို အရှင်သခင်အဖြစ် ဝန်ခံရသကဲ့သို့ မိမိလင်ယောကျ်ားကိုလည်း သခင်အဖြစ် ဝန်ခံရသည်။ ထိုအကြောင်းကို ပေတရုက **၁ပေ၃း၁ တွင် အထက်ကဆိုခဲ့ပြီး သည့်နည်းတူ မိန်းမတို့ ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့ဟု ထပ်ဆိုထားသည်။**

လင်ရှိမယားသည် အခြားယောကျ်ားသားများကို ငြင်းပယ်လျက် မိမိလင်ယောက်ျား ကိုသာမှီဝဲရသည်။ အထူးသဖြင့် မိမိလင်ယောကျ်ား၏ အားနည်းချက်များကို တွေ့ရှိလျှင်လည်း ကောင်းသောအချက်များ ပိုမိုကြည့်ရှု တတ်ရသည်။ လက်တွေ့တွင်မူ အခက်အခဲများစွာရှိနိုင်သည်။ အိမ်ထောင်ကျ

ပြီးသောအခါ လင်ယောကျ်ား၏ အပြစ်များနှင့် အားနည်းချက်များ၊ အများ အပြားတွေ့မြင်နိုင်သည်။ ထိုအခါမျိုးတွင် လင်ယောကျ်ားကို ထိန်းချုပ်မည့် အစား အထောက်အမပြုရသည်။

ဘုရားသခင်က ပထမဆုံးမိန်းမသားကို တရားစီရင်စဉ်တွင် အပြစ်ဒဏ် နှစ်ခု ချမှတ်ထားသည်။ ဒုတိယအပြစ်ဒဏ်တွင် အချက်နှစ်ချက်ပါရှိသည်။ **က၃း၁၆ 'ကိုယ့်ခင်ပွန်း၏ အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုခံရမည်'** ဤကျမ်းစကား၏အနက်သည် အလွန်လေးနက်ခိုင်မာသည်။ အသင်မိန်းမ သည် မိမိလင်ယောကျ်ား၏ ထိန်းချုပ်မှုကိုနာခံသည့်အပြင်အုပ်စိုးမှုကိုလည်း ခံယူရမည်ဟု အနက်ရသည်။ ထိုအချိန်မှစ၍ ကာမပိုင်မိန်းမသည် သူ့လင် ယောကျ်ား၏အုပ်စိုးမှုခံရသည့်နည်းတူ ထိန်းချုပ်မှုအောက်၌ရှိသည်။ မိန်းမများသည် မည်သူ၏ တန်ခိုးအောက်၌မှမရှိလိုကြ။ မည်သူ၏ အုပ်စိုးမှုနှင့် ထိန်းချုပ်မှုအောက်တွင်မှမနေလိုကြ။ သို့သော် ကျမ်းစာလာအရ လင်ယော ကျ်ား၏ အုပ်စိုးမှုနှင့်ထိန်းချုပ်မှုခံယူရသည်။ အကယ်၍ ဘုရားသခင်၏ ကျေးဇူး တော်သာမရှိလျှင် အောင်မြင်သော လင်မယားဖြစ်ရန် အခွင့်အရေး အနည်း ငယ်သာရှိသည်။

ယခုကာလ၌ မိန်းမများသည် မည်သို့ဝန်ခံကြသနည်း။ သမ္မာ ကျမ်းစာက ဝန်ခံခြင်းကို မည်သို့ဆိုလိုသနည်း။ ထိုအချက်သည်အရေးကြီး သည်။ အဘယ်သို့ ဆိုသော် ကာမပိုင်မိန်းမမှန်လျှင် ဘုရားသခင်၏ စကား တော်ကိုနာခံရသည်။ မယားများက လင်ယောကျ်ားကို ဝန်ခံကြမည့်အကြောင်း ပေါလုက ထပ်ခါတလဲလဲ သွန်သင်ထားသည်။ အဘယ်ကြောင့် ထိုသို့ တပ်ခါ တလဲလဲပြောရသနည်း။ လူများက နာမဝင်၊ မလိုက်နာကြသောကြောင့်ဖြစ် သည်။ သန့်ရှင်းဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ပေါလုက သုံးကြိမ်တိုင်တိုင် တမျိုးစီရေးထားသည်။ ထိုကြောင့် ရှောင်လွဲစရာမရှိ လိုက်နာရသည်။ အကယ် ၍ အသင်စာရှုသူသည် ကာမပိုင်း မိန်းမဖြစ်နေလျှင်ကျမ်းစကားအတိုင်း

မလွဲမသွေလိုက်နာစောင့်ထိန်းရကြောင်း သိထားပါ။ နားလည်သဘောပေါက်ကြမည်ထင်ပါသည်။ ဝန်ခံခြင်းသည် ခရစ်ယာန်များ အသက်တာ၌ အဓိက ဥပဒေသတစ်ရပ်ဖြစ်သည်။ ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် ဝန်ခံခြင်း မရှိလျှင် ကယ်တင်ခြင်းမရနိုင်။ ကယ်တင်ခြင်းရရှိသူ သည် ခရစ်တော်ကို ဝန်ခံသူဖြစ်သည်။ ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဘုရားသခင်၏ အမိန့်အာဏာကို နာခံရသည်။ ပညတ်ချက်များကိုဝန်ခံရသည်။ ကလေးသူငယ်များက မိဘများဝန်ခံသကဲ့သို့ ဖြစ်ရသည်။

**၄ ဖေး၁ သားသမီးတို့ သခင်ဘုရား၏အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။** ထိုအပြင်ပြည်သူ့ရဲများကဲ့သို့သော ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ အမိန့်ကိုလည်း နာခံရသည်။

**ရော၁၃း၁–၃ 'အစိုးရသောမင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ' အကြောင်းမူကား ဘုရားသခင်၏ အခွင့်မရှိလျှင် မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်တည်း။** ထို့ကြောင့် မင်းအာဏာကို ဆန့်သောသူသည် ဘုရားသခင် စီရင်တော်မူရာကို ဆန့်သောသူဖြစ်၏။ ထိုသို့ဆန့်သောသူသည် ရာဇဝတ်ကို ခံရမည်။ မင်းမူကား၊ ကောင်းသောအကျင့်ကို ကျင့်သောသူကြောက်ဘို့ဖြစ်သည်မဟုတ်၊ မကောင်း သောအကျင့်ကို ကျင့်သောသူကြောက်ဘို့ဖြစ်၏။ မင်းအာဏာကိုမကြောက်ဘဲ နေချင်သလော။ ကောင်းသောအကျင့်ကို ကျင့်လော့။ ကျင့်လျှင် မင်းအာဏာကြောင့် ချီးမွမ်းခြင်းကို ခံရလိမ့်မည်။

အလုပ်သမားများသည်လည်း အလုပ်ရှင်ကိုဝန်ခံကြရသည်။ **၆ဖေး၅ 'အစေခံကျွန်တို့ ခရစ်တော်၏စကားကို နားထောင်သကဲ့သို့ ချစ်ကြောက်**

**တုန်လှုပ် လျက်လောကီသခင်တို့၏စကားကို စိတ်နှစ်ခွမရှိဘဲ နားထောင်ကြလော့'**

ထိုနည်းတူ အသင်းသာများသည်လည်း သင်းအုပ်ဆရာကိုနာခံကြရသည်။ **ဟေဗြဲ ၁၃း၇၊ ၁၇ 'ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သင်တို့အား ဟောပြော၍ သင်တို့ကို အုပ်သောသူတို့ကို အောက်မေ့ကြလော့' သူတို့သည် အဘယ်သို့ကျင့်ကြံပြုမူ၍ စုတေသည်ကို စေ့စေ့ဆင်ခြင်လျက် သူတို့၏ယုံကြည်ခြင်းကို မှီအောင်လိုက်ကြလော့။ သင်တို့ကိုအုပ်သောသူတို့၏ စကားကိုနားထောင်၍ အောက်ကျို့ရိုကျိုးကြလော့။ သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းခံရသူကဲ့သို့ သင်တို့၏ စိတ်ဝိညာဉ်အကျိုးအလိုငှာစောင့်နေကြ၏။ သင်တို့ အကျိုးကိုမဖြစ်စေသော ဝမ်းနည်းခြင်းမရှိ၊ ဝမ်းမြောက်ခြင်းရှိ၍ သူတို့သည် စစ်ကြောခြင်းခံရမည်အကြောင်း သတိပြုလျက် နေကြလော့'**

ထိုကြောင့်ကယ်တင်ခြင်းရရှိသူများသည် အခြားသူများကိုဝန်ခံရသည်။ သို့သော် ယေရှုခရစ်တော်၏ တရားပလ္လင်တော်ရှေ့တွင် ခေါင်းဆောင်ရာထူးသည် ယုံကြည်ခြင်းသစ္စာရှင်များထက်နေရာကောင်းပိုမိုရရှိသည်မဟုတ် တနည်းအားဖြင့် ယုံကြည်ခြင်းသစ္စာရှိသည့်အတိုင်း ဆုလက်ဆောင်ရရှိကြသည်။ မိမိတို့ပါဝင် လုပ်ဆောင်သည့် အခန်းကဏ္ဍအတိုင်းမဟုတ်။ အဘယ်မျှသစ္စာစောင့်ထိန်းကြသနည်း။ မည်သို့ကြံစည်ပြုမူကြသနည်းဆိုသည့် အချက်ပေါ်တွင် တည်ပါသည်။ မည်သည့်အခန်းကဏ္ဍတွင် ပါဝင်သည့်အကြောင်းအပေါ်တွင် မတည်ပါ။ ဝန်ခံခြင်းနှင့်နာခံခြင်းသည် ခရစ်တော်၏ အပြုအမူဖြစ်၏။ ပုန်ကန်ခြင်း မနာခံခြင်းသည် စာတန်၏ အပြုအမူဖြစ်သည်။

ကယ်တင်ခြင်းရရှိသူများသည် အာဏာပိုင်များကိုလည်းဝန်ခံကြသည်။

ဒေသဆိုင်ရာအာဏာပိုင်များကို ဝန်ခံသည့်အပြင်အာဏာ အလွဲသုံးစားပြုသူများ၊ မတော်မတရားလုပ်ငန်းရှင်များနှင့် ကိုယ်ကျိုးအတွက်ခင်ပွန်းသည်များကိုလည်းဝန်ခံခိုင်းသည်။ ထို့ကြောင့်မိန်းမသားများသည် မိမိလင်ယောကျ်ားအားဝန်ခံရာတွင် မကြာခဏစိတ်ဆိုးစရာ ကြောက်လန့်စိုးရိမ်စရာများကြုံရသည်။ မဖြစ်နိုင်သည့် ကိစ္စရပ်ဟုမခံချိမခံသာဖြစ်တတ်သည်။ အဘယ်သို့နည်း။ သူ့လင်ယောကျ်ားကို ထိန်းချုပ်ချင်သည်။ လောကီသာယာမှုနောက်သို့လိုက်ချင်သည်။ မိမိဆုံးဖြတ်ချက်ကို တပါးသူများအားလိုက်နာစေချင်သည်။ သူ့စိတ်ထဲမှာ အခြားသူများကို ဖွဲ့နှင့်ဆန်ကွဲဟုထင်သည်။ သူ့အားနည်းချက်များကို အခြားသူများအဖြစ်ထုတ်ဖော်ခြင်းဖြင့် ဖုံးဖိချင်သည်။ သူ့လင်ယောကျ်ား၏ အမှားများထောက်ပြပြီး တမင်လုပ်ဆောင်ချက်ဟု စွပ်စွဲသည်။

မိန်းမများသည်မိမိတို့လင်သားများက မတော်တရားအုပ်စိုးမည်ကို စိုးရိမ်ကြသည်။ သူ့အပေါ်ထိန်းချုပ်မည့်ဆုံးဖြတ်ချက်များကိုလည်း တွန်းလှန်ရန်ကြိုးစားလေ့ရှိသည်။ ထိုသို့ဆိုလျှင် ယောကျ်ားသားများ၏ ဦးဆောင်မှုကို မိန်းမများက မည်ကဲ့သို့ ယုံကြည်ကိုးစားကြမည်နည်း။ သမ္မာကျမ်းစာက မိန်းမများ၏ ဘဝအိုးအိမ်လုံခြုံရေးသည် လင်ယောကျ်ား၏ အပြုအမူတွင် တည်မှီသည်ဟု မဆိုပါ။ ဘုရားသခင်၏အပြုအမူတည်မှီလျှင် လုံခြုံသည်ဟုဆိုပါသည်။ မိမိလင်ယောကျ်ားကိုယုံကြည်ကိုးစားသစ္စာရှိသူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားသူ ဖြစ်သည်။

## ၁ပေ ၃း၅ ဘုရားသခင်ကို ကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည် ရှေးက ထိုသို့ ကိုယ့်ကိုယ်ကိုတန်ဆာဆင်သည်။

မိမိလင်ယောကျ်ား၏ခေါင်းဆောင်မှုကို ဝန်ခံခြင်းသည် ဘုရားသခင်၏ ကွယ်ကာမှုရယူခြင်းဖြစ်သည်။ လင်ယောကျ်ား၏အမှားနှင့် အတွက်လွန်ကဲပြုမှား

မှုများမှ ဘေးအန္တရာယ်ကင်းရှင်းနိုင်သည်။ မိမိပင်ကိုယ်အားနည်းချက်ကို ဝန်ခံခြင်းမရှိသူ သည်မိမိဇာတိစိတ်၏ လှည့်စားမှုလွယ်လင့်တကူခံရသည်။ ဒေင်ဥယျာဉ်တွင် စာတန်က ဝေအားလှည့်စားစဉ်ထိုအချက်ဖြင့် သွေးဆောင်သည်ကို သတိပြုပါ။ ဘုရားသခင်ဖြစ်လိုစိတ်ဝေတွင်ရှိခဲ့သည်။ ပတ်ဝန်းကျင်ကိုထိန်းချုပ်လိုစိတ်အရာရာကို စီမံလိုစိတ်၊ ဉာဏ်ပညာရရှိလိုစိတ်ရှိသည်။

မယားကလင်ယောကျာ်း၏ ပြင်ပအသွင်သဏ္ဍာန် အမြဲမကြည်လင်ခြင်းသည် စာတန်၏ မာယာထောင်ချောက်သို့ ရောက်ရှိခြင်းဖြစ်သည်။ မိန်းမသားဘဝကို မေ့လျော့ပြီးသမ္မာတရားမှကင်းဝေခြင်းဖြစ်သည်။ တနည်းအားဖြင့် သူ့ဘဝမှန်ကို ဝန်ခံခြင်းမရှိဘဲ မိမိကိုယ်ကို နတ်ဘုရားမတင်မြှောက်ခြင်းဖြစ်သည်။

ဘုရားသခင်၏ စကားကိုနာခံပြီးလင်ယောကျာ်း၏ ဦးဆောင်မှုခံယူသူသည် ဘုရားသခင်၏ ကွယ်ကာမှုရရှိသည်။ ပြင်ပ ပယောဂ၏လှည့်စားမှု ဘေးအန္တရာယ်မှ ကင်းစင်သည်။ တနည်းအားဖြင့် မိမိကိုယ်ကို ဘုရားရှင်ထံသို့ အပ်နှံသူသည် လင်ယောကျာ်း၏ ဦးဆောင်မှုကိုခံယူသဖြင့် ဘုရားသခင်က ကွယ်ကာစောင့်ရှောက်သည်။ ဘုရားသခင်က ထိုလင်ယောကျာ်းကိုလည်း လမ်းညွှန်သည်။ လင်ယောကျာ်း၏ အမှားလွဲမှားသောဆုံးဖြတ်ချက် တွေ့လျှင်လည်း ဘုရားသခင်၏ အလိုတော်ဝန်ခံနိုင်၏ အဆုံးတွင် ကောင်းချီးမင်္ဂလာဖြစ်လာသည်။ လင်ယောကျာ်းက မိမိအမှားအားနည်းချက်သိရှိ၍ ပြုပြင်လာသည်။ မယားကို အိမ်ထောင်ဦးစီးတာဝန် လွှဲပြောင်းအပ်နှင်းခြင်းမဟုတ်။

၁ေး၂၉ တွင် ဘုရားသခင်၏ ပညတ်ချက်လူခံယူချက်ဆန့်ကျင်နေလျှင် ဘုရားသခင်၏ပညတ်ချက်ကို ဦးစားပေးနိုင်သည်။ သမ္မာကျမ်းစာကိုဝန်ခံသော မိန်းမသည် လက်တွေ့လိုက်နာကျင့်သုံးသည်။ မိမိအားနည်းချက်အဖြစ်ကို အမြဲဝန်ခံသည်။ လင်ယောကျာ်း၏ စကားကိုမနာခံတော်လှန်ခြင်းသည် ဘုရားသခင်ကို ပုန်ကန်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာကို နားလည်ဝန်ခံသော

မိန်းမသည် လင်ယောကျ်ား၏ ဦးဆောင်မှုကိုဝန်ခံသည်။ ကယ်တင်ခြင်းရရှိထားသော လင်ယောကျ်ား၏ ဦးဆောင်မှုကိုဝန်ခံသည်။ ကယ်တင်ခြင်းရရှိထားသော လင်ယောကျ်ားများသည် ဝန်ခံခြင်းမရှိသော မိမိတို့မယားကို ဘေးမဲ့ပေးခြင်း၊ ဖိနှိပ်ခြင်းမပြုကြ။ အားပေးသွန်သင်ပြသည်။ ဘေးရန်ကင်းရှင်းအောင် ကွယ်ကာကြသည်။ လိုအပ်ချက်များဖြည့်ဆည်းပေးသည်။ ဝန်ခံသော မယားများသည် လင်ယောကျ်ားကိုကိုးစားကြောင်းနှုတ်ဖြင့်ထုတ်ဖော်ကြသည်။ ထိုအခါမျိုးတွင် လင်ယောကျ်ားသည် မိမိမယားအား အထင်အမြင်သေးခြင်းမရှိ။ မိမိကိုပိုမို ကောင်းမွန်စေလိုသည်ဟုခံယူသည်။ လင်ယောကျ်ားကို မကြာခဏအာခံ ရန်တွေ့သူသည် လင်ယောကျ်ားကို မဝန်ခံသူဘုရားသားတော်ကို မနာခံဖီဆန်သူဖြစ်သည်။ ကိုယ်ကျိုးအတ္တဝါဒီဖြစ်၍ မိမိကိုယ်ကို ထောင်လွှားသူဖြစ်သည်။ ထိုသို့ပြုမူသရွေ့လင်ယောကျ်ား၏ တုံ့ပြန်မှုသည်လည်း ချောင်မည်မဟုတ်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင်လည်း မယားကို ဦးစားပေးမည်မဟုတ်။ မိန်းမ၏ လိုအပ်ချက်ဖြည့်ဆည်းရေးအလေးထားမည်မဟုတ်။

ဘုရားသခင်၏ စကားတော်ကို နာခံသောမယားသည် အနှုတ်လက္ခဏာ အပြုအမူမရှိ။ အပေါင်းလက္ခဏာရှိကြောင်းအောက်ပါအချက်များ၌ သိမြင်ရသည်။

**(၁) သားသမီးများအပေါ်တွင်လွှမ်းမိုးသည်။** ပုခက်လွှဲသော လက်က ကမ္ဘာကြီး လွှမ်းမိုးနိုင်သည်ဆိုသော စကားကြားဘူးကြပေမည်။ ထိုစကားက မိခင်သည် သားသမီးကောင်းများ မွေးထုတ်သည်ဟုဆိုလိုပါသည်။ သားသမီးများ၏ နောင်အနာဂတ်ရေးသည် မိခင်များ၏ လက်ထဲတွင်တည်သည်။

ယနေ့ခေတ်ကာလ၌ အပြင်သို့အလုပ်ထွက်လုပ်ဆောင်သော မိခင်သည် မိမိတို့သားများကို နေ့ကလေးထိန်းကျောင်း၊ မူကြိုကျောင်းသို့ အပ်နှံကြသည်။ ပြင်ပကျောင်းများက ပညာမျိုးစုံသင်ကြားပေးကြသည်မှန်သော်လည်း

ထို ကျောင်းများ၏ သွန်သင်ချက်များသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်သည်။ မြန်မာပြည် ကျောင်းများတွင်လည်း ရုပ်တုဘုရားတု ဗုဒ္ဓဘုရားကိုးကွယ်ရန် နည်းလမ်းများ သင်ပေးကြသည်။ ထိုသို့ပြုမူခြင်းသည် ကလေးသူငယ်များ၏ နုနယ်သော စိတ်နှလုံးကို ဖျက်ဆီးခြင်းဖြစ်သည်။ ထို့ကြောင့်ယနေ့လူ့လောကမှ လူမှု ပတ်ဝန်းကျင်သည် ချက်ပြုတ်စားသောက်ကြခြင်းနှင့်တူလာသည်။

## (၂) အခြားသောမိန်းမများ၏ ဆရာမဖြစ်ရသည်။

**တိ၂း၃၊ ၄၊ အသက်ကြီးရင့်သောမိန်းမတို့သည် ကျင့်ကြံပြုမူရာမှာ ဓမ္မအမူနှင့် ထိုက်တန်သောသူ မချော်စားတတ်သူ၊ စပျစ်ရည်၌ မလွန်ကြူးတတ်သောသူ၊ ကောင်းသောအတတ်ကို သင်ပေးတတ်သူ ကိုယ်တိုင်ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှာ၊ အသက်ပျိုသော မိန်းမတို့သည် ကိုယ့်ခင်ပွန်းကို ချစ်သောသူဖြစ်ပြီး၊ သားသမီးကို ချစ်သောသူဖြစ်စေခြင်းငှာ ဆုံးမရသည်။**

ယနေ့ခေတ်ကာလတွင်မိန်းမကြီးများသည် မိန်းမငယ်များအား သွန်သင်သူ များဖြစ်ရသည်။ မျက်မှောက်ခေတ်ကာလတွင် မိခင်ကြီးများသည် သမ္မာကျမ်းစာဖတ်ရှုသိရှိကြသော်လည်းမိန်းမငယ်များအား သမ္မာတရားနှင့် မွေ့လျော်ရေး သွန်သင်ချက်တွင်အားနည်းကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ အိမ်ပြင်သို့ အလုပ်ထွက်လုပ်ရသည်ဟု အကြောင်းပြနိုင်ကြသော်လည်း စင်စစ်တွင် ကျမ်းစာသွန်သင်ချက်ကို လက်တွေ့လောက၌ မထင်ရှားစေခြင်းဖြစ်သည်။ မိမိတို့သမီးများကိုသွန်သင်ခြင်း၊ မပြုကြ။ ယခုခေတ်ကာလမှ မိန်းမသားများသည်မဂ္ဂဇင်း၊ ရုပ်ရှင်၊ တီဗွီဇာတ်လမ်း နှင့်အပေါင်းအဖော်များထံမှ ဘဝသင်ခန်းစာယူကြသည်။ တွေ့မြင်ကြည့်ရှုသမျှသည် ကျမ်းသွန်သင်ချက်နှင့်

ဆန့်ကျင်ဘက်ဖြစ်သည်။ နေ့စဉ်တွေ့မြင်နေကြပတ်ဝန်းကျင် က လွှမ်းမိုးသည်။ လင်မယားကွာရှင်းရေးကိုလည်း လမ်းဘေးရေခဲရေသောက် သကဲ့သို့သဘော ထားလာကြသည်။ လင်မယားကွာရှင်းရေး၏ နောက်ဆက်တွဲကို မစဉ်းစား၊ မိမိသွေးသားဆန္ဒသာလိုက်ကြပြီးသားသမီးများ၏ နောင်ရေးမစဉ်းစားကြ။

**ငယ် ၄–၅ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုကဲ့ရဲ့ခြင်းနှင့်ကင်းလွတ် စိမ့်သောငှာ၊အသက်ပျိုသောမိန်းမတို့သည် ကိုယ့်ခင်ပွန်းကိုချစ်သောသူ၊ သားသမီးကိုချစ်သောသူ၊ ဣန္ဒြေစောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကိုပြုစုသူ ကောင်းမွန်သူခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကူဖြစ်စေ ခြင်းငှာ၊ အသက်ကြီးရင့်သူတို့က ဆုံးမပေးရသည်။**

ဘုရားတရားကိုင်းရှိုင်းသော မိန်းမကြီးများသည်အသင်းတော်ရှိ မိန်းမ ငယ်များအား သွန်သင်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ပြုရသည်။ အိမ်ထောင် မရှိသေးသူများကိုလည်း အိမ်ထောင်ပြုခြင်း၊ အိမ်ထောင်သည်ဘဝသင်ခန်းစာ များ သွန်သင်ပေးရသည်။ ထိုသို့သောသွန်သင်ချက်အားနည်းသောကြောင့် ယခုခေတ်ကာလ၌ မိန်းမလောကတွင် ပြဿနာပေါင်းစုံကြုံကြရသည်။

**(၃) မိမိလင်သားအပေါ်တွင် မယားဝတ်ကျေပြွန်ရသည်။** မိန်းမများသည် မိမိလင်ယောကျ်ားများအပေါ်တွင် လိုလေသေးမရှိအောင် မယားဝတ်ကျေပြွန် ကြရသည်။ သို့သော် ကြီးစိုးလွှမ်းမိုးရန်မဟုတ်ပါ။ ဘုရားသခင်၏ တရားတော် အတိုင်းဖြစ်ရသည်။ ဘုရားသခင်အပြင်တွင်လင်မယားသည် နှစ်ယောက် မဟုတ် နှစ်ယောက်ပေါင်းမှတစ်ယောက်ဖြစ်ကြသည်။ မယားတွင် အခြေခံ ဝတ္တရား(၄)ရပ်ရှိသည်။

**(က) လင်ယောကျာ်းကိုဦးစားပေးခြင်းနှင့်ဦးဆောင်မှုပေးခြင်း** ဥပမာ၊ စနေနေ့မနက်တွင် လင်မယားနှစ်ယောက် ကားရောင်းနေကြသည်။ ဝယ်မည့်သူက လာကြည့်ကြသည်။ ဝယ်မည့်သူတစ်ဦးကလင်ယောကျာ်းထံသို့ ချဉ်းကပ်ပြီး ငါးသောင်းဈေးလျှော့ခိုင်းသည်။ လင်ယောကျာ်းကလည်း ဈေးလျှော့ပေးရန် သဘောတူသည်။ ထိုဆွေးနွေးသံကို ကြားသော မိန်းမကအနားသို့ ရောက်လာပြီး 'ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလောက်တောင်အညာလွယ်ရသလား၊ ဟေ့ယောကျာ်းရဲ့' ဟုဆိုသည်။ ထိုညှိသည်က ကားရောင်းသူကို အထင်သေးသည့် မျက်လုံးဖြင့်ကြည့်သည်။ အိမ်ထောင်ဦးစီးဂုဏ်သိက္ခာ ကျဆင်းကုန်သည်။ ထိုမိန်းမ၏ မဆင်မခြင်ပြုမူပုံကြောင့် ယောကျာ်းသိက္ခာ လုံးလုံးကျဆင်းသည်။ ထိုယောကျာ်းကလည်း ပြောစရာရှိသမျှ ပြောဆိုရန် မိန်းမသို့ အာဏာလွှဲအပ် လိုက်သည်။အိမ်ထဲဝင်ပြီး တစ်နေကုန်တီဗွီထိုင်ကြည့်သည်။ တစ်နေ့ကုန် ကားများရောင်းပြီးသောအခါ သူ့မိန်းမသည် ပင်ပန်းနွမ်းလျှသည်။ ထိုမိန်းမသည် မလိမ်မိုးမလိမ္မာဖြင့် မိမိလင်၏ ဂုဏ်သိက္ခာကိုဖျက်ဆီးမိသည်။ လင်ယောကျာ်းကို ဂုဏ်တင့်စေမည့် အစားပျက်စီးစေသည်။ ပိုက်ဆံငါးသောင်းကြောင့် ပင်ပန်းနွမ်းလျသကဲ့သို့ လင်မယားဆက်ဆံရေးတွင်လည်း အဖုအထစ် ဖြစ်ပေါ်လာသည်။

ဤဇာတ်လမ်းသည် ယခုခေတ်လောကလင်မယားအကြားတွင် အများဆုံးတွေ့မြင်ရသည့် မိန်းမများက မိမိလင်သားများအပေါ် မတော်မလျော်ပြုမူကြဖြစ်သည်။ သမ္မာတရားနားမလည်သော မိန်းမများက လင်ယောကျာ်းကိုလေးစားရကောင်းမှ မသိကြ။ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ(၂)ခုစလုံးတွင် ပြစ်မှားကြသည်။ ကလေးသူငယ် ပမာဆက်ဆံကြသည်။ လင်ယောကျာ်း၏ ဆုံးဖြတ်ချက်ကို ဆင်ခြေဆင်လက် ဆင်နားရှက်ပေးကြသည်။ လူရှေ့သူရှေ့တွင် အော်ဟစ်ကြသည်။ ထိုသို့ပြုမူခြင်း သည် မိမိအဆင့်အတန်းကို ပြသခြင်းဖြစ်သည်။ သို့သော်အရည်အချင်းမြင့်မားသည့် အကြောင်းမဟုတ်ပါ။ ယုတ်ညံ့သည့် အကြောင်းဖြစ်သည်။

မယားဓ၏ လင်ယောကျ်ားအပေါ်ဆက်ဆံရေးက ကျန်းမာရေးကိုလည်း ဖြစ်ထွန်းစေသည်။ လင်ယောကျ်ားကို လေးစားဂရုစိုက်မှုမရှိလျှင် လင်ယောကျ်ားကလည်း မယားအပေါ် သံယောဇဉ်နည်းပါးလာသည်။ တနည်းအားဖြင့် စိတ်နှလုံးကျန်းမာရေးထိခိုက်လာသည်။ အကယ်၍ မိမိလင်ယောကျ်ားအား ဦးစားပေးခန့်ရပါလျှင် လင်ယောကျ်ားကလည်း သားမယားလုပ်ကျွေးရေးတွင် ပိုမိုကြိုးစားသင့်သည်။ ဘုရားသခင်က မိန်းမဖန်းဆင်းရာတွင် လင်ယောကျ်ားကိုကူမရန်ဖြစ်သည်။ ထိုလင်မယားသည် တစ်ဖွဲ့တည်းတသားတည်းတကိုယ်တည်းရှိကြသည်။ တနည်းအားဖြင့် ဘုရားသခင်အဖြစ်တွင်လင်မယားသည်တစ်ယောက်တည်းဖြစ်သည်။ အဘယ်သို့ဆိုသော် မယားသည် လင်ကိုထောက်မသူဖြစ်သည်။ ထို့ကြောင့် နေရာရာထူးလုယူစရာမဟုတ်။ ဘုရားသခင်စီရင်စဉ်အပ်သည့်အတိုင်း လင့်ဝတ်၊ မယားဝတ်ကျေပြွန်ရေးသည်သာလျှင် အရေးကြီးသည်။ အကယ်၍ အလိုတော်အတိုင်းမပြည့်စုံမစုံလင်ကြလျှင် ဦးစီးမိမိကိုယ်ကိုကြည့်မှန်ထဲတွင် ကြည့်ရသည်။ မိမိလုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်ရသည်။

## (ခ) လင်ယောကျ်ား၏ ဖြတ်ထုံးဉာဏ်သည်ဘဝအောင်မြင်ရာ

ယုံကြည်စိတ်ချဘွယ်ရာ မယားရှိသူသည် ပါရမီအခံကောင်းရှိသူဖြစ်သည်။ မယား၏ နှစ်လိုဘွယ်ရာ အပြုအမူ၊အပြောအဆိုများသည် လင်ယောကျ်ားအတွက် အားဆေးဖြစ်သကဲ့သို့ ဘဝတိုက်ပွဲအနိုင်နွှဲရန် ခွန်အားသတ္တိလည်းဖြစ်သည်။ အခြားတဘက်တွင် လင်ယောကျ်ားကို ထောက်မခြင်းမရှိသူသည် တယောက်တည်းတိုက်ပွဲဝင်နေသူဖြစ်သည်။ လင်ယောကျ်ားသည်လည်း ကူဖော်လောင်ဖက် မရှိသဖြင့် အခက်အခဲမျိုးစုံကြုံရသည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုသည် နည်းပါးလာသည်။ အထောက်အမမရှိသဖြင့် ဆင်းရဲဒုက္ခများလာသည်။ တည်ဆောက် စရာမရှိဘဲအားနည်းချို့ယွင်းမှုများလာသည်။

သံသယစိတ်ဝင်လာသည်။ ဝေဖန်လေကန်သံကြောင့် လုံခြုံမှုမရှိသကဲ့သို့ ဖြတ်ထိုးဉာဏ်လည်းမသွက်လက်နိုင်။

## (ဂ) ခေါင်းဆောင်မှု၏ အဓိကသည့်ဆုံးဖြတ်ချက်ချမှတ်ခြင်း

ဆုံးဖြတ်ချက်ချမှတ်ရာတွင် လင်ယောကျ်ားကသာဆုံးဖြတ်ရကြောင်းကို အချို့သော မိန်းမများက ဘဝင်မကျနားမလည်နိုင်ကြ။ မိန်းမများက ဆုံးဖြတ်ချက် ချမှတ်ရာတွင်လုံးဝမပါဝင်ရဟုမဆိုလိုပါ။ မိန်းမများကလည်း နေ့တိုင်းဆုံးဖြတ်ချက် တရားချမှတ်ကြပါသည်။ သို့သော်ခေါင်းဆောင်မှုဆုံး ဖြတ်ချက်နှင့် လုပ်ငန်းခွင် ဆုံးဖြတ်ချက်သည် မတူညီပါ။ လင်ယောကျ်ား၏ ခေါင်းဆောင်မှုဆုံးဖြတ်ချက်သည် မိသားစုအရေးအရာဖြစ်သည်။ မိသားစု၏ နောင်ရေးရှေ့နေဖြစ်သည်။ ထိုကြောင့်လည်း ဘုရားသခင်က လင်ယောကျ်ားကို မိသားစုခေါင်းဆောင်အဖြစ်ခန့်အပ်သည်။

လင်ယောကျ်ား၏ဆုံးဖြတ်ချက်သည် မိသားစု၏အရေးအရာဖြစ်သည်။ အလုပ်အကိုင်ရှာဖွေရေး၊ လုပ်ငန်းပြောင်းလဲခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ ကလေးသူငယ်များလေ့ကျင့်ပျိုးထောင်ခြင်းစသည့်ကြီးလေးသော ဆုံးဖြတ် စရာများ ချမှတ်ရသည်။ ခေါင်းဆောင်မှု၊ ကျွေးမွေးမှု၊ စောင့်ရှောက်မှုတို့သည် လင်ယောကျ်ား၏ ဝန်တာဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖေါ်လုပ်ဆောင်ရာတွင် လမ်းညွှန်ချက်များပေးရသည်။ မယား၏တာဝန်ဝတ္တရားသည် အိမ်မှုရေးရာ စီမံခြင်း၊ ငွေကြေးချိုးခြုံချွေတာခြင်း၊ စီးလေသောရေကန်သင်ဆည်းခြင်း၊ ကလေးသူငယ်များ ကျွေးမွေးစောင့်ရှောက်ခြင်းစသည်များ၌ မယားကဆုံးဖြတ် ရသည်။ မယား၏ ဆုံးဖြတ်ချက်ဟူသမျှသည် လင်ယောကျ်ား၏ လမ်းညွှန် ချက်အောက်၌ရှိရသည်။ လမ်းညွှန်ချက်အောက်၌ စိတ်ကြိုက်လုပ်ဆောင် ရသည်။

အဓိကအချက်ကိုလင်ယောကျ်ားက ဆုံးဖြတ်ရပြီးမယားသည် ထို ဆုံးဖြတ်ချက်ကို လိုက်နာအကောင်အထည်ဖော်ရသည်။ လင်ယောကျ်ား၏ ဆုံးဖြတ်ချက်သည် ချို့ယွင်းခြင်းမပါးနပ်ခြင်းရှိလျှင်လည်း မယားက ဝန်ခံရသည်။ ညံ့ဖျင်းသော ခေါင်းဆောင်မှုကို အကြမ်းပတမ်းဝေဖန်ခြင်း မပြုရဘဲ လက်ခံသာအောင် ညင်သာစွာဖျောင်းဖျရသည်။ ညံ့ဖျင်းသော ခေါင်းဆောင်မှုမပါးနပ်သောဆုံးဖြတ်မှု၊ လင်ယောကျ်ားကို မဝန်ခံသော မိန်းမ၏ စိတ်သဘောထားများအား ဘုရားသခင်က သင်ယုံကြည်ခြင်းဘယ်မှာ နည်းဟုမေးပါသည်။ သင်၏ ဘုရားသခင်ကိုဦးဆောင် ကွယ်ကာသူဟု ခံယူ ပါသလား။ သင့်လင်ယောကျ်ား၏လုပ်ဆောင်ချက်များကို အမှားချည်း မြင်ပါသလား။

သမ္မာကျမ်းစာက ရေဗက္ကာကို စံနမူနာပေးပါသည်။ အမွှာ ကိုယ်ဝန်ဆောင်စဉ် အကြီးဖြစ်သူဧသောသည် သူ့ညီယာကုပ်၏ အစေခံရ မည်ဟု ဘုရားသခင်က မိန့်တော်မူထားသည်။ ထိုကတိတော်စကားသည် သားကြီးကအုပ်စိုးရမည့် လူကုံတန်းစဉ်လာနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။

က္လဇက်က ဧသောကိုထုံးစံအတိုင်းကောင်းချီးပေးမည့်အကြောင်း ရေဗက္ကာကြားသိသောအခါ သူ့ယောကျ်ား၏လုပ်ဆောင်ပုံကို နားမလည်နိုင်။ ဘုရားသခင်၏ စကားတော်ကိုလည်း မယုံကြည်နိုင်။ သူမဖို့ချစ်သော ယာကုပ်အတွက် ဧသောရရှိမည့် ကောင်းချီးမင်္ဂလာ ခိုးယူပေးရန်ကြံစည်သည်။ ထိုသို့သော ရေဗက္ကာ၏ လုပ်ဆောင်မှုကြောင့် မိသားစုဖရိုဖရဲဖြစ်ကြသည်။ ရေဗက္ကာနှင့်ယာကုပ်တို့သည် ရှင်ကွဲသာမကသေကွဲကွဲသွားကြသည်။ ဘဝ တသက်မဆုံးတွေ့ကြတော့ပါ။ ယာကုပ်သည်လည်း အစ်ကို၏ဘေးရန်မှ ပြေးလာ၍ အသက်ကိုဖက်ရွက်ဖြင့်ထုပ်ကာ ထွက်ပြေးရသည်။ ရေဗက္ကာ၏ အပြုအမူသည် ဘုရားသခင်ကိုမယုံကြည်ခြင်းလား။ သူ့လုပ်ဆောင်ချက်ကြောင့် နှစ်ပေါင်း (၂၀)ကြာ မိသားစုဖရိုဖရဲ ဖြစ်သွားကြသည်။

ပြဿနာဖြေရှင်းရာတွင် မိန်းမများသည် ရေရှည်အရေးစဉ်းစားခြင်း မရှိကြ။ မိန်းမများသည် နှာခေါင်းပေါက်ပါရှိ၍သာလျှင် မစင်မစားကြခြင်းဖြစ်သည်။ လင်ယောကျ်ားကို တလွဲကြီးစိုးလွှမ်းမိုးချင်ကြသည်။ ပြဿနာကို ဆေးမြီးတိုနည်းဖြင့် ဖြေရှင်းတတ်ကြသည်။ ပြီးလျှင်ပြီးရောသဘောထားကြသည်။ မျက်စိတဆုံးမကြည့်ဘဲ မျက်တောင်မွေးအောက်ကိုသာ ကြည့်တတ်ကြသည်။ မိမိလင်ယောကျ်ားကိုလည်း လွယ်လင့်တကူ ဆုံးဖြတ်ခိုင်းကြသည်။

ထိုအကြောင်းကိုစာရာတွင်ဥပမာတွေ့နိုင်သည်။ သူ့လင်ယောကျ်ားက အာပြဲဟံက ဘုရားပေးကတိတော်သားယောကျ်ားကို မျှော်လင့်သကဲ့သို့ သူလည်းမျှော်လင့်သည်။ သို့သော်စာရာသည် အမြုံမဖြစ်နေသဖြင့် ကိုယ်ဝန်ရရှိရန် မဖြစ်နိုင်။ ထို့ကြောင့် ကတိတော်ပြည့်စုံလာစေရန်တထွာတမိုက် မိန်းမဉာဏ်ဖြင့် ထပ်ဖြည့်သည်။ သူ့ကျွန်မဟာဂရကို သူ့လင်ယောကျ်ား အာပြဲဟံနှင့်ညားစေသည်။ စာရာကထိုသို့ပြုလုပ်သကဲ့သို့ ရေဗက္ကာသည်လည်း သူ့စိတ်ကူးထင်ရာ လျှောက်လုပ်ခဲ့သည်။ မယားစာရာ၏စကားကို ဝါသနာခပ်ပါပါဖြင့် လိုက်နာသောအာပြဲဟံသည် မိသားစုအတွင်း၌ ပြဿနာမီးမွှေးသည်။ စာရာ၏ စနက်မီးကြောင့် တောက်လာသောမီးသည် မိသားစုတွင်သာမက ကမ္ဘာတွင် ဥဒါန်းမကျေနိုင်အောင် အာရပ်–ဣသရေလ အမုန်းတရားဖြစ်လာသည်။

မိသားစုအရေးဆွေးနွေးရာတွင် မယား၏ဝန်ခံချက်သည် အပြစ်သက်သေခံစာရာဖြစ်ရသည်။ ‘ဘယ်လိုဖြစ်ဖြစ်လင်ယောကျ်ား၏ဆုံးဖြတ်ချက်လိုက်နာပါမယ်။ ယောကျ်ားသဘောအတိုင်းဖြစ်ပါစေ၊ ကျွန်မရဲ့ခံစားချက်သိပါတယ်။ နောက်ဆုံးမှ တော့လင်ယောကျ်ားရဲ့ ဦးဆောင်မှုခံယူဘို့အသင်းပဲ’ ဟု ဝန်ခံနိုင်ရသည်။ ထိုသို့ ပြောဆိုဝန်ခံသည်ပင်လျှင် လင်ယောကျ်ားအား ကြိုးစားလုပ်ကိုင်ရန် ခွန်အားပေးခြင်း ဖြစ်သည်။

ဘုရားသခင်က မိန်းမကိုဖန်ဆင်းစဉ်ကပင် လင်ယောကျ်ားကိုဝန်ခံရန်

ဖန်ဆင်ထားသည့်အတိုင်းသမ္မာကျမ်းစာအလာသွန်သင်ချက်များကို တသွေမတိမ်း လိုက်နာဖေါ်ဆောင်ရသည်။ သို့သော် ယောကျ်ားများ၏ ဦးဆောင်မှုသည် ဘယ်သောအခါမှအမှားအယွင်းဟု မဆိုလိုပါ။ လင်ယောကျ်ားသားများ၏ အမှားများကို အနာဂတ်ခေါင်းဆောင်မှု၌ ခေါင်းဆောင်ကောင်း မွေးထုတ်ရေး အဖြစ် ဘုရားသခင်က အသုံးပြုပါသည်။ ဘုရားသခင်က လင်ယောကျ်ားသားများ လေ့ကျင့်မွေးထုတ်ပုံကို မယားများကလည်း သိရှိနားလည်ပေးရသည်။ ထို့ကြောင့် ဝန်ခံခြင်းမရှိသော မိန်းမသည် အကွယ်အကာမဲ့သည်။ ဝန်ခံခြင်းမရှိသော မိန်းမသည် ဘုရားသခင်၏ အကွယ်အကာမဲ့သည်။ ဝန်ခံခြင်းမရှိသော မိန်းမသည် ဘုရားသခင်၏ ကွယ်ကာမှုမရရှိ။ သမ္မာကျမ်းစာလာအတိုင်း ထိမ်းမြား အိမ်ထောင်ပြုသူသည် ဘုရားသခင်၏ ခံတပ်အတွင်းတွင် လုံခြုံစွာ ရှိသောကြောင့် ယနေ့မနက်ဖြန်တွင် ဘေးရန်ကင်းရှင်းသည်။ ဘုရားသခင်ကို ယုံကြည်သူသည် သမ္မာကျမ်းစာလာ အိမ်ထောင်သည်ဘဝကို တန်ဘိုးထားသည်။ ထိုမိန်းမက မိမိလင်ယောကျ်ားကို ဝန်ခံခြင်းသည် ဘုရားသခင်ကို ဝန်ခံခြင်းဖြစ်သည်။ အလိုတော်အတိုင်း အသက်ရှင်သူဖြစ်သည်။ နာခံခြင်း၏ ရလဒ်ကောင်း ကောင်းချီးမင်္ဂလာခံစားသည်။ သူမ၏အားနည်းချက်ကို လင်ယောကျ်ားက ကွယ်ကာဖုံးအုပ်သည်။

## (၂) မယား၏ ဒုတိယဝတ္တရားသည် မိမိလင်ကို ရိုသေလေးစားခြင်း

**ဧ၅း၃၃၊ သင်တို့သည် အသီးသီးကိုယ့်ကိုယ်ကိုချစ်သကဲ့သို့ ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။ မိန်းမသည်လည်း ကိုယ့်ခင်ပွန်းကို ရိုသေကြလော့။**

မယား၏ ဒုတိယဝတ္တရားသည် မိမိလင်အား ရိုသေလေးစားခြင်းဖြစ်သည်။ ဘုရားသခင်က မိန်းမကို ဘာကြောင့် သူ့လင်အား ရိုသေ

လေးစားနိုင်းသနည်း။ ဂရိမူရင်းကျမ်းတွင် ကြည့်ညိုလေးစားခြင်းဟုဆိုသည်။ ထို့ကြောင့် ရိုသေလေးစားခြင်းဆိုရာတွင် ကြည့်ညိုချစ်ခင်ခြင်းပါဝင်သည်။ ဘုရားသခင်က မယားများအား မိမိတို့လင်များကို ထိုသို့ပြုမူဆက်ဆံနိုင်းသည်။ လူ့အမြင်တွင် မည်သို့ရှိစေလျှင်လည်း ထိုကဲ့သို့ ချစ်ကြည်ပေါင်းသင်းရမည်။ ထိုမိန့်မှာချက်သည် ချို့ယွင်းချက်မရှိ။ အဘယ်ကြောင့် ဘုရားသခင်သည် မယားများအား မိမိတို့လင်ကို ရိုသေလေးစားနိုင်းကြောင်း တဖန်ပြန်မေးပါသည်။ အဘယ်သို့ဆိုသော် ဘုရားသခင်က ယောကျ်ားသားများ၏ လိုအပ်ချက်ကို သိရှိထားသည်။ မယားသည် ထောက်မသူဖြစ်သဖြင့် ထိုကဲ့သို့ ရိုသေလေးစားရခြင်းလား။ ယောကျ်ားသား၏ လုပ်ကျွေးထောက်ပံ့မှု လိုအပ်သဖြင့် ဘုရားသခင်က မျက်နှာလိုမျက်နှာရ လုပ်နိုင်းခြင်းလား။

မယားသည် လင်ယောကျ်ား၏ ဦးဆောင်မှုအရည်အချင်းကို သိရသည်။ ထိုသို့လိုက်နာခြင်းသည် လင်ယောကျ်ားအား ကူညီအားပေးခြင်းဖြစ်သည်။ အကယ်၍ မယားသည် လင်သားအပေါ်သို့ မယားဝတ္တရားမကျေပွန်ပြန်လျှင် လင်ယောကျ်ားကလည်း မယားအပေါ်သို့ လင့်ဝတ္တရား မကျေမပွန်ဖြစ်လာသည့်အပြင် အချစ်ပေါ့သွားမည်။ ဘုရားသခင်၏မိန့်မှာချက်အတိုင်း လင်ယောကျ်ားကို ရိုသေလေးစားချစ်ကြည်လျှင် လင်ယောကျ်ားကလည်း ပို၍ကောင်းသော အိမ်ထောင်ဦးစီး၊ ကျွေးမွေးထောက်ပံ့သူ ကွယ်ကာသူဖြစ်လာအောင် ကြိုးစား သထက်ကြိုးစားလာမည်။ ထိုသို့ဖြင့် အပြန်အလှန်အကျိုးပြုကြမည်။

လင်ယောကျ်ားကို ရိုသေလေးစားခြင်းသည် မိမိအပေါ်သို့ ဘုရားသခင်၏ အမြင်ကြည်လင်စေခြင်းဖြစ်သည်။ စကားလိုက်နာစောင့်ထိန်းသူများကို ဘုရားသခင်က ကြည့်ရှုနေပါသည်။ မိမိလင်သားအား ခွန်အားပေးသူ တည်ဆောက် ပေးသူ သို့မဟုတ် ဆုတ်ဖြဲဖျက်ဆီးသူများကို ဘုရားသခင်က မျက်လုံးဒေါက် ထောက်ကြည့်နေပါသည်။ အကြင်လင်မယားသည် နှစ်ယောက်

ပေါင်းမှတစ်ဘဝ ဖြစ်သောကြောင့် အပြန်အလှန် အမှီသဟဲပြုကြသူများ ဖြစ်သည်။ တစ်နည်းအားဖြင့် လင်ယောက်ျား၏ စိတ်ချမ်းမြေ့မှုသည် မိန်းမ အပေါ်မှာတည်သည်။ အဘယ်သို့ဆိုသော် မယားသည် လင်ကိုထောက်မသူ ပြည့်စုံစေသူဖြစ်သည်။

ဘုရားသခင်က လင်မယားကို တစ်ဘဝတည်းဖြစ်စေသည်။ သို့သော် အခန်းကဏ္ဍ ကွဲပြားခြားနားခြင်းမရှိဟု ဆိုလိုသည်မဟုတ်။ ထိုသို့ခံယူလျှင် အတွေးအခေါ်မှားသွားမည်။ လင်ယောက်ျားကို မရိုသေရာရောက်မည်။ အကယ်၍ မိမိလင်ယောက်ျားသည် ဘုရားသခင်၏ ကျေနပ်ရာမဟုတ်ဘဲ ချို့ယွင်းအားနည်း ချက်ရှိသည့်တိုင်အောင် မယားသည် အထောက်အမနှင့် စုံလင်စေသူဖြစ်သည့်အတိုင်း မိမိလင်ကို ရိုသေလေးစားရသည်။ အိမ်ထောင် ဦးစီးကောင်းပီသလာစေရန် ဖေးကူမပေးရသည်။

တခြားတစ်ဘက်တွင် မိမိလင်ကို ထောက်မခြင်းမပြုသူ၊ ရိုသေလေးစား ခြင်းမရှိသူသည် လင်ယောက်ျား၏ ယုံကြည်စိတ်ချမှု ပြန်လည်မရရှိနိုင်။ လင်ယောက်ျားကို စိတ်ချမ်းမြေ့စေသူမဟုတ်ဘဲ စိတ်ဆင်းရဲဒုက္ခပေးသူ ဖြစ်သည်။

## (၃) မယား၏ တတိယဝတ္တရားသည် အိမ်ထောင်ထိန်းသိမ်းခြင်း

ယခုခေတ်ကာလ၌ မိန်းမငယ်များက ဤအယူအဆကို လက်ခံကျင့်သုံး ခြင်း မရှိကြ။ မည်သို့ပင်ဖြစ်စေ လင်ယောက်ျားကို ထောက်မသည့် မယားဝတ် သည် အရေးကြီးသည်။ တိ ၂း၃း၅ ကို ဖတ်ကြည့်ပါ။

ယနေ့ခေတ်ကာလ၌ မိန်းမများသည် အိမ်ထောင်ထိန်းသိမ်းရေးတာဝန် အရေးကြီးပုံ နားမလည်ကြ။ အိမ်ထောင်ထိန်းသိမ်းရေးတာဝန် အိမ်ဖော်များ တာဝန်အဖြစ် ထင်မှတ်ကြသည်။ တခြားကိစ္စ စိတ်ဝင်စားလုပ်ဆောင်ကြသည်။

မျက်စိသာယာမှု တည်ဆောက်မှုသာလျှင် ဘုရားသခင်က တန်ဖိုးထားကြောင်း အထင်များကြသည်။ မာသာထရီဆာကဲ့သို့ စွမ်းဆောင်နိုင်မှုသာလျှင် စံနမူထား စရာ မိခင်တာဝန်ဟု ယူဆကြသည်။ ထိုသို့သော တလွဲတချော်အယူအဆ ကြောင့် မိသားစုထဲမှ ပျော်ရွှင်မှုထွက်ပြေးသွားသည်။ မိခင်သည် မိသားစု ဝင်များ မျက်လုံးချင်းဆုံရာ၊ နှလုံးသားချင်း တွေ့ဆုံနွေးထွေးရာဖြစ်၍ အရေး ကြီးကြောင်း ကျမ်းစာက သွန်သင်ပါသည်။ လင်ယောကျ်ားနှင့် သားသမီးများ ပြုစုစောင့်ရှောက်ခြင်းသည် မွန်မြတ်လှပေသည်။

အမျိုးသမီးတစ်ဦးက အဓိကတာဝန်သည် သူ့လင်ယောကျ်ားကို ပြုစုခြင်းဟု ဝန်ခံသည်။ လင်ယောကျ်ား အိမ်ပြန်ရောက်၍ အနားယူလိုသည့် အခါ စိတ်ချမ်းသာနိုင်ရန် အိမ်မှုကိစ္စအဝဝ စီစဉ်ထားရသည်။ အိမ်ပြင်ထွက် အလုပ်သွားလုပ်လျှင်လည်း နောက်ဆံမတင်းရအောင် စီစဉ်ထားရသည်။ အိမ်မှာ မီးမသေရေလျှံနေအောင် ပြုလုပ်ထားရသည်။ အကယ်၍ ထိုသို့ မပြုလုပ်လျှင် လင်ယောကျ်ားသည် လုပ်ငန်းခွင်မှာ စိတ်ဖြောင့်နိုင်မည်မဟုတ်။ မယားသည် လင်ယောကျ်ား၏ ခံမင်ရာဖြစ်သည့်အတိုင်း တစ်နေကုန် ပင်ပန်း နွမ်းနယ်သမျှ မိသားစုထံ ပြန်ရောက်သည့်အခါ စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့ စေရသည်။ လင်ယောကျ်ားက လုပ်ငန်းကိုင်ငန်းဖြင့် သူများကို ကူညီရသကဲ့သို့ မယားများကလည်း လင်ယောကျ်ားအား ထိုသို့လုပ်ဆောင်နိုင်ရန် ကူညီကြ သဖြင့် သွယ်ဝိုက်သောအားဖြင့် လင်ယောကျ်ား၏အလုပ်ကိစ္စတွင် ပါဝင် သူများဖြစ်သည်။ မယားများ၏ နေ့တဓူဝလုပ်ဆောင်ချက်ကို အကောင် အထည်ပြစရာမရှိသော်လည်း မိသားစုတွင် အိမ်ရှင်မ၏ အခန်းကဏ္ဍသည် ပေါ်လွင်ထင်ရှားသည်။ သို့ကြောင့် မယားများသည် လင်ယောကျ်ားများကို အားတက်သရော ပံ့ပိုးကြရသည်။ အခြားကိစ္စရပ်တစ်ခုမှာ သားသမီးများ အရေးဖြစ်သည်။ အရွယ်ရောက်ကြီးပြင်းလာကြသော်လည်း မိဘမျက်စိထဲတွင် ကလေးသူငယ်များဖြစ်နေကြသည်။ ကလေးများအား ကြီးထွားစေချင်လှသည်။

ဘုရားသခင်က မိဘများအား မိမိတို့သား သမီးများကို ပြုစုပျိုးထောင်ရန် တာဝန်ပေးအပ်ထားသည်။ မိမိတို့သားသမီးများ နည်းတူ အခြားလူများကို လည်း ကျွေးမွေးပြုစုရန် ဘုရားသခင်ကမိန့်မှာပါသည်။ သားသမီးများ လောကီသားများသို့ ပြုမူနေထိုင်စေခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ရာ အပြစ်ပြုခြင်းဖြစ်သည်။ သားသမီးများသို့ မတော်မတရားဆက်ဆံ ရာရောက်သည်။ သားသမီးများက ဘုရားသခင်ကို ချစ်ကြောက်ခြင်း၊ ဘုရား သခင်ကို ချစ်မြတ်နိုးခြင်း၊ အမှုတော်၌ပါဝင်ခြင်းသည် မိဘများအတွက် နှုတ်ဖြင့် မြွက်ဆိုမမီနိုင်သော ဖရဏာပီတိဖြစ်သည်။ သားသမီးများက ဘုရား တရား၌ မွေ့လျော်ခြင်းထက် မိခင်ရင်ခွင်တွင် ဝမ်းမြောက်ရွှင်လန်းစေနိုင်သော အခြားပြင်ပကိစ္စရပ်မရှိ။ သင်းအုပ်သင်းထောက်များတွင်သာ ဤသို့ရှိအပ်သည် ဟု ထင်ပါသလား။ ထိုသူများသည် မယားတစ်ယောက်သာရှိရပြီး ထိုမယား သည် အရာရာတွင် ယုံကြည်ခြင်းသစ္စာရှိရသည်။

**၁တိ ၃း၁၁ ထိုနည်းတူ မိန်းမများသည် တည်ကြည်သူဖြစ်ကြရ မည်။ ချောစားတတ်သောသူမဟုတ်၊ သမ္မာသတိရှိသူ၊ အရာရာ၌ သစ္စာရှိသူဖြစ် ကြရမည်။**

သင်းအုပ်ဆရာမှန်လျှင် မယားရှိရသည်။ သို့သော် ထိုမယားသည် မိန်းမမှန်လျှင်ပြီးရောဟု မယူရ။ အစစအရာရာ သစ္စာရှိသူဖြစ်ရသည်။ အိမ်ထောင်မှု နိုင်နင်းရသည်။ သားသမီးများကို ပြုစုလုပ်ကျွေးရသည်။ ဘုရားတရားမသိလျှင် ထိုသို့လုပ်ဆောင်နိုင်ပါ့မလား။ မလုပ်ဆောင်နိုင်ပါ။ မယား၏တာဝန် မကျေပွန်မှုသည် လင်ယောကျ်ား၏လုပ်ငန်းကို ထိပါးသည်။ မယား၏ အခန်းကဏ္ဍသည် မယားဝတ်၊ မိခင်ဝတ်အပြင် အခြားအရေးကြီး ကိစ္စရှိနိုင်သလား။ မရှိနိုင်ပါ။

## (၄) မယား၏ စတုတ္ထဝတ္တရားကို ၁ကော တွင် လေ့လာကြမည်။

ဤကျမ်းချက်သည် မိမိကိုယ်ကို မည်သို့သဘောထားခံယူရမည့် အကြောင်း ဖြစ်သည်။ လင်မယားအကြား ခန္ဓာကိုယ်နှီးနှောခြင်းဖြစ်သည်။ ဘုရားသခင်က အထူးသဖြင့် မယားများသို့ မှာကြားချက်ဖြစ်ကြောင်း **၁ကော ၁း၃–၅** တွင် တွေ့ရသည်။

သမ္မာကျမ်းစာလာ လင်ရှိမယားအကြောင်းကို အနီးကပ်လေ့လာကြရမည်။ သုညပါ သီလရှိသောမိန်းမနှင့် နှိုင်းယှဉ်ကြည့်ပါ။ ခရစ်ယာန်အိမ်ရှင်မများသည် သုညပါ သီလပြည့်စုံသောမိန်းမများဖြစ်ကြရသည်။ သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း စံပြမိခင်များဖြစ်ကြရသည်။

သု–၁၁ ပါ သီလပြည့်စုံသောအမျိုးသမီးသည် မိမိလင်ယောကျ်ားနှင့် မိသားစုသာမက အသင်းတော်နှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဘုရားသခင်၏ ဘုန်းတန်ခိုးတော် တင့်တယ်စေသူဖြစ်သည်။ အိမ်ရှင်မသည် လူတော မတိုးနိုင်သည့် အနှိမ်ခံလူတန်းစားမဟုတ်။ အဓိပ္ပါယ်ရှိသောသဘာဝ ပိုင်ဆိုင်သူ၊ ရှင်သန်ကြီးထွားသော အသက်တာရှိသူဖြစ်သည်။ သူ့လင်ယောကျ်ားကလည်း ချို့ယွင်းချက်မထား ယုံကြည်စိတ်ချသည်။

ငယ် ၁၂ တွင် လင်ယောကျ်ားအပေါ် အငန်းအတာပြဋ္ဌာန်းသည်။ မယား၏ အဓိကအငန်းအတာသည် လင်ယောကျ်ားကို ကူညီရေးဖြစ်သည်။ ဘဝတစ်သက်လုံး လင်ယောကျ်ားထံသို့ ပုံအပ်ရသည်။ ကာမပိုင်လင်ယောကျ်ားနှင့်သာ သက်ဆိုင်ရသည်။ ခင်ပွန်းသည်နှင့် မိသားစုအတွက် အသက်ရှင်သည်။ မိသားစုဝင်များအတွက် အိမ်မှုကိစ္စဆောင်ရွက်ခြင်းကို ကျေနပ်ဂုဏ်ယူသည်။ ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ တထောင့်တစ်နေရာမှ ထိုသို့ပါဝင်ရသည်။ လူ့ယောကျ်ားကို အပြင်မှာ လုပ်ချင်ရာသွားလုပ်သည်ဟု မထင်ရ။ မိမိကိုယ်ကို သနားစရာ ဖားသတ္တဝါဟု အားငယ်ခြင်းမရှိရာ။

ငယ် ၁၄ တွင် အိမ်ရှင်မများအား ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ စားကုန်သယ်ဆောင်လာသော ပင်လယ်ကူးသင်္ဘောနှင့် နိုင်းနှိုင်းထားသည်။ ရှေးယခင်ကာလမှ ယခုခေတ်တိုင်အောင် အိမ်ရှင်မများသည် မိသားစု၏ စားသောက်ရေး တာဝန်ယူကြသူများဖြစ်သည်။ မရှိမဲ့ရှိမဲ့ဖြင့် အကောင်းဆုံး စားသောက်ဖွယ်ရာများ ချက်ကျွေးသည် နံနက်မိုးလင်းယံမှသည် နေဝင်မိုးချုပ် တိုင်အောင် မိသားစုစားသောက်ရေး လုံးပန်းကြသည်။

ငယ် ၂၆ တွင် လယ်ကွက်ဝယ်နှင့် ရောင်းဝယ်ဖောက်ကားသူဖြင့် ပုံနှိုင်းထားသည်။ ထိုမိန်းမသည် တာဝန်(၂)ရပ် ထမ်းဆောင်သည်။ မန်နေဂျာ ကောင်းဖြစ်သကဲ့သို့ လင်ယောက်ျား လက်ခံကျေနပ်အောင် မိမိအစွမ်းအစဖြင့် လုပ်ကိုင်သည်။ ထိုမိန်းမသည် ကိုယ်ကျိုးအတွက် ရှာဖွေလုပ်ဆောင်ခြင်းမဟုတ်။ တစ်မိသားစုလုံး၏အကျိုး လုပ်ဆောင်သည်။

**ငယ် ၂၅၊ ၂၆ တွင် သူလုပ်သော အထည်အလိပ်သည် ခိုင်ခံ့၍ လှသောအဆင်းနှင့် ပြည့်စုံသဖြင့် သူသည် နောင်ကာလ၌ ဝမ်းမြောက် လိမ့်မည်။ ပညာစကားကို ပြောတတ်၍ မေတ္တာတရားဖြင့် နှုတ်မြွက် တတ်၏။**

ဤအမျိုးသမီးသည် တစ်အိမ်တက်ဆင်း လျှောက်လည်၍ အတင်း ပြောတတ်သူမဟုတ်။ အလုပ်တွင်သာ ဖောက်ချသူလည်းမဟုတ်။ အသိဉာဏ် ပညာလည်းရှိသည်။ သူ့အသိဉာဏ်ပညာကိုလည်း ပါးနပ်စွာ အသုံးချတတ် သည်။ သိရှိသမျှကို ပညာရှိရှိ အသုံးပြုတတ်သဖြင့် ကောင်းချီးမင်္ဂလာ ခံစားသည်။ အခြားသူများသို့လည်း အကျိုးကျေးဇူးပြုသည်။

**ငယ် ၂၇-၃၁ အိမ်သူအိမ်သားပြုသမျှတို့ကို ကြည့်ရှုတတ်၏။**

**ပျင်းရိခြင်းအစာကိုမစား။ သူ၏သားသမီးတို့သည် ထ၍ အမိကို ကောင်းချီးပေးကြ၏။ သူ၏ခင်ပွန်းကလည်း အမျိုးသမီးများတို့သည် ကောင်းမွန်စွာ ပြုကြပြီ။ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲပြီဟု သူ့ကို ချီးမွမ်း၏။ ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့်ယှဉ်၏။ လှသော အဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမကား ချီးမွမ်းခြင်းခံရမည်။ ထိုသို့သောမိန်းမကျင့်ရာ အကျိုးကိုပေးလော့။ သူပြုသောအမှုသည် မြို့တံခါးတို့၌ သူ၏အသရေကို ထင်ရှားစေသတည်း။**

မည်သို့သောပတ်ဝန်းကျင်မှ ပယောဂပြုလျှင်လည်း ထိုမိန်းမသည် ပျော်ရွှင်နေသည်။ စုံလင်သည်။ ရည်ရွယ်ချက်ရှိသည်။ အထက်ပါ ကျမ်းချက်မှ ကျမ်းပိုဒ်တိုင်းတွင် ထိုအချက်တွေ့ရသည်။ သူ့စကားတိုင်းသည် အဓိပ္ပါယ်ရှိသည်။ ဘုရားသခင်ထံမှရရှိသော ဝိညာဉ်ဆုကျေးဇူးဟူသမျှကို အသုံးပြု၍ ဖွံ့ဖြိုးကြီးထွားစေသည်။ ထိုမိန်းမသည် လင်ယောကျာ်းကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသည်။ သူ့လင်ယောကျာ်းအား ကူညီထောက်မခြင်းကို ဘုရားပေးအခွင့်အရေးဟုခံယူ၍ အားကြိုးမာန်တက်လုပ်ဆောင်သည်။ ကိုယ်ခန္ဓာအားဖြင့် ထောက်မသည်သာမက အိမ်မှုရေးရာကိစ္စအဝဝကိုလည်း တာဝန်ယူစီမံဆောင်ရွက်သည်။ ပြဿနာအရပ်ရပ်ကိုလည်း စဉ်းစားအဖြေရှာပြီး လင်ယောကျာ်းကို ဆုံးဖြတ်စေသည်။ တတ်စွမ်းသမျှ ဆောင်ရွက်သည်။ သူ့လင်ယောကျာ်းကလည်း ကျေနပ်သည်။ ငွေရေးကြေးရေးတွင် ယောကျာ်း၏ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သည်။

ထိုသို့ဖြင့် လင်ယောကျာ်းကို ဝန်ခံသည်။ စိတ်ပျက်ဝမ်းနည်းဖွယ် အနှုတ် လက္ခဏာများပြောဆိုခြင်းမပြု။ အပြစ်လားရာသို့ ဆွဲဆောင်ခြင်းမပြု။ လင်ယောကျာ်းထံသို့ စကားပြောရာတွင် ဘုရားရှေ့တော်၌ စကားပြောသကဲ့သို့

ရှိသေလေးစားစွာ ပြောဆိုရာတွင် အချို့က မိသားစုဆံ့ဖြတ်ချက်ကို ဘုရားသခင်၏ ဆုံးဖြတ်ချက်သဖွယ် ခံယူကြသည်။ လူတိုင်းက သဘောတူဆုံးဖြတ်တိုင်း ဘုရားသခင်၏ တူညီချက်မဖြစ်နိုင်ပါ။ ဘုရားသခင်က မိသားစုအရေးအရာကို ဖခင်အားတာဝန်ယူဆုံးဖြတ်ခိုင်းသည်။ မယားအား လင်ယောကျ်ားကိုဖေးကူထောက်မခိုင်းသည်။ အိမ်ထောင်ထိန်းသိမ်းခြင်းသည် အခြားလုပ်ငန်းကဲ့သို့ အကောင်အထည်ပြသစရာ မတွေ့ရပါ။ အိမ်ထောင်မပြုသေးသူများကနားလည်ရကောင်းမှန်းမသိကြ။

# အခန်း (၇)

## ပြဿနာမျှော်လင့်ခြင်းနှင့်ကိုင်တွယ်ဖြေရှင်းနည်း
## ဧ ၄း၂၉-၃၂

ဤသင်ခန်းစာကို အကြွင်းမဲ့ ချစ်ခြင်းမေတ္တာနှင့် အခြားမျှော်လင့်စရာ မထားရသည့် အကြင်လင်မယားဘဝအကြောင်းဖြင့် စတင်လာခဲ့ကြသည်။ အကြင် လင်မယားဘဝတွင် အခြားမျှော်လင့်ချက်မထားရှိခြင်းသည် အလွန် အရေးကြီးသည်။ အဘယ်သို့ဆိုသော် မမျှော်လင့်သော ပြဿနာများကြုံရလေ့ရှိ သည်။ ထိုသို့ မမျှော်လင့်သည့်ပြဿနာရပ် ကြုံတွေ့သည့်အခါ ပဋိပက္ခနှင့် ဝမ်းနည်းစိတ်ပျက် ဖွယ်ရာ ကြုံရသည်။

အိမ်ထောင်ပြုခြင်းကို လူမှုရေးရာစုံလင်မှုဟု ယောကျ်ားမိန်းမမရွေး ခံယူကြသည်။ သို့သော် လက်တွေ့လောကတွင် မမျှော်လင့်သည့် စိတ်ပျက် ဝမ်းနည်းဖွယ်ရာ ကြုံတွေ့ကြသည့်အခါ ပြူးတူးပြဲတဲဖြစ်ကြသည်။ မိန်းမများက မျှော်လင့်ချက်ဖြင့် အိမ်ထောင်ပြုကြသည်။ ယောကျ်ားများက ချစ်ခြင်းမေတ္တာ ဖြင့် အိမ်ထောင်ပြုကြသည်။ မိမိမယားကို ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံကြ၍ မိန်းမက ဖောက်ပြန်သည့်အခါ ဆေးခါးကြီးသောက်ရသကဲ့သို့ ရှုံ့မဲ့ကြသည်။

အိမ်ထောင်ပြုသည့်အခါ ကယ်တင်ခြင်းရရှိသူဖြစ်စေ၊ မရရှိသူဖြစ်စေ၊ သူ၏ ကိုယ်ရည်ကိုယ်သွေးကိုကြည့်ရသည်။ မိခင်၏ သွန်သင်မှုကို လေ့လာရ သည်။ ထိုသို့မဟုတ်လျှင် စိတ်ပျက်ဝမ်းနည်းဖွယ်ရာ ကြုံရသည်။ သင့် အသက်တာတွင် ဘုရားသခင်၏အလိုတော်ပြည့်စုံစေရာဟု သိရှိလျှင် ကယ်တင် ခြင်းမရရှိသူလည်း ယူနိုင်ပါသည်။ သို့သော် ထိုသူသည် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝရသည်။ အပြစ်သားဖြစ်နေသေးလျှင်လည်း ယုံကြည်သူဖြစ်လာနိုင်သည့် အရိပ်လက္ခဏာအလား အလာကောင်းရှိရသည်။ အချိန်နှင့်တပြေးညီ လက်တွဲ

ခေါ်ဆောင်ရသည်။ သို့သော် အပြစ်ဇာတိက နားလည်မှုလွဲမှားခြင်း၊ စိတ်ပျက်ခြင်းဖြစ်စေနိုင်ကြောင်း သတိပြုပါ။ တစ်နည်းအားဖြင့် ပဋိပက္ခလွန်ဆွဲခြင်းဖြစ်သည်။ အပြစ်ကတိကို အကြင်လင်မယားအကြား၌ ပဋိပက္ခမဖြစ်ပွားစေပါနှင့်။

အကြင်လင်မယားဘဝတွင် မိမိအခန်းကဏ္ဍ ကျေပွန်မှသာလျှင် အဆင်ပြေနိုင်သည်။ မိမိခင်ပွန်းအပေါ် မျှော်လင့်ချက်များဘေးဖယ်ပြီး လက်တွေ့ တကယ့်အဖြစ်အပျက်တွင် ဘဝတည်ဆောက်ရသည်။ မိမိအပေါ်ရောက်လာမည့် မျှော်လင့်ချက် မိမိကပေးဆပ်မှုကို ဦးစားပေးရသည်။ လုပ်ဆောင်ခြင်းထက် ပြောဆိုခြင်းက ပိုမိုလွယ်ကူသည်။ မည်သို့ဖြစ်စေ ရည်မှန်းချက်ရောက်အောင် ဖော်ဆောင်ရသည်။

ထိမ်းမြားလက်ထပ်ခြင်းသည် အပြစ်သားနှစ်ယောက် ပေါင်းစည်းခြင်းဖြစ်သည်။ ပြဿနာပေါင်းစုံသယ်လာသော မိန်းမနှင့်ယောက်ျားသားတို့ လက်တွဲခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း မိန်းမက ပြဿနာယဇ်ထုပ် လင်ယောက်ျားယူခြင်းဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခစိတ်ပျက်ဖွယ်ရာနှင့် နားလည်မှုလွဲမှားကြသည့်အခါ မည်သို့ကိုင်တွယ်ရကြောင်း အကြံဉာဏ်အချို့ ပေးပါမည်။

## (၁) ခင်ပွန်းကိုနားလည်ခြင်း

မယားက လင်ယောက်ျားနှင့်ပေါင်းသင်းခြင်းသည် ဝတ္တုတစ်ပုဒ်ဖြစ်သည်။ သို့သော် ဝတ္တုရေးခြင်းမဟုတ်။ ဝတ္တုထဲတွင် ကိုယ်တိုင်ပါဝင်ခြင်းဖြစ်သည်။ လင်ယောက်ျားနှင့်တူအောင် နေထိုင်ရသည်မဟုတ်ဘဲ လင်ယောက်ျားကို နားလည်အောင် ကြိုးစားရသည်။ လင်ယောက်ျားသည်လည်း ထိုနည်းတူဖြစ်သည်။ တစ်နည်းအားဖြင့် လက်တွေ့ဘဝဖြင့် အိမ်ထောင်တည်ဆောက်ရသည်။

ဥပမာအားဖြင့် အိမ်ထောင်သည်ဘဝတွင် အခက်အခဲပေါင်းစုံ ကြုံရခြင်းသည် ဖြစ်မြဲဓမ္မတာဖြစ်သည်။ အဘယ်သို့ဆိုသော် ယောကျ်ားနှင့်မိန်းမတို့၏ သဘောသဘာဝသည် ပင်ကိုယ်အားဖြင့်မတူ ခြားနားကြသည်။ ဆိုခဲ့သည့်အတိုင်း မိန်းမများသည် ပေါင်းသင်းဆက်ဆံရေး ရှေးရှုကြသည်။ တစ်ဦးကိုတစ်ဦး ပူးပမ်းသည့်အချိန်၊ စေ့စပ်ကြောင်းလမ်းသည့်ကာလ သတို့သားသမီးလောင်းလျာ အခါသမယသည် ပျော်မဆုံး မော်မဆုံးသည့်နေ့ရက်များဖြစ်သည်။ အနာဂတ်နေ့ရက်များ စိတ်ကူးယဉ်သည့် တိမ်ပြာသောနေ့ရက်များဖြစ်သည်။ သတို့သမီး လောင်းလျာက သူ့ဘဝကို လင်ယောကျ်ားထံသို့ပုံအပ်မည့်အရေး စိတ်ကူးယဉ် ချိန်ဖြစ်သည်။ ထိုနည်းတူ သူ့ခင်ပွန်းသည်လည်းဖြစ်စေချင်သည်။ စေ့စပ်ကြောင်းလမ်းသည့်ကာလ၌ ယောကျ်ားသားသည် မယားလောင်းကို လေ့လာရသည်။ သူ့အကြောင်းနားလည်အောင် ကြိုးစားရသည်။ သူ့စိတ်နှလုံးကို ဖမ်းဆုပ်နိုင်အောင် သိရှိထားရသည်။ မိန်းကလေး၏စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရသည်။ ထိုသို့ဖြည့်ဆည်းနိုင်ရန် ရည်မှန်းချက်ထားရှိရသည်။ ထိမ်းမြားလက်ထပ်ပြီးကြသောအခါ ယခင်ဝါသနာများ စိတ်ကူးယဉ်များ ဘေးဖယ်စွန့်လွှတ်ရသည်။ အမျိုးသမီးသည် စိတ်ရှုပ်ထွေးနာကျင်နိုင်သည်။ အဘယ်သို့ဆိုသော် သမီးရည်းစားဘဝတုန်းကကဲ့သို့ ကြင်နာယုယမှုမခံရတော့ပါ။ သူ့လင်က မျှော်မှန်းသည့်အတိုင်းမချစ်ဘူးဟု ထင်မှားတတ်သည်။ သို့သော် မိမိလင်ယောကျ်ားနားလည်နိုင်လျှင် ထိုစိတ်ညစ်ဖွယ်ရာများ ဖယ်ရှားနိုင်သည်။ လင်မယားအရာတွင်မျှသာမဟုတ်ဘဲ ရေရှည်တွေးမျှော်တတ်ပုံ သဘောပေါက်နိုင်ကြသည်။

အခြားတစ်စုံတစ်ဦးကို ချစ်ကြိုက်ခြင်းမရှိသကဲ့သို့ သူ့ကိုလည်း အချစ်ပေါ့မသွားကြောင်း သဘောပေါက်လာသည်။ ထိုသို့ဖြစ်ရခြင်းသည် လင်မယားညားခြင်းသာမကဘဲ ဘဝလက်တွဲခြင်းအကြောင်း နားလည်သဘောပေါက်လာခြင်းဖြစ်သည်။

မိန်းမများသည် မိမိလင်က သူတို့ကို ဗဟိုပြုအသက်ရှင်စေချင်ကြသည်။ လင်ယောကျ်ား၏ အဓိကဝတ္တရားသည် သားမယားကျွေးမွေးခြင်း၊ ဘေးရန်ကွယ်ကာခြင်း၊ ဦးစီးခေါင်းဆောင်ခြင်းဖြစ်သည်။ ထိုသို့ လက်တွေ့လုပ်ဆောင်ရန် ခက်ခဲသကဲ့သို့ အရဲစွန့်ရသည်။ ထို့ကြောင့် ယောကျ်ားသားများ အိမ်ထောင်ပြုသည့်အခါ ဘဝကြင်ဖော်အဖြစ် လက်တွဲနိုင်ရေး စဉ်းစားရမည်။သူ၏အလွမ်းခံ အထီးကျန်မှုကို မယားကပြုစုရသည့်နှယ် မယားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရသည်။ သမီးရည်းစားဘဝတွင် တစ်ဖက်လူအားဆွဲဆောင်ရသည့်အပြင် အနာဂတ်အရေး ဖော်ဆောင်မည့်အကြောင်းကိုလည်း စဉ်းစားရသည်။

ယောကျ်ားသားသည် အိမ်ထောင်ပြုသောအခါ သူ့ရွေးချယ်မှုစုံလင်သည်ဖြစ်၍ ယခင်က သူ့ဝါသနာများနေရာတွင် မယားဖြင့် အစားထိုးရသည်။ မိသားစုကျွေးမွေးရေးနှင့် ဘေးရန်ကွယ်ကာရေး စဉ်းစားရသည်။ သူ့မယားကို အားကူဖော်လောင်ဖက်ဖြစ်လာအောင် စည်းရုံးသွန်သင်ရသည်။ သမီးရည်းစားဘဝတွင် မစဉ်းစားသည့်အခက်အခဲပြဿနာများ ကြုံတွေ့လာသည့်အခါ လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းနိုင်ရသည်။

ထိုသို့သော အဖြစ်အပျက်များကို မိန်းမသားများက စိတ်ကူးကြသည်မဟုတ်သဖြင့် ယောကျ်ားသားများက ဦးဆောင်ရင်ဆိုင်ရသည်။ လင်ယောကျ်ားသားများ မလွှဲမသွေဖြေရှင်းရမည့် ဝန်တာဖြစ်သည်။ လင်မယား ရင်းနှီးခြင်းသည် လင်မယား၏ပန်းတိုင်မဟုတ်။ အခက်အခဲပြဿနာများကို နှစ်ကိုယ်တူ ယှဉ်တွဲဖြေရှင်းရေးသည် အနှစ်သာရဖြစ်သည်။

## (၂) ပြဿနာ–ချစ်ကြည်ပေါင်းသင်းမှုဖြေရှင်းခြင်း

အခြားသူတစ်ပါးက မိမိခံစားချက် လာရောက်မဖြေရှင်းပေးနိုင်ကြောင်းသိရှိကြပါသည်။ အခြားသူအား ရင်းနှီးချစ်ကြည်ခြင်းဖြင့် သူ့စိတ်ပျက်ဝမ်းနည်း

မှု မဖြေရှင်းပေးနိုင်ကြောင်းလည်း သိရှိကြသည်။ အဘယ်သို့ဆိုသော် ဘုရားသခင်က လူတိုင်းသို့ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားတစ်မျိုးစီ ပေးထားပါသည်။ မိန်းမတွင်လည်း ထိမ်းမြားလက်ထပ်စဉ်တွင် အားနည်းချက်များရှိနိုင်သည်။ လင် ယောကျ်ားက ဖြည့်ဆည်းပေးရမည့် ခံစားချက်များရှိနိုင်သည်။ သမ္မာကျမ်းစာကလည်း ထိုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ယောကျ်ားသားများသို့ တာဝန်ပြဋ္ဌာန်းထားသည်။ လင်ယောကျ်ားတွင်လည်း ထိမ်းမြားလက်ထပ်စဉ် အားနည်းချက်ရှိကောင်းရှိနိုင်သည်။ စိတ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း ဖြည့်ဆည်းစရာ ဟာကွက်ရှိနိုင်သည်။

မည်သို့ပင်ရှိကြစေကာမူ အကြင်လင်မယားဖြစ်လာကြလျှင် တစ်ဦး၏လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ဆည်းထောက်မရသည်။ လင်မယားသည် ဘဝတူဖြစ်ကြသောကြောင့် ကိုယ့်ပြဿနာ သူ့ပြဿနာဟူ၍ ခွဲခြားစရာမရှိ၊ ထိုသို့ တူညီလက်တွဲဖြေရှင်းရာတွင် နှစ်ဦးနှစ်ဘက်၏ ပေါင်းသင်းချစ်ကြည်ရေးစိတ်ထားသည် အဓိကဖြစ်သည်။ ထိုသို့သော စိတ်သဘောထားမရှိလျှင် ယခု မှပင် မေးခွန်းထုတ်ချင်ထုတ်နေဦးမည်။ အချင်းချင်း နားလည်မှုမရှိသရွေ့ လက်တွေ့ လုပ်ကိုင်ရင်ဆိုင်နိုင်မည်မဟုတ်။

မိန်းမများသည် မိမိလိုအပ်ချက်မပြည့်စုံလျှင် ခံစားတတ်ကြသည်။ လင်ယောကျ်ား၏စကားအတိုင်း မိန်းမပါဝင်လာခြင်းမရှိလျှင် သူ့၌ခံစားချက်ပြင်းထန် မြင့်မားကြောင်း သိထားပါ။ မိန်းမ၏စိတ်ကို နားထောင်ခြင်းမပြုဘဲ ဆင်ခြေပေးခြင်း၊ ငြင်းဆန်ခြင်းပြုလျှင် ထိုသို့ဖြစ်တတ်ကြသည်။ အဘယ်သို့ဆိုသော် မိန်းမများကို မိမိလင်သားကိုနားလည်မှုပေးနိုင်ဆုံးလူ အနီးဆုံးလူဟု ခံယူကြသည်။ ထိုခံယူချက်အတိုင်း မလုပ်ဆောင်ပေးလျှင် လင်ယောကျ်ား၏ အားနည်း ချို့ယွင်းချက်ဖြစ်သည်။

## (၃) ပေါင်းသင်းဆက်ဆံရေးပြင်ဆင်ခြင်း

အိမ်ထောင်ရေးရာပြဿနာများအကြောင်း ဖြေရှင်းရန်မကြိုးစားမီ သင့်ကိုယ်တိုင် သင်အား ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံး ကြိုတင်ပြင်ဆင်ထားပါ။ အမြဲတမ်းမှတ်သားသိရှိထားရမည့်အချက်မှာ ပြဿနာပေါ်လျှင် မိမိခင်ပွန်းကိုမကြည့်ဘဲ မိမိကိုယ်ကို အရင်ဆုံးစစ်ကြောရသည်။ လူသည် မိမိအားနည်းချက်ကို မမြင်တတ်ပေ။ အချို့က မိမိအပြစ်အားနည်းချက်ကို သူတစ်ပါးအပြစ်ရှာခြင်းဖြင့် ဖုံးကွယ်ရန် ကြိုးစားတတ်ကြသည်။ အခက်အခဲ အကြပ်အတည်းကာလသို့ရောက်လျှင် ဘုရားပေးခင်ပွန်းကို ဘဝကြင်ဖော် လက်တွဲဖော်အဖြစ်မမြင်ကြ။ နှစ်ကာလကြာသည်နှင့်အမျှ မင်္ဂလာဦးညကို မေ့လျော့တတ်ကြသည်။

သင့်ကြင်ဖော်၏ လိုအပ်ချက် ဖြည့်ဆည်းပေးရန် မည်သို့ ပေါင်းသင်းဆက်ဆံရမည်နည်း။

## (၁) မိမိကိုယ်ကို စစ်ကြောစီရင်ခြင်း

မိမိတို့ တာဝန်ဝတ္တရားပျက်ကွက်ကြလျှင် မည်သည့်နေရာတွင် ချို့ယွင်းကြကြောင်း ပြန်လည်စစ်ဆေးပါ။ ခင်ပွန်းသည်၏အမှားဖြစ်လျှင်လည်း မိမိအမှားအဖြစ် ဝန်ခံနိုင်ရသည်။ မယားက ရုပ်ခန္ဓာကိုယ်တုံ့ပြန်မှု အားနည်းခြင်း၊ မလေးစားခြင်း အပြစ်ပြုလျှင်လည်း မိမိကမေတ္တာပြသရန်ချို့ယွင်းအားနည်းသောကြောင့်ဟု နားလည်ပေးရသည်။ လင်ယောကျ်ားက မေတ္တာပြသရန်ပျက်ကွက်လျှင် အတိုးပေး၍ မေတ္တာပြသရမည်။ ထိုသို့ မေတ္တာမပြသခဲ့သောကြောင့် မိန်းမက အမြင်မကြည်လင်ဘဲ မလေးစားရခြင်းဖြစ်သည်။ သူ့အပြစ်ဖြစ်လျှင်လည်း မိမိမှန်ကန်ကြောင်း ကြွေးကြော်ခြင်းမပြုရ။

ထိုအခါမျိုးတွင် မိမိကိုယ်ကို ဤသို့ပြန်မေးကြည့်ပါ။ ငါသည်

သမ္မာကျမ်းစာ သွန်သင်ချက်အတိုင်းရှိပါသလား။ ငါ့ကြင်ဖော်အပေါ် ဝတ္တရား ကျေပွန်ပါသလား။ မယားကလည်း သူ့ကိုယ်သူအား ဤသို့မေးရမည်။ ငါ့ခင်ပွန်းကို တကယ် ထောက်မပါသလား။ ငါ့ယောက်ျား၏ ဦးဆောင်မှုကို ဝန်ခံပါသလား။ ရိုသေလေးစားပါသလား။ လင်ယောက်ျားက ဤသို့ သူ့ကိုယ်သူ ထပ်မေးရသည် ခရစ်တော်က အသင်းတော်ကိုချစ်သကဲ့သို့ ငါ့မယားကို ချစ်ပါသလား။ သူ၏ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးပါသလား။

## (၂) စိတ်သဘောထားပြင်ဆင်ခြင်း

မိမိကိုယ့်ကို ဤသို့မေးကြည့်ပါ။ ဘုရားသခင်နှင့် နှုတ်ကပတ်တော်သည် မိမိဘဝအသက်တာထဲမှာ ရှင်သန်နေပါသလား။ မိမိဘဝ အသက်တာသည် ဘုရားသခင်နှင့် သင့်မြတ်အဆင်ပြေလည်ပါသလား။ မိမိကိုယ်ကို ဘုရားသခင် နှင့် သင့်မြတ်ပြေလည်အောင် ပြင်ဆင်ပါ။ မိမိစိတ်သဘောကို အတ္တတွင် လွှန်ကျူးမနေဘဲ ခင်ပွန်းထံသို့အပ်နှံပါ။

## (၃) မိမိခင်ပွန်းအသက်တာနှင့် စိတ်နှလုံးပြောင်းလဲစေရန် ဘုရားသခင် ထံ ဆုတောင်းပါ။

အပေါင်းလက္ခဏာဆန်သော ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပြဿနာများ ဖြေရှင်းပါ။ အိမ်ထောင်ပြုသည့်အချိန်မှစ၍ ပြဿနာဟူသမျှကို နှုတ်ဖြင့် ဝန်ခံခွင့်လွှတ်ခြင်း တောင်းခံပါ။

## (၄) ခင်ပွန်းနှင့် ပေါင်းဖော်ပါ

လိုအပ်ချက်မပြည့်စုံသော မယား၏အလိုဆန္ဒ ဖြည့်ဆည်းနိုင်ရန် အကြံပြုချက်နှင့် နိယာမဥပဒေသများဖြစ်သည်။ သင့်ကိုယ်သင် စိတ်သဘောထားပြင်ဆင်ပြီးသောအခါ ခန္ဓာကိုယ်ပြင်ဆင်ပါ။ မည်သို့သောစကားကို မည်သို့ကြားချင်ကြောင်း သင့်ကိုယ်သင် ဆင်ခြင်ကြည့်ပါ။ အောက်ပါအကြံပေးချက်များအတိုင်း လိုက်လုပ်ကြည့်ပါ။

## (က) စဉ်းစားဆင်ခြင်ပါ

အခြေအနေ အချိန်အခါလိုက် ပြောတတ်အောင် စကားလုံးများရွေးချယ်ပါ။ သင့်ခင်ပွန်း မောပန်းချိန်၊ စိုးရိမ်သည့်အချိန်၊ နေထိုင်မကောင်းသည့်အချိန်၊ အိမ်ပြန်ရောက်ခါစအချိန်၊ စိတ်ရှုပ်သည့် အချိန်များတွင်ခေါင်းကိုက် စိတ်ရှုပ်စရာများမပြောပါနှင့်။ အမောပြေသည့်အချိန် စိတ်သက်သာသည့် အချိန်ထိ စောင့်ပါ။

## (ခ) ဆွေးနွေးတိုင်ပင်ပါ

ဘေးနားထိုင်ပြီး သင့်ပြဿနာ ပြောပြပါ။ စကားလမ်းကြောင်းတည့်လျှင် ဝင်ရောက်ပြောဆိုဆွေးနွေးလာကြမည်။ ဝင်ရောက် ပြောဆိုသမျှကိုအရေးကြီးကြောင်း မှတ်သားနားထောင်ပါ။

## (ဂ) စွပ်စွဲခြင်းထက် သင့်လိုအပ်ချက် ပြောပြပါ။

မင်္ဂလာဆောင်အခမ်းအနားတွင် သင်းအုပ်ဆရာက သင့် ခင်ပွန်းကို ''ဘယ်တော့မှ၊ အမြဲတမ်း''ဟူသော စကားမပြောရန် မှာကြားခဲ့သည်။ ထိုစကားလုံးများသည် ချို့ယွင်းအားနည်းချက်နှင့် ရန်လိုစိတ်သဘော ဆောင်လေ့ရှိသည်။ ဥပမာအားဖြင့် မယားတစ်ယောက်က သူ့လိုအပ်ချက် ပြောရာတွင် ''ပြောနေကျစကား ပြောပြဖို့မေ့နေလိုက်တာ၊ မင်္ဂလာဆောင်ပြီး လအနည်းငယ်အကြာမှာ အထီးကျန်လိုက်တာ၊ လင်ယောကျ်ားနဲ့ ပူးကပ် နေချင်လိုက်တာ''ဟု ဆိုသည့်အပြင် ''လင်ယောကျ်ားက ဘာမှစကား ပြော လေ့ပြောထမရှိဘူး၊ နှုတ်ဆိတ်နေတယ်၊ ကလေ့တစ်ခွဲသားနဲ့ ကြီးကျယ် လိုက်တာ''ဟု အပြစ်တင်စွပ်စွဲသည်။

တစ်ဖက်သားအပေါ် ပြုပြင်လိုသည့်စကားကို သတိထားပါ။ ဘာလို အပ်သလဲဆိုသည့်အချက် သတိပြုပါ။ အထက်ပါစကားဖြင့် 'တော်တော်ဆိုး တဲ့လူ'ဟု ထပ်လိုက်လာသည်။ ထိုသို့သော စကားပြောလာလျှင် လင်ယောကျ်ား က ယဉ်ကျေးသိမ်မွေ့စွာ တုန့်ပြန်ရသည်။ ထိုသို့စကားမပြန်ဘဲ ယောကျ်ား မာနတပြားမှ မလျှော့ဟုဆိုပြီး သံတူစကားပြန်ပြောလျှင် အဆိုးသကဲ့သို့ ရောက်ရှိသွားနိုင်သည်။

## (ဃ) သင့်လိုအပ်ချက်များ ကူညီလုပ်ဆောင်ပေးနိုင်သည့် နည်းလမ်း များ ပြောပြပါ။

လင်ယောကျ်ားများသည် မိမိရည်မှန်းချက်များကို အမှန် ဖေါ်ဆောင် ပြရသည်။ ဥပမာအားဖြင့် မည်သို့ပင် အပြင်၌အလုပ်များစေကာမူ မယားနှင့် နေရမည့် နေ့ရက်တစ်ရက်မှာ တစ်နာရီသဖြင့် သီးသန့်အချိန်ယူပါ။ ထိုအခါ

မျိုးတွင် သင်ဖြစ်စေလိုသည့် ပုံစံများပွင့်လင်းစွာ ပြောပြပါ။ မယားကို အလိုက် မသိဟု အပြစ်တင်ခြင်းထက် လိုချင်သည့်ပုံစံပြောပြပါ။ မိန်းမ၏ အားနည်း ချို့ယွင်းချက်များကို ထုတ်ဖော်အပြစ်တင်ခြင်း မပြုရ။

## (င)　　ပြောကျင့်ရှိသကဲ့သို့ နားထောင်သည့်အကျင့်လည်း ရှိပါ။

ဤအချက်သည်လည်း အရေးကြီးသည်။ နားထောင်ခြင်းသည် အရေးကြီးသည်။ ပေါင်းသင်းဆက်ဆံရေးတွင် မကြာခဏ မေ့လျော့တတ်ကြ သည့်အချက်ဖြစ်သည်။ လူအချို့သည် တဘက်သားစကားကို နားထောင်ခြင်း မပြုဘဲ မိမိကသာလျှင် ကရားရေလွှတ် ပြောတတ်ကြသည်။

သမ္မတ ရိုစကက်သည် ပင်ပန်းနွမ်းနယ်သည့်အချိန်တွင်လည်း ပြုံးနိုင်သည်။ ပြုံးရယ်ခြင်းသည် ပေါင်းသင်းဆက်ဆံရေး တွင် အောင်မြင်နည်း သော့ချက်ဖြစ်သည်။ လူများက အာရုံစိုက်မှသာ စကားပြောလေ့ရှိသည်။ လူများလာရောက် လက်ဆွဲနှုတ်ဆက် သူများသို့ ပြုံးရွှင်ရယ်မောလျှက် ‘ဒီမနက်မှာ ငါ့အဖွားကို သတ်မိတယ်’ ဟု ဆိုသည်။ လူများက ‘ခပ်ပျော် ပျော်နေတတ်သားပဲ’ (သို့) စကားရွှင်တယ်’ ဟု မှတ်ချက်ပြုကြသည်။ သူ့ စကားကို မည်သူကမှ အလေးအနက် မတုံ့ပြန်ကြသော်လည်း နိုင်ငံခြားသား သံအမတ်တစ်ဦးက ‘ခင်ဗျားအဖွားက ခရီးလွန်သွားတာကြာလှပါပြီ’ ဟု ပြန်ဆိုပြောလိုက်သည်။

ထို့ကြောင့် တံခါးဝမှ ညှော်ကြိုညှော်ပို့ရာတွင်လည်း နားထောင်ခြင်း၊ ပြန်ပြောခြင်း ချိုသာရသည်။ စကားဖြင့်သာမကပဲ ကိုယ်ဟန်အမူအရာဖြင့် လည်း စကားပြောနိုင်ရ သည်။ တစ်ဖက်သားကို ပြုပြင်စေလိုလျှင် မိမိကိုယ်ကို ဦးစွာ ပြုပြင်မှသာလျှင် ဆွဲဆောင်စည်းရုံးနိုင်သည်။ မကြိုက်မနှစ်သက်သည့် ကိစ္စကို ခင်ပွန်းထံသို့ ပြောပြသည့်အခါ ဆင်ခြေဆင်လက်ပြန်လာသည်။

သို့မဟုတ် တစ်လုံးမှ ပြန်မပြောဘဲ ငူငူကြီးရှိတတ်ကြသည်။ လိုလိုလားလား နားထောင်သည့် အချိန်မျိုးတွင်သာ ပြုပြင်ပြောင်းလဲရန်ကြိုးစားပါက သူ့လို အပ်ချက် ဖြည့်ဆည်းသည့်အချိန်အခါမျိုးတွင် ပြုပြင်ပြောင်းလဲစေရန် ကြိုးစားရသည်။ မောမောပန်းပန်းဖြင့် အပြင်မှပြန်လာသည့် အချိန်မျိုးတွင် ပြောဆိုလျှင် အောင်မြင်မည်မဟုတ်။ အနှောင့်အယှက် ပေးရသလားဟု ဆိုလာနိုင်သည်။ စကားလမ်းကြောင်းပြောင်းနိုင်သည်။ ထိုအခါမျိုးတွင် မိမိ အရေးထက် တစ်ဘက်လူအရေးကိုသာ ဦးစားပေးရသည်။ ခင်ပွန်းသည်နှင့် ပိုမိုရင်းနှီးနိုင်ရန် အပြန်အလှန် အပေးအယူ အမေးအဖြေတည့်ရသည်။

တစ်ဘက်သား၏စကားကို နားထောင်ရသည့် အလေ့အကျင့်ရှိ ရသည့်အပြင် လင်မယားဘဝတွင် အရေးကြီးဆုံးအချက်မှာ တစ်ဘက်လူ၏ စကားကို အလေးထား ဂရုစိုက်နားထောင်ခြင်းဖြစ်သည်။ သူ့စကားထဲတွင် သူ့ခံယူချက် သဘောထားနှင့် မည်သို့ဖြစ်စေလိုသည့်အချက် တွေ့မြင်သိရှိနိုင် သည်။ တစ်ခါတစ်ရံ အသေးအဖွဲကိစ္စရပ်ပြောဆိုသည့်အချိန်၌လည်း မှတ်သား ပြုပြင်ရမည့် အချက်များရှိတတ်သည်။ လုပ်ဆောင် ကူညီပေးရမည့်အချက်များ တွေ့နိုင်သည်။ သူ့စကားနားထောင်မှသာလျှင် သူ့လိုအပ်ချက် သိရှိပြီး ဖြည့် ဆည်းပေးနိုင်သည်။ ထို့ကြောင့် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရေးသည် အထူးလိုအပ်သည်။ တစ်ဘက်လူ၏ ပြောစကားများကို အလေးထား မှတ်သား ရသည်။ မှန်ကန်သည်ဟု ခံယူရသည်။ အပြစ်ချည်းသာမြင်ရလျှင် မိမိအပေါ် တုံ့ပြန်ရာတွင်လည်း အားနည်းပျက်ကွက်မှုများ ရှိလာမည်။ သို့သော် ဆင်ခြေ လာပေးသည့်အချိန်ကိုလည်း အခွင့်အရေးကောင်းအဖြစ် မှတ်ယူရသည်။ ထိုအချိန်သည် သူ၏စိတ်သဘော အမှန်သိရှိ နိုင်သည့် အခွင့်အရေးဖြစ်သည်။ သူသည် မိမိအပြစ်ကို မမြင်နိုင်အောင် မျက်စိကန်းကြကြောင်း မှတ်ထားပါ။ ပြဿနာဖန်တီးလျှင် တစ်ဘက်လူက ပိုမိုဆိုးရွားနိုင်သည်။ တစ်ဘက်သား၏ စကားလုံးတိုင်းကို ဂရုစိုက်နားထောင်ရသည်။ ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရ

သည်။ စကားနားထောင်ခြင်း၊ သင့်တင့်လျောက်ပတ်စွာတုံ့ပြန်ခြင်းက အကြင်လင်မယားဘဝကို ခိုင်မာမြဲမြံစေသည်။

## (၅) ရင်းနှီးပေါင်းသင်းချိန်ရှိပါ

စိတ်ရှည်သီးခံခြင်း ခန္တီပါရမီတည်ဆောက်ရသည်။ ခင်ပွန်းထံသို့ ပြဿနာပြုလျှင် အပြောင်းအလဲရှိသည်။ ထိုအခါမျိုးတွင် ချက်ချင်းပြေလည်ရေး အရေးကြီးသည်။ မဆိုင်းမတွ လုပ်ဆောင်ဖွယ်ဖြစ်သည်။ တစ်စုံတစ်ဦး၏ အမူအကျင့် ပြောင်းလဲစေလိုလျှင် ရင်းနှီးကျွမ်းဝင်အောင် ဦးစွာပေါင်းသင်းရသည်။ လူသည် ပုဂ္ဂိုလ်ခင်မှ တရားမင်သည် ယခင်က အကျင့်ဟောင်းကို အထွေအထူး ပြန်လည်ထုတ်ဖော်ခြင်းထက် ရှေ့ရေးကို လမ်းညွှန်ရသည်။ သို့သော် လစ်လျူမပြုရ။ မှတ်မိစေရန် သတိပေးရသည်။

ယခင်က မနှစ်မြို့ဖွယ်ရာများ၊ အရှက်ရဖွယ်ရာများ၊ သိမ်ငယ်စရာများ အထုပ်ဖြေပြခြင်းရှောင်ကြဉ်ပြီး လမ်းညွှန်ချက်ပေးနိုင်ရန် လိုအပ်သည်။ မိမိခင်ပွန်းအား အခြားသော ယောက်ျားမိန်းမများနှင့် နှိုင်းယှဉ်ခြင်းမပြုရ။

အကျင့်သည် ပြောင်းလဲရခက်သည်။ အကျင့်တစ်ခုပြောင်းလဲရန် အကြိမ် (၃၀)မက ကြိုးပမ်းရသည်။ ပြောင်းလဲစေရန် အချိန်ပေးရသည်။ နီးနီးကပ်ကပ် ကြပ်မတ်ရသည်။ အဘယ်မျှဂရုစိုက်ကြောင်းပြသရသည်။ ခါတိုင်းနှင့်မတူ သိမှတ်ချီးမွမ်းရသည်။ ထိုသို့ သိမှတ်ရာတွင် ထိန်းချုပ်ခြင်းသဘောမရှိရ။ မိမိလိုလား ချက်ကိုသာ အလေးထားရသည်။ ထိုသို့ ပြုပြင်ပေးရာတွင် သူ့ကြိုးစားမှုကို ကျေနပ်မှုမရှိ၍ ထောက်ပြလျှင်လည်း ကလန်ကဆန်ပြုလုပ်ရဲမည်မဟုတ်။

## (၆) အဆင်မပြေ သဘောမကျသည့်အခါ

အိမ်ထောင်သည်ဘဝတွင် မယားဖြစ်စေ၊ လင်ယောကျ်ားဖြစ်စေ မိမိ ခင်ပွန်းသည် ဘယ်သောအခါမှ အပြောင်းအလဲမရှိဟု မြင်တတ်ကြသည်။ မည်မျှ ကာလကြာလျှင်လည်း အပြောင်းအလဲမရှိဟု မြင်ကြသည်။ ကောင်းသော အမူအကျင့်များတွင် ပြောစရာမရှိသော်လည်း အနူတ်လက္ခဏာများတွင် သပ်လျှိ ထားသကဲ့သို့ ခုလုခုလုဖြစ်တတ်သည်။ မည်သို့ဖြစ်စေ သခင်ယေရှုက အပြစ်များ ခွင့်လွှတ်ပြီး လက်သင့်ခံယူသကဲ့သို့ တစ်ဖက်လူများ၏ အားနည်းချက်များကို ခွင့်လွှတ်ပြီး လက်သင့်ခံရသည်။

သမ္မာကျမ်းစာလာ နိယာမဥပဒေသများတွင် မယားသည် သူ့လင်ယောကျ်ား၏ မရင့်ကျက်မှုကို သီးခံခွင့်လွှတ်ရသည်။ ဘုရား တရားနှင့်အတူ မလျှောက်လှမ်းသော လင်ယောကျ်ားဖြစ်လျှင်လည်း သူ့ဦးဆောင်မှုကို ဝန်ခံရသည်။ လင်ယောကျ်ား၏ မရင့်ကျက်မှုနှင့် အပြစ်များကို တွေ့မြင်လျှင် စိတ်မချမ်းမသာဖြစ်ရမည့်အစား ဆုတောင်းပေးရသည်။ ဘုရားရှင်ထံ အပ်နှံရသည်။

ယနေ့ခေတ်ကာလမှ သတို့သမီးအများစုသည် အကြင်လင်မယားဘဝ၌ ချစ်ခြင်းမေတ္တာ၊ ရိုသေလေးစားခြင်း၊ နားထောင်ခြင်းကို တစ်ယောက်တစ်ဘက် ၅၀/၅၀ ရှိသည်ဟု ယုံကြည်ကြသည်။ သမ္မာကျမ်းစာက ထိုကဲ့သို့ ၅၀/၅၀ ရှိရသည်ဟု မဆိုပါ။ လင်ယောကျ်ား၏ဦးဆောင်မှု ၁၀၀ နာခံရသည်ဟု ဆိုပါသည်။ တစ်ဘက်လူက ရာနှုန်းပြည့် ကျေပွန်လျှင် တစ်ဘက်လူကလည်း တာဝန်ကျေပွန်နိုင်သည်ဟု ခံယူကြသည်။ လင်ယောကျ်ားက လိုလေသေးမရှိအောင် မဖြည့်ဆည်းပေးနိုင်လျှင်လည်း ခရစ်ယာန်အိမ်ထောင်ရှင်မသည် မိမိလင်ယောကျ်ား အပေါ်သို့ မယားဝတ္တရား တပြားသားမှ လစ်ဟင်းခြင်း

မရှိရ။ မယားက မယားဝတ္တရားမကျေပွန်လျှင်လည်း ခရစ်ယာန်လင်ယောကျ်ား သည်လည်း ထိုနည်းတူ လင့်ဝတ္တရား မပျက်ကွက်စေရ။

လင်မယားဘဝတွင် ပြဿနာကင်းရှင်းလျှက် ပဋိပက္ခချုပ်ငြိမ်းခြင်း သည် ပျော်ရွှင်သော အိမ်ထောင်သည်ဘဝ တည်ဆောက်ခြင်းဖြစ်သည်။ အတ္တသမားများဖြစ်ကြလျှင်မူ အမြဲတမ်းပဋိပက္ခဖြစ်ကြမည်။ သို့သော် ထိုသို့ ဆူညံပူညံ ရှိတိုင်းလည်း အချင်းချင်း မချစ်ခင်ကြဟု မဆိုလိုပါ။ မတည့်သူ နှစ်ယောက် အတူနေခြင်းသာဖြစ်ပါသည်။

သင့်အိမ်ထောင်သည်ဘဝမှ ဆူညံပူညံဖြစ်ခဲ့မှုများ ပြန်စဉ်းစားကြည့်ပါ။ ရှင်သန်ကြီးထွားရေးဖြစ်စေပါသလား။ မျှော်လင့်ချက် တပွေ့တပိုက်ဖြင့် အိမ်ထောင်ပြုကြသော်လည်း မှန်းချက်နှင့်နှမ်းထွက်မကိုက်သည့် အချက်များစွာ ရှိပါသည်။ လင်မယားနှစ်ယောက်တွင် တစ်ယောက်ယောက်က ဝတ္တရား ပျက်ကွက်လျှင် ပြဿနာဖြစ်တတ်ပါသည်။ ထိုအခါမျိုးတွင် အကောင်းမြင် ဝါဒစွဲကိုင်ပြီး လမ်းမှန်ကမ်းမှန်ရောက်အောင်ပြုပြင်ပါ။ ပဋိပက္ခတစ်ခုကြောင့် သင့်အိမ်ထောင်သည်ဘဝ မပျက်စီးပါစေနှင့်။ သင်၏သားသမီးများရှေ့ရေးကို ပြေးကြည့်ပါ။

# အခန်း (၈)

## နိဂုံး

ဤနောက်ဆုံးအခန်းတွင် နားလည်ခံယူအပ်စရာများ အကြံပေးချင်ပါသည်။

(၁) **ကယ်တင်ခြင်းရရှိသူအတွက်အိမ်ထောင်ပြုခြင်းသည် အမှုတော်တစ်ရပ်**

ကယ်တင်ခြင်းရရှိသူသည် မိမိသဘောအတိုင်း အသက်ရှင်သူမဟုတ်။ ခရစ်တော်၏ ပိုင်ဆိုင်ရာဖြစ်၍ ဝိညာဉ်တော်၏ဦးဆောင်မှုအတိုင်း အသက်ရှင်သည်။ သခင်ယေရှုက အသွေးတော်ဖြင့် ရွေးဝယ်ထားသည်။ ထို့ကြောင့် ကိုယ်တော်က ပိုင်ဆိုင်သဖြင့် ကိုယ်တော်အတွက် အသက်ရှင်သည်။ လုပ်ငန်းခွင် ဒေသန္တာရအသင်းတော်ထဲတွင် ပါဝင်မှု၊ အိမ်ထောင်သည်ဘဝ၊ သားသမီးများ ပြုစုပျိုးထောင်ခြင်းမှစ၍ အရာရာသည် အမှုတော်အတွက်ဖြစ်သည်။ ကိုယ်တော်အတွက် လုပ်ဆောင်ကြရသည်။

**ရော ၁၄း၈ အသက်ရှင်လျှင် သခင်ဘုရားအဘို့ အလို့ငှာရှင်၏။ သေလျှင်လည်း သခင်ဘုရားအဘို့ အလို့ငှာသေ၏။ ထို့ကြောင့် အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ဘုရားသခင် ဆိုင်တော်မူ၏။**

ထို့ကြောင့် အိမ်ထောင်ပြုသည့်အခါတွင်လည်း အလိုတော်အတိုင်းဖြစ်ရသည်။ အလိုတော်ရှိသူကို ထိမ်းမြားရသည်။ မိမိစိတ်ကြိုက် ရွေးချယ်ရသည်

မဟုတ်။ အိမ်ထောင်ပြုသည့်အခါ နေ့ရက်စဉ်တိုင်းသည် ကိုယ်တော်ထဲ၌ အသက်ရှင်၍ အမှုတော်ပြုရသည်။ ကိုယ်တော်ကိုဝန်ခံ၍ စကားတော်နာခံရသည်။

လင်ယောက်ျားများက မိမိမယားများအား ကိုယ်နှင့်အမျှ ချစ်ခင်မြတ်နိုးရမည့်အကြောင်း ကိုယ်တော်၏မိန့်မှာချက်သည် စောဒကတက်စရာမရှိ။ ထိုကဲ့သို့ပင် မိန်းမများကလည်း မိမိလင်ယောက်ျားများကို အကြွင်းမဲ့ ဝန်ခံရသည်။ အသက်အရွယ်ရခါမှ ခေတ်မမီတော့သည့်လူ၊ ဘဲအိုကြီး စသဖြင့် အရိုအသေမတန်ရ။ ဧ ၅း၂၂–၃၃ ပါ လင်မယားများသို့ မိန့်မှာထားသည့် ဘုရားစကားတော်ကို လိုက်နာစောင့်ထိန်းရသည်။ ဘုရားသခင်က သမ္မာကျမ်းစာကို အလေးထားစေချင်သည်။ ထိုသို့ အလေးစားဂရုစိုက်ရန် ပေးထားပါသည်။

ထို့ကြောင့် ကယ်တင်ခြင်းရရှိသူသည် မိမိခင်ပွန်းကို ပိုမိုတန်ဘိုးထားရသည်။ နှစ်ချို့ဝိုင်ကဲ့သို့ ကြာလေလေ သံယောဇဉ်ပိုများလေလေဖြစ်ရသည်။ နေ့ရက်စဉ်တိုင်းကို ခရစ်တော်အတွက် အသက်ရှင်ရသည်။ အကြင်လင်မယားဟူသည် နှုတ်ကပတ်တော် ခေါ်ဆောင်ရာတွင် ဖေးမလက်တွဲဖော်များဖြစ်သည်။

**ဂလာ ၂း၂၀ ငါသည် ခရစ်တော်လက်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော် အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါကိုယ်တိုင်မရှင်။ ခရစ်တော်သည် ငါ့အထဲ၌ရှင်၏။ ကိုယ်ခန္ဓာထဲ၌ ယခုရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ့်ကိုယ်ကို စွန့်တော်မူ၏။**

လင်ယောက်ျားနှင့် မယား၏ တာဝန်ဝတ္တရားများ လေ့လာခဲ့ကြပြီးဖြစ်သည်။ အိမ်ထောင်ပြုခြင်းသည် စီးပွားရေးလုပ်ငန်းကဲ့သို့ အောင်မြင်ခြင်း ဆုံးရှုံးခြင်း တွက်ဆရသည်မဟုတ်။ အိမ်ထောင်ပြုခြင်းသည် ဘုရားသူသခင်၏

သားသမီးနှင့် ပေါင်းစည်းခြင်းဖြစ်၍ ဘုရားသခင်၏ အလိုတော်ဖော်ဆောင်ခြင်းဖြစ်သည်။ ထိုသို့ စွမ်းဆောင်ခြင်းမရှိ၊ မိမိအခန်းကဏ္ဍ ကျေပွန်ခြင်းမရှိလျှင် မိမိခင်ပွန်းအား လိမ်ညာခြင်းဖြစ်ကြောင်း သတိပြုပါသလား။

လင်ယောကျ်ားဖြစ်လျက် မိမိကိုယ်ကို မယားထံသို့ ဆက်ကပ်အပ်နှံခြင်းမပြုသူသည် သုံးမရသော ရှေးဟောင်းပစ္စည်းကဲ့သို့ ကြည့်ရှုစရာသာဖြစ်သည်။ မယားနှင့် နေ့တိုင်းနှီးနှောခြင်း၊ မယား၏ရင်ဖွင့်သံကို နားထောင်ခြင်း၊ မယား၏ လိုအပ်ချက်ဖြည့်ဆည်းပေးခြင်းမရှိလျှင် မယားကို ချစ်ဟန်ဆောင်လိမ်ညာသူ ဖြစ်သည်။ မိမိကိုယ်ကို ထိုသို့ဖြစ်နေမှန်းမသိလျှင် ရောဂါပိုဆိုးသည်။ မယားအပေါ် မတော်မတရားသူဖြစ်သည်။

မယားဖြစ်လျက် မိမိဘဝတစ်ခုလုံးကို လင်ယောကျ်ားသို့အပ်နှံခြင်း၊ လင်ယောကျ်ားအား ဝန်ခံခြင်းမရှိသူသည်လည်း ရှေးဟောင်းပစ္စည်းဖြစ်သည်။ လင်ယောကျ်ားကို လိမ်ညာသူ၊ ဟန်ဆောင်သူဖြစ်သည်။ လင်ယောကျ်ားကို ဝန်ခံခြင်းမရှိသူသည် မုသားမာယာသုံးသူဖြစ်၍ လင်ယောကျ်ားနှင့် မထိုက်တန်။

ထို့ကြောင့် အကြင်လင်မယားသည် မိမိစိတ်ကူးယဉ်သည်ကို အကောင်အထည်ဖော်ခြင်းမဟုတ်။ အမှုတော်မြတ်၌ ပါဝင်ခြင်းဖြစ်သည်။ ကိုယ်ကျိုးအတွက် လင်မယားဘဝကို ဖျက်ဆီးသည်။ တစ်ဘက်လူ၏ ပေးဆပ်မှုသာရယူပြီး တန်ပြန်ပေးဆပ်ခြင်းမရှိသူသည် လူလိမ်လူညာ ဟန်ဆောင်သူဖြစ်သည်။

## (၂) ကယ်တင်ခြင်းရရှိသူအတွက် အိမ်ထောင်သည်ဘဝ ပေးဆပ်ခြင်းမည်။

ဘုရားသခင်၏ သားသမီးတိုင်းသည် အိမ်ထောင်ပြုကြသည်မဟုတ်။ ကယ်တင်ခြင်းရရှိသူသည် အိမ်ထောင်ပြုရေးကို ငမ်းငမ်းတက်သည်မဟုတ်။ **ရော ၁၄း၂၃ ယုံသောစိတ်မရှိဘဲ ကျင့်သမျှသည် အပြစ်ရှိ၏။**

ထို့ကြောင့် ကယ်တင်ခြင်းရရှိသူများ၏ ပြုသမျှသည် ယုံကြည်ခြင်းကြောင့် ဖြစ်ရသည်။ အိမ်ထောင်မပြုမီ အလိုတော်နှင့်ညီသလားဟု အသေအချာ စဉ်းစားဆင်ခြင်ရသည်။ တစ်နည်းအားဖြင့် အိမ်ထောင်ပြုသည့် အခါ အလိုတော်ညီရသည်။ မိမိကို လိုလိုလားလား ချစ်ခင်နှစ်သက်သူနှင့် အိမ်ထောင်ပြုရသည်။ **ကယ်တင်ခြင်းရရှိသူသည် ယုံကြည်ခြင်းဖြင့်ပြုသောကြောင့် အပြစ်မထင်။** ကြီးမားသည့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ယုံကြည်ခြင်းမပါရှိသဖြင့် အပြစ်ပြုမှားကြသည်။ အဘယ်သို့ဆိုသော် ဘုရားသခင်နှင့်တိုင်ပင်ခြင်းမရှိဘဲ ဆုံးဖြတ်ကြသည်။ ကိုယ်တော်နှင့် တိုင်ပင်ခြင်းမပြုဘဲ မိမိသဘောအတိုင်း ဆုံးဖြတ်လုပ်ဆောင်ကြသည်။ ကိုယ်တော်ကို ပလ္လင်တော်မှဘေးဖယ်ကြပြီး မိမိကိုယ်ကို ပလ္လင်ပေါ်သို့တင်မြှောက်ကြသည်။ ကယ်တင်ခြင်းရရှိရန် ဆုတောင်းခဲ့ကြသကဲ့သို့ ထိုအချိန်၌ ပျောက်ဆုံးသူပမာ ဆုတောင်းရသည်။ အဘယ်သို့ဆိုသော် ယုံကြည် စိတ်မရှိဘဲ လုပ်သမျှသည် အပြစ်ဖြစ်သည်။

ကယ်တင်ခြင်းရရှိသူသည် ယုံကြည်ခြင်းဖြင့်လုပ်ဆောင်သောကြောင့် အပြစ်မသင့်။ ထို့ကြောင့် လုပ်ဆောင်သမျှ ဘုရားရှင်တော်ကျေနပ်စရာဖြစ်စေရမည်။ မိမိစိတ်ဆန္ဒထက် အလိုတော်ကို ဦးစားပေးရသည်။ အိမ်ထောင်ပြုခြင်းသည် မင်္ဂလာအချိန်အခါဖြစ်သည်။ နှစ်ဦးနှစ်ဘက်စလုံးရှိ လိုအပ်ချက်များ အပြန်အလှန်ဖြည့်ဆည်းကူညီရေး အဆင်သင့်ရှိကြသည်။

## (၃) အကျင့်စာရိတ္တသည် အရေးကြီးဆုံး

အိမ်ထောင်သည်ဘဝပြဿနာများနှင့် ယခုခေတ်ကာလမှ ကွာရှင်းပြတ်စဲခြင်းသည် ကိုယ်ကျင့်စာရိတ္တ ဖောက်ပြန်ပျက်စီးကြခြင်းကြောင့်ဖြစ်သည်။ နှစ်ယောက်စလုံး ကယ်တင်ခြင်းရရှိ၍ အသင်းတော်တစ်ပါးတည်းတွင် ရှိနေမှ

သာလျှင် မြဲမြဲနိုင်ကြသည်။ များသောအားဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံလိုက် ကိုယ်ကျင့် တရားညှံ့ဖျင်းကြသည်။ ထိုအချက်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံ သည်ဖြစ်စေ တကယ့်အကြောင်းရင်းခံဖြစ်သည်။ ကယ်တင်ခြင်းမရရှိမီတွင် ပျောက်ဆုံးသူဖြစ်ခဲ့ကြသည့်ပမာ အသက် (၂၀) ဝန်းကျင်တွင်လည်း ထိုသို့ ပျောက်ဆုံးကြသည်။ ကိုယ်ကျင့်စာရိတ္တညှံ့ဖျင်းသူအားပြုပြင်ရန် အချိန်များစွာ ပေးရသည်။

ပတ်ဝန်းကျင်တွင် အကျင့်ပျက် အကျင့်ယုတ်အများအပြား ရှိသော် လည်း သိသာထင်ရှားစွာ မမြင်တတ်ကြ။ ပြဿနာဖြစ်၍ ဟိုးလေးတကျော် ကျော်ဖြစ်ခါမှ သိမြင်ကြသည်။ ကိုယ်ကျင့်တရား ပျက်ပြားကြောင်းသိရှိလျှင် ထိမ်းမြားလက်ထပ် ခြင်းမပြုချင်ကြ။ မသိရှိဘဲ လက်ထပ်မိလျှင် များမကြာမီ ဇာတိရုပ်များပေါ်လာသည်။ အပြစ်ပြုသူ၏ မျက်နှာ မျက်လုံးသည် အရောင်မှိန် သည်။ မည်သည့် ပြဿနာမှန်းမသိရှိသော်လည်း ကိုယ်ကျင့်စာရိတ္တ ယုတ်ညံ့ ခြင်းက အိမ်ထောင်ရေး ဖျက်ဆီးသည်။

အိမ်ထောင်ရေးကို ထိခိုက်ဖျက်ဆီးနိုင်သော ကိုယ်ကျင့်စာရိတ္တပျက်စီးမှု (၃)ရပ် လေ့လာကြမည်။

## (၁) ကိုယ်ကျိုးအတ္တ

**၂ တိ ၃း၁–၅။ နောက်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်ကြလော့။ အဘယ်သို့နည်းဟူမူကား လူတို့သည် ကိုယ်ကျိုးကို ချစ်သူ၊ ငွေတပ်မက်သူ၊ ဝါကြွားသူ၊ ထောင်လွှားစော်ကားသူ၊ သူတစ်ပါး အသရေရှုတ်ချသူ၊ မိဘစကား နားမထောင်သူ၊ ကျေးဇူးကန်းသူ၊ သန့်ရှင်းခြင်း မရှိသူ၊ ပကတိ ကြင်နာစုံမက်ခြင်းကင်းသူ၊ ရန်ငြိုးဖွဲ့သူ၊ ချောစားသူ၊ ကိုယ်ကိုချုပ်တည်းနိုင်သူ၊ ပြင်းထန်သူ၊ သူတော်**

**ကောင်းကိုမုန်းသူ၊ သစ္စာဖောက်သူ၊ ပညာမခံယူလိုသူ၊ မာန်မာနယစ်မူးသူ၊ ဘုရားသခင်ထက် ကာမဂုဏ်နှစ်သက်သူ၊ ဘုရားဝတ်၌မွေ့လျော် ယောင်ဆောင်သူ၊ မွေ့လျော်ခြင်းတန်ခိုး ငြင်းပယ်သူဖြစ်လိမ့်မည်။ ထိုသူတို့ကို ရှောင်လော့။**

ဤကျမ်းပိုဒ်၌ နောက်ဆုံးကာလတွင် လူများ အကျင့်ဖောက်ပြန်၍ ပျက်စီးပျောက်ဆုံးကြမည့်ပုံစံ တွေ့ရသည်။ ထိုပျက်စီးခြင်းထဲတွင် ယုံကြည်သူများ မပါဝင်ရ။ ကယ်တင်ခြင်းရရှိသောသူတော်စင် သူတော်ကောင်းများသည် ထိုအချက်များကို သတိထားရသည်။ ပတ်ဝန်းကျင်၌ ထိုသို့သော အကျင့်ယုတ်မှုများ တွေ့မြင်ရသည်။ ထိုကိုယ်ကျင့်တရားဖျက်မှုထဲတွင် ကိုယ်ကျိုးချစ်ခြင်းသည် ထိပ်ဆုံးတွင်တည်သည်။

ယခုခေတ်ကာလ လူ့အဖွဲ့အစည်း၌ ကိုယ်ကျိုးအတ္တသည် ကြောက်ခမန်းလိလိဖြစ်သည်။ မိမိကိုယ်ကို ကိုယ်ကျိုးအတ္တဝါမှန်းလည်း သတိမထား၊ ဂရုမစိုက်မိကြ။ အိမ်ထောင်ကျပြီးသည့်အချိန်မှသာလျှင် သတိထားမိကြသည်။

(၂) **ငွေရေးကြေးရေး**သည် အိမ်ထောင်သည်ဘဝတွင် ဒုတိယအကြီးမားဆုံး ပြဿနာကောင်ဖြစ်သည်။ ၂တိ ၃း၂ တွင် 'ငွေတပ်မက်သူ' ဟု ဆိုသည်။ မိမိ စိတ်ဆန္ဒဖြည့်ဆည်းရန် ထိန်းမနိုင် သိမ်းမရဖြစ်တတ်ကြသည်။ အကြွေးထူခြင်းဖြင့် အိမ်ထောင်ရေးထိခိုက်လာသည်။ အိမ်ထောင်သည်ဘဝတွင် အကြီးမားဆုံး ပြဿနာသည် ငွေရေးကြေးရေးဖြစ်သည်။ ထိုသို့ ငွေရေးကြေးရေးပြဿနာဖြစ်ရခြင်းအကြောင်းရင်းသည် ကိုယ်ကျင့်စာရိတ္တ ဖောက်ပြန်မှုအများဆုံးဖြစ်သည်။ ငွေရေးကြေးရေးသုံးစွဲမှုတွင် စည်းစနစ်မရှိ၊ မိမိကိုယ်ကို ထိန်းသိမ်းမှုကင်းမဲ့ကြ သောကြောင့်ဖြစ်သည်။

Larry Burkett ၏ Debt Free Living စာအုပ်ကို ဖတ်ရှုစေချင်သည်။ အခြားဥပမာတစ်ခု ပြောပြမည်။ ကိုတာနှင့်နီလာတို့သည် ငယ်ငယ်ရွယ်ရွယ်ဖြင့် အိမ်ထောင်ပြုကြသည်။ ကိုတာက ၂၂နှစ်ရှိ၍ နီလာက ၂၀နှစ်ရှိသည်။ ငွေရေးကြေးရေး မည်သို့ကိုင်တွယ်ထိန်းသိမ်းရမှန်း နားမလည်ကြ။ နှစ်ဘက် မိဘများကလည်း သွန်သင်ခြင်းမပြုကြ။ ထို့ကြောင့် သင်းအုပ်ဆရာက ပြောပြသည်။ ဖြစ်နိုင်လျှင်ငွေကြေး ထောက်ပံ့ချင်သည်ဟုဆိုရာ ကိုတာက တစ်နာရီလျှင် ပိုက်ဆံများများရရှိနိုင်သောအချိန်ပိုင်းအလုပ်လုပ်ဆောင်မည့်အကြောင်း ပြန်လည်ပြောပြသည်။ ထို့ကြောင့် သင်းအုပ်ဆရာက ငွေရေးကြေးရေးအကြောင်း ဆက်လက်သွန်သင်ခြင်းမပြုတော့ပါ။

ထိုလင်မယားက ငွေရေးကြေးရေးကို ခပ်ပေါ့ပေါ့သဘောထားကြသည်။ (၅)နှစ်ကြာလာသောအခါ သားသမီးများရရှိသည်။ နီလာသည် တစ်ဘက်တွင် တက္ကသိုလ်ပြီးစီးအောင် ဆက်တက်သည်။ သားသမီးများရှိသဖြင့် အလုပ်လက်မလည်နိုင်။ (၅)လကြာသောအခါ ကိုတာက တိုက်ခန်းအား ငှားစားသည်။ ထိုဝင်ငွေဖြင့်နေထိုင်စားသောက်ကြသည်။ နွေရာသီကျောင်းပိတ်ရက်အတွင်းတွင် နီလာသည် ဆေးခန်းတစ်ခု၌ ညှော်ကြိုအလုပ်ဝင်လုပ်သည်။ လင်မယားနှစ်ယောက်၏ ဝင်ငွေဖြင့် အိမ်တစ်လုံးဝယ်ယူရန် စီစဉ်ကြသည်။ ငွေကြေးချက်ချင်းမချေနိုင် ကြသဖြင့် ကိုတာ၏ဖခင်က ငွေထုတ်ချေးသည်။ ကိုတာ၏ဝင်ငွေမှ ၆၀ ဖြင့် လစဉ် ပြန်လည်ပေးဆပ်သည်။ ထိုသို့ပေးဆပ်ရသဖြင့် ငွေကြေးအခက်အခဲရှိလာသည်။ အသက်အာမခံကြေး၊ စည်ပင်သာယာခွန်၊ ဝင်ငွေခွန်များပေးရသဖြင့် အကြွေးတင်လာသည်။

၃/၄ လအတွင်း အကြွေးပြန်ဆပ်စရာ အခွန်ငွေများဖြင့် ဦးနှောက်ခြောက်လာသည်။ နေ့ညမပြတ်ခေါင်းစားလာသည်။ ထိုသို့ ဖိစီးမှုခံကြရသောကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကြသည်။ အထူးသဖြင့် မိန်းမသားနီလာက ဖိစီးမှု ပိုမိုခံစားသည်။ ကျောင်းစာအလုပ်လည်း အာရုံမစိုက်နိုင်။ သူ့ဘဝမှာ

ပထမဆုံးကြုံတွေ့ရသည့် စိတ်ဆင်းရဲကြပ်တည်းမှုဖြစ်သည်။ သူတို့အခြေအနေ သိသောကြောင့် မိဘများက ကျောင်းစရိတ်နှင့် စာအုပ်စာတမ်းခ တာဝန်ယူ ပေးကြသည်။ ကလေးကိုလည်း ခေါ်ထားကြသည်။ အူယားဖားယား ပြေးလွှား နေရသည်။ မိဘများထံသို့သွားသည့်အခါ ဖိအားပေးကြပြန်သည်။

ထိုနေ့ညသည် ည (၆)နာရီထိုးမှ အိမ်ပြန်ရောက်သည်။ ဖခင်၏ ပြောဆိုဆုံးမမှုကြောင့် မျက်ရည်ဝဲလျက် ကျောင်းသင်ခန်းစာတွင်လည်း စိတ်မရောက်။ မီးမှိန်မှိန်တွင် တွေးမှိုင်သည်။ ထမင်းစားခန်းမှ မီးဖွင့် မီးဖိုလင်းလာသော်လည်း သူ့စိတ်နှလုံးသည် မလင်းလာနိုင်။ (၅)မိနစ်ကြာသော အခါ လျှပ်စစ်မီးခလုတ် ပိတ်လိုက်သည်။ မီးမှိန်မှိန်တွင် အိပ်ခန်းထဲပြန်ဝင်လာ သည်။ စားပွဲပေါ်တွင် ပေးဆောင်ရမည့် အခွန်စာများက စောင့်ကြိုကြသည်။ ဓာတ်ငွေ့ခွန်နှင့် ရေခွန်ဆောင် စရာလည်းရှိသည်။ သူ့လင်ယောကျ်ား ကိုတာ အိမ်ပြန်ရောက်လာသည်အထိ ထိုင်ငိုသည်။

နောက်နေ့တွင် နီလာသည် အလုပ်တစ်ခုရသည်။ သို့သော်လည်း ကိုယ်ဝန်ရှိနေပြန်သဖြင့် ဟုတ်တိပတ်တိ အလုပ်မဝင်နိုင်။ သက်ပြင်းချစရာ လည်း ရှာမတွေ့။ လင်တော်မောင်ကိုတာကလည်း ငွေကြေးသုံးစွဲရာတွင်လည်း စည်းစနစ်မရှိ။ ဘယ်လောက်ကုန်ကျမည် တွက်ခြင်းမပြု။ မိသားစုအတွက် အသုံးဝင်ပုံ မစဉ်းစားဘဲ မျက်စိဖြင့် သဘောကျလျှင် ဝယ်လိုက်သည်။ ထိုသို့ဖြင့် ရေရှည်မှာ ရေစုန်မျောကြသည်။ ကလေးမွေးပြီးသောအခါ နီလာသည် အလုပ်ပြန်လုပ်သည်။ ဆယ်ဘို့တစ်ဘို့မပေးဘဲ ဘုရားသခင်နှင့် ဆက်ဆံရေး ကျဲရပြန်သည်။ ဘုရားရှိခိုး ကျောင်းသို့လည်း မရောက်နိုင်။

ရက်သတ္တမျှားစွာကြာလာသော် လင်မယားနှစ်ယောက်သည် ငွေရေး ကြေးရေးအကြောင်း ဆွေးနွေးလာကြသည်။ နီလာက သူသည် ကိုတာ၏ ကျေးကျွန်ဟု သူ့ကိုယ်သူ ခံယူလာသည်။ ကိုတာသည် သူလိုချင်သမျှကို လျှောက်ဝယ်သည်။ ရုပ်သံအသစ်၊ နောက်ဆုံးပေါ်အောက်စက်ဝယ်သဖြင့်

အဝတ်အစားနှင့် အစားအသောက် ဆင်းရဲကြသည်။ နောက်ဆုံးတွင် နီလာသည် သူ့လခကို သူကိုယ်တိုင်သုံးစွဲရန် စီစဉ်လာသည်။ ခါတိုင်းကဲ့သို့ လစာငွေကို အိမ်ပြန်ယူမထားဘဲ ဘဏ်သို့ အပ်နှံသည်။ ဘဏ်ကတ်ပြားဖြင့် ဈေးဝယ်သုံးစွဲသည်။

ကိုတာ စိတ်ရှုပ်ရန်တွေ့လာသည်။ နီလာက 'လင်ယောကျ်ားတာဝန် မကျေပွန်တဲ့လူ၊ တစ်နေကုန် ပင်ပန်းကြီးစွာလုပ်ရပြီး မောပန်းဖျားနာ တာတောင်မှ ကိုယ့်ပိုက်ဆံကိုယ်မသုံးရဘူးတဲ့လား' ဟု ပြန်ပက်သည်။ ထိုအခါ ကိုတာက 'ဟုတ်ပြီ နင့်ပိုက်ဆံနင်သုံး၊ ငါလည်း ငါ့ပိုက်ဆံ ငါသုံးမယ်' ဟု တင်းမာလာသည်။ နီလာကလည်း 'လုပ်ပြတာပေါ့' ဟု ဆိုသည်။ နောက် တစ်နေ့တွင် နီလာက အိမ်သုံးစရိတ်များ တစ်ဝက်စီကျခံရန် စာရင်းပြသည်။ ထိုစာရင်းပြည့်သောအခါ ကိုတာသည် မျက်လုံးပြူးကျယ်သွားသည်။ တစ်ယောက်ယောက်သေလျှင် ဘယ်လိုလုပ်မလဲဟု တွေးလာသည်။ အကြင် လင်မယားဘဝမှာ အမှားများလုပ် မိကြပြီလားဟု စဉ်းစားလာသည်။

ဤဇာတ်လမ်းတွင် အကြင်လင်မယားဘဝ၌ တစ်ဦးက စည်းမရှိ ကမ်းမရှိ နေထိုင်လျှင် မိသားစုဒုက္ခရောက်သည့်အကြောင်း တွေ့ရသည်။ အကြွေးထူခြင်းက လင်မယားကွဲပြဲကွာရှင်းစေနိုင်သည်။

## (၃) သစ္စာရှိမှု

အကြင်လင်မယားဘဝတွင် တစ်ဦးပေါ်တစ်ဦး သစ္စာမစောင့်ထိန်းခြင်း သည် တတိယအဆိုးဝါးဆုံး အကျင့်ပျက်ဖြစ်သည်။ သို့သော် ဤနေရာတွင် အိမ်ထောင် ဖောက်ပြန်ခြင်းကို မဆိုလိုပါ။ တစ်ခြားယောကျ်ားသားများနှင့် ပေါင်းဖော်သွားလာခြင်း၊ ယောကျ်ားများက မျက်စိကျအောင် ပျံတန်တန် နန့်တန်နန့်တန်ပြုမူခြင်း ဖြစ်သည်။ လင်ယောကျ်ားရှိလျက်နှင့် ထိုသို့ပြုမူခြင်းသည်

မေးခွန်းများစွာ မေးမြန်းစရာရှိသည်။ အိမ်ထောင်ဖောက်ပြန်ခြင်းမရှိသော်လည်း မိမိကိုယ်ကို ထိန်းသိမ်းမှု မရှိသူဖြစ်သည်။ အိမ်ထောင်မပြုမီကကဲ့သို့ပင် ယောက်ျားသားများအား မျက်စိအစာကျွေးခြင်း၊ အပြာကားများတွင် ပါဝင်ပတ်သက်ခြင်းများသည် အပြစ်ဖြစ်သည်။ အိမ်ထောင်မပြုခင် မိမိမယား ဖြစ်မည့်သူသည် ထိုသို့သောအကျင့်ကင်းကြောင်း သိရှိထားရသည်။ အိမ်ထောင်ကျပြီးမှ ထိုသို့သောအကျင့်ရှိကြောင်း သိလာလျှင် စိတ်မချမ်းသာစရာကြုံရသည်။ အခြားသော မိန်းမကြည့်သည့်အခါ အပြာကားများကြည့်သည့်အခါ သူ့မယားအပြစ်ကို မြင်ယောင်မိသည်။

## (၄) လူမှန်ထိမ်းမြှားခြင်း

အိမ်ထောင်ပြုရန်ရွေးချယ်သည့်အခါ ခရစ်တော်ကယ်တင်ခြင်းရရှိသူကို ရွေးချယ်ရကြောင်း လေ့လာသိရှိခဲ့ကြသည်။ ထိုအချက်သည် သစ္စာစကားဖြစ်သည်။ အိမ်ထောင်ဘက်အရွေးမှားသဖြင့် နောင်တမဆုံး၊ လူဖြစ်ရှုံးသူများရှိသည်။ အိမ်ထောင်ဘက်မှန်ကန်စွာရွေးချယ်သူသည် ပါရမီကောင်းသူများဖြစ်သည်။ မင်္ဂလာရှိကြသည်။

ထို့ကြောင့် အိမ်ထောင်ဘက်မှန်ကန်စွာရွေးချယ်ရေးအကြောင်း အနည်းငယ်လေ့လာဆွေးနွေးကြမည်။

**ဆာ ၁၀း၃၀၊ ဘုရားသခင် စီရင်တော်မူသောအမှုသည် စုံလင်၏။**
ထာဝရဘုရား၏သစ္စာတော်သည် အစစ်ခံ၍တည်၏။ ခိုလှုံသူအပေါင်းတို့၏ အကွယ်အကာဖြစ်တော်မူ၏။
ပထမအချက်သည် ဤသို့ဖြစ်သည်။

## (၁) ဘုရားသခင်၏ ရွေးချယ်ရာဖြစ်ရသည်

ဘုရားသခင်ရွေးချယ်သမျှသည် အမှားမရှိ။ အမှုတော်သည် စုံလင်သည် ယုံကြည်ပါသလား။ သင့်အိမ်ထောင်ဘက်အား ဘုရားရှင်ရွေးချယ် စေပါသလား။ ဘုရားသခင်၏ ရွေးချယ်ပေးမှုသည် အကောင်းဆုံးဖြစ်သည်။ ထိုအိမ်ထောင်ဘက်သည် စုံလင်သူမဟုတ်သော်လည်း အသင့်တော်ဆုံးဖြစ် သည်။ သူ့ခွန်အားက သင့်အားနည်းချက်ကို ဖြည့်ဆည်းဖုံးလွှမ်းပေးမည်။ သင့်အား ခရစ်တော်နှင့်တူစေရန် ထိုသူက သင့်အားကူညီမစမည်။ သင့်ထက် ဘုရားသခင်သည် ကောင်းသောသူ ပိုမိုသိရှိကြောင်း ယုံကြည်ပါသလား။ သင့်အိမ်ထောင်ဘက်အား ဘုရားသခင်ကို ရွေးချယ်ခိုင်းပါသလား။

အချို့သောသူများက မိမိတို့ထက် ဘုရားသခင်ရွေးချယ်ပေးမှုကို မယုံကြည်ချင်ကြပါ။ ကယ်တင်ခြင်းရရှိသူက ခရစ်တော်သည်သူ့အစား ကားတိုင်မှာ အသေခံတော်မူခြင်းကို ရယ်စရာပြုအပ်ပါသလား။ ထိုမျှကြီးမားသော ကယ်တင်ခြင်းအမှုတော်ပြုပေးနိုင်လျှင် လူ့လောက တခဏတာနေရသည့် ကာလအတွက် အိမ်ထောင်ဘက် မရွေးချယ်ပေးနိုင်ဘဲနေမည်လော။ ထိုသို့ မရွေးချယ်ပေးနိုင်ဟုထင်လျှင် ဘုရားသခင်ကို ပြစ်မှားရာရောက်မည်။ အချို့က စိတ်ဝင်စားစွဲမက်ခြင်းမရှိသော အိမ်ထောင်ဘက်ကို မည်သို့ညားနိုင် မည်နည်းဟု ဆိုကြသည်။ ထိုသို့သောသူနှင့် အသင်းတော်ထဲတွင် မည်သို့လက်တွဲ ယှဉ်ရပ်မည်နည်းဟု ညီးတွားကြသည်။ ကိုယ်တိုင်ရွေးချယ်ခြင်းထက် မိဘများ၏ ရွေးချယ်ပေးခြင်းသည် မှားခဲသည်။ ဘုရားသခင်ရွေးချယ်ပေးမှုက ပိုမိုစုံ လင်သည်။

ဘုရားသခင်က သင့်ကို ချစ်ခင်မြတ်နိုး တန်ဘိုးထားကြောင်းသိထားပါ။ ဘုရားသခင်က သင့်ကိုချစ်သည့်အတိုင်း အကောင်းဆုံးစီစဉ်ပေးပါသည်။ သင်သဘောမကျ၊ အမြင်မကြည်လင်သူကို ဘယ်သောအခါမှ ရွေးချယ်ပေးမည်

မဟုတ်။ ဘုရားသခင်၏ ရွေးချယ်ပေးခြင်းကိုဝန်ခံလျှင် 'သူကလေးလား' ဟု စိတ်ဝင်စားပါသည်။ ကိုယ်တော်ကို ယုံကြည်စိတ်ချလျှင် လူမှန်အား အချိန်ကိုက် စီစဉ်ပေးပါသည်။ ဘုရားသခင်၏ ရွေးချယ်ပေးမှုကို အံ့သြဖွယ်ရာ စိတ်ဝင်စားသွားမည်။

မိမိကိုယ်တိုင် အညံ့ခံပြီး ဘုရားသခင်၏ ဆုံးဖြတ်ချက်ကို ဝန်ခံမည်လား။ ထိုသို့မဟုတ်ဘဲ မိမိစိတ်ကြိုက်ရွေးချယ်လျှင် အပြစ်တောထဲသို့ ရောက်နိုင်သည်။ ယုံကြည်ခြင်းမရှိဘဲလုပ်ဆောင်လျှင် အပြစ်သင့်ကြောင်းမှတ်ထားပါ။ ဘုရားသခင်၏ ဆုံးဖြတ်ချက်ကို မည်သို့ခံယူပါသလဲ။

ဘုရားသခင်က အိမ်ထောင်ဘက်ရွေးချယ်ပေးရန် ဦးစွာဆုတောင်းပါ။ ကိုယ်တော်ဝန်ခံကြောင်းနှင့် ကိုယ်တော်၏ရွေးချယ်ပေးမှုကို ဝန်ခံကြောင်း တိုင်တည်ပါ။ ထို(၂)ချက်ကို ယုံကြည်စိတ်ချစွာအပ်နှံပါ။ အပြီးအစီးတာဝန်ယူပေးရန် ပုံအပ်ပါ။ သင့်ကို သူ့အတွက်လည်းကောင်း၊ သူ့ကို သင့်အတွက် ငှင်းပြင်ဆင် ပေးတော်မူပါရန် ဆုတောင်းပါ။ ကိုယ်တော်၏ အချိန်နာရီ ဝန်ခံနိုင်စေရန် ဆုတောင်းပါ။

*******